မိုးခေါင် – မိုးနှောင်းလျှင် မွတ်စ်လင်မ်တွေဟာ အဲဒီအတိုင်းပဲ မြို့စွန်ရွာစွန်ထွက်ပြီး မိုးဆုပန်ကြရပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အစီအစဉ်အတိုင်းအားလုံး ကျင့်ဆောင်ရမှာပါ။ *ခြုံထည်ကိုတော့ အိမာမ်ရှေ့ဆောင်ကပဲ ထက်အောက် ပြောင်းပြန်လုပ်ရမှာပါ။* အဲဒီလို မိုးဆုပန်တဲ့နေရာမှာ ကာဖိရ်တွေပါမလာဖို့ အထူးသတိထားရမှာပါ။ အခုကုရ်အာန် ကျမ်းတော်မြတ် စူရာယှူ့ရာရဲ့ အာယတ်တော် ၂၈ မှာ အဲဒီအရှင်မြတ်ကပဲ လူတို့ မျှော်လင့်ချက်ကင်းခဲ့ကြတဲ့နောက် မိုးရေကို ရွာသွန်းစေတော်မူတယ်။ ဒီ့အပြင် မိမိရဲ့ ကရုဏာတော်ကို ပြန့်စေတော်မူတယ်။ စင်စစ် အဲဒီအရှင်မြတ်ဟာ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူတဲ့အရှင်၊ ချီးမွမ်းအပ်တဲ့ ဂုဏ်ဝိသေသအပေါင်းတို့နှင့် ပြည့်စုံတော်မူတဲ့အရှင်ဖြစ်တော်မူတယ်" လို့ လာရှိတာကို တင်ပြရင်း မိုးဆုတောင်း ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား –

အခု ကျွန်တော်တင်ပြခဲ့တဲ့ မိခင်ကြီး ဟဇရတ်ဘီဘီအာအိရှဟ်သခင်မရဲ့ ရိဝါယတ်ဆင့်ပြန်ချက်မှာ မြတ်နဗီ ﷺ က ပထမဦးဆုံး ခွင်တဗါ ဖတ်တော်မူတယ်လို့ လာရှိပေမဲ့ အိဗနိမာဂျဟ်အစရှိတဲ့ ကျမ်းတွေမှာတော့ တမန်တော်မြတ် ﷺ ဟာ **အစ်စ်သစ်စ်ကာ** မိုးဆုပန်တော်မူဖို့အတွက် ပထမဦးစွာ နမားဇ်ဝတ်ပြုတော်မူတယ်။ ပြီးမှ ခွင်တဗါ ဖတ်တော်မူတယ်လို့ လာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မိုးဆုပန်တဲ့ အခါမှာ **ပထမနမားဇ်ဝတ်ပြုရပါမည်၊ ပြီးမှခွင်တဗါဖတ်ရပါမည်။** အခုဆက်လက်ပြီး မြတ်နဗီ ﷺ တောင်းတော်မူခဲ့တဲ့ မိုးဆုပန်ဒုအာ တချို့ တင်ပြပါအုံးမည်။

(၂) အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့ရဲ့ တောင်းခံမှုကို ဖြည့်ဆည်းပေးမည့် မိုးသားတွေနှင့် မိုးရွာသွန်းပေးတော်မူပါ။ ကျွန်တော်မျိုးတို့အဖို့ ကောင်းကျိုးဖြစ်ထွန်းစေတဲ့၊ ပေါများကြွယ်ဝစေတဲ့၊ အကျိုးကျေးဇူးပြုစေတဲ့၊ နစ်နာဆုံးရှုံးမှုမဖြစ်စေတဲ့၊ နှောင့်နှေးကြန့်ကြာမှုမရှိစေတဲ့ မြန်မြန်ဆန်ဆန် ဆန္ဒပြည့်စေတဲ့ မိုးရွာသွန်းပေးတော်မူပါ။

(၃) အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်ရဲ့ ကျေးကျွန် ဗန္ဒဟ်လူသားအင်စာန်တွေနှင့် သက်ရှိသတ္တဝါတွေအတွက် မိုးရွာသွန်းပေးတော်မူပါ။ မိမိရဲ့ ရဟ်မသ်ကရုဏာတော်ကို ဖြန့်ဝေပေးတော်မူပါ။ သေဆုံးခြောက်သွေ့နေတဲ့ မြေကြီးကိုရှင်သန်စိုပြေဝေဆာအောင် ပြုလုပ်ပေးတော်ခုပါ။

(၄) အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့ တောင်းခံတာကို ဖြည့်ဆည်းပေးတဲ့ မိုးသားတွေနှင့် မိုးရွာသွန်းပေးတာ်မူပါ။ ချောင်လည်ပေါများစေတဲ့၊ ရေများများပါတဲ့ လျှပ်စီးတပြက်ပြက်လက်ပြီး ရွာတဲ့၊ နေရာအနှံ့ရွာတဲ့၊ အမြဲတစေ အကျိုးကျေးဇူးဖြစ်ထွန်းစေတဲ့ မိုးဖြစ်တော်မူပါစေ၊ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အပေါ် မိုးရွာသွန်းပေးတော်မူပါ။ ကျွန်တော်မျိုးတို့ကို မျှော်လင့်ချက်ကင်းမဲ့ရတဲ့သူတွေ မဖြစ်ပါစေနှင့်။

အို အလ္လာဟ်အရှင်မြတ် အင်စာန်လူသားတွေ၊ အဟိတ်တိရစ္ဆာန်တွေ၊ ရပ်ရွာဒေသတွေအားလုံး အမှန်တကယ်ပဲ ဘေးဒုက္ခရောက်နေကြရတာကို အရှင်မြတ်ကလွဲလို့ တခြားဘယ်သူ့ကိုမှ ကျွန်တော်မျိုးတို့ မတိုင်တယ်ပါဘူး။ အရှင်မြတ်ကိုသာ ကျွန်တော်မျိုးတို့ ရိုကျိုးစွာ တိုင်တယ်ပါတယ်။

အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အတွက် ကောက်ပဲသီးနှံတွေ ပေါက်ရောက်စေတော်မူပါ။ ဒီ့အပြင် ကျွန်တော်မျိုးတို့အတွက် နို့အုံများမှာ နို့တွေပြည့်ဖြိုးစေတော်မူပါ။ ကျွန်တော်မျိုးတို့အဖို့ ကောင်းကင်ကမ္ဘာက ဗရ်ကတ်အဖြာဖြာ ချပေးတော်မူပါ။ ကျွန်တော်မျိုးတို့အတွက် ပထဝီမြေကြီးရဲ့ ဗရ်ကတ်တွေ ချီးမြှင့်တော်မူပါ။ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့ကို ဘေးဒုက္ခတွေက၊ ငတ်မွတ်ခေါင်းပါးရတာတွေက၊ အဝတ်

တယ်။ ကိုယ်တော်မြတ် ﷺ လည်း ရောက်ရှိနေတော်မူတယ်။ နေလုံးထွက်လာပြီးတဲ့နောက် မြတ်နဗီ ﷺ က မင်န်ဗရ်ပေါ် တက်တော်မူလိုက်ပြီး သပ်ဗ်ဗီးရ် ဆိုတော်မူတယ်။ အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုတော်မူတယ်။ ပြီးတော့ –

(၁) "သင်တို့ဟာ ကိုယ့်မြို့ကိုယ့်ရွာမှာ မိုးခေါင်နေပါပြီ၊ မိုးနောက်ကျနေပါပြီလို့ ငြီးငြူနေကြတယ်။ အလ္လာဟ်အရှင်မြတ်က သင်တို့ကို လိုအပ်တဲ့အခါ ဆုဒုအာပြုကြဖို့ အမိန့်ပေးတော်မူထားပြီးဖြစ်တယ်။ တောင်းခံရင် ပေးသနားတော်မူမည်လို့လည်း ကတိပေးတော်မူထားပြီး ဖြစ်တယ်။ ချီးမွမ်းထောမနာမှု ဟူသမျှဟာ ကမ္ဘာလောကအားလုံးကို ဖန်ဆင်းမွေးမြူပြုစုပျိုးထောင် ထိန်းသိမ်းစောင့်ရှောက်တော်မူတဲ့အရှင်မြတ်အဖို့သာ ဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ဟာ အလွန့်အလွန်ကြင်နာသနားတော်မူတဲ့ အရှင်ဖြစ်တယ်။ အလွန့်အလွန် ကရုဏာသက်တော်မူတဲ့အရှင်ဖြစ်တယ်။ ကိယာမတ်နေ့ကို စိုးပိုင်တော်မူတဲ့အရှင်ဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ကလွဲလို့ တခြားကိုးကွယ်ထိုက်တဲ့ အရှင်ဆိုတာလုံးလုံးမရှိဘူး၊ အလ္လာဟ်အရှင်မြတ်က အလိုရှိတော်မူသလို ပြုလုပ်တော်မူတယ်" လို့မိန့်တော်မူပြီး ––

"အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်ကလွဲလို့ တခြားကိုးကွယ်ထိုက်တဲ့အရှင်ဆိုတာမရှိပါဘူး။ အရှင်မြတ်မှာ လိုလားတောင့်တ တမ်းတရတယ်ဆိုတာ လုံးဝမရှိပါဘူး။ ကျွန်တော်မျိုးတို့မှာသာ လိုလားမှုတွေ တောင့်တမှုတွေ တမ်းတမှုတွေရှိနေတာပါ။ ကျွန်တော်မျိုးတို့အပေါ် မိုးရွာသွန်းပေးတော်မူပါ။ အရှင်မြတ် ရွာသွန်းပေးတော်မူတဲ့မိုးဟာ ကျွန်တော်မျိုးတို့အတွက် အင်အားဖြစ်ထွန်းစေတော်မူပါ။ ကျွန်တော်မျိုးတို့အတော်ကြာက မျှော်ကိုးနေတဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးတော်မူပါ" လို့ ဒုအာပြုတော်မူရင်း လက်တော်နှစ်ဘက်ကို ရင်ညွှန့်တော်နှင့် တပြေးညီမြှောက်ထားတော်မူတယ်။ နောက်ပရိသတ်ကို ကျောခိုင်းတော်မူပြီး ခြုံတော်ကို ပြောင်းပြန်လှန်တော်မူလိုက်တယ်။ လက်တော်နှစ်ဖက်ကို ဆက်ပြီး မြှောက်ရင်း တဖွဖွနှင့် ဒုအာတောင်းနေတော်မူတယ်။ နောက်ပရိသတ်ဘက်ကို မျက်နှာတော်မူရင်း မင်န်ဗရ်ပေါ်က ဆင်းသက်တော်မူပြီးနမားဇ်နှစ်ရကတ် ဝတ်ပြုတော်မူတယ်။ အဲဒီအချိန်မှာပဲ မိုးသားမိုးတိမ်တွေ တလိပ်လိပ်တက်လာတယ်။ မိုးချိန်းသံတွေလည်း ကြားနေရတယ်။ လျှပ်စီးတွေလည်း လက်နေတယ်။ မိုးလည်းရွာသွန်းလာတော့တယ်။အဲဒီအခါမှာ လူတွေဟာ အပြေးအလွှားနှင့် အမိုးအကာအောက်ကို ဝင်ပြီး မိုးခိုကြတာကို မြင်တော်မူတဲ့ မြတ်နဗီ ﷺ က အားရပါးရ ပြုံးရယ်တော်မူလိုက်တယ်။ မြတ်နဗီ ﷺ ဗလီတော်ကို ပြန်မကြွခင်မှာပဲ ချောင်းတွေ မြောင်းတွေဟာ မိုးရေတွေနှင့် ပြည့်လျှံကုန်တော့တယ်။ အဲဒီနောက် တမန်တော်မြတ် ﷺ က "အလ္လာဟ်အရှင်မြတ်ဟာ ကိစ္စရပ်တိုင်းကို အမှန်တကယ်ပဲ စွမ်းဆောင်နိုင်တော်မူတယ် ဆိုတာကို ငါကိုယ်တော်သက်သေခံတော်မူတယ်။ ငါဟာ အလ္လာဟ်အရှင်မြတ်ရဲ့ဗန္ဒဟ်ရစူလ်တမန်တော်ဖြစ်တယ်ဆိုတာကို သင်တို့သက်သေခံကြ" လို့ မိန့်မှတ်တော်မူပါတယ်။

၅။ တာဝန်ရှိလျက်နှင့် ကုရ်ဗာနီမလုပ်တဲ့လူကို နဗီတမန်တော်မြတ်က "ငါ့အီဒ်ဂါဟ်ကို မလာစေနှင့်" လို့ မိန့်တော်မူထားပါတယ်။
၆။ ကုရ်ဗာနီဟာ ဟဇရတ် အီဗရာဟီမ် ﷺ ရဲ့ ကျင့်စဉ်တော်ဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ်က အမိန့်ပေးတော်မူလို့ သားတော် ဟဇရတ်အစ္စမာအီလ် ﷺ ကို ကုရ်ဗာနီ လုပ်ခဲ့တယ်။ အလ္လာဟ်အရှင်မြတ်က မိမိရဲ့ကရုဏာတော်နှင့် သားကောင်ကို အစားထိုး ပေးတော်မူပြီး ကုရ်ဗာနီကို အတည်ပြုတော်မူခဲ့ပါတယ်။
၇။ အဲဒီအစဉ်အလာကို မွတ်စ်လင်မ်တွေက ဆက်လက်တာဝန်ယူရပြီး တနှစ်မှာ တခါ ကုရ်ဗာနီလုပ်ဖို့ ပညတ်တော်မူထားပါတယ်။
၈။ အီဒွလ်အဒွဟာနေ့နှင့် နောက် ၂ရက် ကုန်တဲ့အချိန်တွင်းမှာ ကုရ်ဗာနီလုပ်ရပါတယ်။

သူတော်စင်များခင်ဗျား

ကုရ်အာန်ကျမ်းတော်မြတ် စူရာဟဂ်ျရဲ့ အာယတ်တော် ၃၇ မှာ -- "အလ္လာဟ်အရှင်မြတ်ထံတော်ကို အဲဒီကုရ်ဗာနီသားကောင်တွေရဲ့ အသားတွေလည်း အလျဉ်း မရောက်ဘူး။ သွေးတွေလည်း အလျဉ်းမရောက်ဘူး။ သင်တို့ရဲ့ ရိုကျိုးလေးစားမြတ်နိုးရာ ရောက်တဲ့ အကျင့်သီလစောင့်ထိန်းတာပဲ အဲဒီအရှင်မြတ်ထံတော်ကို ရောက်ရှိတယ်။ သင်တို့ကို တရားလမ်းမှန် ညွှန်ပြတော်မူတဲ့ အဲဒီအလ္လာဟ်အရှင်မြတ် ကြီးမြင့်မြတ်ထွတ်တော်မူတာကို သင့်တို့ရွတ်ဆိုချီးကျူးကြစေဖို့ အဲဒီအရှင်မြတ်က ကုရ်ဗာနီ သားကောင်တွေကို သင်တို့ရဲ့ လက်အောက်ခံတွေ ပြုထားပေးတော်မူတယ်။ အို နဗီတမန်တော် စေတနာဖြူစင်တဲ့သူတို့ကို ဝမ်းမြောက်စရာသတင်းကောင်း သင်ပြောကြားလိုက်ပါ" လို့ လာရှိတဲ့အကြောင်း တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

မိုးဆုပန်ခွသ်တဗါ

မွတ်စ်လင်မ်သူတော်စင်အပေါင်းတို့ခင်ဗျား

မိုးခေါင်တဲ့အခါမှာ အလ္လာဟ်အရှင်မြတ်ထံတော်မှာ မိုးဆုပန်ဖို့ မြတ်နဗီ ﷺ ကိုယ်တော်တိုင် ကျင့်ဆောင်ပြသ ညွှန်ကြားတော်မူခဲ့ပါတယ်။ မိုးခေါင်လို့ မိုးဆုတောင်းဖို့ ကြုံခဲ့ရတာကို မိခင်ကြီး ဟဇရတ်ဘီဘီအာအိရှဟ်သခင်မရဲ့ ပြောပြတော်မူတဲ့အတိုင်း ပထမ တင်ပြပါမည်။

"မိုးခေါင်နေပါပြီ" လို့ လူတွေက လျှောက်ထားလာလို့ နဗီတမန်တော်မြတ် ﷺ က "မင်န်ဗရ်လုပ်လိုက်ကြ" လို့ မိန့်တော်မူလိုက်တယ်။ လူတွေကလဲ မဆိုင်းမတွပဲ ချက်ချင်းပဲ အီဒ်ဂါဟ်မှာ မင်န်ဗရ်လုပ်လိုက်ကြတယ်။ အားလုံးစုစည်းရမည့် နေ့တနေ့ သတ်မှတ်ပေးတော်မူလို့ အဲဒီနေ့မနက်စောစောမှာ လူတွေလည်း စုရုံးရောက်ရှိလာကြ

(၂) ဆွဟာဗဟ်တို့က "ယာရစူလလ္လာဟ် – ကုရ်ဗာနီဆိုတာဘာလဲ" လို့ မေးလျှောက်ကြတော့ နဗီတမန်တော်မြတ် ﷺ က "သင်တို့ရဲ့ ဖခမည်းတော် ဟဇရတ်အိဗရာဟီးမ် عليه السلام ရဲ့ ကျင့်စဉ်တော်ဖြစ်တယ်" လို့ ဖြေကြားတော်မူခဲ့ပါတယ်။ ဆွဟာဗဟ်တွေက ထပ်ပြီး "ယာရစူလလ္လာဟ် ကျွန်တော်တို့ ကုရ်ဗာနီလုပ်လျှင် အကျိုးကုသိုလ်ဘယ်လို ရပါသလဲ" လို့ မေးကြတော့၊ နဗီတမန်တော်မြတ် ﷺ က "အမွေးတပင်ကို အကျိုးစဝါးဗ် တစ်ခုကျစီရမည်" လို့ ဖြေကြားတော်မူပါတယ်။ ဆွဟာဗဟ်တွေကထပ်ပြီး "သိုးရဲ့ အမွေးအမျှင်တွေအတွက် အကျိုးကုသိုလ် ဘယ်လိုရပါသလဲ ယာရစူလလ္လာဟ်" လို့ ထပ်မေးပြန်တယ်။ မြတ်နဗီ ﷺ ကလည်း သိုးမွေးတမျှင်တိုင်းအတွက်လည်း အကျိုးစဝါးဗ် တစ်ခုကျရမှာပဲ" လို့ အသိပေးတော်မူထားပါတယ်။

(၃) "ကုရ်ဗာနီလုပ်နိုင်လောက်အောင် သက်သာချောင်ချိရဲ့သားနှင့် ကုရ်ဗာနီမလုပ်တဲ့ လူ ငါ့အီဒ်ဂါဟ်ကို မလာနှင့်" လို့ မြတ်နဗီ ﷺ က အမိန့်ထုတ်တော်မူထားပါတယ်။

(၄) "အီဒွလ်အဒွဟာနေ့ပြီးလျှင် နောက်ထပ် ၂ ရက်ဆက်ပြီး ကုရ်ဗာနီလုပ်ခွင့် ရှိနေတယ်" လို့ ဟဇရတ် အိဗနိအဗ္ဗားစ် رضي الله عنه က ဆင့်ပြန်ထားပါတယ်။

(၅) ဟဇရတ်အလီ رضي الله عنه သခင်ကြီးကလဲက အဲဒီအဆိုကိုပဲ ဆင့်ပြန်ထားပါသေးတယ်။

အစ္စလာမ်သာသနာ၀င်မွတ်စ်လင်မ်များခင်ဗျား –

အီဒွလ်အဒွဟာနေ့အတွက် လိုက်နာလုပ်ဆောင်ရမည့် အချက်တွေကို သေသေချာချာ မှတ်သားမိအောင် ထပ်ပြီးပြောပြပါအုံးမည်။

၁။ အဲဒီနေ့ဟာ သားကောင်တွေကို ကုရ်ဗာနီလုပ်ပြီး လှူဒါန်းရတဲ့ နေ့ကောင်းနေ့မြတ်ပါ။

၂။ ရှရီအတ်တရားကော်က သတ်မှတ်ထားတဲ့ အတိုင်းအတာပြည့်မီတဲ့သူတွေအဖို့ ကုရ်ဗာနီပြုလုပ်ရမှာ ဝါဂျစ်ဗ်တာဝန်ပါ။

၃။ ကုရ်ဗာနီလုပ်တဲ့လူဟာ ကုရ်ဗာနီသားကောင်ရဲ့ အမွေးအမျှင်ရှိသလောက် အကျိုးစဝါးဗ်ရပါတယ်။ ဒါတွင်မကသေးပါဘူး။ ကိယာမတ်နေ့မှာ အဲဒီကုရ်ဗာနီသားကောင်ဟာ သူရဲ့ ဦးချိုတွေ၊ သူရဲ့အမွေးအမျှင်တွေ၊ သူရဲ့ခွာတွေနှင့် အတူတကွ ပြည့်ပြည့်စုံစုံ ပြန်ရောက်လာရပြီး ကုရ်ဗာနီလုပ်တဲ့သူရဲ့ချိန်ခွင်ရဲ့ ကောင်းမှုဘက်က ချိန်ခွက်ထဲမှာ ပါဝင်ပေးရပါတယ်။

၄။ (က)၊ အီဒွလ်အဒွဟာနေ့မှာ ကုရ်ဗာနီလုပ်တဲ့ကောင်းမှုကိုသာ အလ္လာဟ်အရှင်မြတ် အနှစ်သက်တော်မူဆုံးဖြစ်ပါတယ်။

(ခ)၊ အီဒွလ်အဒွဟာနေ့မှာ လုပ်လိုက်တဲ့ကောင်းမှုတွေထဲမှာ ကုရ်ဗာနီကို အလ္လာဟ် အရှင်မြတ် အနှစ်သက်ဆုံးဖြစ်ပါတယ်။

ဒုတိယအချက်အနေနှင့် အီးဒ်နေ့တွေမှာ တပ်က္ကဗီးရ်များများ ရွတ်ဆိုဖို့ တင်ပြလိုပါတယ်။

"နဗီတမန်တော်မြတ် ﷺ ဟာ အီးဒ်နှစ်ခုစလုံးမှာ သပ်က္ကဗီးရ် များမြောင်စွာရွတ်ဆိုတော်မူတတ်တယ်" လို့ ကျမ်းဂန်တော်တွေမှာ ချိတ်ဆက်မိမိလာရှိလို့ အီးဒ်နေ့တွေမှာ သပ်က္ကဗီးရ်များများ ရွတ်ဆိုကြရပါတယ်။

သူတော်စင်များခင်ဗျား

ကုရ်အာန်ကျမ်းတော်မြတ် စူရာအ'ာလာရဲ့ အာယတ်တော် ၁၄နှင့် ၁၅ မှာ ..... အိုအီမာန်ယူလို့ စင်ကြယ်သန့်ရှင်းနေပြီး၊ မိမိကို ဖန်ဆင်းပျိုးထောင် ထိန်းသိမ်းစောင့်ရှောက်တော်မူတဲ့ အရှင်မြတ်ရဲ့ နာမတော်ကို အောက်မေ့တသရင်း ဆွလာတ်ဆောက်တည်တဲ့သူဟာ အမှန်ကတယ်ပဲအောင်မြင်သွားပြီ လို့ လာရှိတဲ့ မင်္ဂလာသတင်းစကားတွေကို တင်ပြရင်း ဒီကနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

အီဒွလ်အဒွဟာခွသ်တဗါ

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

ဒီနေ့ဟာ အင်မတန်ပဲ ထူးမြတ်လှတဲ့ အီဒွလ်အဒွဟာနေ့ပါ၊ အီဒွလ်အဒွဟာဆိုတဲ့ ဝေါဟာရကပဲ ဒီနေ့ဟာ ကုရ်ဗာနီလုပ်ရတဲ့နေ့လို့ ညွှန်ပြနေပါတယ်၊ စိတ်စေတနာသန့်သန့်ထားပြီး ကုရ်ဗာနီလုပ်ရမှာပါ။ နဗီတမန်တော်မြတ် ﷺ က "ကုရ်ဗာနီဟာ ဝါဂျစ်ဗ်တာဝန်ဖြစ်တယ်၊ အတော်ပဲ ထူးမြတ်တဲ့ ကျင့်စဉ်ဖြစ်တယ်" လို့ တိတိကျကျပြတ်ပြတ်သားသား အသိပေးတော်မူထားပါတယ်။ အာလင်မ်ပညာရှင်တွေကလည်း ကုရ်ဗာနီနှင့် ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို သေသေချာချာ ဂဃဏန ကောက်နုတ်စုစည်း ပြုစုထားကြလို့ ကျွမ်းကျင်တဲ့ အာလင်မ်ပညာရှင်တွေကို ချဉ်းကပ်ပြီး မေးမြန်းမှတ်သားထားသင့်ပါတယ်။

(၁) "ကုရ်ဗာနီနေ့ တနည်းအီဒွလ်အဒွဟာနေ့မှာ သွေးချောင်းစီးအောင်လုပ်တာထက် ပိုပြီး အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူတဲ့ အမလ်မရှိဘူး၊ အဲဒီကုရ်ဗာနီသားကောင်ကို ကိယာမတ်နေ့မှာ သူ့ရဲ့ ဦးချိုတွေ၊ သူရဲ့အမွေးအမျှင်တွေ၊ သူရဲ့ခွာတွေနှင့်အတူတူ ရောက်လာစေတော်မူမည်၊ ကုရ်ဗာနီသားကောင်ရဲ့ သွေးမြေမကျခင်မှာပဲ အဲဒီကုရ်ဗာနီကို အလ္လာဟ်အရှင်မြတ်က လက်ခံကဗူလ်ပြုတော်မူလိုက်တယ်၊ ဒါကြောင့် သင်တို့ကုရ်ဗာနီလုပ်ပြီး ကိုယ့်စိတ်ကိုရွှင်လန်းအောင်လုပ်ကြ" လို့ နဗီတမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

ငါ့ကိုကျေနပ်စေတော်မူတဲ့အတွက် ငါသင်တို့ကို ကျေနပ်တော်မူလိုက်ပြီ၊ အသင်တို့ရဲ့ မကောင်းမှုတွေကို ကောင်းမှုတွေနှင့် အစားထိုးပေးတော်မူလိုက်ပြီ” လို့ ကြေညာတော်မူတဲ့အကြောင်း မြတ်နဗီ ﷺ က အသိပေးတော်မူပါတယ်။ မြတ်နဗီကပဲ ဆက်လက်ပြီးတော့ “အဲဒီအီးဒ်နေ့မှာ ငါ့ရဲ့အစွမ့်သတွေ ရရှိလိုက်ကြတဲ့ အကျိုးစဝါးဗ်တွေကို မြင်တွေ့ကြရတဲ့ ဖရစ်ရှ်တာတွေဟာ ဝမ်းသာအားကျလွန်းလို့ ပျော်ပွဲကြီးတွေလုပ်ပြီး ကြည်နူးရွှင်မြူးကုန်ကြတယ်” လို့ အသိပေးတော်မူပါတယ်။

မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

အီဒွလ်ဖိတိရ်နေ့မှာ မွတ်စ်လင်မ်တွေ ဆွတ်ခူးရရှိတဲ့အကျိုးစဝါးဗ်တွေ၊ အီဒွလ်ဖိတိရ်နေ့ရဲ့ ထူးမြတ်မှုတွေကို တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေအရ သိရပါပြီ။ အီဒွလ်ဖိတိရ်နှင့်ပတ်သက်ပြီး လာရှိတဲ့ ပညတ်တော်တွေကို မှတ်သားလိုက်နာကျင့်သုံးရမှာက အဓိကပါ။ အဲဒီပညတ်တော်တွေကို ရမဇာန်လရဲ့ နောက်ဆုံးဂျုမ္မာခွင်တဗါမှာ ပြောပြခဲ့ပြီးပါပြီ။ အရေးကြီးတဲ့ပညတ်ချက်တွေဖြစ်လို့ ဒီနေ့အကျဉ်းချုံးပြီး ထပ်ပြောပါဦးမည်။

အီဒွလ်ဖိတိရ်နေ့မှာ လူတိုင်း ကျားမ မရွေး လူကြီးလူငယ်မကျန် ကလေးတွေအတွက်ပါ ဖစ်သရာပေးလှူရပါတယ်။

* အီဒွလ်ဖိတိရ်နမားဇ် ၂ ရကအတ်ဖတ်ရပါတယ်။

* နမားဇ်ပြီးလျှင် ခွင်တဗါနားထောင်ရပါတယ်။ ခွင်တဗါနားမထောင်ပဲ ထပြန်သွားတာ၊ ထိုင်စကားပြောနေတာဟာ အတော်ပဲ ကြီးလေးတဲ့အပြစ်ထိုက်စေပါတယ်။

အခုဆက်လက်ပြီး အရေးကြီးအချက် ၂ချက် တင်ပြပါအုံးမည်။ တချက်ကတော့ ရှောင်ဝ်ဝါလထဲမှာ ရိုဇဟ် ၆ လုံးထားဖို့ပါ။

“ရမဇာန်လမှာ တလလုံးလုံး ရိုဇဟ်ထားပြီး ရှောင်ဝါလ်လမှာ ရိုဇဟ် ၆ လုံးထားလိုက်တဲ့သူဟာ တနှစ်လုံး ရိုဇဟ်ထားရာရောက်တယ်” လို့ နဗီ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

တနှစ်လုံး ရိုဇဟ်ထားရာရောက်တယ်ဆိုတာ တနှစ်ပတ်လုံး တရက်မပျက် ရိုဇဟ်ထားသလို မှတ်တမ်းဝင်မည်လို့ ဆိုလိုတာပါ။ တနှစ်ပတ်လုံး တရက်မှမပျက်လျှင် ရိုဇဟ်ပေါင်း ၃၆၀ ရပါတယ်။ ကောင်းမှုတခုအတွက် အလ္လာဟ်အရှင်မြတ်က ၁၀ ဆ တိုးမြှင့်ပေးသနားတော်မူတယ်ဆိုတဲ့ ကတိတော်အရ ရမဇာန်တလရဲ့ ရိုဇဟ်ဟာ ၁၀ လရဲ့ရိုဇဟ်၊ တနည်းဆိုရလျှင် ရက်ပေါင်း ၃၀၀ ရိုဇဟ်ထားရာ ရောက်စေတော်မူပါတယ်။ ရှောင်ဝါလ်လရဲ့ ရိုဇဟ် ၆ လုံးက ရက်ပေါင်း ၆၀ ရိုဇဟ်ထားရာရောက်စေတော်မူလို့ ရက်ပေါင်း ၃၆၀ လုံးလုံး တနည်းဆိုရလျှင် တနှစ်ပတ်လုံး ရိုဇဟ်ထားရာ ရောက်စေတော်မူတာပါ။

ပေးထားပါတယ်။ တမန်တော်မြတ် ﷺ မဒီနဟ်ကို ဟစ်ဂျရတ်လုပ်လာဘော်မူပြီးတဲ့နောက်၊ မဒီနဟ်ဒေသခံတွေဟာ တနှစ်မှာ ၂ ရက် ပျော်ပွဲရွှင်ပွဲတွေ လုပ်ကြတာတွေ့မြင်တော်မူရလို့ စုံစမ်းတော်မူတော့ "ဒီလိုပဲ ကျွန်တော်တို့မှာ အစဉ်အလာရှိတယ်" လို့ ဖြေကြား ကြတယ်။ အဲဒီတော့ မြတ်နဗီ ﷺ က "အလ္လာဟ်အရှင်မြတ်က သင်တို့ကို အဲဒီရက်တွေထက် သာပိုထူးမြတ်တဲ့ ရက် ၂ ရက်ချီးမြှင့်တော်မူထားပြီးဖြစ်တယ်၊ အဲဒီ ၂ ရက်က အီဒွလ်ဖိတိရ်လို့ဆိုတဲ့ရက်နှင့် အီဒွလ်အဒ္ဓဟာလို့ဆိုတဲ့ရက်တွေဖြစ်တယ်" လို့ အများသိ ကြောငြာပေးတော်မူခဲ့ပါတယ်။

ဒီဟဒီးစ်တော်အရဆိုလျှင် ကျွန်တော်တို့ မွတ်စ်လင်မ်တွေဟာ ကိုယ်ထင်ရာ မြင်ရာရက် သတ်မှတ်ပြီး စည်းမရှိ၊ ကမ်းမရှိ ပျော်မြူးလို့ မရဘူး၊ တရားတော်နှင့် မဆန့်ကျင်ပဲ သိမ်မွေ့နူးညံ့တဲ့ နည်းမှန်လမ်းမှန် ဘောင်အတွင်းက ပျော်မြူးကြရမှာပါ၊ တရားပျက်စေတဲ့လုပ်ရပ်တွေ၊ အကုသိုလ်နှင့် မကင်းတဲ့ အမူအကျင့်တွေကိုလည်း လုံးလုံးလုပ်ခွင့်မရှိဘူးဆိုတာ သတိထားရမှာပါ။ ဒါကြောင့် မြတ်နဗီ ﷺ က "လူမျိုးတိုင်းမှာ ပျော်ရွှင်ရတဲ့နေ့ဆိုတာရှိတယ်။ ဒို့ပျော်ရွှင်ရမည့်နေ့က ဒီလို" လို့ မိန့်မှတ်တော်မူပြီး အီးဒ်နေ့တွေမှာ ပျော်ပွဲရွှင်ပွဲ ဘယ်လိုလုပ်ရသလဲဆိုတာကို သင်ပြပေးတော်မူတာပါ။

အီးဒ်နေ့ဟာ သာသနာတော်ကို ပိုက်ထွေးထားတဲ့ သူတော်စင်တွေအဖို့ အတော့်ကိုပဲ အကျိုးထူး အကျိုးမြတ်တွေ ရစေတဲ့နေ့ဖြစ်တယ်ဆိုတာ ဒီဟဒီးစ်တော်က ညွှန်ပြတော်မူပါတယ်။

"အီဒွလ်ဖိတိရ်နေ့ကျရောက်တဲ့အခါ အလ္လာဟ်အရှင်မြတ်က ဖရစ်ရှ်တာတို့ကို "ကိုယ့်တာဝန်ကျေတဲ့သူတွေကို ဘယ်လိုအကျိုးစားတွေ ပေးရမလဲ"လို့ မေးမြန်းတော်မူတော့၊ ဖရစ်ရှ်တာတွေက "အို ကျွန်တော်မျိုးတို့ ခဝပ်ကိုးကွယ်ရတဲ့အရှင် ကျွန်တော်မျိုးတို့ကို စိုးပိုင်တော်မူတဲ့အရှင် သူတို့ရဲ့လုပ်ခကို ပြည့်ပြည့်ဝဝပေးသနားတော်မူမှ အကျိုးစားပေးတော်မူရာရောက်ပါတယ်" လို့ လျှောက်ထားကြတယ်။ အဲဒီအခါမှာ အလ္လာဟ်အရှင်မြတ်က "အို ဖရစ်ရှ်တာအပေါင်းတို့ .... ငါရဲ့ဗန္ဒဟ်ဗန္ဒီတို့ဟာ ရမဇာန်လရဲ့ ပညတ်ချက်တွေအပေါ် တာဝန်ကျေပြွန်ကြလို့ ငါကရမဇာန်လရဲ့ရိဇာဟ်နှင့် တရာဝီဟ်နမားဇ်အစား ငါ့ရဲ့ကျေနပ်နှစ်သက်သဘောတူမှုကို ပေးသနားတော်မူလိုက်ပြီ" လို့ စီရင်ချက်ချတော်မူလိုက်တယ်။ နောက်ဆက်လက်ပြီးတော့ လူတွေကို "အို ငါအရှင်မြတ်ရဲ့ ဗန္ဒဟ်ဗန္ဒီအပေါင်းတို့ ငါ့ထံတောင်းခံကြ၊ ငါ့သိက္ခာတော်ရဲ့ကစမ်၊ ငါ့ကိုအာရုံပြုနေသမျှ သင်တို့ရဲ့ အမေ့အမှားတွေကို ငါဖုံးကွယ်ထားပေးတော်မူမည်၊ ငါ့သိက္ခာတော်ရဲ့ကစမ်၊ ငါ့ဘုန်းတန်ခိုးတော်ရဲ့ ကစမ်၊ ငါအရှင်မြတ်က သင်တို့ကို ဂျဟန္နမ်ကျမည့်သူတွေနှင့် ကာဖိရ်တွေရဲ့ရှေ့မှာ အရှက်မကွဲစေရဘူး၊ အကျိုးမနည်းစေရဘူး၊ အခုသင်တို့ ငါအရှင်မြတ်ရဲ့ ပြည့်စုံတဲ့ ခွင့်လွှတ်ချမ်းသာမှုကို ပိုက်ထွေးပြီး ပြန်ကြတော့၊ သင်တို့က

* အီးဒ်ညမှာ အထူးဂရုစိုက်ပြီး တရားအားထုတ်စေလိုပါတယ်။
* အီးဒ်ညမှာ တရားအားထုတ်တဲ့ သူရဲ့စိတ်နှလုံးဟာ ကိယာမသ်နေ့မှာ ပျော်မြူးကြည်နူးနေပါလိမ့်မည်။
* အီးဒ်နေ့မှာ နမားဇ်နှစ်ရကအတ် ဖတ်ရတာ ဝါဂျစ်ဗ်တာဝန်ဖြစ်ပါတယ်။
* အီးဒ်နမားဇ်ပြီးလျှင် ခွသ်တဗါကို နားထောင်ရတာကလည်း ဝါဂျစ်ဗ်တာဝန်ပါပဲ။
* ခွသ်တဗါဖတ်နေတဲ့အချိန်မှာ ထိုင်ရာကမထပဲ ထိုင်မြဲထိုင်နေပြီး တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေရပါတယ်။

သူတော်စင်များခင်ဗျား

ညဆယ်ည၊ အရဖှဟ်နေ့၊ ကုရ်ဗာနီနေ့နှင့် ပတ်သက်ပြီး "ငါအရှင်မြတ်က နံနက်မိုးသောက်ချိန်ကို သက်သေထူတော်မူတယ်၊ အဲဒီအပြင်ငါအရှင်မြတ်က ညဆယ်ညကို သက်သေထူတော်မူတယ်၊ အဲဒီအပြင်ငါအရှင်မြတ်ကစုံကျတဲ့နေ့ကို၊ မကျတဲ့နေ့ကို သက်သေထူတော်မူတယ်၊ ဒါတွင်မကသေးဘူး၊ ငါကအရှင်မြတ်က ရွေ့နေတဲ့ညကိုလည်း သက်သေထူတော်မူတယ်" .... လို့ စူရာဖဂျရ်မှာလာရှိပါတယ်။
* "ညဆယ်ညဆိုတာ ဇွလ်ဟဂျ်လ ပထမဆယ်ညကို ရည်ညွှန်းတော်မူတာဖြစ်တယ်။ စုံကျတဲ့နေ့ဆိုတာ ဇွလ်ဟဂျ်လ ၁၀ ရက်၊ ကုရ်ဗာနီနေ့ကို ရည်ညွှန်းတော်မူတာဖြစ်တယ်။ မ,ကျတဲ့နေ့ဆိုတာ ဇွလ်ဟဂျ်လ ၉ ရက်၊ အရဖှဟ်နေ့ကို ရည်ညွှန်းတော်မူတာဖြစ်တယ်" လို့ တမန်တော်မြတ် ﷺ က ရှင်းပြတော်မူထားပါတယ်။ အဲဒီလောက်တောင် ထူးမြတ်လှတဲ့နေ့တွေညတွေမှာ တရားအားထုတ်နိုင်ကြပါစေလို့ ဆုဒုအာပြုပိုရင်း ဒီနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

အီဒွလ်ဖိတ်ရ်ခွသ်တဗါ

မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား –

ဒီနေ့ဟာ ပျော်ရွှင်ချမ်းမြေ့ရွှင်လန်းရတဲ့အီးဒ်နေ့ပါ။ အလ္လာဟ်အရှင်မြတ်က ကျွန်တော်တို့ မွတ်စ်လင်မ်တွေအပေါ် အထူးတလည် ကျေးဇူးတော်ပြုတဲ့ နေ့မြတ်လည်းဖြစ်ပါတယ်။ ဒီနေ့ဟာ ဗန္ဒာဟ်လူသားတွေ လွတ်ငြိမ်းချမ်းသာခွင့်ရပြီး အဆင့်အတန်းတွေ တိုးမြှင့်ပေးသနားတာကို ခံယူရတဲ့ နေ့ကောင်းရက်မြတ်ပါ။

အလျဉ်းသင့်လို့ အီးဒ်နေ့ပေါ်ပေါက်လာရတဲ့ သမိုင်းလေးကိုတင်ပြလိုပါတယ်။ ကျွန်တော်တို့မွတ်စ်လင်မ်တွေအတွက် ပျော်ရွှင်ရမည့်ရက်ဆိုပြီး ရက် ၂ ရက် သတ်မှတ်

ဇွလ်ဟဂျ်လ ၁၀ ရက်နေ့ဟာ အီးဒ်နေ့ဖြစ်လို့ အဲဒီနေ့မှာ ရိဇဟ်ထားတာ ဟရာမ်ပါ။ ဒီဇွလ်ဟဂျ်လ ၁၀ ရက်ထဲမှာ အရဖှာနေ့လည်း ပါပါတယ်။ အဲဒီအရဖှာနေ့ဟာလည်း ထူးမြတ်လှတဲ့ နေ့တနေ့ဖြစ်လို့ အဲဒီအရဖှာနေ့မှာ ရိဇဟ်ထားဖို့ နှိုးဆော်တဲ့စကားအများကြီး လာရှိပါတယ်။

(၂) "အရဖှာနေ့ရဲ့ ရိဇာဟ်ကြောင့် မနှစ်ကနှင့် နောင်လာမဲ့နှစ်ရဲ့ ငရဲတွေပျောက်ပြယ်ကုန်လိမ့်မည် .... လို့ အလ္လာဟ်အရှင်မြတ်ထံတော်မှာ ငါမျှော်ကိုးမိတယ်" လို့ တမန်တော်မြတ် ﷺ က ထုတ်ဖော်မိန့်တော်မူပါတယ်။ ဇွလ်ဟဂျ်လ ၉ ရက်နေ့ဟာ အရဖှာနေ့ပါ။ အဲဒီအရဖှာနေ့မှာ ရိဇာဟ်ထားလျှင် ဘယ်လောက်ကုသိုလ်အကျိုးများတယ်ဆိုတာကိုတော့ အဲဒီဟဒီးစ်တော်အရပဲ သိရပါပြီ။

အဲဒီထူးမြတ်တဲ့ ၁၀ ရက်မှာ သပ်က်ဗီးရ် ဆိုဖို့လည်း ညွှန်ကြားတော်မူထားပါတယ်။ ဖရ်ဇ်နမားဇ်ဖတ်ပြီးတိုင်း သပ်က်ဗီးရ်ကို မတိုးမကျယ်တဲ့အသံနှင့် ရွတ်ဆိုရပါတယ်။

(၃) ဟဇရတ် အဗ်ဒွလ္လာဟ်အိဗနုမတ်စ်အူးဒ် ﷺ ဟာ အရဖှာနေ့ ဖဂျရ်နမားဇ်အပြီးကနေကုရ်ဗာနီနေ့အဆရ်နမားဇ်အပြီးထိ အလ္လာဟုအပ်က်ဗရ် အလ္လာဟုအပ်က်ဗရ်၊ လာအိလာဟအစ်လ္လလ္လာဟု ဝလ္လာဟုအပ်က်ဗရ်၊ အလ္လာဟုအပ်က်ဗရ် ဝလစ်လ္လာဟစ်လ် ဟမ်းဒ် လို့ သပ်က်ဗီးရ် ရွတ်ဆိုတော်မူလေ့ရှိတယ်လို့ ကျမ်းဂန်တွေမှာ လာရှိပါတယ်။

(၄) ဟဇရတ်အလီ ﷺ သခင်ကြီးကတော့ ဇွလ်ဟဂျ်လ ၉ ရက် အရဖှာနေ့ဖဂျရ်နမားဇ်အပြီးကနေ အိုက်ယာမုသပ်ယှရီးက် – ဇွလ်ဟဂျ်လ ၁၃ ရက်နေ့ အဆရ်နမားဇ်အပြီးအထိ ဖရ်ဇ်နမားဇ်ဖတ်ပြီးတိုင်း ဖော်ပြခဲ့တဲ့သပ်က်ဗီးရ် ရွတ်ဆိုတော်မူလေ့ရှိတယ်လို့လည်း ကျမ်းဂန်တွေမှာ လာရှိပါတယ်။

အခုတင်ပြခဲ့တဲ့ ဟဒီးစ်တော် ၂ ပုဒ်က ဖရ်ဇ်နမားဇ်ပြီးတိုင်း သပ်ကဗီးရ်ရွတ်ဆိုဖို့လိုအပ်တဲ့အကြောင်းထောက်ပြထားပါတယ်။ ဟဇရတ်အလီ ﷺ သခင်ရဲ့ ရိဝါယသ်ဟာ အထောက်အထား ပိုပြီးမှန်ကန်ခိုင်မာလို့ အဲဒီအတိုင်းပဲ အရဖှာနေ့ဖဂျရ်နမားဇ်အပြီးကစပြီး၊ အိုက်ယာမုသပ်ယှရီးက် နောက်ဆုံးရက်ရဲ့အဆရ်နမားဇ်အပြီးအထိ၊ အဲဒီသပ်က္ကဗီးရ်တစ်ကြိမ်ဆိုဖို့ ဟနဖီမပ်ဇ်ဟဗ်ဂင်များအဖို့ ဝါဂျစ်ဗ်တာဝန်ထိုက်တယ်။ ဟဇရတ် အဗ်ဒွလ္လာဟ်အိဗနုမတ်စ်အူးဒ်ရဲ့ ရိဝါယသ်မှာ နောက်နေ့တွေမှာ ဆက်မဖတ်ရဘူးလို့ တားမထားလို့ အဲဒီဟဒီးစ်နှစ်ခုဟာ ထိပ်တိုက်တွေ့ရာ မရောက်ပါဘူး။

သူတော်စင်များခင်ဗျား

ရမဇာန်လရဲ့ နောက်ဆုံးခွသ်တဗါမှာ ရမဇာန်နောက်ဆုံး ၁၀ ရက်ရောက်လျှင် အိတိကားဖ်ထိုင်ပြီး တရားကျင့်ဖို့နှင့် အီဒွလ်ဖိတိရ်နေ့မှာ အီးဒ်နမားဇ်နှင့် ခွသ်တဗါကို လက်မလွှတ်ဖို့ အသိပေးခဲ့ပြီးပါပြီ။ အရေးကြီးအရာရောက်လွန်းလှတဲ့ အီးဒ်ညတွေနှင့်ပတ်သက်လို့ ဒီကနေ့ခွသ်တဗါမှာ ထပ်လောင်းပြီး တင်ပြပါရစေ။

လူကြီးမင်းများခင်ဗျား –

ယောင်ဝ်ဝါလ်လကုန်လျှင် ဇွလ်ကာ့ဒဟ်လ ကျရောက်ပါလိမ့်မည်။ အဲဒီလဟာ နိမိတ်အတိတ်မကောင်းတဲ့လလို့ တချို့ရပ်ရွာဒေသတွေမှာ ယူဆကြတယ်။ အမှန်တကယ် ဆိုရလျှင် ဇွလ်ကာ့ဒဟ်လဟာ ဟဂျ်ကာလ၊ ဟဂျ်ရာသီမှာ ပါဝင်တဲ့လလို့ သတ်မှတ် ထားတဲ့အပြင် ဒီလမှာပဲ မြတ်နဗီ ﷺ အွမ္မရဟ်သုံးကြိမ် ပြုလုပ်တော်မူခဲ့လို့ ဒီလဟာ ထူးမြတ်တဲ့လပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုအခြေအမြစ်မရှိတဲ့၊ မှားယွင်းတဲ့ အတွေး အခေါ် အယူအဆတွေ ပြင်လိုက်ဖို့လိုပါတယ်။

သူတော်စင်များခင်ဗျား

အခု ကုရ်အာန်ကျမ်းတော်မြတ် စူရာဟဂျ်ရဲ့ အာယတ်တော် ၂၀ မှာ ဟဂျ်လုပ်ဖို့ ကိစ္စနှင့် ပတ်သက်ပြီး အသင်အိဗရာဟီမ်....လူတွေကို 'ထူးမြတ်လှတဲ့ ဒီအိမ်တော်ကို လာပြီး ဖူးမြော်ဟဂျ်လုပ်ကြ'လို့ ဖိတ်ခေါ်ပါ။ အဲဒီအခါ လူတွေဟာအတော်ပဲ ဝေးလှ တဲ့ လမ်းခရီးတိုင်းက ခြေလျင်တမျိုး၊ ပိန်လှီနေတဲ့ကုလားအုတ်ကိုစီးပြီးတဖုံ လာရောက် ကြမည်" လို့ အသိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ် လိုက်ပါတယ်။

ခွသ်တဗ်ါ (၅၀) ဇွလ်ဟဂျ်လ

လေးစားရပါတဲ့ညီနောင်အပေါင်းတို့ခင်ဗျား

မကြာခင်မှာပဲ ဇွလ်ဟဂျ်လကျရောက်ပါတော့မည်။ အဲဒီလမှာ အစ္စလာမ် သာသနာ တော်နှင့် ပတ်သက်တဲ့ ထူးခြားတဲ့ကျင့်စဉ်တွေ ရှိနေပါတယ်။ အဲဒီလရဲ့သတ်မှတ်နေ့ ရက်တွေအတွင်းမှာ ကုရ်ဗာနီလုပ်ကြရတာကလည်း ထူးခြားတဲ့ကျင့်စဉ်ပါ။ ကုရ်ဗာနီနှင့် ပတ်သက်လို့ ကုရ်ဗာနီအီးဒ်နေ့မှာပဲ ဟောကြားပါမည်။

အဲဒီလထဲမှာ ရိဇာဟ်ထားရတဲ့ ကိစ္စ၊ ညကာလမှာ အိဗာဒသ်လုပ်ရတဲ့ ကိစ္စတွေ ရှိနေပါတယ်။ အဲဒီအကြောင်းကိစ္စတွေကိုပဲ ဒီနေ့ခွသ်တဗါမှာ ဟောကြားပါမည်။

(၁) "ဇွလ်ဟဂျ်လ ပထမ ၁၀ ရက် ထဲမှာ တရားအားထုတ်ကျင့်ဆောင်တဲ့ ရက်ထက် ပိုပြီး အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူတဲ့ တခြားရက်မရှိဘူး။ အဲဒီရက် တရက်ရဲ့ ရိဇဟ်ဟာ တနှစ် ရိဇဟ်စောင့်တာနှင့် ညီမျှတယ်။ အဲဒီရက်တွေရဲ့ ညမှာ တရားကျင့် တာဟာ ကဒရ်ညမှာ တရားကျင့်တာနှင့် ညီမျှတယ်" လို့ နဗီတမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

ကြိုက်သလိုသေနိုင်တယ်” လို့ မြတ်နဗီ ﷺ က ကြပ်ကြပ်တည်းတည်း သတိပေးတော်မူထားပါတယ်။ ဟဂ်ျလုပ်လိုက်လျှင် ဟဂ်ျလုပ်လိုက်သူရဲ့ အပြစ်ငရဲတွေအားလုံး သန့်စင်ပြီးသား ဖြစ်သွားပါတယ်။

(၂) “အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူဖို့ ဟဂ်ျလုပ်တဲ့အခါမှာ ညစ်ညမ်းတဲ့စကားလည်းမပြောဘူး၊ ဆိုးသွမ်း မိုက်မဲ ဖီဆန်တဲ့ ကိစ္စတွေလည်း မလုပ်ဘူးဆိုလျှင် အဲဒီသူဟာ မအေ့ဝမ်းကကျွတ်ကာစ ကလေးလို ဟဂ်ျကပြန်လာတာဖြစ်တယ်” လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။ အဲဒီဟဒီးစ်တော်အရဆိုလျှင် ဟဂ်ျလုပ်လို့ ရလိုက်တဲ့ အကျိုးကုသိုလ်ဟာ ဘယ်လိုမှအဖိုးဖြတ်လို့ မရနိုင်ဘူးဆိုတာ သိသာထင်ရှားလှပါတယ်။

မွတ်စ်လင်မ်ညီနောင်များခင်ဗျား –

ဟဂ်ျလိုပဲ မက္ကာဟ်မြို့ရဲ့ ကာ့ဗဟ်ကျောင်းတော်မှာသာ လုပ်ဆောင်ရတဲ့ ကျင့်စဉ်တခု ရှိပါသေးတယ်။ အဲဒီကျင့်စဉ်ကို အွမ္မရဟ်လို့ ခေါ်ပါတယ်။

(၃) နဗီတမန်တော်မြတ် ﷺ ဟာ အွမ္မရဟ် ၄ ကြိမ် ပြုလုပ်တော်မူရာမှာ တကြိမ်ကို ဟဂ်ျနှင့်တွဲပြီး ပြုလုပ်တော်မူခဲ့ပါတယ်။ အွမ္မရဟ် ၃ ကြိမ်စလုံးကို ဇွလ်ကာ့ဒဟ်လမှာပဲ လုပ်တော်မူခဲ့တယ်လို့ ဆင့်ပြန်ချက်တွေမှာ လာရှိပါတယ်။ ဒီဆင့်ပြန်ချက်ကို ထောက်ရှုကြည့်လျှင် အွမ္မရဟ်ကလည်း မြတ်နဗီ ﷺ ရဲ့ ကျင့်စဉ်တော်တစ်ခုဖြစ်တယ်ဆိုတာ သိရပါတယ်။ လူကြီးမင်းတို့ ဟဂ်ျပြုလုပ်ဖို့ တကယ်လို့များ ရောက်သွားကြလျှင် အွမ္မရဟ်ကို လက်လွတ်မိပါစေနှင့်လို့ သတိပေးလိုပါတယ်။

(၄) “အွမ္မရဟ်နှင့် ဟဂ်ျကိုတွဲထားကြ၊ အဲဒီကျင့်စဉ် ၂ ခုဟာ ဆင်းရဲမွဲတေမှုနှင့် မကောင်းမှု ဒုစရိုက်တွေကို ပပျောက်စေတယ်” လို့ မြတ်နဗီ ﷺ က လမ်းညွှန်တော်မူထားပါတယ်။ ဟဂ်ျနှင့် တပါတည်း အွမ္မရဟ်ကိုပါ လုပ်လိုက်လျှင် အတော့်ကိုပဲ ထူးတဲ့အကျိုးကျေးဇူးတွေရမည်ဆိုတာကို သိကြရပါပြီ။

ဟဂ်ျလုပ်တဲ့နေရာမှာ ဟဂ်ျကိုအလှဆင်ပေးတဲ့ အမလ်တခုရှိပါသေးတယ်။ အဲဒီအမလ်ကတော့ မြတ်နဗီ ﷺ ရဲ့ ရောင်သွာတော်ကိုသွားပြီး ဇိယာရသ်လုပ်ဖို့ပါ။ မြတ်နဗီရဲ့ ရောင်သွာတော်ကို အရောက်သွားပြီး ဇိယာရသ်လုပ်လျှင်အတော်ပဲ ထူးမြတ်တဲ့ အကျိုးစဝါးဗ်တွေရမည့်အကြောင်း ဟဒီးစ်ကျမ်းဂန်တွေမှာ ချိတ်ဆက်မိမိခိုင်ခိုင်မာမာ တွေ့ရပါတယ်။

(၅) “ငါကိုယ်တော်မြတ်ရဲ့ သင်္ချိုင်းရှိရာကို လာရောက်ပြီး ဇိယာရတ်လုပ်တဲ့သူအတွက် ရှဖါအသ်တောင်းခံပေးဖို့ ငါမှာတာဝန်ရှိလာတယ်” လို့ မြတ်နဗီ ﷺ က ကတိပေးတော်မူထားပါတယ်။ ဒါကြောင့် လူကြီးမင်းတို့ ဟဂ်ျလုပ်ဖို့သွားတဲ့အခါ မဒီနဟ်ကို ရောက်အောင်သွားပြီး မြတ်နဗီ ﷺ ရဲ့ ရောင်သွာတော်ကို ဇိယာရသ်လုပ်ဖြစ်အောင် လုပ်သင့်ကြပါတယ်။

သူတော်စင်များခင်ဗျား

စူရာဘကရာရဲ့ အာယတ်တော် ၁၈၅ မှာ "အလ္လာဟ်အရှင်မြတ်က သင်တို့အဖို့ သက်သာချောင်ချိစေတာကိုသာ အလိုရှိတော်မူတယ်။ သင်တို့အဖို့ခက်ခဲတာကို အလျှဉ်း မလိုလားတော်မူဘူး။ အဲဒီအပြင် ပျက်ကွက်ခဲ့တဲ့ရက်တွေကို ပြည့်အောင်ဖြည့်လိုက်ကြဖို့ အလ္လာဟ်အရှင်မြတ်က ညွှန်ပြတော်မူတဲ့နည်းအတိုင်း အဲဒီအရှင်မြတ်ဟာ ကြီးကဲမြင့်စွင့် ထွတ်မြတ်တဲ့အကြောင်း တဖွဖွရွတ်ဆိုကြဖို့ အလိုဆန္ဒရှိတော်မူတယ်။ အဲဒါမှသာ သင်တို့ဟာ အဲဒီအရှင်မြတ်ရဲ့ ကျေးဇူးတော်တွေကို သိမြင်တဲ့သူတွေဖြစ်ကြမည်" လို့ အသိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ခွဲသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွဲသ်တဗါ (၄၉) ဟဂျ်နှင့်ဇီယာရသ်

မွတ်စ်လင်မ်သူတော်စင်အပေါင်းတို့ခင်ဗျား

ဟဂျ်လုပ်ရမည့်လတွေ နီးကပ်လာနေပါပြီ။ ဟဂျ်လုပ်ရမည့်လတွေကို စံနစ်တကျ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ စူရာဘကရာရဲ့ အာယတ်တော် ၁၉၇ မှာ ဟဂျ်လုပ်ရမည့် လတွေကတော့ အားလုံးသိထားတဲ့ လတွေပဲ ဖြစ်တယ်" လို့ လာရှိပါတယ်။ "အဲဒီအာယတ်တော်က ဆိုလိုတော်မူတဲ့ ဟဂျ်လတွေဟာ ယှောင်ဝ်ဝါလ်လ၊ ဇွလ်ကုအ္ဒဟ်လနှင့် ဇွလ်ဟဂျ်လတွေဖြစ်တယ်" လို့ မြတ်နဗီ ﷺ က ရှင်းပြအသိပေးတော်မူထားပါတယ်။

ဟဂျ်လုပ်ရမည်ဆိုတာ အစ္စလာမ်သာသနာတော်ရဲ့ ပဥ္စမ မဏ္ဍိုင်ကို ဆောက်တည်ရ တဲ့ အဓိကကျင့်စဉ်တခုပါ။ မက္ကာဟ်မြို့မှာရှိနေတဲ့ ကာ့ဗဟ်ကျောင်းတော်အထိ အသွား အပြန် စရိတ်စက တတ်နိုင်တဲ့သူတွေသာ တစ်သက်မှာတစ်ခါပဲ ဟဂျ်လုပ်ရမည့်တာဝန် ရှိတာပါ။ အဲဒီအကြောင်းနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းမြတ်ရဲ့ စူရာအာလေအင်မ် ရာန် အာယတ် ၉၇ မှာ ...

အဲဒီအိမ်တော်ကို အရောက်သွားလာနိုင်ဖို့တတ်နိုင်လျှင် အလ္လာဟ်အရှင်မြတ် နှစ်သက်သဘောတူတော်မူရေးအတွက် အဲဒီအိမ်တော်ကိုသွားပြီး ဟဂျ်လုပ်ဖို့ အဲဒီသူ အပေါ်မှာတာဝန်ရှိနေပြီ" လို့ တိတိကျကျ တာဝန်ပေးတော်မူထားပါတယ်။

ဟဂျ်ပြုလုပ်ဖို့ အလ္လာဟ်အရှင်မြတ်က ပညတ်တော်မူတာကို နဗီတမန်တော်မြတ် ﷺ က ဒီလိုထပ်ဆင့်နှိုးဆော် တိုက်တွန်း လမ်းညွှန်တော်မူပါတယ်။

(၁) "မလွှဲမရှောင်သာတဲ့ အရေးကြီးတဲ့ကိစ္စလည်း မရှိ၊ မင်းစိုးမင်းညစ်ရဲ့ အနိုင်ကျင့် ခံ၊ တားမြစ်ခံနေရတာလည်းမရှိ၊ ပြင်းပြင်းထန်ထန် နေထိုင်မကောင်းဖြစ်တာလည်းမရှိပဲ ဟဂျ်မလုပ်ခင်သေရလျှင် အဲဒီလူအနေနှင့် ယဟူဒီလိုပဲသေသေ၊ နဆွာရာနီလိုပဲ သေသေ၊

(၃) "လူကြီးဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ်၊ လူလွတ်ဖြစ်ဖြစ်၊ ကျွန်ဖြစ်ဖြစ်၊ ယောကျာ်းတိုင်း မိန်းမတိုင်း နှစ်ယောက်အတွက် ဂျုံတဆွာ့ ပေးလှူရမည်" လို့ မြတ်နဗီ ﷺ က သတ်မှတ် ပေးတော်မူခဲ့ပါတယ်။ (နှစ်ယောက်အတွက် တဆွာ့ဆိုတော့ တစ်ယောက်ကို ဆွာ့တဝက် ပေးလှူရမှာပါ။ တဆွာ့မှာ တိုလာချိန် ၂၈၀ ရှိတယ်။ ဒါကြောင့် တစ်ယောက်ကို တိုလာ ချိန် ၁၄၀ ပေးလှူရပါမည်။)

(၄) "ဖစ်သရဟ်အတွက်စွန်ပလွံသီးတဆွာ့၊ ဒါမှမဟုတ်လျှင် မုယောဆန် တဆွာ့ပေးလှူ ဖို့ မြတ်နဗီ ﷺ က သတ်မှတ်တော်မူထားတယ်" လို့ ဟဇရတ် အိဗနုအုမရ်ရဲ့ဆင့်ပြန် ချက်မှာ တွေ့ရပါတယ်။

ဂျုံလှူချင်လျှင် တစ်ယောက်ကို တိုလာချိန် ၁၄၀ ပေးရမည်။ စွန်ပလွံသီးတို့၊ မုယောဆန်တို့ကို ပေးလှူချင်လျှင် တစ်ယောက်ကို တိုလာချိန် ၂၈၀ ပေးလှူရမည့် အကြောင်း တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေက တိတိကျကျ ပြဆိုထားပြီးဖြစ်ပါတယ်။ ဆန်အစရှိတဲ့ ကောက်ပဲသီးနှံတွေ ပေးလှူချင်လျှင်လည်း ဒါနမြောက်ပါတယ်။ အဲဒီလို မျိုး ပေးချင်လျှင်တော့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဂျုံ၊ စွန်ပလွံသီး၊ မုယောဆန် အစရှိတဲ့ ပစ္စည်းတွေရဲ့တန်ဖိုးကို တွက်ယူပြီး အဲဒီကျသင့်ငွေနဲ့ ညီမျှတဲ့တန်ဖိုးရဲ့ အတိုင်းအတာ အထိ ကောက်ပဲသီးနှံတွေ ဝယ်လှူရမှာပါ။

အီးဒ်နေ့မနက်စောစောမှာ ဖစ်သရဟ်ပေးလှူဖို့ တာဝန်ကျလို့ အီးဒ်နမားဇ် မဖတ် ခင် ပေးလှူလိုက်တာ မြတ်ပါတယ်။ အခြေအနေကြောင့် မလှူဖြစ်လျှင်လည်း နမားဇ် အပြီးမှာ လှူလိုက်ပါ။ နမားဇ်မတိုင်ခင် ပေးလှူရမှာကတော့ မွတ်စ်သဟဗ်တာဝန်ပါ။

လူကြီးမင်းများခင်ဗျား –

အီးဒ်နေ့အတွက် ပညတ်ချက်တွေထဲမှာ အီးဒ်နမားဇ် ၂ ရကအတ်ဖတ်ဖို့နှင့် နမားဇ် အပြီးမှာ ခွသ်တဗါ နားထောင်ဖို့လည်း ပါဝင်ပါတယ်။ အဲဒီအီးဒ်နမားဇ်နှင့် ခွသ်တဗါ ဟာ ဝါဂျစ်ဗ်တာဝန်တွေဖြစ်ပါတယ်။

(၅) နဗီတမန်တော်မြတ် ﷺ ဟာ အီဒွလ်ဖိတိရ်နေ့နှင့် အီဒွလ်အဒွဟာနေ့တွေမှာ အီဒ ဂါဟ်ရှိရာကို ကြွရောက်သွားတော်မူပြီး ပထမနမားဇ် ၂ ရကအတ် ဝတ်ပြုတော်မူတယ်။ ပြီးတော့ တန်းစီထိုင်နေတဲ့ ပရိသတ်ကို မျက်နှာတော်မူပြီး တရားဒေသနာဟောကြား တော်မူတဲ့အကြောင်း ဆင့်ပြန်ချက်တွေမှာ တွေ့ရှိရပါတယ်။ အီးဒ်နေ့မှာ နမားဇ်ဖတ်ဖို့ တာဝန်ရှိသလို ခွသ်တဗါနားထောင်ဖို့လဲ တာဝန်ရှိပါတယ်။ နမားဇ်ပြီးပြီးချင်း ထပြန် သွားကြတဲ့သူတွေဟာ ဝါဂျစ်ဗ်တာဝန်ပျက်ကွက်လို့ အပြစ်ထိုက်ပါတယ်။ ခွသ်တဗါ ဖတ်နေတဲ့အချိန်မှာ နားမထောင်ပဲ စကားပြောနေတာတွေ ငေးမောနေတာတွေဟာ ကြီးလေးတဲ့အပြစ်ထိုက်တတ်လို့ လုံးဝရှောင်ကြဉ်ကြဖို့ လိုပါတယ်။

ခွင်တာဗါ (၄၈) အီဒွါလ်ဖိသိရ်ရ်ဏါပညတ်ချက်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်များခင်ဗျား –

ဆဗရ်သည်းခံမှုကို လက်ကိုင်ပြုပြီး ရိုဇာဟ်ထားရတဲ့ ရမဇာန်လတော့ ကုန်လုပါပြီ။ မကြာခင်မှာ ကျရောက်တော့မည့် အီဒွလ်ဖိသိရ်နေ့မှာ ပျော်မြူးချင်တဲ့စိတ်တွေလည်း တဖွားဖွား ဖြစ်နေကြပါပြီ။ အဲဒီအီဒွလ်ဖိသိရ်နေ့မှာ သတိထားရမည့်အချက်အလက်တွေ ရှိနေတာကိုလဲ သိထားကြပါ။ ရမဇာန်လမှာ အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်အတိုင်း ရိုဇာဟ်စောင့်ပြီး ဆင်ဆင်ခြင်ခြင် နေထိုင်ခဲ့ကြသူတွေကတော့ အောင်မြင်တဲ့သူတွေပါ။ ရမဇာန်လမှာ ရိုဇာဟ်လည်း မထားခဲ့၊ ဆင်ဆင်ခြင်ခြင်လည်း မနေခဲ့သူတွေကတော့ ဆုံးရှုံးတဲ့ သူတွေပါ။ ရမဇာန်လရဲ့ အကျိုးအမြတ်တွေကို မယူပဲ အလဟဿဖြစ်စေခဲ့တဲ့ သူတွေနဲ့ ပတ်သက်ပြီး နဗီတမန်တော်မြတ် ﷺ က "ရမဇာန်လမြတ်ကျရောက်လာပေမည့် အပြစ်ငရဲက လွတ်ငြိမ်းချမ်းသာမှု မယူ မရလိုက်တဲ့သူရဲ့ နှာခေါင်းမြေလူးခံရပါစေ" လို့ ကြိမ်းတော်မူထားပါတယ်။ (နှာခေါင်းမြေလူးခံရပါစေ ဆိုတာ အရဗီအသုံးအနှုန်း ဖြစ်ပါတယ်။ အကျိုးနည်းပါစေ၊ အရှက်ကွဲပါစေ၊ အပြစ်တင်ရှုံ့ချခံရပါစေလို့ ကျိန်လိုက်တာပါ၊ ရမဇာန်လမှာ ရိုဇာဟ်မထား၊ တရားအားမထုတ်ပဲ အလဟဿအချိန် ဖြုန်းတဲ့သူဟာ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ရှုံ့ချခံရမည့်၊ ပြစ်ဒဏ်ခံရမည့်၊ ဆုံးရှုံးရမည့်သူ ဖြစ်တယ်လို့ ဆိုလိုတာပါ။)

မွတ်စ်လင်မ်ညီနောင်အပေါင်းတို့

အီးဒ်နေ့နီးလာတာနှင့်အမျှ ပျော်ကြမည်၊ ရွှင်ကြမည်ဆိုတဲ့ အာရုံတစ်ခုထဲ မထားကြပါနှင့်။ အီးဒ်ညဟာလဲ ထူးခြားထူးမြတ်တဲ့ ညဖြစ်တယ်ဆိုတာကိုလဲ သိထားကြပါ။ အဲဒီညကို လျစ်လျူမရှုလိုက်ပါနှင့်။ အလဟဿမဖြစ်လိုက်ပါစေနှင့်။ နိုးနိုးကြားကြားနှင့် တရားကျင့်ဖို့ အဆင်သင့်လုပ်ထားကြပါ။

(၂) နဗီတမန်တော်မြတ် ﷺ က "အီးဒ်နှစ်ခုရဲ့ ညတွေမှာ အကျိုးစဝါးဗ်မျှော်ကိုးမက်ထားပြီး အိဗာဒသ်လုပ်တဲ့ သူရဲ့နှလုံးသားဟာ နှလုံးသားတွေ တုန်လှုပ်ခြောက်ခြားကြမည့် ကိယာမတ်နေ့မှာ တုံလှုပ်ခြောက်ခြားရမှာ မဟုတ်ဘူး" လို့ အသိပေးတော်မူထားပါတယ်။ ဒီလောက်အဖိုးမဖြတ်နိုင်လောက်အောင် ထူးမြတ်တဲ့ညမှာ နည်းများမဆို အိဗာဒသ်လုပ်သင့်ကြပါတယ်။

အီးဒ်နေ့မှာ ဖစ်သရဟ်ပေးလှူရမည်လို့လည်း ပညတ်ထားပါသေးတယ်။ ဒါလဲ အင်မတန်ပဲ လိုအပ်အရေးကြီးတဲ့ ဝါဂျစ်ဗ်–အိဗာဒတ်တခုပါ။

* ရမဇာန်လရဲ့ နောက်ဆုံး ၁၀ ရက်မှာ အိတိကားဖ်ထိုင်ဖို့ တရားတော်မှာ အထူးပဲ နှိုးဆော်ထားပါတယ်။ ရမဇာန်လ ၂၀ ရက်ကုန်တဲ့ ညဦးကစပြီး ကိုယ့်ရပ်ကွက် ဗလီရဲ့ တစ်နေရာမှာ ဝင်နေပြီး တရားကျင့်ရပါတယ်။ အဲဒီနေရာမှာပဲအိပ်၊ အဲဒီနေရာမှာပဲ စားရပါတယ်။ နောက်ဖေး၊ နောက်ဖိသွားဖို့နှင့် မလွှဲသာလွန်းတဲ့ကိစ္စအတွက် ခဏလောက်ပဲ အပြင်ထွက်ခွင့်ရှိပါတယ်။ အီးဒ်လမြင်တဲ့ သတင်းတိတိကျကျရတဲ့အချိန်အထိ အဲဒီ နေရာမှာပဲ နေထိုင်တရားကျင့်ရပါတယ်။

* အမျိုးသမီးတွေကတော့ ကိုယ့်အိမ်ရဲ့ အတွင်းခန်း နမားဇ် ဆောက်တည်တဲ့ နေရာမှာသာ အိတိကားဖ်ထိုင်ရပါတယ်။

* အိတိကားဖ်ထိုင်ဖို့ လူတိုင်းမှာ တာဝန်မရှိပါဘူး။ ရပ်ကွက်ထဲက တစ်ယောက် ဒါမှမဟုတ် တချို့အိတိကားဖ် ထိုင်လိုက်လျှင် အားလုံးရဲ့ တာဝန်ကျေသွားပါတယ်။ တယောက်မှ မထိုင်လျှင်တော့ တစ်ရပ်ကွက်လုံးမှာ အပြစ်ရှိပါတယ်။

* "အိတိကားဖ်ထိုင်တဲ့သူဟာ ဟဂျ်နှစ်ခါနှင့် အွမ္မရာ နှစ်ခါလုပ်တဲ့ အကျိုးစဝါးဗ် ရရှိတယ်၊ သေးငယ်တဲ့ဂုနာတွေ စင်ကြယ်သွားတယ်"လို့ ဟဒီးစ်တော်မှာ လာရှိပါတယ်။

* ဒီလရဲ့ကနောက်ဆုံး ၁၀ ရက်ထဲမှာ ကဒရ်ညတည ရှိနေတယ်။ အဲဒီညဟာ ၂၁၊ ၂၃၊ ၂၅၊ ၂၇ နှင့် ၂၉ ညတွေမှာ ရှိနိုင်တယ်။ ဒါကြောင့် အဲဒီညတွေမှာ တရားအား ထုတ်သင့်ပါတယ်။ ၂၆ ရက်အကုန် ၂၇ ရက် ညစ,စခြင်းပဲ ကဒရ်ညကျရောက်တယ်လို့ လာရှိတဲ့ အဆိုကတော့ ကျော်ကြားပါတယ်။

* ကဒရ်တည တရားအားထုတ်ရုံနှင့် လပေါင်းထောင်ကျော် မနားမနေ တရားအား ထုတ်တဲ့ အကျိုးစဝါးဗ်ရပါတယ်။ ကဒရ်ညမှာ အိရှာနမားဇ်ကို ဂျမာအတ်နှင့် ဆောက်တည်လျှင်တောင် အဲဒီညရဲ့ ထူးခြားထူးမြတ်မှုတွေ ရတတ်လို့ အတတ်နိုင်ဆုံး အဲဒီညရဲ့ အေရှာဂျမာအတ်မလွတ်ရအောင် ကြိုးစားကြပါ။

သူတော်စင်များခင်ဗျား –

အခု ဗူရာဖဂျ်ရ်ရဲ့ အစမှာလာရှိတဲ့ အာယတ်တော် ၄ပါးမှာ ... **"နံနက်မိုးသောက်ချိန်ကို ငါအရှင်မြတ် သက်သေထူတော်မူတယ်။ ညဆယ်ညကို ငါအရှင်မြတ်သက်သေထူတော်မူတယ်။ စုံဖြစ်တဲ့ညတွေကို၊ မ,ဖြစ်တဲ့ညတွေကို ငါအရှင်မြတ်သက်သေထူတော်မူတယ်။ ဒါတွင်မကသေးဘူး။ ရွေ့လျားနေတဲ့ညကိုလည်း ငါအရှင်မြတ်သက်သေထူတော်မူတယ်လို့** လာရှိတာကို တင်ပြရင်း ဒီကနေ့ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

အခုဆက်လက်ပြီး နဗီတမန်တော်မြတ် ﷺ ရဲ့ ဟဒီးစ်တော်တချို့ကို တင်ပြပါဦးမည်။

(၁) **"အီမာန်ယုံကြည်မှုနှင့် အကျိုးစဝါးဗ်မျှော်ကိုးရင်း ကဒရ်ညမှာ မအိပ်ပဲ တရားအား** ထုတ်တဲ့သူရဲ့ အပြစ်ဂုနာတွေအားလုံး လွတ်ငြိမ်းချမ်းသာခွင့် ရတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၂) "ရမဇာန်လထဲမှာ ညတညရှိနေကယ်။ အဲဒီညဟာ လပေါင်းတစ်ထောင်ထက်ပိုပြီး ထူးမြတ်ကောင်းမွန်တယ်။ အဲဒီညရဲ့ ကောင်းကျိုးကို မယူ မရလိုက်တဲ့သူဟာ ဆုံးရှုံး ရမှာပဲ" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။ (အဲဒီညရဲ့ အိရှာနမားဇ် ကို ဂျမာအတ်နှင့် ဆောက်တည်လိုက်သူတွေကတော့ ကဒရ်ညရဲ့ ကောင်းကျိုးတွေကို ရလိုက်ကြတယ် ... လို့ ဟဇရတ် စအီးဒ်အိဗနုမုစိုက်ယ်ယစ်ဗ်က ဆင့်ပြန်ထားပါတယ်)

(၃) "ကဒရ်ညမှာ ဂျိဗ်ရီးလ် ဖရစ်ရှ်တာကြီးဟာ တခြားဖရစ်ရှ်တာတွေနှင့်အတူတူ လူ့ပြည်ရပ်ရွာကို ဆင်းသက်ရောက်ရှိလာပြီး၊ ထိုင်၊ ထ၊ သွားလာရင်း အလ္လာဟ်အရှင် မြတ်ကို သတိရတသ, တရားအားထုတ်နေတဲ့လူတွေအတွက် ဒုအာဆုမွန် ပြုပေးကြတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၄) "ဗလီထဲမှာ အိတိကားဖ်ဝင်နေတဲ့သူဟာ မကောင်းမှုအကုသိုလ်မှုတွေနှင့် ကင်းရှင်း နေမည်။ သွားလာပြီး ပြုလုပ်ရတဲ့ ကောင်းမှုတွေရဲ့ ကုသိုလ်အကျိုးစဝါးဗ်တွေကိုလည်း သွားလာခွင့်မရှိတဲ့ မသွားမလာရတဲ့ အိတိကားဖ်ဝင်နေသူကတော့ အပြည့်အဝရနေ မည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူပါတယ်။ (ဥပမာဆိုရရင် လူမမာကို သွားမေးရတာ၊ မိုင်ယသ်လိုက်ပို့ရတာတွေကို အိတိကားဖ်ဝင်နေတဲ့အခါ မလုပ်မဆောင် ရွက်ရပါဘူး။ ဒါပေမဲ့ တခြားသူတွေအနေနှင့် အဲဒီကိစ္စတွေ ဆောင်ရွက်လုပ်ဆောင်လို့ ရလိုက်တဲ့ အကျိုးစဝါးဗ်တွေကို အဲဒီအိတိကားဖ်ထိုင်နေသူလည်းရမည်လို့ဆိုလိုတာပါ။)

(၅) "ရမဇာန်လနောက်ဆုံး ၁၀ ညထဲမှာ ကဒ်ရ်ညရှာကြ" လို့ပဲ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။ (ကဒရ်ညကို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ညမှာ ရှာကြ လို့တော့ တိတိကျကျ အသိပေးတော်မမူခဲ့ပါဘူး။ ရမဇာန်ရဲ့ ၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉ ညတွေထဲက တညညဟာ ကဒရ်ညဖြစ်တယ်လို့သာ ဆိုထားတော်မူခဲ့ပါတယ်။)

မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

ရမဇာန်လဟာ ထူးမြတ်တဲ့လဖြစ်ပြီး နောက်ဆုံး ၁၀ ရက်ကတော့ သာပိုထူးမြတ် လှလို့ ထူးမြတ်ချက်တချို့ကိုထပ်ပြီး ပြောပြပါဦးမည်။

လူကြီးမင်းများခင်ဗျား

ရမဇာန်လမှာ ရိဇာဟ်ထားဖို့ကတော့ မွတ်စ်လင်မ်တိုင်းအတွက် အဓိကတာဝန်ပါ။ နေ့အခါမှာရိဇာဟ်ထားရသလို ညစဉ်အိရှာနမားဇ်နှင့် တွဲပြီး တရာဝီနမားဇ်ရကအတ် ၂၀ ဆောက်တည်ရမှာကလည်း တာဝန်တခုပါ။ ရိဇာဟ်မထားမိလို့ တရာဝီးဟ်ဖတ်ဖို့ မလိုဘူးလို့တော့ မမှတ်ထင်ပါနှင့်။ အကြောင်းကြောင်းကြောင့် ရိဇာဟ်မထားဖြစ်လျှင်လည်း သရာဝီးဟ် နမားဇ်ကိုတော့ မလွဲမသွေ ဆောက်တည်ရမှာပါ။ စွန့်လွှတ်လို့ မရပါဘူး။

သူတော်စင်များခင်ဗျား

ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ရမည့်နည်းစံနစ်ကို စူရာ မုဇမ္မစ်လ်ရဲ့ အာယတ်တော်တချို့မှာ .... အို စောင်ခြုံထားတဲ့လူ ... သင့်ညအခါထပြီး ဆွလာတ်ဝတ်ပြုပါ။ အနည်းငယ်ပဲ အနားယူအိပ်စက်ပါ။ ညဝက် ဒါမှမဟုတ်လျှင် ညဝက်ထက်လျှော့ပြီး၊ ဒါမှမဟုတ်လျှင်လည်း အဲဒီညဝက်ထက်ပိုပြီး အနားယူအိပ်စက်ပါ။ ဒီအပြင်အသင်ကုရ်အာန်ကျမ်းတော်မြတ်ကို တော်တော့်ကိုပဲ ကောင်းကောင်းမွန်မွန် သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း၊ ပီပီသသ၊ အေးအေးဆေးဆေး၊ ဖြည်းဖြည်းမှန်မှန် ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပါ လို့ အမိန့်ပေးလမ်းညွှန်တော်မူထားတာကို တင်ပြရင်း ဒီကနေ့ ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွင်တဗါ (၄၇) ကဒရ်ညနှင့်အိတိကားဖ်

အစ္စလာမ်သာသနာတော်ဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား

ရမဇာန်လရဲ့နောက်ဆုံး ၁၀ရက်ကတော့နီးကပ်နေပါပြီ။ ရမဇာန်လရဲ့ နောက်ဆုံးပိုင်း ၁၀ ရက်ဟာ ရမဇာန်လထဲက ထူးခြားတဲ့နေ့ညတွေ ဖြစ်ပါတယ်။ ဒီလနောက်ဆုံး ၁၀ ရက်စလုံးမှာ အိသိကားဖ် – ဗလီထဲမှာနေပြီး တရားအားထုတ်ရပါတယ်။ ရည်ရွယ်ချက်ကတော့ ကဒရ်ညမြတ်ကို အရ ယူဖို့ဖြစ်ပါတယ်။ အိတိကားဖ်နှင့် ကဒရ်ညအကြောင်း ဖော်ပြပါရှိတဲ့ အာယတ်တော် တချို့ကိုပထမတင်ပြပါမည်။

(က) အိတိကားဖ်နှင့် ပတ်သက်ပြီး စူရာဘကရာရဲ့ အာယတ်တော် ၁၀၇ မှာ "သင်တို့ ဗလီကျောင်းတော်တွေထဲမှာ အိတိကားဖ်ဝင်ပြီး သီတင်းသုံးနေထိုင်ကြတဲ့အခါမှာ ဇနီး မိန်းမ တို့နှင့် သံဝါသအလျှဉ်းမလုပ်ကြနှင့်" လို့ လုံးဝတားမြစ်တော်မူထားပါတယ်။

(ခ) ကဒရ်ညနှင့် ပတ်သက်ပြီး စူရာကဒရ်ရဲ့ အာယတ်တော် ၃ မှာ "လိုင်လသွလ်ကဒရ် မြင့်မြတ်တဲ့ညဟာ လပေါင်းတစ်ထောင်ထက်သာပိုမိုပြီး ကောင်းမြတ်လှတယ်" လို့ လာရှိပါတယ်။

(၂) "ရမဇာန်လမှာ အီမာန်သက်ဝင်ယုံကြည်မှုနှင့် ကုသိုလ်အကျိုးစဝါးဖ်ကို မျှော်ကိုးပြီး ရိုဇာဟ်ထားလျှင်၊ သူအလျှင်ကကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေကို အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူတယ်။ ရမဇာန်လမှာ အီမာန်သက်ဝင်ယုံကြည်မှုနှင့် ကုသိုလ်အကျိုးစဝါးဖ်ကို မျှော်ကိုးပြီး တရာဝီးဟ်နမားဇ်ဆောက်တည်လျှင်၊ သူအလျှင်က ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေကို အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူတယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၃) "ကိယာမတ်နေ့မှာ လူသားကို ရိုဇာဟ်နှင့် ကုရ်အာန်က ကယ်တင်ခွင့်ပေးဖို့ အသနားခံလျှောက်ထားလိမ့်မည်။ ရိုဇာဟ်က "အို – အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး က ဒီလူကိုနေ့အခါမှာ မစားမသောက်ဖို့နှင့် သံဝါသမလုပ်ဖို့ တားမြစ်ခဲ့ပါတယ်။ သူကလည်းရှောင်ခဲ့ပါတယ်။ ဒါကြောင့်သူ့ကို ကယ်တင်ဖို့ကျွန်တော်မျိုးကို ခွင့်ပေးတော် မူပါလို့ လျှောက်ထားလိမ့်မယ်။ အဲဒီအတိုင်းပဲ ကုရ်အာန်ကျမ်းတော်မြတ်ကလည်း "အို အလ္လာဟ်အရှင်မြတ် ... ကျွန်တော်မျိုးက ဒီလူကို ရမဇာန်လရဲ့ ညတွေမှာ မအိပ်စေပဲ ကုရ်အာန်ဖတ် ဖို့ တိုက်တွန်းခဲ့ပါတယ်၊ သူကလည်း ညစဉ်ညတိုင်းပဲ ကုရ်အာန်ဖတ်ခဲ့လို့ သူ့ကို ကယ်တင်ဖို့ ကျွန်တော်မျိုးကို ခွင့်ပေးတော်မူပါ" လို့ လျှောက်ထားလိမ့်မယ်။ အဲဒီ လျှောက်ထားချက်တွေကို အလ္လာဟ်အရှင်မြတ်ကလည်း လက်ခံတော်မူလိုက်မည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၄) "နမားဇ်ဆောက်တည်သူရဲ့ ညာဘက်မှာ ဖရစ်ရှ်တာတစ်ပါး၊ ဘယ်ဘက်မှာ ဖရစ်ရှ် တာတစ်ပါးစောင့်နေတယ်၊ နမားဇ်ဆောက်တည်တဲ့သူက နမားဇ်ကို ကောင်းကောင်း မွန်မွန်ကျကျနန ဆောက်တည်လိုက်လျှင် အဲဒီနမားဇ်ကို အဲဒီဖရစ်ရှ်တာ နှစ်ပါးက ယူပြီး ကောင်းကင်ကို တက်သွားကြတယ်၊ နမာဇ်ဆောက်တည်တဲ့သူက နမားဇ်ကို ပေါ့တီးပေါ့ပျက် ဆောက်တည်လျှင် အဲဒီဖရစ်ရှ်တာတွေက အဲဒီနမားဇ်နှင့် အဲဒီနမားဇ် ဆောက်တည်သူရဲ့ မျက်နှာကိုပစ်ပေါက်လိုက်တယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

ဒီဟာဒီးစ်တော်ရဲ့ မူအရဆိုလျှင် ရိုဇဟ်အပါအဝင် ကျင့်စဉ်ကျင့်ရပ်တိုင်းကို စည်းကမ်း ကျကျ၊ စနစ်ကျကျ၊ စေတနာလှလှထားပြီး ကျင့်ဆောင်မှ အကျိုးရှိမည်ဆိုတာကို သိရ ပါတယ်။

(၅) ကုရ်အာန်ကျမ်းတော်မြတ်မှာ ဝရတ်သိလစ်လ်ကုရ်အားနသရ်သီလာ လို့ လာရှိတဲ့ အာယတ်တော်ရဲ့ အလိုသဘောကို ဆွဟာဗဟ်များက လျှောက်ထားမေးမြန်းကြတော့။ မြတ်နဗီ ﷺ က "ကုရ်အာန်ကျမ်းတော်မြတ်ကို ရှင်းရှင်းလင်းလင်း ပီပီသသ မှန်မှန် ကန်ကန်ဖတ်ကြ၊ စွန်ပလွံသီးတွေ ကြဲထားသလို စာလုံးတွေကို တကွဲတပြား မဖတ်နှင့်၊ ကဗျာလင်္ကာသံနှင့် မဖတ်နှင့်၊ မြန်မြန်မဖတ်နှင့်၊ မိန့်ဆိုတော်မူတဲ့ တရားဒေသနာတွေ ကို စဉ်းစားဆင်ခြင်တွေးခေါ် မြော်မြင်ကြ၊ တရားရဲ့သဘောကို စူးစမ်းကြ၊ ကုရ်အာန် ကို အပြီးသတ်ဖို့ မလောနှင့်" လို့ ဖြေကြားရှင်းပြတော်မူပါတယ်။

မွတ်စ်လင်မ်ညီနောင်များခင်ဗျား –

ရမဇာန်လမြတ်မှာ ရိုဇာဟ်ထားဖို့ကတော့ အရွယ်ရောက်ပြီးတဲ့ မွတ်စ်လင်မ်အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်းအတွက် ဖရ်ဇ်တာဝန်ဖြစ်ပါတယ်။ မနက်အာရုဏ်တက်တဲ့အချိန်ကစပြီး ညနေ နေဝင်တဲ့အချိန်အထိ မစား၊ မသောက်၊ မေထုန်မမှီဝဲပဲနေရပါတယ်။ အတိမ်းအစောင်းမရှိစေရအောင် ကိုယ့်ကိုကိုယ်ထိန်းချုပ်ထားရမှာပါ၊ နေဝင်လို့အချိန် စေ့တဲ့အခါကနေပြီး မနက်မိုးလင်းအာရုံတက်တဲ့အချိန်အထိ စားနိုင် သောက်နိုင် မေထုန် မှီဝဲနိုင်ပါတယ်။

သူတော်စင်များခင်ဗျား

ရိုဇာဟ်နှင့်ပတ်သက်ပြီး စူရာဘကရာရဲ့ အာယတ်တော် ၁၈၇ မှာ အို ... အီမာန်သက်ဝင်ယုံကြည်တဲ့ မုမင်န်အပေါင်းတို့ .... သင်တို့အဖို့ဥပုသ်နေ့ရဲ့ ညမှာ ကိုယ့်ရဲ့ဇနီးမိန်းမတွေနှင့် သံဝါသပြုတာကို ခွင့်ပြုတော်မူတယ်။ သင်တို့အဖို့ အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းပေးတော်မူထားတာတွေကိုသာ မျှော်လင့်ရှာဖွေကြ၊ ချည်မျှအနက်လို့ခေါ်တဲ့ အမှောင်စကနေ ချည်မျှင်အဖြူလို့ခေါ်တဲ့ မနက်မိုးလင်းမည့်အရုဏ်ဦးထွက်ပေါ်လာတဲ့အချိန်အထိ အစားအသောက်တွေကို စားကြ၊ သောက်ကြ၊ အဲဒီအလင်းရောင်ပေါ်လာတဲ့ အချိန်ကစပြီး နေဝင်သွားတဲ့အချိန်အထိ အချိန်ပြည့် ဥပုသ်သီလဆောက်တည်ကြ လို့ လာရှိတဲ့အကြောင်းတင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၄၆) သရာဝီးဟ်နမားဇ်နှင့်ကုရ်အာန်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

လမြတ်ရမဇာန်မှာ နေ့အခါ ရိုဇာဟ်ထားရသလို၊ ညအိရှာနမားဇ်နှင့်အတူ တရာဝီးဟ်နမာဇ်လည်း ဆောက်တည်ရပါတယ်။ ရိုဇာဟ်ထားရတာက ဖရ်ဇ်တာဝန်ဖြစ်ပါတယ်။ တရာဝီးဟ်နမားဇ်ဆောက်တည်ရတာကတော့ စွန္နသ်တာဝန်ဖြစ်ပါတယ်။ လမြတ်ရမဇာန်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း ဦးစားပေးဖတ်ရပါတယ်။

(၁) "အလ္လာဟ်အရှင်မြတ်က ရမဇာန်လမှာ ရိုဇာဟ်ထားဖို့ ဖရ်ဇ်လို့ ပညတ်တော်မူထားတယ်၊ ရမဇာန်လရဲ့ ညတိုင်းမှာ သရာဝီးဟ်နမားဇ်ဖတ်ဖို့ ငါကစွန္နသ်ကျင့်စဉ်လို့ သတ်မှတ်တော်မူတယ်။ အီမာန်သက်ဝင်ယုံကြည်ပြီး ကုသိုလ်အကျိုးစဝါးဗ်မျှော်ကိုးရင်း ရိုဇာဟ်ထားတဲ့၊ သရာဝီးဟ်နမားဇ် ဆောက်တည်တဲ့သူဟာ မိခင်ဝမ်းက ကျွတ်ခါစ ကလေးလို အပြစ်ငရဲကင်းစင်နေတယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၁) ရမဇာန်လ ဆန်းတဲ့ညကစပြီး ရှိတ္တာန်မိစ္ဆာကောင်တွေနှင့် ဆိုးသွမ်းယုတ်မာတဲ့ ဂျင်န်သတ္တဝါတွေကို ဖမ်းဆီးချုပ်နှောင်ထားတော်မူလိုက်တယ်။ ဂျဟန္နမ်တံခါးတွေကို လည်း ပိတ်ထားတော်မူလိုက်တယ်။ ဘယ်တံခါးတချပ်ကိုမှ ဟတောင် ဟမထားတော်မူ ဘူး။ ဂျန္နတ်သုခဘုံရဲ့ တံခါးအားလုံးကို ဖွင့်တော်မူထားလိုက်တယ်။ ဘယ်တံခါးတချပ်ကို မှ စေ့မထားတော်မူဘူး။ အလ္လာဟ်အရှင်မြတ်က ကောင်းကင်ဖရစ်ရှ်တာတစ်ပါးကို "အို .... ကောင်းမှုကောင်းရာတွေ ကို ပြုကျင့်ဆောက်တည်ဖို့ လိုလားမက်ထားနေကြတဲ့သူတို့ ရှေ့ကိုတိုးကြ .... "အို မကောင်းမှုကို တွယ်တာမက်မောယစ်မူးနေတဲ့သူတွေ ရပ်တန့်က ရပ်ကြ ... ဒီလမြတ် ရမဇာန်မှာအလ္လာဟ်အရှင်မြတ်က လူတွေကိုရွှတ်ကယ်တော်မူပြီး ဂျဟန္နမ်ငရဲက လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူနေတယ်" လို့ ရမဇာန်လရဲ့ ညတိုင်းမှာ တညလုံး ကြေငြာစေတော်မူတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူပါ တယ်။

(၂) ရိုဇာဟ်နှင့်ပတ်သက်ပြီး မြတ်နဗီ ﷺ အသိပေးလမ်းညွှန်တော်မူထားတဲ့ အချက် အလက်တွေထဲမှာ

(က) "လူတို့ရဲ့ကောင်းမှုကုသိုလ်တခုအတွက် ကုသိုလ် ၁၀ ဆ ကနေ အဆ ၇၀၀အထိ တိုးတိုးပြီး ရရှိစေတယ်။ ဒါပေမဲ့ ရိုဇာဟ်ဟာ ငါအရှင်မြတ်အတွက် သက်သက်ဖြစ်လို့ ငါအရှင်မြတ်ကိုယ်တော်တိုင်ပဲ အဲဒီရိုဇာဟ်ရဲ့ အကျိုးစဝါးဗ်ကို ပေးသနားတော်မူမည်၊ ငါ့ရဲ့အဲဒီဗန္ဒဟ်ဟာ ငါ့အမိန့်တော်ကို ဦးထိပ်ပန်ပြီး သူမက်မောတွယ်တာတဲ့ စားသောက်မှု နှင့် သံဝါသမှုတွေကို စွန့်လွှတ်ထားတယ်" လို့ အလ္လာဟ်အရှင်မြတ်က ကတိပြုတော်မူ တာကို မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(ခ) "ရိုဇာဟ်ဥပုသ်စောင့်တဲ့ သူအဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတဲ့အချိန်နှစ်ခုရှိတယ်။ ဝမ်းသာရတဲ့အချိန်တခုက ဝါဖြေရတဲ့အချိန် ဖြစ်တယ်။ တခုက အလ္လာဟ်အရှင်မြတ်နှင့် ဆုံတွေ့ဖူးမြော်ရမည့်အချိန်ဖြစ်တယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(ဂ) "ရိုဇာဟ်စောင့်ထိန်းထားတဲ့သူရဲ့ ပါးစပ်ကထွက်နေတဲ့ အာပုပ်နံ့ဟာ အလ္လာဟ် အရှင်မြတ်ထံတော်မှာ ကတိုးဂုံဂမံနံ့ထက် ပိုပြီးမွှေးကြိုင်နေတယ်" လို့လည်း မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(ဃ) "ရိုဇာဟ်ဥပုသ်ဟာ ဒိုင်းလိုပဲ ဂျဟန္နမ်မီးကို ကာကွယ်ပေးတယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(င) "အသင်တို့ ရိုဇာဟ်ထားနေတဲ့အခါ အရှက်အကြောက်မရှိတဲ့စကားကိုလည်း မဆိုနှင့်၊ အော်ကြီးဟစ်ကျယ်လည်းမလုပ်နှင့်၊ ဆူပူငေါက်ငမ်းတာလည်း မလုပ်နှင့်၊ တစ်ယောက်ယောက်က ရန်စစေ၊ ဆဲဆဲ၊ တိုင်းတိုင်း ခွန်းတုန့်မပြန်ဘဲ 'ကျွန်တော်ရိုဇာဟ် ထားနေပါတယ်' လို့သာဖြေလိုက်" လို့ တမန်တော်မြတ် ﷺ က လမ်းညွှန်တော်မူထား ပါတယ်။

၆။ ရမဇာန်လမှာ ကိုယ်ချင်းစာရမည်။ တခြားသူတွေကို ကူညီထောက်ပံ့ရမည်။
၇။ ရမဇာန်လရောက်လျှင် မုံမင်န်တွေရဲ့ စားနပ်ရိက္ခာမှာ ဗရ်ကသ်တွေဝင်နေတယ်။
၈။ ရမဇာန်လမှာရိုဇာဟ်ထားတဲ့သူကို တိုက်ကျွေးရင်ဂျဟန္နမ်ငရဲက လွတ်ကင်းမည်။ ရိုဇာဟ်ထားတဲ့သူရဲ့ ရိုဇာဟ်အကျိုးကိုလည်း ရမည်။
၉။ ရမဇာန်လမှာ ဥပုသ်စောင့်တဲ့လူကို ရေတိုက်လျှင်၊ အဲဒီသူကို အလ္လာဟ်အရှင်မြတ်က ကောင်ဝ်စရ်ကန်တော်က ရေတိုက်တော်မူမည်။
၁၀။ရမဇာန်လရဲ့ ပထမ ၁၀ ရက်မှာ ရဟ်မသ်တော်ရမည်။ ဒုတိယ ၁၀ ရက်မှာ မဂ်ဖိရသ်တော်ရမည်။ နောက်ဆုံး ၁၀ ရက်မှာ ဂျဟန္နမ်က ကင်းလွတ်ခွင့်ရမည်။
၁၁။ ရမဇာန်လမှာ အခိုင်းအစေတွေကို သက်သာမှုပေးလျှင် ငရဲကကင်းလွတ်ခွင့်ရမည်။

မလွဲမသွေလုပ်နေရမည့် အမလ်လေးခု ....
(၁) ကလေမဟ် တွိုင်ယိဗဟ် တတွတ်တွတ်ရွတ်နေရမည်။
(၂) အစ္စသစ်ဂ်ဖာရ်တဖွဖွလုပ်နေရမည်။
(၃) ဂျန္နသ်ကိုမက်မက်မောမောတောင်းခံနေရမည်။
(၄) ကြောက်ကြောက်နှင့် ဂျဟန္နမ်က ကင်းလွတ်ခွင့်ရဖို့ တောင်းနေရမည်။

သူတော်စင်များခင်ဗျား

အလွန်အင်မတန်ပဲ ထူးခြားမွန်မြတ်လွန်းတဲ့ လမြတ်ရမဇာန်မှာ တော်တော့်ကို ကြိုးစားပြီး တရားအားထုတ်သင့်ကြပါတယ်။ အခုစူရာဘကရာရဲ့ အာယတ်တော် ၁၈၃ မှာ " .... အို အီမာန်ယူထားကြသူတို့ .... အလ္လာဟ်အရှင်မြတ်က သင်တို့အလျှင်ရှိခဲ့ကြတဲ့ သူတွေကို ရိုဇာဟ်ဥပုသ်စောင့်ထိန်းဖို့ ပညတ်တာဝန်ပေးတော်မူခဲ့သလိုပဲ သင်တို့ကိုလည်း ရိုဇာဟ်ဥပုသ်ဆောက်တည်ဖို့ အမိန့်တော်ပေးလိုက်ပြီ၊ အဲဒီလို ဥပုသ်သီလဆောက်တည်ကြမှ သင်တို့ဟာ ပြစ်မှုဒုစရိုက်တွေကို ရှောင်ကြဉ်တဲ့သူတွေ ဖြစ်လာကြမည်" .... လို့ အမိန့်တော်ချမှတ်ထားတာကို တင်ပြရင်း ဒီနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၄၅) ရိုဇာဟ်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်များခင်ဗျား

ဒီလဟာ ရမဇာန်လမြတ်ဖြစ်ပါတယ်၊ ဒီလမှာ အလ္လာဟ်အရှင်မြတ် ပညတ်မိန့်မှတ်တော်မူထားတဲ့ ရိုဇာဟ်စောင့်ထိန်းရင်း ကောင်းမြတ်တဲ့အမလ်ကျင့်စဉ်တွေ လုပ်ဆောင်ပြီး ကောင်းမြတ်လှတဲ့ ဗရကတ်မင်္ဂလာအဖြာဖြာကို ရယူနိုင်ဖို့ ကြိုးစားကြရမှာပါ။ မကောင်း မအပ်စပ်တဲ့ဂုနာတွေ မကျူးလွန် စိတ်မကူးမိဖို့ ကိုယ့်ကိုကိုယ်ထိန်းချုပ်ကြပါ။ ရမဇာန်လမြတ်ရဲ့ ရိုဇာဟ်နှင့် ပတ်သက်ပြီး မြတ်နဗီ ﷺ က အသိပေးတော်ညွှန်ပြတော်မူတဲ့ အချက်အလက်တချို့ကို ဒီနေ့ခွသ်တဗါမှာ တင်ပြပါမည်။

(အဲဒီလို မိန့်တော်မူနေတုန်းမှာ ဆွဟာဗီတစ်ပါးက "ယာရစူလလ္လာဟ် ရိဇာဟ်ထား တဲ့သူကို တိုက်ကျွေးဖို့ ကျွန်တော်တို့မှာ အခြေအနေမရှိပါဘူး" လို့ လျှောက်ထားတော့ မြတ်နဗီ ﷺ က "အဝတိုက်ကျွေးရမည်လို့ မဟုတ်ဘူး။ စွန်ပလွံသီးတလုံး တစိပ်ကျွေး ရုံ၊ ရေတငုံ၊ နို့တကျိုက်တိုက်လိုက်ရုံနှင့် အဲဒီကုသိုလ်ကို အလ္လာဟ်အရှင်မြတ်က ပေးတော် မူမှာ" လို့ ဖြေကြားတော်မူပါတယ်)

နောက်ဆက်လက်ပြီး "အဲဒီလရဲ့အစ ပထမပိုင်းမှာ အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မသ်ရစေတော်မူတယ်။ အလယ်ပိုင်းမှာ မင်ဖိရတ်ရစေတော်မူတယ်။ နောက်ဆုံးပိုင်း မှာ ဂျဟန္နမ်ရဲဘုံက ကင်းလွတ်ခွင့်ရစေတော်မူတယ်။ အဲဒီလမှာ အခိုင်းအစေ၊ အလုပ် သမားတွေကို ပေါ့ပါးတဲ့အလုပ်ကိုသာ လုပ်စေတဲ့သူကို အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူတယ်။ ဂျဟန္နမ်ကလည်း ကင်းလွတ်ခွင့်ပေးတော်မူ တယ်။ .... အဲဒီလထဲမှာ အမလ်လေးမျိုးကို စွဲစွဲမြဲမြဲလုပ်နေရမည်။ အမလ်နှစ်မျိုးက အလ္လာဟ် အရှင်မြတ်ရဲ့ သဘောတူနှစ်မြို့တော်မူမှု ရယူဖို့ဖြစ်ပြီး၊ အမလ်နှစ်မျိုးကတော့ သင်တို့ မလွဲတမ်းလုပ်ထားရမည့် အမလ်ဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ရဲ့ သဘောတူ နှစ်မြို့ တော်မူဖို့ လုပ်ရမည့်အမလ်နှစ်ခုကတော့ ကလေမဟ်တွိုင်ယိဗာ – လာအိလာဟ အစ်လ္လလ္လာဟ်ကို တဖွဖွဖတ်နေပြီး အပ်စ်တင်ဖိရုလ္လာဟ်ကို တတွတ်တွတ်ရွတ် နေရ မည့် အမလ်တွေဖြစ်တယ်။ မလွဲမသွေလုပ်နေရမည့် အမလ်နှစ်ခုကတော့ ဂျန္နသ်ကို မက်မက်မောမော တောင်းခံနေဖို့နှင့် ဂျဟန္နမ်က လွတ်မြောက်ရေးအတွက် ကြောက်ကြောက်နှင့် လျှောက်ထားနေဖို့ဖြစ်တယ်။ ရိဇာဟ်ထားတဲ့သူ ဝါဖြေတုန်းမှာ ရေလေးဘာလေး တိုက်လိုက်တဲ့သူကို အလ္လာဟ်အရှင်မြတ်က ကိယာမသ်နေ့ကျလျှင် ကောင်ဝ်စရ်ကန်တော်က ရေတိုက်တော်မူမည်။ အဲဒီသူဟာ အဲဒီရေသောက်ပြီးလျှင် ဂျန္နတ်ကိုဝင်ရောက်ပြီးတဲ့အချိန်အထိ ရေငတ်မှာမဟုတ်တော့ဘူး" လို့ မြတ်နဗီ ﷺ အသိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား –

ကျွန်တော်တင်ပြလိုက်တဲ့ ဟဒီးစ်တော်မှာ ရမဇာန်လမြတ်နှင့် ပတ်သက်တဲ့အချက် အလက်အတော်ပဲ စုံစုံလင်လင်ပါရှိနေပါတယ်။ အထူးသဖြင့် ဒီအချက်အလက်တွေကို ပီပီပြင်ပြင်သိမြင်စေချင်ပါတယ်။

၁။ ရမဇာန်လဟာ အတော်ဘဲ ဗရကာသ်ထူပြောတဲ့လဖြစ်တယ်။

၂။ ရမဇာန်လမှာ ရိဇာထားဖို့ ဖရ်ဇ်ဖြစ်တယ်။ တရာဝီးဟ်နမားဇ်ဆောက်တည်ဖို့ စွန္နသ် မုအပ်က္ကဒဟ်ဖြစ်တယ်။

၃။ ရမဇာန်လမှာ လုပ်တဲ့နဖိလ်အိဗာဒသ်အတွက် ဖရ်ဇ်ရဲ့အကျိုးစဝါးဗ်ရစေတယ်။

၄။ ဖရ်ဇ်အိဗာဒဟ်ဟာ အဆ ၇၀ ကျော်လွန်တဲ့ အကျိုးစဝါးဗ်ရစေတယ်။

၅။ ရမဇာန်လမှာ ရိဇာဟ်မှန်မှန်ထားနိုင်ဖို့၊ အိဗာဒသ်တွေပြည့်ပြည့်ဝဝ လုပ်နိုင်ဖို့ အတွက် ကိုယ့်စိတ်ကို ကိုယ်ထိန်းရမည်။ အဲဒီလိုထိန်းချုပ်ဆဗရ်လုပ်တဲ့ အကျိုး စဝါးဗ်ကတော့ ဂျန္နတ်ပဲဖြစ်တယ်။

F.13.B

ခွဲသ်တပါ (၄၄) ရမဇာန်လမြတ်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

မကြာခင်မှာလမြတ်ရမဇာန် ကျရောက်ပါတော့မည်။ အဲဒီလထဲမှာပဲ ကုရ်အာန်ကျမ်းမြတ်ကျရောက်ခဲ့ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ဟာ လူသားတို့အတွက် မှန်ကန်တဲ့၊ အကျွတ်တရား ရရှိစေတဲ့ ကရုဏာအပြည့်နှင့် သိမ်သိမ်မွေ့မွေ့ လမ်းမှန်ကို ညွှန်ပြတဲ့ မူမှန်ကျမ်းဂန် ဖြစ်သလို အဲဒီကုရ်အာန်ကျမ်းမြတ်ကျရောက်တဲ့ ရမဇာန်လကလည်း ထူးမြတ်လှပါတယ်။ ရမဇာန်လမြတ်နှင့် ပတ်သက်ပြီး အသေးစိတ်အသိပေးတော်မူထားတဲ့ ဟဒီးစ်တော်တစ်ပုဒ်ကို ဦးစွာပထမတင်ပြပါမည်။ အဲဒီဟဒီးစ်တော်ကို မြတ်နဗီ ﷺ က ရှာအ်ဗာန်လရဲ့ နောက်ဆုံးရက်တွေမှာ ဟောကြားတော်မူလေ့ရှိပါတယ်။ အဲဒီ ဟဒီးစ်တော်ဟာ ရမဇာန်လမြတ်ကို ပုံဖော်ထားတာဖြစ်လို့ ဂရုစိုက်ပြီး နားထောင်ကြဘို့ အထူးပဲမေတ္တာရပ်ခံလိုပါတယ်။ ဒီဟဒီးစ်တော်ကို ဟဇရတ်စလ်မာန်ဖွာရစီ ﷺ သခင်က ဆင့်ပြန်ထားတာဖြစ်ပါတယ်။

"အတော့်ကိုပဲ ဗရ်ကသ်ရှိလှတဲ့ လတစ်လအသင်တို့ဆီကို ရောက်လာတော့မည်။ အဲဒီလထဲမှာ ကဒရ်ညတညရှိနေတယ်။ အဲဒီညရဲ့ အိဗာဒသ်ဟာ လပေါင်းတထောင်ကျော်လုပ်တဲ့ အိဗာဒတ်ထက်သာပိုပြီး ထူးမြတ်တယ်။ အဲဒီလမှာ ရိုဇာထားဖို့ အလ္လာဟ်အရှင်မြတ်က ဖရ်ဇ်တာဝန်လို့ ပြဋ္ဌာန်းတော်မူထားတယ်။ အဲဒီလရဲ့ ညတွေကို တရာဝီနမာဇ်ရဲ့ အကျိုးစဝါးဗ်တွေနှင့် စီခြယ်မွမ်းမံတော်မူထားတယ်။ အဲဒီလမှာ နဖိလ်ကောင်းမှုတခုခုလုပ်ပြီး အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်တော်မူမှု ရယူတဲ့လူဟာ ဖရ်ဇ်တာဝန်ဆောက်တည်သလို ကုသိုလ်အကျိုးစဝါးဗ်ရတယ်။ အဲဒီလမှာ ဖရ်ဇ်တာဝန်ဆောက်တည်လျှင် ဖရ်ဇ် (၇၀) ဆောက်တည်တဲ့ အကျိုးစဝါးဗ်ရစေတော်မူတယ်။

အဲဒီလဟာ သည်းခံရမည့်လဖြစ်တယ်။ သည်းခံတဲ့အကျိုးရလာဒ်ကတော့ ဂျန္နတ်ပဲဖြစ်တယ်။ အဲဒီလဟာ လူတွေကို စာနာရမည့်လ၊ လူတွေကို ကူညီရမည့်လဖြစ်တယ်။ ဒီလ မှာ မုမင်န်တို့ရဲ့ ရိဇိရိက္ခာကို တိုးပွားပြီး ပေးတော်မူတယ်။

ရိုဇာထားတဲ့သူ ဝါဖြေတဲ့အခါတိုက်ကျွေးလျှင် အဲဒီတိုက်ကျွေးတဲ့သူရဲ့ ဂုနာဟ်အားလုံးကို ပယ်ဖျက်ပေးတော်မူတယ်။ ဂျဟန္နမ်ကလွတ်မြောက်ဖို့အတွက် အကြောင်းခံလည်းဖြစ်စေတော်မူတယ်။ ဒါတွင်မကသေးဘူး။ အဲဒီလူဟာ ရိုဇာဟ်ထားတဲ့သူရဲ့ ရိုဇာဟ်ရဲ့အကျိုးကိုပါရလိုက်အုံးမည်။ အဲဒီလိုရလိုက်ပေမဲ့ ရိုဇာဟ်ထားတဲ့သူရဲ့ အကျိုးကတော့ နည်းနည်းမှလျော့သွားမှမဟုတ်ပါဘူး။

မွတ်စ်လင်မ်ညီနောင်များခင်ဗျား

ရာအ်ဗာန် ၁၅ ရက်ညကို ရှဗ်ဗေဗရားသ်လို့ခေါ်ပါတယ်။ အဲဒီညမှာ ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ မနေပဲ နိုးနိုးကြားကြားနှင့် တတ်နိုင်တဲ့အိဗာဒသ်လုပ်နေပြီး နောက်နေ့မှာ ရိုဇာထားရမည်လို့ ခိုင်မာတဲ့ဆင့်ပြန်ချက်တွေမှာ လာရှိပါတယ်။ "အဲဒီညမှာ မြတ်တမန် ﷺ ကိုယ်တော်တိုင် ကဗရ်သချိုင်းကိုသွားပြီး ကွယ်လွန်သူ အရ်ဝါတွေအတွက် ဆုဒုအာပြုပေးတော်မူတယ်" လို့ မိခင်ကြီး ဘီဘီအာအိရှာ ﷺ သခင်မက ပြောပြတော်မူလို့ ..... အဲဒီညမှာ ကျွန်တော်တို့လဲ ကဗရ်စတာန်သွားပြီး ကွယ်လွန်သွားကြတဲ့ ကိုယ့်ရဲ့ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ ညီနောင်မွတ်စ်လင်မ်တွေအတွက် ဆုဒုအာပြုပေးကြရမှာပါ။ အဲဒီတင်ပြခဲ့တဲ့ အချက်အလက်တွေကလွဲလို့ တခြားလုပ်ဆောင်နေတဲ့ အချက်အလက်တွေအတွက် ရှရီအတ်တရားတော်မှာ အထောက်အထား အခိုင်အမာမရှိဘူးဆိုတာကိုတော့ စွဲစွဲမြဲမြဲ မှတ်သားထားကြပါ။

လူကြီးမင်းများခင်ဗျား

အဲဒီရှဗ်ဗိဗရားသ်ညနှင့် ပတ်သက်ပြီး အထူးသတိထားရမည့် အချက်တချက်ရှိနေပါတယ်။ အဲဒါကတော့ အိမ်တွေမှာ၊ ခြံစည်းရိုးတွေမှာ မီးထွန်းပြီး ပျော်မြူးတဲ့ကိစ္စပါပဲ၊ ကဗရ်စတာန်သချိုင်း၊ မြေပုံတွေပေါ်လည်း ဖယောင်းတိုင်တွေ၊ ဆီမီးခွက်တွေ၊ အမွှေးတိုင်တွေ ထွန်းတတ်ကြပါတယ်။ တချို့ရပ်ရွာဒေသတွေမှာဆိုရင် မီးရှူးမီးပန်းတွေ တောင်လွှတ်ပြီး ပျော်ပွဲရွှင်ပွဲတွေ လုပ်ကြပါတယ်။ ဒီအပြုအမူ လုပ်ဆောင်ချက်တွေအားလုံးဟာ ကျွန်တော်တို့နှင့် ဘာသာအယူ မတူတဲ့လူတွေရဲ့ အလေ့အထတွေကို အတုယူပြီး ထင်တိုင်းလုပ်ကြတဲ့ လုပ်ဆောင်မှုတွေပါ။ အဲဒီလုပ်ဆောင်မှုတွေဟာ တရားတော်နှင့် ဆန့်ကျင်ပြီးတီထွင် လုပ်ဆောင်နေကြတာဖြစ်လို့ ပညာရှိကဝိအကျော်အမော်တို့က ဗစ်ဒ်အသ်ဖြစ်တယ်လို့ တညီတညွတ်ထဲ ဆုံးဖြတ်ထားပါတယ်။

သူတော်စင်များခင်ဗျား

ရှဗ်ဗေရားသ်ညမြတ်နှင့် ပတ်သက်ပြီးစူရာဒုခါန်ရဲ့ အာယတ်တော် ၃ နှင့် ၄ တို့မှာ ဧကန်အမှန်ပဲ ငါအရှင်မြတ်က အဲဒီကျမ်းဂန်တော်ကို ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံတဲ့ ညတညမှာ ချပေးတော်မူခဲ့တယ်၊ ငါအရှင်မြတ်ဟာ သတိပေးတော်မူတဲ့အရှင်ဖြစ်တော် မူတယ်၊ အဲဒီညမှာ နက်နဲသိမ်မွေ့တဲ့အရေးကိစ္စတွေ ဟူသမျှကို အသေးစိတ်သတ်မှတ် အတည်ပြုပေးတော်မူတယ် .... လို့ လာရှိတဲ့အကြောင်း တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ပေးတာပါ။ ဒါပေမဲ့လို့ အဲဒီနေ့မှာ နဖိလ်ရိုဇာထားနေကြသူကတော့ ရိုဇာထားချင်လျှင် ထားလို့ရပါတယ်။ သဘောကတော့ "တနင်္လာနေ့မှာ နဖိလ်ရိုဇာထားနေကျသူအဖို့ အဲဒီတနင်္လာနေ့ဟာ ရှာအ်ဗာန်လ ၃၀ ရက်ဖြစ်နေလျှင်လည်း သူ့အနေနှင့် ရိုဇာထားခွင့် ရှိတဲ့အကြောင်း ဟဒီးစ်တော်က အသိပေးတာဖြစ်ပါတယ်။

သူတော်စင်များခင်ဗျား

ရှာအ်ဗာန်လမှာ ကျင့်ဆောင်သင့်တဲ့ အမလ်တွေအကြောင်း အခုဆက်ပြီးပြောပြပါမည်။ ရှာအ်ဗာန်လ ၁၅ ရက်ညဟာ ဘုန်းမြတ်မှုတွေဆောင်ထားတဲ့ညပါ။ အဲဒီညနှင့် ပတ်သက်ပြီးလာရှိတဲ့ အဆိုအမိန့်တချို့ကို ဟဒီးစ်ကျမ်းဂန်တော်တွေထဲက ကောက်နုတ်ပြောပြ ပါမည်။

(၄) အဲဒီည၊ တနည်းဆိုရလျှင် ရှာအ်ဗာန်လရဲ့ အလည်ညနှင့် ပတ်သက်ပြီး "အဲဒီညမှာ ဒီနှစ်ထဲမွေးလာမည့် လူတွေရဲ့စာရင်းကို မှတ်တမ်းတင်စေတော်မူတယ်၊ အဲဒီနှစ်ထဲမှာ ကွယ်လွန်သေဆုံးမည့်လူတွေရဲ့ စာရင်းကိုလည်း အဲဒီညမှာပဲ လွှဲအပ်တော်မူတယ်၊ လူတွေကျင့်ဆောင်ထားတဲ့အမလ်တွေကိုလည်း အဲဒီညမှာပဲ အလ္လာဟ်အရှင်မြတ်ထံတော်မှာ တင်ပြကြရတယ်၊ လူတွေအတွက် စားနပ်ရိက္ခာကိုလည်း အဲဒီညမှာပဲ ချပေးတော်မူတယ်"လို့ နဗီတမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(လူတွေအတွက် စားနပ်ရိက္ခာကိုချပေးတော်မူတယ် ဆိုတာကတော့ အဲဒီတနှစ်တာကာလထဲမှာ လူတစ်ယောက်ချင်း စားသောက်ရမည့် လောင်ဝ်ဟိမဟ်ဖူးဇ်မှာ မှတ်တမ်းတင်ထားတဲ့ စားနပ်ရိက္ခာကို အလ္လာဟ်အရှင်မြတ်က အဲဒီညမှာ ကောင်းကင်တမန်တော်ဖရစ်ရှ်တာကို လွှဲပေးတော်မူတဲ့အကြောင်း ဆိုလိုတာပါ)

(၅) "ရှာအ်ဗာန်လအလယ်ည ကျရောက်တဲ့အခါ သင်တို့မအိပ်ပဲ ညလုံးပေါက် အိဗာဒသ်လုပ်ကြ၊ နောက်နေ့မှာ ရိုဇာထားကြ၊ အဲဒီည နေဝင်ချိန်က စပြီး အလ္လာဟ်အရှင်မြတ်ဟာ လူ့ပြည်ရဲ့ မိုးကောင်းကင်ပထမထပ်ကနေ လွတ်ငြိမ်းချမ်းသာခွင့် တောင်းချင်တဲ့လူရှိသလား၊ အဲဒီလူကို ငါအရှင်မြတ်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည်၊ စားနပ်ရိက္ခာလိုချင်တဲ့လူရှိသလား၊ အဲဒီလူကို ငါအရှင်မြတ် စားနပ်ရိက္ခာပေးသနားတော်မူမည်၊ ရောဂါဝေဒနာကြောင့် ဒုက္ခရောက်နေတဲ့သူရှိသလား၊ ငါအရှင်မြတ် အဲဒီလူကို ပျောက်ကင်းချမ်းသာမှု ပေးတော်မူမည်လို့ မနက်မိုးလင်းတဲ့အချိန်အထိ ကမ်းလှမ်းနေတော်မူတယ်" လို့ နဗီတမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

အခုစူရာအင်န်ရှိကားက်ရဲ့ အာယတ်တော် ၁၉ မှာ "သင်တမန်တော်သည် မိုးကောင်းကင်ခုနစ်ထပ်သို့ တစ်ထပ်ပြီးတစ်ထပ် တက်ရောက်ရမည်" လို့ အသိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၄၃) ရှာအ်ဗာန်လမြတ်

အစ္စလာမ်သာသနာတော်ဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား

မကြာခင်မှာ ရှာအ်ဗာန်လမြတ် ကျရောက်ပါတော့မည်၊ ရှာအ်ဗာန်လဟာ လမြတ်ရမဇာန်ကို ကြိုတဲ့လပါ၊ ဒီရှာအ်ဗာန်လမှာ ထူးခြားတဲ့ ထူးမြတ်ချက်တွေရှိနေတာတွေကို တင်ပြမှာမို့ ညီနောင်အပေါင်းတို့ကလည်း ဂရုစိုက်ပြီး နားထောင်မှတ်သားကြစေလိုပါတယ်။ အဲဒီလရဲ့ ထူးမြတ်တာနှင့် ပတ်သက်ပြီး လာရှိတဲ့ ဟဒီးစ်တော်တချို့ကို ပထမတင်ပြလိုပါတယ်။

(၁) "ရမဇာန်လအတွက် ရှာအ်ဗာန်လကို ရေတွက်ကြ" လို့ မြတ်နဗီ ﷺ က လမ်းညွှန်တော်မူထားပါတယ်။ (ရှာအ်ဗာန်လဆန်းတဲ့ရက်ကို စံနစ်တကျကြည့်ပြီး မှတ်သားထားဘို့ မြတ်နဗီက လမ်းညွှန်အသိပေးတော်မူတာပါ။ အဲဒီလို စီစစ်သတ်မှတ်ထားမှပဲ ရမဇာန်လရဲ့ ကွဲလွဲမှုတွေချုပ်ငြိမ်းသွားမှာပါ။

(၂) "နဗီတမန်တော်မြတ် ﷺ ဟာ ရှာအ်ဗာန်လမြတ်ရဲ့ နေ့ရက်တွေကို အထူးဂရုစိုက်မှတ်သားတော်မူပြီး တခြားလတွေမှာ အဲဒီလောက် ဂရုစိုက်မှတ်သားတော်မူလေ့ မရှိဘူး" လို့ ဆင့်ပြန်ချက်များမှာ လာရှိပါတယ်။

ရှာအ်ဗာန်လမြတ်ဟာ လမြတ်ရမဇာန်ရဲ့ အကြိုလဖြစ်လို့ လဆန်းတဲ့ရက်ကို တိတိကျကျ ဖြစ်စေဖို့ လိုအပ်တဲ့အကြောင်းကို အဲဒီဆင့်ပြန်ချက်က ညွှန်ပြနေပါတယ်။

(၃) "သင်တို့ထဲက ဘယ်သူမှ ရမဇာန်လမဆန်းခင် တရက်နှစ်ရက်စောပြီး၊ ရိုဇာဟ်မစောင့်ကြနှင့်၊ နေ့ရက်သတ်မှတ်ပြီး ရိုဇာထားလေ့ရှိတဲ့သူကတော့ ရိုဇာထားပေါ့" လို့ မြတ်နဗီ ﷺ က သတိပေး ခွင့်ပြုတော်မူထားပါတယ်။

ရှာအ်ဗာန်လ ၂၉ ရက်ကုန်တဲ့အချိန်မှာ လကြည့်ရပါတယ်၊ အဲဒီနေ့အကုန်မှာ လမမြင်လျှင် ရှာအ်ဗာန်လကို ရက်ပေါင်း ၃၀ ပြည့်စေပြီးမှ နောက်တရက်ကို ရမဇာန်လဆန်း ၁ ရက်လို့ မှတ်ယူပြီး ရိုဇာစထားရပါတယ်။ ရှာအ်ဗာန်လ ၂၉ ရက် ကုန်တဲ့အချိန်မှာ လမမြင်လျှင် နောက်နေ့မှာ ရိုဇာမထားရဘူးဆိုတာကို ဒီဟဒီးစ်တော်က အသိ

ခွသ်တာဗါ (၄၂) ရဂျဗ်လမြတ်

လူကြီးမင်းများခင်ဗျား

မကြာခင်မှာ ရဂျဗ်လ ဆန်းပါတော့မည်၊ ရဂျဗ်လနှင့် ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တချို့ကို တင်ပြပါမည်။ ရဂျဗ်လဆန်းတာနဲ့ မြတ်နဗီ ﷺ က **အလ္လာဟုမ္မဗာရစ်က်လနာ ဖီးရဂျဗ ဝရှာအ်ဗာန ဝဗလ်လစ်ဂ်နာရမဇာန် ..... အိုအလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့ကို ရဂျဗ်လနှင့် ရှာအ်ဗာန်လတို့မှာ ဗရကာသ်ချီးမြှင့်တော်မူပါ။ အဲဒီနောက် ရမဇာန်လကို ပို့ဆောင်ပေးတော်မူပါ ....** လို့ ဒုအာတောင်းတော်မူပါတယ်။

မွတ်စ်လင်မ်ညီနောင်များခင်ဗျား

ဒီရဂျဗ်လမှာ ရိုဇာစောင့်ထိန်းတာနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြလိုပါတယ်။ တချို့ကဒီလမှာ ရိုဇာထားရမလိုလို၊ သတ်မှတ်ချက်ရှိသလိုလို မတင်မကျ ပြောဆိုကြပြီး ရိုဇာထားကြတာကိုလည်း တွေ့ရပါတယ်။ မှန်ပါတယ်။ ရဂျဗ်လမှာ ရိုဇာထားတာနှင့် ပတ်သက်ပြီး လာရှိတဲ့ဆင့်ပြန်ချက် တချို့တွေ့ရပါတယ်။ ဒါပေမဲ့ ချိတ်ဆက်မမိလို့ ခိုင်မာတယ် လို့ ကောက်ယူလို့ မရပါဘူး။ ဆင့်ပြန်ချက်တခုမှာ ရဂျဗ်လ ၂၇ ရက်နေ့မှာ ရိုဇာထား တဲ့သူဟာ လပေါင်း ၆၀ ရိုဇာထားတဲ့ အကျိုးစဝါးဗ်ရတယ်လို့တောင် လာရှိပါတယ်။ ဒါပေမဲ့ ချိတ်ဆက်မမိလို့ အဲဒီဟဒီးစ်အပေါ် မကျင့်သုံးကြရပါဘူး။

ဟဇရတ်အူမွ်ရ် ﷺ က ရဂျဗ်လမှာ ရိုဇာထားတဲ့သူရဲ့လက်၊ ခြေကိုပုတ်ပြီး ရိုဇာကို ဖျက်ခိုင်းတဲ့အကြောင်း ဆင့်ပြန်ချက်တချို့မှာ တွေ့ရပါတယ်။ ဒါကြောင့်ရဂျဗ်လရဲ့ ဘယ်ရက်ဘယ်နေ့မှာ ရိုဇာထားရမည်၊ စွန္နတ်တော်ဖြစ်တယ်လို့ မမှတ်ယူပဲ တခြားလတွေမှာ နဖိလ်ရိုဇာထားသလို ထားလိုက်လျှင် နဖိလ်ရိုဇာရဲ့ အကျိုးစဝါးဗ် ရလိုက်မှာပါ။

သူတော်စင်များခင်ဗျား

ရဂျဗ်လ (၂၇) ရက်နေ့ညမှာ နဗီတမန်တော်မြတ် စိုင်ယိဒိနာမုဟမ္မဒ် ﷺ မေ့ရားဂ်ျ—ကောင်းကင်ဘုံခရီး ကြွမြန်းတော်မူခဲ့ပါတယ်။ တချို့ရပ်ရွာဒေသတွေမှာ မေ့ရားဂ်ျခရီးနှင့် ပတ်သက်ပြီး ရဂျဗ်လ ၂၇ ရက်ညမှာ အခမ်းအနားတွေ၊ တရားပွဲတွေ၊ ဘာတွေ၊ ညာတွေ လုပ်လေ့လုပ်ထရှိကြပါတယ်။ အဲဒီလိုလုပ်တဲ့ တရားပွဲတွေ၊ အခမ်းအနားတွေကိုလည်း ရဗီအူလ်အောင်ဝလ်လမှာ လုပ်လေ့လုပ်ထ ရှိတဲ့ တရားပွဲတွေ၊ အခမ်းအနားတွေကို ဆန်းစစ်တဲ့နည်းနှင့် မှတ်ကျောက်တင်ပြီး ဝေဖန်သုံးသပ်ဆုံးဖြတ်ကြပါ။

ပညာရှင်တွေအနေနှင့် အဲဒီလိုမလုပ်ဆောင်ကြဖို့တားမြစ်ကြပါတယ်။ ရှရီအတ်တရားတော်နှင့် ဆန့်ကျင်ပြီး စွဲစွဲမြဲမြဲကျင့်ဆောင်နေတဲ့ အဲဒီလိုပွဲတွေအခမ်းအနားတွေရဲ့ ဇစ်မြစ်ကို မတီးခေါက်မိတဲ့ အာလင်မ်ပညာရှင်တချို့ကတော့ နှုတ်ပိတ်နေကြတယ်။ အာလင်မ်ပညာရှင်တွေကြားမှာ အယူအဆ၊ ကောက်ချက်တွေကွဲလွဲနေတာ အဲဒီလိုအကြောင်းတွေကြောင့်ပဲဖြစ်ပါတယ်။

အစ္စလာမ့်ညီနောင်အပေါင်းတို့ခင်ဗျား

မောင်ဝ်လူးဒ်ပွဲဆင်နွဲနေကြတဲ့လူတွေရဲ့ အကီဒဟ်ခံယူချက်နှင့် လုပ်ရပ်တွေကို လေ့လာကြည့်လျှင် အဲဒီမောင်ဝ်လူးဒ်ပွဲတွေကို အရေးကြီးတဲ့ သာသနာတော်ပေး တာဝန်၊ ကျင့်စဉ်လို့ တထစ်ချမှတ်ယူယုံကြည်လုပ်ဆောင်နေတာကိုတွေ့ရမှာပါ။ ဒါတင်မကသေးဘူး၊ သူတို့ခင်းကျင်းတဲ့ အဲဒီမောင်ဝ်လူးဒ်ပွဲတွေ၊ အခမ်းအနားတွေမှာ မပါဝင်ကြတဲ့သူတွေကို ရှုံ့ချပြစ်တင်ဝေဖန် ကြသေးတယ်။ နမားဇ်၊ ရိုဇာ၊ အစရှိတဲ့ ဖရ်ဇ်တာဝန်တွေစွန့်လွှတ်ထားတဲ့လူတွေကိုတောင် အဲဒီလောက် အပြစ်မတင်၊ မဝေဖန်ကြဘူး။ အခြေအနေအမှန်နှင့် လုပ်ရပ်မှားတွေကို သိမြင်လို့ သဘောပေါက်တဲ့သူတွေကတော့ မောင်ဝ်လူးဒ်ပွဲကို တားမြစ်တဲ့သူတွေဘက်က ရပ်တည်နေကြပါတယ်။

တရားဒေသနာဟောကြားတဲ့ ကိစ္စတွေကို သဘောထားမှန်မှန် စေတနာသန့်သန့်နှင့် ဝေဖန်သုံးသပ်လျှင် ပညာရှိကဝိအကျော်အမော်တွေထဲမှာလည်း သဘောကွဲလွဲနေကြတာကို တွေ့ရမှာပါ။ ဥပမာ သောကြာနေ့မှာ ကွက်ပြီး ရိုဇာမထားဖို့၊ ဟဒီးစ်တော်တချို့ကို ထောက်ပြပြီး တားမြစ်ကြသလို၊ တချို့ကလဲ သောကြာတရက်ထဲသာ ရိုဇာထားတာ မသင့်ဘူး ရှေ့ရက်၊ နောက်ရက်ပါတွဲရမည်လို့ ဆိုကြပါသေးတယ်။ အဲဒီလိုပဲ ဟာဂျီတွေမှဟတ်ဆဗ်မှာ နားတာစွန္နသ်လို့ တချို့ဆွဟာဗဟ်တွေက ဆိုခဲ့ကြပေမည့် တချို့ဆွဟာဗဟ်တွေက အဲဒီမှာရပ်နားဖို့မလိုဘူး၊ တာဝန်မရှိဘူးလို့ ပြောခဲ့ကြတယ်။

သူတော်စင်များခင်ဗျား –

အဲဒီမောင်ဝ်လူးဒ်ပွဲတွေမှာ ရှရီအတ်နှင့် ဆန့်ကျင်တဲ့ အပြောအဆိုတွေ၊ လုပ်ရပ်တွေရှိနေလျှင် အဲဒီလိုပွဲတွေကို လုပ်ခွင့်မရှိပါဘူး၊ ပြတ်ပြတ်သားသားကို တားမြစ်ရမှာပါ။ ကျွန်တော်တင်ပြပြောဆိုခဲ့တဲ့ အကျိုးအကြောင်းတွေ၊ အဆိုအမိန့်တွေနှင့်ပဲ ရဗီအွတ်ဆာနီလမှာ ၁၁ ရက်တိတိလုပ်တတ်ကြတဲ့ ရှေ့ခ်အဗ်ဒွလ်ကာဒိရ်ဂျီလာနီသခင်ကြီးနှင့် ပတ်သက်တဲ့ မောင်ဝ်လူးဒ်အခမ်းအနားတွေကို စူးစမ်းသုံးသပ်နိုင်မှာပါ။

အို...နဗီတမန်တော်....ငါအရှင်မြတ်က သင့်ရဲ့ဂုဏ်ရည်တော် (တသမ္မ) ကို မြင့်တင်တော်မူခဲ့ပြီ...လို့ မြတ်နဗီ ﷺ ရဲ့ ဂုဏ်ရည်တော်ကို ပေါ်လွင်စေတဲ့ စူရာဟုဂျူရားတ်၊ အာယတ်တော် ၄ ကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

❀❀❀❀

တမန်တော်မြတ် ﷺ က "မဂ်ရစ်ဗ်ဖရ်ဇ် နမာဇ်မဖတ်ခင်အလျှင် နမားဇ် ၂ ရကအတ် ဖတ်ကြ၊ မဂ်ရစ်ဗ်ဖရ်ဇ် နမားဇ်မဖတ်ခင်အလျှင် နမားဇ်၂ ရကအတ်ဖတ်ကြ" လို့ နှစ်ကြိမ်မိန့်တော်မူပြီး "အသင်တို့ဖတ်ချင်လျှင် ဖတ်ကြ" လို့ ထပ်မံမိန့်တော်မူတဲ့ အကြောင်း ဆင့်ပြန်ချက်တွေမှာ တွေ့ရှိရပါတယ်။ တကယ်ဆိုတော့ "မဂ်ရစ်ဗ်နမားဇ် အလျှင် နမားဇ် ၂ ရကအတ်ဖတ်ရမည်" လို့ ပြဋ္ဌာန်းမထားပါဘူး။ လူတွေက အဲဒီနမားဇ် ၂ ရကအတ်ကို စွန္နသ်လို့ မှတ် ယူပြီး မပျက်မကွက် ဖတ်ကြမှာစိုးလို့ "ဖတ်ချင်လျှင် ဖတ်ကြ" လို့သာ မိန့်တော်မူတာ ဖြစ်ပါတယ်။ အဲဒီလိုမိန့်တော်မူတာကို ပညာရှင်တို့က "အဲဒီနမားဇ်ကို မြတ်နဗီ ﷺ နှစ်သက် တော်မူပုံမရဘူး" လို့ ကောက်ချက်ပေးကြတယ်။

သူတော်စင်များခင်ဗျား -

အခုကျွန်တော်တင်ပြလိုက်တဲ့ ဟဒီးစ်တော်ကို သုံးသပ်ကြည့်လျှင် သာသနာ့အဆို အမိန့်တွေကို ကျင့်သုံးအကောင်အထည်ဖော်တဲ့ နေရာမှာ မှုနှစ်မှုရှိနေတယ်ဆိုတာကို သိရမှာပါ။

(၁) ရှရီအတ်တရားတော်က ပီပီပြင်ပြင် ပြတ်ပြတ်သားသား ပညတ်မထားတဲ့ အလုပ်တွေကို အရေးကြီးတယ်၊ လိုအပ်တယ်လို့ မှတ်ယူကျင့်ဆောင်တာဟာ ရှရီအတ်တရားတော်နှင့် ဆန့်ကျင်နေလို့ ကျင့်ဆောင်ခွင့်လုံးဝမရှိပါဘူး။

(၂) "ရှရီအတ်တရားတော်ရဲ့ အရေးမကြီးတဲ့ ကျင့်ဆောင်မှုတွေကို အရေးကြီးလိုအပ်တယ်လို့ ထင်မြင်မှတ်ယူကျင့်ဆောင်ကြဖို့ ပြောတာ ဆိုတာ လုပ်ကိုင်တာတွေကိုလည်း ရှောင်ကြဉ်ရမည်" လို့ အစ္စလာမ့်ပညာရှိကဝိအကျော်အမော်တွေက တစ်သံထဲဒီလို မိန့်ကြားပါတယ်။

* ရဗီအွလ်အောင်ဝ်ဝလ်လမှာ ကျင်းပတတ်ကြတဲ့ မောင်ဝ်လူးဒ်ပွဲနှင့် အခမ်းအနား အစီအစဉ်တွေကို မှုနှစ်မှုနှင့် မှတ်ကျောက်တင်ကြည့်ရမည်။ အရေးကြီးတယ်၊ လိုအပ်တယ်လို့ လေ့နံ့ခါးထစ်မှတ်ယူပြီး ရှရီအတ်တရားတော်မှာ ပြဋ္ဌာန်းမထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနှင့် ဘောင်ခပ်ပြီး ဆောင်ရွက်တာတွေဟာ ရှရီအတ်တရားတော်နှင့် ဆန့်ကျင်နေလို့ လုံးဝလုပ်ဆောင်ခွင့်မရှိဘူး၊ ဗစ်ဒအသ်-တရားသစ်ထွင်ရာ ရောက်တယ်။ ကိစ္စတစ်ခုခုကို အရေးကြီးတယ်လို့လည်း မမှတ်ယူဘူး၊ စည်းမျဉ်းစည်းကမ်းဘောင်တွေ လည်း မခပ်ဘူး၊ ရှရီအတ်တရားတော်က တားမြစ်ထားတဲ့အမှုအခင်းမျိုးနှင့်လည်း မညီစွန်းဘူး ဆိုလျှင် အဲဒီလိုကိစ္စဆောင်ရွက်တာ အပြစ်ဆိုစရာမဟုတ်ပါဘူး၊ မုဗါဟ် အဆင့်မှာပဲ ရှိနေတတ်ပါတယ်။ အဲဒီမုဗါဟ်ကိစ္စတွေကို အစဉ်အလာ ဓလေ့ထုံးစံ ပုံစံမျိုးနှင့် စွဲစွဲမြဲမြဲ လုပ်နေလျှင် ဗစ်ဒအသ်ဘောင်ထဲရောက်သွားလို့ အဲဒီလို မုဗါဟ်ကိစ္စ တွေကိုလည်း မလိုအပ်လျှင် မလိုအပ်သလို ပိတ်ပင်တားမြစ်ရမည်။

မောင်ဝ်လူးဒ်ပွဲတွေဟာ တရားတော်မှာ အရေးကြီးတယ်၊ လိုအပ်တယ်လို့ မှတ်ယူပြီး စည်းကမ်းကလနား အသစ်အဆန်းတွေ ရေးဆွဲလုပ်ဆောင်နေကြလျှင် အာလင်မ်

အပြောအရ သိနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီယူဆချက်ကလေးတွေအပေါ် စိတ်ရောကိုယ်ပါ မယုံကြည်ဖို့တော့လိုပါတယ်။ ပါးစပ်ကလဲ အဲဒီလိုယူဆချက်တွေ၊ စိတ်ကူးစိတ်သန်းတွေ အကြောင်း မပြောကောင်းပါဘူး။ သတင်းလဲ မဖြန့်ကောင်းပါဘူး။

(၄) "အမင်္ဂလာဆိုတာ မိန်းမမှာ၊ အိမ်မှာ၊ မြင်းမှာသာရှိတယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။ (သဘောကတော့ အဲဒီလို ယူဆချင်လျှင်တော့ ယူဆ၊ ဒါပေမဲ့ မသင့်တော်ဘူး၊ အခြေအမြစ်မရှိဘူးဆိုတာကိုတော့ သိထားရပါမည်)

(၅) "နိမိတ်ဆိုးကောက်ချင်လျှင် မိန်းမမှာ၊ အိမ်မှာ၊ မြင်းမှာရှိလိမ့်မည်" လို့လည်း တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

နိမိတ်ဆိုးကောက်တာတွေ၊ နေ့တွေလတွေကို အမင်္ဂလာနေ့လ သတ်မှတ်ယူဆတာတွေဟာအစ္စလာမ့်တရားတော်နှင့်လုံးဝ ဆန့်ကျင်နေတယ်ဆိုတာသိကြရပါပြီ။ အခုခေတ်မှာ ဆဖရ်လရဲ့ နောက်ဆုံးဗုဒ္ဓဟူးနေ့ကို အာခရီးကြားရ်ယှမ်ဗဟ် ဆိုပြီး အစ္စလာမ်က ပြဋ္ဌာန်းပေးထားတဲ့နေ့လိုလိုမှတ်ယူပြီး စိတ်ထင်တာတွေလုပ်နေကြတယ်။ အဲဒီအယူအဆကလဲ မှားနေတယ်။ ကျင့်သုံးနေတဲ့ ဓလေ့ထုံးစံတွေကလဲ အခြေအမြစ်မရှိလို့ တိုက်ဖျက်ပစ်ရမည်ဆိုတာကို စွဲစွဲမြဲမြဲ မှတ်ထားကြပါ။

သူတော်စင်များခင်ဗျား

"အချင်းတို့ ..... သင်တို့ရဲ့ မကောင်းတဲ့ နိမိတ်အတိတ်ဟာ သင်တို့အထဲမှာပဲ ရှိနေ တယ်။ သင်တို့ကိုဆုံးမသြဝါဒပေးတာကို နာယူကျင့်မူတာဟာ မကောင်းတဲ့အတိတ် မကောင်းတဲ့နိမိတ်လား၊ အဲဒီလို လုံးလုံးမဟုတ်ဘူး။ တကယ်ဆိုရင် သင်တို့ကပဲ စည်းကမ်းဖောက်ဖျက်ကြတဲ့သူတွေပဲ ဖြစ်တယ်" လို့ ဗူရာယာစီးန်မှာ သတိပေးတော် မူထားတဲ့ အာယတ်တော်ကို တင်ပြရင်း ဒီကနေ့ခွဲသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွဲသ်တဗါ (၄၁) ရဗီအွလ်အောင်ဝ်ဝလ်နှင့် ရဗီအွတ်ဆ်ဆာနီလ

မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

မကြာခင်မှာ ရဗိအွလ်အောင်ဝ်ဝလ်လ ဆန်းပါတော့မည်။ ရဗီအွလ်အောင်ဝလ်လ ဆန်းတာနှင့် မွတ်စ်လင်မ်တချို့က မောင်ဝ်လူဒ်ပွဲတွေလုပ်ကြတယ်။ မြတ်နဗီ ﷺ နှင့် ပတ်သက်ပြီး ဟောပြောပွဲ အခမ်းအနားတွေလုပ်ကြတယ်။ အဲဒီလိုလုပ်နေကြတဲ့ မောင်ဝ် လူဒ်ပွဲနှင့် ပတ်သက်ပြီး ရှရီအတ်တရားတော်မှာ အဆိုအမိန့် ဘယ်လိုရှိတယ်ဆိုတာကို ဒီနေ့ တင်ပြလိုပါတယ်။

F.12.B

စစ်တိုက်တာကို ရပ်ထားကြတယ်။ ကာ့ဗဟ်ကျောင်းတော်ကိုသွားပြီး ဖူးမျှော်ကြတယ်။ အမှား အယွင်းနည်းနည်းမှ မရှိစေပဲ ကူးသန်းရောင်းဝယ်ကြတယ်။ အဲဒီကူးသန်းရောင်း ဝယ်ရေးကိစ္စအတွက် ခရီးထွက်ရလျှင်လည်း နည်းနည်းမှ မတိမ်းစောင်းရအောင် သတိထားကြတယ်။ အဲဒီလတွေထဲမှာ အေးချမ်းသာယာအောင် နေထိုင်ကြလေ့ရှိတယ် ဆိုပေမဲ့ တိုက်ခိုက်လိုလျှင် လိုသလိုတခြားလကို အစားထိုးတတ်လေ့ရှိကြပြီး တိုက်ခိုက် ရေးကို လုပ်ဆောင်တတ်ကြတယ်။ ဥပမာ တင်ပြရမည်ဆိုလျှင် အဲဒီ ၄လမှာ ပါနေတဲ့ မုဟာရ်ရမ်လမှာ စစ်ခင်းခြင်ကြလျှင် "မုဟာရ်ရမ်လကို ဆဖရ်လလို့ ပြောင်းလဲသတ်မှတ် လိုက်တယ်" လို့ ကြေငြာပြီး မုဟာရ်ရမ်လမှာ စစ်တိုက်တတ်ကြတယ်။ အဲဒီပြုမူလုပ် ဆောင်ချက်ကို အလ္လာဟ်အရှင်မြတ်က မနှစ်သက်တော်မူလို့ စူရာတောင်ဗဟ်ရဲ့ အာယတ် ၃၇ အစမှာ "**လတွေကို ရွှေ့ဆိုင်းတာဟာ ကွဖ်ရ် -သွေဖည်ငြင်းဆန်မနာခံမှုကို တိုးပွားစေတာဖြစ်တယ်**" လို့ ပြင်းပြင်းထန်ထန် သတိပေးတော်မူထားပါတယ်။ အဲဒီအမိန့်တော်အရဆိုလျှင် ကိုယ့်သဘောနှင့်ကိုယ် နိမိတ်ကောက်တာ၊ မင်္ဂလာ၊ အမင်္ဂလာသတ်မှတ်တာတွေဟာ တရားတော်နှင့် လုံးဝဆန့်ကျင်နေတယ်ဆိုတာကို သိကြမှာပါ။

လူကြီးမင်းများခင်ဗျား -

နိမိတ်ဖတ်၊ နိမိတ်ကောက်တဲ့ ကိစ္စတွေကို မလုပ်ရဘူးလို့ တားမြစ်ထားတဲ့ ဟဒီးစ် တော်တချို့ ဆက်လက်တင်ပြပါဦးမည်။

(၁) "ရောဂါဘယ ကူးစက်တတ်တယ်လို့ ထင်မှတ်ယုံကြည်တာ၊ ငှက်တွေပျံသန်းတာ ကို နိမိတ်ကောက်တာ ဇီးကွက်၊ ငှက်ဆိုးထိုးသံကို ကြားရပြီး နိမိတ်ဆိုးလို့ မှတ်ထင် ယုံကြည်တာ၊ ဆဖရ်လကို အမင်္ဂလာ ကောင်းကျိုးမပေး ဆိုးကျိုး ဖြစ်စေတဲ့လလို့ မှတ်ယူ တာတွေဟာ အခြေအမြစ်မရှိဘူး" လို့ မြတ်နဗီ ﷺ က ပြတ်ပြတ်သားသား သတိပေး တော်မူထားပါတယ်။

(၂) "နိမိတ်ကောက်တာဟာ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်တာပဲ ဖြစ်တယ်" လို့ တမန်တော်မြတ် ﷺ က သုံးကြိမ်တိုင်တိုင် သတိပေးတော်မူထားပါတယ်။

(၃) "ကျွန်တော်တို့အထဲမှာ နိမိတ်ဆိုး ကောက်တဲ့အစွဲမရှိတဲ့သူရယ်လို့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အလ္လာဟ်အရှင်မြတ်ကပဲ သဝပ်ကွုလ်နှင့် အဲဒီအစွဲအလန်းကို ဖျောက်ပစ်ပေး တော်မူပါတယ်" လို့ ဟဇရတ် အိဗ်နိမတ်စ်အူးဒ် ﷺ က ပြောပြဘူးတဲ့အကြောင်း ကျမ်းဂန်တွေမှာလာရှိပါတယ်။ "အတိတ်နိမိတ်ကောက်တဲ့ အယူအဆတွေဟာ လူတွေရဲ့ စိတ်ထဲမှာ ပေါ်လေ့ပေါ်ထရှိတတ်ပါတယ်။ အဲဒီလို အမှတ်တမဲ့ပေါ်တတ်တဲ့ စိတ်ကူး စိတ်သန်းမျိုးအတွက် အပြစ်မထိုက်ဘူး" လို့ ဟဇရတ် အစ်ဗ်နိမတ်စ်အူးဒ် ﷺ သခင်ရဲ့

*   **မွတ်စ်သဟာဗ်ဆိုတာကတော့** တာဝန်အရမဟုတ်ပေမဲ့ ကျင့်ဆောင်တဲ့ အပေါ်မှာ အကျိုးစဝါးဗ်ရပါတယ်။ လုံးလုံးမကျင့်ဆောင်လို့လည်း ပြစ်ဒဏ်မသင့်ပါ ဘူး။
*   **မုဗါဟ်ဆိုတာကတော** တာဝန်အလျဉ်းမရှိတဲ့ ကိစ္စလုပ်ဆောင်တာကို ခေါ်တာပါ။ လုပ်လျှင်လည်း ကုသိုလ်မရဘူး။ မလုပ်လျှင်လည်း ငရဲမကြီးတဲ့ ဆောင်ရွက်မှုတွေပါ။

လူကြီးမင်းများခင်ဗျား

အခုဆက်လက်ပြီး အာယှူရုဟ်နေ့မှာ ရှောင်ကြဉ်ရမည့် ကိစ္စနှင့် လုပ်ရပ်တွေကို တင်ပြပါရစေ။ တချို့က အာယှူရုဟ်နေ့မှာ အထိမ်းအမှတ်တစ်ခုအနေနှင့် ပျော်ပွဲရွှင်ပွဲ လုပ်ကြတယ်။ ကဗျာလင်္ကာတွေသီဆိုကြတယ်။ လွမ်းချင်းတွေဖွဲ့ကြတယ်။ တချို့က မြတ်နဗီ ﷺ ရဲ့ ဆွေတော်မျိုးတော်တွေ၊ အိမ်တော်သူအိမ်တော်သားတွေရဲ့ ဘေးဒုက္ခတွေကို ပုံကြီးချဲ့ပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုဝမ်းနည်းပြကြတယ်။ တချို့က အလံတွေလွှင့်ထူပြီး တန်းစီလှည့်လည်ကြတယ်။ ကွဖ်ရ်နှင့် ရှစ်ရ်ကဲရဲ့အပြုအမူတွေလည်း လုပ်ကြတယ်။ ဒီလိုလုပ်တာ ကိုင်တာ ပြောတာဆိုတာ၊ တီးတာမှုတ်တာ၊ လှည့်တာပတ်တာတွေဟာ မလုပ်ရမည့်အလုပ်တွေပါ၊ ဂုနာမှုတွေဖြစ်လို့ လုံးလုံးရှောင်ကြဉ်ကြရမှာပါ။
သူတော်စင်များခင်ဗျား

ဘယ်သူပဲမဆို ကောင်းမှုတစုစုကို မြူမှုံလောက်ပဲ လုပ်ခဲ့လျှင်လည်း အဲဒီကောင်းမှုကို သူဆက်ဆက်တွေ့မြင်ရမည်။ အဲဒီလိုပဲ ဘယ်သူပဲမဆို မကောင်းမှုကို မြူမှုံလောက်သာ လုပ်ခဲ့လျှင်လည်း အဲဒီမကောင်းမှုကို သူဆက်ဆက်တွေ့မြင်ရမှာ အမှန်ပဲဖြစ်တယ်" လို့ စူရာဇဇ်လ်ဇာလ်မှာလာရှိတဲ့ အာယတ်တော်ကို တင်ပြရင်း ဒီကနေ့ခွဲသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွဲသ်တဗါ (၄၀) ဆဖရ်လ

အစ္စလာမ်ဘာသာဝင် မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

မကြာခင်မှာ ဆဖရ်လ ဆန်းပါတော့မည်။ ဆဖရ်ကျရောက်ပြီဆိုလျှင် မွတ်စ်လင်မ် တချို့က အမင်္ဂလာ နိမိတ်မကောင်းတဲ့လလို့ ထင်မြင်ယူဆကြပါတယ်။ အဲဒီထင်မြင် ယူဆပြောတာတွေဟာအတော်ပဲမှားယွင်းနေပါတယ်။ အဲဒီလိုနိမိတ်ကောက်တာ ယူဆတာဟာ အမိုက်မှောင်ကျခဲ့တဲ့ ခေတ်ရဲ့ အတွေးအခေါ် အယူဝါဒဖြစ်ပါတယ်။ တရားမဲ့ခဲ့တဲ့ အရိုင်းခေတ်က အရေဗျနိုင်ငံမှာ အလေ့အထတခု ရေပန်းစားခဲ့ပါတယ်။ အရ်ဗအသွန်ဟုရွှမ် လို့ သတ်မှတ်ထားတဲ့ ဇိကအ်ဒဟ်လ၊ ဇစ်လ်ဟဂ်ျလ၊ မုဟာရ်ရမ်လနှင့် ရဂျဗ်လတွေ ကသာ မွန်မြတ်တယ်လို့ သူတို့က မှတ်ထင်ယူဆခဲ့ကြတယ်။ အဲဒီလေးလမှာ

ခွဲသ်တာဗဟ် (၃၉) အာယှုရဟ်နှင့်အာမလ်

အခုလဟာ မုဟာရ်ရမ်လပါ၊ မုဟာရ်ရမ်လ ၁၀ ရက်နေ့ကို အာယှုရဟ်နေ့လို့ ခေါ်ပါတယ်။ အာယှုရဟ်နေ့မှာ ဆောင်ရွက်သင့်တဲ့ ကိစ္စတွေရှိသလို၊ ရှောင်ကြဉ်ရမည့် ကိစ္စတွေလည်းရှိနေပါတယ်။ ကျင့်ဆောင်သင့်တဲ့ ကိစ္စအမလ်နှင့် ပတ်သက်ပြီး ဆင့်ပြန် ထားတဲ့ ဟဒီးစ်တော်တချို့ကို ပထမတင်ပြပါမည်။

(၁) "ရမဇာန်လမြတ်ရဲ့ ရိုဇာပြီးရင် အမြတ်ဆုံးစာရင်းဝင်တဲ့ ရိုဇာကတော့ အလ္လာဟ် အရှင်မြတ်ရဲ့ လဖြစ်တဲ့ဒီမုဟာရ်ရမ်လရဲ့ ရိုဇာပဲ" လို့ မြတ်နဗီ ﷺ က ညွှန်ပြတော်မူထားပါ တယ်။ အာယှုရဟ်နေ့ရဲ့ ရိုဇာကို ရည်ညွှန်းမိန့်ဆိုတော်မူတာပါ။

(၂) "အာယှုရဟ်နေ့ရဲ့ ရိုဇာဟာ ကုန်ခဲ့တဲ့နှစ်က ကျူးလွန်ခဲ့တဲ့ဂုနာ အသေးအဖွဲ့တွေကို ပပျောက်စေမည်လို့ အလ္လာဟ်အရှင်မြတ်ရဲ့ ထံတော်ပါးမှာ ငါမျှော်ကိုးမိတယ်" လို့ တမန်တော်မြတ် ﷺ က မိမိရဲ့ ဆန္ဒတော်နှင့် ခံယူချက်ကို ထုတ်ဖော်ပြောဆိုတော်မူခဲ့ ပါတယ်။

(၃) "အာယှုရဟ်နေ့မှာ ရိုဇာထားကြ၊ အဲဒီရိုဇာထားတိုင်း ရဟူဒီတွေရဲ့ အမူအကျင့် ကို ဆန့်ကျင်ကြ၊ အဲဒီနေ့အရင်ကြိုတင်ပြီး ဒါမှမဟုတ် အဲဒီနေ့နှင့် တွဲပြီး နောက်တနေ့ မှာ ရိုဇာဆက်ထားကြ" လို့ တမန်တော်မြတ် ﷺ က ပညာပေးတော်မူထားပါတယ်။

* အာယှုရဟ်နေ့တနေ့ထဲ ရိုဇာထားတာ ရဟူဒီတွေရဲ့ ကျင့်စဉ်ဖြစ်တယ်။ သူတို့နှင့် မတူ တမူထူးစေဘို့ အာယှုရဟ်နေ့အလျင် တစ်ရက်စောပြီး ၉ ရက်နေ့မှာ ရိုဇာထားပေး ရမည်။ ဒါမှမဟုတ်ရင် ၁၁ ရက်နေ့မှာ ရိုဇာဆက်ထားပေးရမည် .... လို့ ဆိုလိုတာပါ။

(၄) "ရမဇာန်လမှာ ရိုဇာထားရမည်ဆိုတဲ့ အမိန့်တော် မကျရောက်ခင်က မုဟာရ်ရမ်လ ၁၀ ရက် အာယှုရဟ်နေ့မှာ ရိုဇာထားဖို့ ဖရ်ဇ်တာဝန်ဖြစ်ခဲ့တယ်။ ရမဇာန်လမှာ ရိုဇာထားဖို့ ဖရ်ဇ်တာဝန်ကျလာတော့ အာယှုရဟ်နေ့မှာ ရိုဇာထားချင်တဲ့သူထား၊ မထားချင်တဲ့သူတွေ မထားကြနှင့်" လို့ မြတ်တမန် ﷺ က မိန့်တော်မူပါတယ်။

(၅) "အာယှုရဟ်နေ့မှာ ကိုယ့်အိမ်သားတွေအတွက် အိမ်စရိတ်ဖေါဖေါသီသီသုံးလျှင် အလ္လာဟ်အရှင်မြတ်က အဲဒီလူကို တစ်နှစ်လုံး သက်သာချောင်ချိမှု ချီးမြှင့်တော်မူမည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေက အာယှုရဟ်နေ့မှာ ရိုဇာထားချင်လျှင် ၉ ရက် ၁၀ ရက်၊ ဒါမှမဟုတ်ရင် ၁၀ ရက်၊ ၁၁ ရက်နေ့တွေမှာ ထားရမည်။ ဒီလိုရိုဇာထား တာ မွတ်စ်သဟဗ်လို့ ဆိုထားပါတယ်။ အာယှုရဟ်နေ့မှာ အိမ်သူအိမ်သားတွေအတွက် အိမ်စရိတ်ပိုသုံးပြီး ဖေါဖေါသီသီ တိုက်ကျွေးရမည်။ အဲဒီလို တိုက်ကျွေးတာဟာ မုဗါဟ် ဖြစ်တယ်လို့ ဆိုထားပါတယ်။

သူ့အတွက် ဂျန္နသ်ကို ပြင်ဆင်ကြ၊ ဂျန္နသ်ရဲ့ အဝတ် အထည်တွေ ဝတ်ဆင်ပေးကြ၊ သူ့အတွက် ဂျန္နတ်တံခါးဖွင့်လိုက်ကြ" လို့ အမိန့်ချတော်မူလိုက်တော့ သူ့အတွက် ဂျန္နသ်ရဲ့တံခါးကို ဖွင့်ပေးလိုက်ရတယ်" လို့ မြတ်နဗီ ﷺ က အသိပေး တော်မူထားပါတယ်။ ကာဖိရ်အတွက်တော့ မုမင်န်ရရှိတဲ့ ကြိုဆိုချီးမြှောက်မှုတွေနှင့် ဆန့်ဆန့်ကျင်ကျင်ပဲ ရှိနေတယ်ဆိုတာကိုလည်း ဆင့်ပြန်ချက်များမှာတွေ့ရှိရပါတယ်။

(၄) **"ဘယ်မျက်စိကမှ မမြင်ဘူးတဲ့၊ ဘယ်နားကမှ မကြားဘူးတဲ့၊ ဘယ်သူမှ စိတ်မကူးဘူးတဲ့ ချမ်းသာစည်းစိမ်တွေကို ငါအရှင်မြတ်ရဲ့ သူတော်စင် ဗန္ဒာဟ်ကျေးကျွန်အတွက် ငါအရှင်မြတ် စီမံတော်မူထားတယ်"** လို့ အလ္လာဟ်အရှင်မြတ်က ကြေငြာတော်မူထားတဲ့ အကြောင်း မြတ်နဗီ ﷺ က ဆင့်ပြန်တော်မူထားပါတယ်။

(၅) ငရဲခံရတဲ့သူတွေအထဲမှာ အပေါ့ဆုံးငရဲဒဏ်ခံရသူဟာ မီးဖိနပ်စီးရမည့်သူ ဖြစ်တယ်။ ဖိနပ်နှစ်ဘက်စလုံးကို သဲကြိုးပါမကျန် ဂျဟန္နမ်ငရဲမီးနှင့် လုပ်ထားတယ်။ အဲဒီဖိနပ်နှစ်ဘက်ရဲ့ အပူရှိန်ဟာ စီးရသူရဲ့ ဦးနှောက်ကို ပွက်ပွက်ဆူစေလိမ့်မည်။ ခံရသူက သူ့ထက်ပိုပြီး ငရဲမီးဒဏ်ခံနေရတဲ့လူရှိမှာ မဟုတ်ဘူးလို့ ထင်မှတ်ထားလိမ့်မည်။ တကယ်ဆိုလျှင် သူဟာ ဂျဟန္နမ်ငရဲဘုံမှာ ခံနေရသူတွေအထဲမှာ အပေါ့ဆုံးငရဲဒဏ်ကို ခံနေရတာဖြစ်တယ်" လို့ တမန်တော်မြတ် ﷺ က ဂျဟန္နမ်ရဲ့ အကြောင်း တစေ့တစောင်း အသိပေးတော်မူထားပါတယ်။

(၆) "သင်တို့ဟာ ဒီလစန္ဒာကို မြင်တွေ့နေရသလို မိမိတို့ရဲ့အရှင်မြတ်ကိုလဲ ဖူးမြော်မြင်တွေ့ကြရမည်။ ဘယ်သူက ဘယ်သူ့ကိုမှ ကွယ်နေမှာမဟုတ်ဘူး၊ အရှင်မြတ်ကိုလူတိုင်းကပဲ ထင်ထင်ရှားရှား ဖူးမြော်မြင်တွေ့ကြရလိမ့်မည်" လို့ မြတ်နဗီ ﷺ က မင်္ဂလာသတင်းစကား ပါးတော်မူထားပါတယ်။

မွတ်စ်လင်မ်သူတော်စင်အပေါင်းတို့ခင်ဗျား

သေဆုံးရမဲ့အရေးကို ဘယ်သူမှ မတွေးပဲ နေလို့ရမှာမဟုတ်ဘူးဆိုတာ ထင်ရှားနေပါပြီ။ သေရမည့်အရေးကို အမြဲအစဉ် သတိရနေ၊ တွေးနေဖို့ အစ္စလာမ်သာသနာတော်က အထူးပဲတိုက်တွန်းနှိုးဆော်ထားပါတယ်။ သေဆုံးပြီးတဲ့နောက် တွေ့ကြုံရင်ဆိုင်ရမည့် ပြဿနာတွေကိုလည်း အသိပေးပြီး၊ အဲဒီရင်ဆိုင်လာရမည့် ပြဿနာတွေကို ဖြေရှင်းအောင်မြင်ဖို့ကတော့၊ မသေသေးခင် အရင်ကြိုတင်ပြင်ဆင်ထားဖို့ အရေးကြီးလိုအပ်တယ်ဆိုတာကိုတော့ သတိထားနေရမှာပါ။

"သေခြင်းတရားနှင့် ပတ်သက်ပြီး သက်ရှိသတ္တဝါတိုင်း မရဏသေခြင်းတရားရဲ့ အရသာကိုမြိုးကြရမည်၊ အဲဒီနောက် သင်တို့ဟာ ငါအလ္လာဟ်အရှင်မြတ်ထံတော်ကိုပဲ ပြန်ပို့ခံကြရမှာဖြစ်တယ်" လို့ စူရာအန်ကဗူးသ်ရဲ့အာယတ်တော် ၅၇ မှာလာရှိတာကို တင်ပြရင်း ဒီကနေ့ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွင်တာပါ (၃၈) သေဆုံးခြင်းနှင့်နောင်တမလွန်ဖြစ်အင်

အစ္စလာမ်သာသနာ့ညီနောင်များခင်ဗျား

လူတိုင်းသေဆုံးကြရမှာပါ။ အဲဒီနောက် ခရီးလည်းဆက်ရမှာပါ။ သေဆုံးပြီးတဲ့အခါ ဆုံရကြုံရ တွေ့ရမည့် ဖြစ်စဉ်တွေနှင့် ပတ်သက်တဲ့ နောင်တမလွန်ခရီးစဉ် အကြောင်းကို အစ္စလာမ်သာသနာတော်က တိတိကျကျ ညွှန်ပြထားပါတယ်။ အဲဒီအကြောင်းတွေနှင့် ပတ်သက်ပြီး လာရှိတဲ့ ဟဒီးစ်တော်တွေထဲက တချို့ကို တင်ပြလိုပါတယ်။

(၁) "အရသာတွေကို ဖြတ်တောက်ပစ်တဲ့ သေဆုံးရတာကို သင်တို့များများ သတိရကြ" လို့ တမန်တော်မြတ် ﷺ က တိုတိုနှင့်လိုရင်းပဲ တနေ့သေရမှာကိုသတိပေးတော်မူထားပါတယ်။

(၂) ... မုမင်န်တယောက်သေဆုံးဖို့ အချိန်ဆိုက်ရောက်လာလျှင် အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မသ်တော် ချပေးရတဲ့ ဖရစ်ရှ်တဟ်တွေက ဖြူဖွေးနေတဲ့ ပိုးထည်ကိုယူလာပြီး သေဆုံးရမည့်သူ့ရဲ့ ဝိဉာဉ်အသက်ကို "သင်ကအလ္လာဟ်အရှင်မြတ်ကို မြတ်နိုးလို့ အလ္လာဟ်အရှင်မြတ်ကလည်း သင့်ကိုနှစ်သက်တော်မူနေပြီ။ အလ္လာဟ်အရှင်မြတ်ရဲ့ ထာဝရစည်းစိမ်သုခချမ်းသာဘုံမှာစံစားဖို့ထွက်ခဲ့ပါ" လို့ လိုက်လိုက်လှဲလှဲ ကြိုဆိုလိမ့်မည်။ အဲဒီဝိဉာဉ်ဟာ အတော့်ကိုပဲ မွှေးကြိုင်တဲ့ရနံ့လို ထွက်လာလိမ့်မည်" လို့ တမန်တော်မြတ် ﷺ က မုမင်န်တယောက်ရဲ့ တမလွန်ခရီးစတင်ပုံကို အသိပေးတော်မူထားပါတယ်။ တဆက်ထဲပဲ ကာဖိရ်တယောက်သေရမဲ့အချိန်ရောက်လျှင် ဒဏ်ခပ်တဲ့ ဖရစ်ရှ်တဟ်တွေက ထူထဲကြမ်းတမ်းတဲ့အထည်ကိုယူလာပြီး သေရမဲ့သူရဲ့ဝိဉာဉ်ကို "မင်းက အလ္လာဟ်အရှင်မြတ်ကို ငြင်းလို့ အရှင်မြတ်ကလည်း မင်းကိုအမျက်တော်ရှနေပြီ။ အလ္လာဟ်အရှင်မြတ်စီရင်တော်မူထားခဲ့ ပြစ်ဒဏ်ခံဖို့ထွက်ခဲ့စမ်း" လို့ ကြိမ်းမောင်းခေါ်ထုတ်လိမ့်မည်။ အဲဒီအခါမှာ သူ့ရဲ့ဝိဉာဉ်ဟာ အတော်ပဲနံဆော်ဆိုးဝါးတဲ့ အပုပ်နံ့လို ထွက်ခဲ့ရတယ်" လို့လဲ မြတ်နဗီ ﷺ က မသူတော်ရဲ့ နောင်တမလွန်ခရီးဘယ်လိုစရတယ် ဆိုတာကို အသိပေးတော်မူထားပါတယ်။

(၃) "လူတယောက်သေဆုံးလို့ မြှုပ်နှံပြီးလျှင် အဲဒီလူအနားကို ဖရစ်ရှ်တာနှစ်ပါးရောက်လာမည်။ သူ့ကိုထိုင်ခိုင်းပြီး "အသင့်အရှင်ဘယ်သူလဲ" လို့ မေးမည်။ အဲဒီအခါသူက ကျွန်တော့်ရဲ့ အရှင်ဟာ အလ္လာဟ်ဖြစ်ပါတယ်" လို့ ဖြေလိမ့်မည်။ ဖရစ်ရှ်တဟ်က ဆက်ပြီး "အသင့်သာသနာဘာလဲ" လို့ မေးလိမ့်မည်၊ သူက "ကျွန်တော့်သာသနာဟာ အစ္စလာမ်ပါ" လို့ ဖြေလိမ့်မည်၊ ဖရစ်ရှ်တဟ်က "သင်တို့ဆီကို လွှတ်လိုက်တဲ့ အဲဒီလူနှင့် ပတ်သက်ပြီး သင်ဘာသိသလဲ" လို့ မေးပြန်တယ်။ သူက "အဲဒီလူဟာ အလ္လာဟ်အရှင်မြတ်က စေလွှတ်တော်မူလိုက်တဲ့ နဗီရစူလ်တမန်တော်ပါ" လို့ ဖြေကြားလိုက်တော့ မိုးကောင်းကင်က "ငါ့အရှင်မြတ်ရဲ့ ဗန္ဒာဟ်ကျေးကျွန်က မှန်ကန်တဲ့စကား ဆိုနေတယ်။

(၂) တနေ့မှာ လူတချို့ဟာ ဝိုင်းဖွဲ့ပြီး အလ္လာဟ်အရှင်မြတ်နဲ့ ပတ်သက်တဲ့ စူးစမ်းမေးမြန်းမှုတွေ လုပ်နေကြတုန်း၊ ရောက်တော်မူသွားတဲ့ နဗီတမန်တော်မြတ် ﷺ က "မောင်မင်းတို့ အလ္လာဟ်အရှင်မြတ် မွေးမြူဖန်ဆင်းထားတဲ့ အရာဝတ္ထု၊ တောတောင်ရေမြေသတ္တဝါတွေ အကြောင်းကိုပဲ စူးစမ်းဆင်ခြင်စဉ်းစားကြ၊ အလ္လာဟ်အရှင်မြတ်ရဲ့ အကြောင်းတော်ကိုတော့ မစဉ်းစားကြနှင့်။ မောင်မင်းတို့ဉာဏ်မီမှာ မဟုတ်ဘူး" လို့ သတိပေးတော်မူတဲ့အကြောင်း ဟဇရတ် အိဗနုအဗ်ဗားစ် ﵁ သခင်က ဆင့်ပြန်ထားပါတယ်။

သူတော်စင်များခင်ဗျား

တရားဓမ္မတွေ၊ တရားဒေသနာတော်တွေကို ဆင်ခြင်စဉ်းစားဖို့ စူးစမ်းရှာဖွေဖို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ မိန့်ထားသလို ဟဒီးစ်တော်တွေမှာလည်း လမ်းညွှန်ထားပါတယ်။ တရားဒေသနာနှင့် ပတ်သက်ပြီး တိုက်တွန်းနှိုးဆော်ထားတဲ့ အချက်အလက်တွေကို ဉာဏ်မီသလောက်ပဲ မှတ်သားနာယူကျင့်ဆောင်ရပါမည်။ အမလ်တွေကျင့်ကြံဆောက်တည်တဲ့အခါမှာလည်း စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် ရှိရပါမည်။ အဲဒီလို စဉ်းစား တွေးတော စူးစမ်းလေ့လာ ရှာဖွေဆည်းပူးကျင့်ဆောင် လိုက်နာတဲ့အခါ ဘယ်လိုအကျိုး ထူးတွေရတယ်ဆိုတာ မျက်ဝါးထင်ထင် သိမြင်လာပါလိမ့်မည်။ အဲဒီလို တွေ့မြင်သိရှိလာတာနှင့်အမျှ တရားဒေသနာတော်တွေအပေါ် ပိုပြီးစဉ်းစားဆင်ခြင်ကျင့်ကြံဆောက်တည်ခွင့်တွေ အကျိုးထူးတွေတိုးတိုးပြီးရနေမှာပါ။ အဲဒီလိုပဲ မကောင်းမှုဒုစရိုက် အကုသိုလ်တွေနှင့် ပတ်သက်ပြီး စူးစမ်းဆင်ခြင်မည်ဆိုလျှင် ဂုနာရဲ့ ဆိုးယုတ်မှုတွေကို သိမြင်ပြီး ရွံရှာမုန်းတီးတဲ့ စိတ်တွေကိန်းဝပ်လာမှာပါ။ အဲဒီအခါကျတော့ ဂုနာမှုတွေကို လွယ်လွယ်နဲ့ ရှောင်ကြဉ်နိုင်လိုက်တာကို ကိုယ်တွေ့ကြုံမှာပါ။ အရ္ရူရာ ရူးမ်ရဲ့ အာယတ်တော် ၅၀ မှာ အသင်အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတော်ဖြစ်တဲ့ မိုးရွာသွန်းတာရဲ့ လက္ခဏာအမှတ်အသားတွေကို ကြည့်ရှုဆင်ခြင်ပြီး အဲဒီအရှင်မြတ်က ပထဝီမြေကြီးကို သေ (သွေ့ခြောက်) စေပြီးတဲ့နောက် ဘယ်လိုရှင်သန်စေတော်မူခဲ့သလဲ။ အဲဒီအရှင်မြတ်ကပဲ သေသူတွေကို ရှင်စေတော်မူမည့် အရှင်ဖြစ်တော်မူတယ်။ ဒါတွင်မဟုတ်သေးဘူး။ အဲဒီအရှင်မြတ်က အရာခပ်သိမ်းကို စွမ်းဆောင်နိုင်နင်းတော်မူတဲ့ အရှင်မြတ်လည်း ဖြစ်တော်မူတယ်လို့လာရှိတဲ့အကြောင်း တင်ပြရင်း ဒီနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

တိမ်တွေထဲက ရေပြည့်နေတဲ့ မိုးတိမ်တွေနှင့် မိုးရေကို များများစားစား ရွာသွန်းစေတော်မူတယ်။ အဲဒီမိုးရေရွာပေးရတာကတော့ ငါအရှင်မြတ်က အဲဒီမိုးရေနှင့် ကောက်ပဲသီးနှံတွေ ဟင်းသီးဟင်းရွက်တွေ ပေါက်ရောက်စေဖို့လည်းပဲ ဖြစ်တယ်။ ဒါတွင်မကသေးဘူး။ အတော်ကိုပဲ ထူထပ်လှတဲ့ သစ်တော၊ ဥယျာဉ်တွေပါ ဖြစ်ထွန်းစေတော်မူတယ်။ ... လို့ အလ္လာဟ်အရှင်မြတ်က မိမိဖန်ဆင်းမွေးမြူထားတော်မူတဲ့ ဗန္ဒဟ်တွေအတွက် ဘာတွေစီစဉ်ပေးတော်မူထားတယ်ဆိုတာကို အသိပေးတော်မူထားပါတယ်။

(၃) စူရာ အ၊ ဗ၊ စ ရဲ့ အာယတ်တော်တွေထဲမှာလည်း လူသားရဲ့ ဗီဇ၊ လူသားရဲ့ သဘာဝ၊ လူသားတွေအဖို့ စီမံတော်မူထားတွေကို အသိပေးတော်မူရင်း လူသားကို တရားကျ၊ တရားယူဖို့ ဒီလိုတိုက်တွန်းတော်မူထားပါတယ်။

မနုဿလူသားဟာ ပျက်စီးရမှာပဲ၊ သူဟာအတော့်ကိုပဲ ကျေးဇူးကန်းလွန်းတယ်၊ အဲဒီအရှင်မြတ်က သူ့ကိုဘယ်အရာနှင့် ဖန်ဆင်းတော်မူထားတာလဲ၊ အဲဒီအရှင်မြတ်က သူ့ကိုသုတ်ရည်တစ်စက်ထဲနှင့် ဖန်ဆင်းတော်မူထားတာဖြစ်တယ်၊ အဲဒီအရှင်မြတ်ကပဲ သူ့ကို နှိုင်းချိန်တိုင်းဆ ခန့်မှန်းဖန်ဆင်းထားတာဖြစ်တယ်၊ အဲဒီနောက် အဲဒီအရှင်မြတ်က သူ့အတွက် လမ်းအသွယ်သွယ်ကို လွယ်လွယ်ကူကူ ဖြစ်စေတော်မူတယ်၊ အဲဒီနောက်မှာတော့ အဲဒီအရှင်မြတ် ကပဲ သူ့ကိုသေစေတော်မူတယ်၊ တစ်ခါ အဲဒီအရှင်မြတ်ကပဲ သူ့ကိုသင်္ချိုင်းထဲမှာ မြှုပ်နှံစေတော်မူလိုက်တယ်၊ အဲဒီနောက် အဲဒီအရှင်မြတ်ကပဲ အလိုရှိတော်မူတဲ့အခါမှာ သူ့ကိုတစ်ခါရှင်သန်ထစေတော်မူမည်။ လူသားကတော့ သူ့ရဲ့ အရှင်မြတ်ကသူ့ကိုပေးထားတဲ့ အမိန့်တော်တွေကိုလုံးလုံးလျားလျား ကျေပွန်ခဲ့တာမဟုတ်ဘူး၊ လူသားဟာ ကိုယ်စားသောက်ခဲ့တဲ့ အစားအစာတွေကို ပြန်ပြီးသုံးသပ်ဆင်ခြင်ဖို့လိုတယ်၊ ငါအရှင်မြတ်ကပဲ မိုးရေတွေကို အလျှံပယ်ရွာသွန်းစေတော်မူခဲ့တယ်၊ အဲဒီနောက် ငါအရှင်မြတ်ကပဲမြေပထဝီကို ထူးထူးခြားခြားခွဲဖြာတော်မူပြီး၊ အဲဒီပထဝီမြေကြီးပေါ်မှာ ကောက်ပဲသီးနှံပင်တွေ၊ စပျစ်ပင်တွေ၊ ဟင်းသီးဟင်းရွက်ပင်တွေ၊ သံလွင်ပင်တွေ၊ စွံပလွံပင်တွေ၊ သစ်ပင်ပန်းပင်တွေနဲ့ ထူထပ်လှတဲ့ သစ်တော၊ ဥယျာဉ်တွေ သစ်သီးဝလံတွေ၊ ကျွဲ၊ နွားစတဲ့တိရစ္ဆာန်အစားအစာတွေကို ပေါက်ရောက်စေတော်မူတယ်။ အဲဒီအထဲက တချို့ဟာသင်တို့အဖို့ဖြစ်ပြီး တချို့ကတော့ သင်တို့ရဲ့ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေအတွက်ဖြစ်တယ်။

လူကြီးမင်းများခင်ဗျား

ကျွန်တော်တင်ပြခဲ့တဲ့ အာယတ်တော်တွေက လူတွေကို တရားယူဖို့၊ တရားကျဖို့၊ တရား ဆောင်ဖို့ နှိုးဆော်နေပါတယ်။ အခုဆက်လက်ပြီး ဟဒီးစ်တော်တချို့ကိုလည်း တင်ပြပါဦးမည်။

(၁) "အင်းန်န ဖီးခလ်ကစ္စမာဝါးတိ ဝလ်အရ်ဒ္ဒိ" လို့ အစချီပြီး ကျရောက်တဲ့ အာယတ်တော်ကို ရွတ်ဖတ်ရင်း အဲဒီအာယတ်တော်မှာ လာရှိတဲ့အကြောင်း အချက်တွေကို မတွေးတော၊ မစဉ်းစား၊ မဆင်ခြင်၊ မသုံးသပ်တဲ့လူအဖို့ ဆုံးရှုံးပျက်ပြုန်းမှုပဲ ရှိမည်" လို့ နဗီတမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

ခွင်တပါ (၃၇) အာစ္စလာမ့်တရားတော်ကို စူးစမ်းဆင်ခြင်ရန်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်များခင်ဗျား –

အလ္လာဟ်အရှင်မြတ်က မိမိကိုယ်တော်တိုင် ထုတ်ပြန်ပြဋ္ဌာန်းတော်မူထားတဲ့ တရားတော်တွေကို စူးစမ်းရှာဖွေ ကျင့်သုံးနေဘို့ မိမိရဲ့ ကျမ်းတော်မြတ်မှာပဲ အကြိမ်ကြိမ် အဖန်ဖန် အခေါက်ခေါက်အခါခါ အသိပေးနှိုးဆော်တော်မူထားပါတယ်။ အဲဒီလို စူးစမ်းရှာဖွေလေ့လာတဲ့သူတွေကို အဆင့်မြင့်မြင့် ချီးကျူးတော်မူထားပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ အာယတ်တော် ၄ ပါး တင်ပြလိုပါတယ်။

(၁) စူရာအာလိအင်မ်ရာန်ရဲ့ အာယတ်တော် ၁၉၁ အစပိုင်းမှာ

အသိဉာဏ်ရှိတဲ့သူတွေဟာ အလ္လာဟ်အရှင်မြတ်ကို မတ်တပ်ရပ်ရင်း၊ ထိုင်ရင်း၊ လဲလျောင်းရင်း၊ အချိန်တိုင်းမှာ အောက်မေ့တသ သတိရကြတယ်၊ ဒ့ိအပြင် အဲဒီသူတွေဟာ အာကာသကောင်းကင်ဘုံတွေနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူထားတာနှင့် ပတ်သက်ပြီး စဉ်းစားဆင်ခြင်ကြတယ် .... လို့ အရှင်မြတ်က မိမိရဲ့စွမ်းဆောင်တော်မူမှုကို စဉ်းစားဆင်ခြင်ခိုင်းထားပါတယ်။

(၂) စူရာအာ့ရာဖ်ရဲ့ အာယတ်တော် ၁၈၅ မှာ .... အဲဒီသူတွေဟာ မိုးကောင်းကင်တွေနှင့် ကမ္ဘာမြေပြင်ပေါ်မှာ အလ္လာဟ်အရှင်မြတ်ရဲ့ အာဏာစက်တော်တွေကို၊ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူတဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုအလုံးတို့ကို၊ ကိုယ်သေဆုံးရမည့် သတ်မှတ်ထားပြီး ဖြစ်တဲ့အချိန်ကာလ နီးကပ်လာနေတာကို မတွေးမမြင်၊ မဆင်ခြင်၊ မသုံးသပ်ကြဘူးလား .... လို့ သတိပေးတော်မူထားပါတယ်။

(၃) စူရာနဗာ့ရဲ့ အာယတ်တော် (၆) ကနေ (၁၆) အထိမှာလည်း အလ္လာဟ်အရှင်မြတ်က မိမိရဲ့ဖန်ဆင်း ပျိုးထောင်ထိန်းသိမ်း စွမ်းဆောင်တော်မူထားတာတွေကို ခရေစေ့တွင်းကျ အသိပေးတော်မူထားပါတယ်။

.... ငါအလ္လာဟ်အရှင်မြတ်ကပဲ ပထဝီမြေကြီးကို သတ္တဝါတွေအတွက် အခင်း ပြုလုပ်ထားတော်မူတာ မဟုတ်ဘူးလား။ အဲဒီလိုပဲ ငါအရှင်မြတ်ကသာ အဲဒီပထဝီမြေကြီးတည်ငြိမ်နေအောင် တောင်တွေနှင့်သပ်ရိုက် ငုပ်ရိုက်ထားတာမဟုတ်ဘူးလား။ ဒါတင်မကသေးဘူး၊ ငါအရှင်မြတ်ကပဲ သင်တို့ကို ယောကျ်ားနှင့် မိန်းမဆိုပြီး အစုံလိုက် (စုံတွဲတွေ) ဖန်ဆင်းပေးထားတော်မူတယ်။ အဲဒီအပြင် ငါ့အရှင်မြတ်ကပဲ သင်တို့အိပ်စက်တာကို သင်တို့အဖို့ အပမ်းဖြေရာဖြစ်စေတော်မူတယ်။ ငါအရှင်မြတ်ကပဲ ညကိုသင်တို့အကျိုးရှိဖို့ ဝတ်ရုံ (အကာအကွယ်) ပြုလုပ်ပေးတော်မူထားတယ်။ ဒါတွင် မကသေးဘူး။ ငါအရှင်မြတ်ကသာ နေ့အခါကို သင်တို့အသက်မွေးဝမ်းကျောင်းလုပ်ဖို့ အချိန်ပြုလုပ်ပေးတော်မူထားတယ်။ ငါအရှင်မြတ်ကပဲ သင်တို့ပေါ်မှာ တော်တော့်ကို ခိုင်ခန့်တဲ့ မိုးခုနစ်ထပ်ကို ဖန်ဆင်းပေးတော်မူထားတယ်။ ငါအရှင်မြတ်ကပဲ ညှစ်ထုတ်တဲ့

သူတော်စင်များခင်ဗျား –

အခုဆက်လက်ပြီး ဟဒီးစ်တော်တချို့ကို တင်ပြပါဦးမည်။

(၁) ဟဇရတ်အဗူဗကရ် ﷺ သခင်ကြီးဟာ ကိုယ့်လျှာကို ကိုယ်ဆွဲထုတ်နေတာကို မြင်လိုက်တဲ့ ဟဇရတ်အုမ္မရ် ﷺ က "တော်ပါတော့ဗျာ ... အလ္လာဟ်အရှင်မြတ်ခင်ဗျားကို ရဟမ်လုပ်တော်မူပါစေ" လို့ တားမြစ်ပါတယ်။ ဟဇရတ် အဗူဗကရ် ﷺ က "ဒီလျှာပဲပေါ့၊ ကျုပ်ကို ဒုက္ခပေးနေတာ" လို့ ဖြေကြားလိုက်ပါတယ်။

(၂) "အလ္လာဟ်အရှင်မြတ်ရဲ့ 'အဆိုအမိန့်တွေကို တသွေမတိမ်း လိုက်နာကျင့်မူဖို့ ကိုယ့်စိတ်ကိုကိုယ် သိမ်းသွင်းစေခိုင်းနိုင်တဲ့သူသာ မုဂျာဟစ်ဒ်အစစ်ဖြစ်တယ်" လို့ တမန်တော်မြတ် ﷺ က မိန့်တော်မူထားပါတယ်။

(၃) "သင်တို့ စစ်ဆေးမေးမြန်းတာကို မခံရခင် ကိုယ့်ကိုကိုယ် စစ်ဆေးမေးမြန်းထားကြ၊ ကောင်းမှုကုသိုလ်တွေနှင့် မကောင်းမှုအကုသိုလ်တွေကို မချိန်တွယ်သေးခင်အလျှင် ကိုယ့်ဟာ ကိုယ်ချိန်လိုက်ကြ၊ တနေ့ကျလျှင် အလ္လာဟ်အရှင်မြတ်ရဲ့ ရှေ့တော်မှောက်မှာ တိတိကျကျ မေးမြန်းစစ်ဆေးချိန်တွယ်တာကို ခံရမည်၊ အခုကထဲက ပြင်ဆင်ထားကြ၊ အဲဒီနေ့မှာ သင်တို့အနေနှင့် ဘယ်အမှု ဘယ်ကိစ္စကိုမှ ဖုံးဖိထားလို့ရမှာမဟုတ်ဘူး" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား –

ကျွန်တော်တင်ပြခဲ့တဲ့ တရားတော်တွေကိုသာ ကျွန်တော်တို့မွတ်စ်လင်မ်တွေ မပျက်မကွက် ကျင့်သုံးကြမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်ရဲ့ အချစ်တော်ဗန္ဒဟ် သူတော်စင်တွေ ဖြစ်လာပြီး အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်သဘောတော်တူမှုကို မလွဲမသွေရမှာမို့ ဆက်ဆက်ကျင့်သုံးကြဘို့လိုပါတယ်။

သူတော်စင်များခင်ဗျား

အို မုမင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ .... သင်တို့ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြ၊ ဒီအပြင် လူတိုင်းလူတိုင်းဟာ မနက်ဖန်အတွက် ကိုယ်ကြိုတင်ပို့ထားတာ ကိုပဲတွေ့မြင်ရမည်။ ဒီအပြင် သင်တို့အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြ၊ အမှန် စင်စစ် အလ္လာဟ်အရှင်မြတ်ဟာ အသင်တို့ကျင့်ဆောင်တာတွေကို အကြွင်းမဲ့ကြားသိ တော်မူတဲ့အရှင်ပဲ ဖြစ်တယ်" လို့ စူရာဟရှ်ရ်မှာလာရှိတဲ့ အာယတ်တော် ၁၈ကို တင်ပြ ရင်း ဒီနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

(၃) ကိုယ့်ကိုကိုယ်နိုင်းထားတာကို ကိုယ့်ကိုယ်က ဘယ်လောက်အတိုင်းအတာအထိ၊ ဘယ်လောက်အတိမ်အနက်အထိ လုပ်တယ်ဆိုတာ အချိန်တစ်ချိန် သတ်မှတ်ပြီး စီစစ်ရပါတယ်။ အဲဒီလိုစီစစ်ရတာကို မုဟာစဗဟ်လို့ ခေါ်ပါတယ်။

(၄) အဲဒီလိုစိစစ်ကြည့်လို့ လျော့နည်းပျက်ကွက်တာတွေရှိနေမည်ဆိုလျှင် ချက်ချင်းပဲ ပြင်းထန်တဲ့၊ ပင်ပမ်းတဲ့ ကျင့်စဉ်တခုလုပ်နိုင်းရမည်။ အဲဒီလိုလုပ်နိုင်းတာကို မုအာကဗဟ်လို့ ခေါ်ပါတယ်။

(၅) အဲဒီပျက်ကွက်လျော့နည်းနေတဲ့ ကျင့်စဉ်အတွက်၊ ဖြည့်ဆည်းဖို့၊ အစားထိုးဖို့ အတွက် ကိုယ့်ကိုကိုယ်ကြီးလေးတဲ့တာဝန်၊ ဝဇီဖဟ်တွေရွတ်ဖတ်ဖို့ တာဝန်ပေးရတယ်၊ အဲဒီလိုတာဝန်ပေး ကျင့်ဆောင်ရတာကို မုဂျာဟဒဟ်လို့ ခေါ်ပါတယ်။

(၆) ချွတ်ယွင်းမှု၊ ပျက်ကွက်မှု၊ လျော့နည်းမှုတွေအတွက် ကိုယ့်ကိုကိုယ် စမ်းစစ်အပြစ်တင် ကြိမ်းမောင်းရှုံ့ချပြီး အဲဒီချွတ်ယွင်း ပျက်ကွက်လျော့နည်းတာကို အစားထိုး ဖြည့်ဆည်းဖို့ ကိုယ့်ကိုကိုယ် လှုံ့ဆော်တိုက်တွန်းနေရမည်။ အဲဒီလို လှုံ့ဆော်တိုက်တွန်းတာကို မုအာသဗဟ်လို့ ခေါ်ပါတယ်။

သူတော်စင်များခင်ဗျား

ကျွန်တော်တင်ပြခဲ့တဲ့ ကျင့်စဉ် ၆ ခုကို ထောင့်စေ့လိုက်နာကျင့်ဆောင်လျှင် ကိုယ့်စိတ်ကိုကိုယ် ထိန်းချုပ်ကွပ်ကဲနိုင်မှာပါ။ အဲဒီလိုကိုယ့်စိတ်ကိုကိုယ် ပီပီပြင်ပြင် ထိန်းချုပ်ကွပ်ကဲနိုင်မှ သူတော်စင်သူတော်မြတ် ဖြစ်လာမှာပါ။ အခုအာယတ်တော် တချို့ တင်ပြပါမည်။

(၁) **"အဲဒီအရှင်မြတ်ဟာ မျက်စိတွေက သစ္စာဖေါက်တာ၊ ခိုးကြောင်ခိုးဝှက်ကြည့်တာ စိတ်နှလုံးတွေမှာ ဝှက်ထားတာတွေကို သိမြင်တော်မူတယ်"** လို့ စူရာမုမင်န်ရဲ့ အာယတ်တော် ၁၉ မှာ အတိအလင်း သတိပေးတော်မူထားပါတယ်။

(၂) စူရာနာဇီအဟ်ရဲ့ အာယတ်တော် ၄၀-၄၁မှာ **"အကြင်သူဟာ မိမိကို ဖန်ဆင်းမွေးမြူတော်မူတဲ့ အရှင်မြတ်ရဲ့ ရှေ့တော်မှောက်မှာ ရပ်ရမှာကို ကြောက်ရွံ့စိုးရိမ်တယ်၊ ဒီအပြင် သူဟာ သူ့စိတ်ကိုလည်း မကောင်းတဲ့ အလိုဆန္ဒတွေက တားမြစ်ခဲ့တယ်ဆိုလျှင် ဂျန္နသ်သုခဘုံဟာ သူ့ရဲ့ခိုကိုးရာဌာနအမှန်ပဲ ဖြစ်ရမည်"** လို့ မင်္ဂလာသတင်းစကားပါးတော်မူထားပါတယ်။

(၃) စိတ်ကြိုက်ဘဝကိုက်ထူထားတဲ့သူတွေကို စူရာကိဆဆ်ရဲ့အာယတ်တော် ၅၀ မှာ **"အလ္လာဟ်အရှင်မြတ်ထံတော်က တရားလမ်းညွှန်ထားတာ တစ်စုံတစ်ရာမျှ မရှိပဲ ကိုယ့်ရဲ့စိတ်ဆန္ဒအလိုကိုသာ လိုက်တဲ့သူထက်ပိုပြီး လမ်းလွဲမှားတဲ့သူ ဘယ်သူ ရှိမှာလဲ ...."** လို့ သတိပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား –

အခု ကျွန်တော်တင်ပြခဲ့တဲ့ အာယတ်တွေနှင့် ဟဒီးစ်တော်တွေကို သေသေချာချာ ဂဃနဏ လေ့လာလျှင် –

* နိယသ်ရည်စူးချက် ဖြူစင်ဖြောင့်မတ်မှန်ကန်မှ အကျိုးစဝါးဗ်ရမည်။

* နိယသ်မမှန်၊ မဖြူစင်၊ မကောင်းလျှင် ဘယ်လောက်ပဲ ကောင်းမြတ်တဲ့အလုပ်ကို လုပ်လုပ် အကျိုးမပွားအလကားပဲဖြစ်မည်။ ဘယ်အမလ်ပဲလုပ်လုပ် အမလ်လုပ်တဲ့အခါ ပြည့်ပြည့်စုံစုံလုပ်ရမည်ဆိုတဲ့ အသိတရားတွေရရှိမှာပါ။

သူတော်စင်များခင်ဗျား –

“အို နဗီတမန်တော် ငါအလ္လာဟ်အရှင်မြတ်ကိုဆည်းကပ်ကိုးကွယ်တဲ့အခါ သင့်ရဲ့ စေတနာသဒ္ဓါတရားဟာ ဖြူစင်သန့်ရှင်းစေရမည်။ ငါအရှင်မြတ်ကို ဆည်းကပ်ကိုးကွယ်တာ သက်သက်ပဲဖြစ်စေရမည်” လို့ သင်ပြောပြလိုက်ပါ” လို့ ငါ့ကို အလ္လာဟ်အရှင်မြတ်က အမိန့်ပေးတော်မူတယ်။ (တနည်းဆိုရလျှင် အို နဗီတမန်တော် သင်ကျင့်ဆောင်အားထုတ်တဲ့အခါတိုင်း စေတနာဖြူစင်ဖြောင့်မတ်မှန်ကန်ရမည်။ ငါအရှင်မြတ်အတွက်ပဲ တသမတ်ထဲဖြစ်ရမည်လို့ အမိန့်ပေးတော်မူတာဖြစ်ပါတယ်) လို့ လာရှိတဲ့ ဇုမရ်ဆူရာရဲ့ အာယတ်တော် ၁၁ ကို တင်ပြရင်း ဒီကနေ့ ခွင်္သတပါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွင်္သတပါ (၃၆) မုရာကဗဟ်နှင့် မုဟာစဗဟ်

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

တရားအားထုတ်ကျင့်ဆောင်တဲ့အခါ မှန်မှန်ကန်ကန်ဖြစ်ဖို့နှင့် ခွဲခွဲမြဲမြဲရှိဖို့ အရေးကြီးပါတယ်။ မပျက်မကွက်ပဲ ခွဲခွဲမြဲမြဲနှင့် မှန်မှန်ကန်ကန် တိတိကျကျ တရားကျင့်တတ်မှ အောင်မြင်ထွန်းပေါက် လွတ်မြောက်မှာပါ။ သူတော်စင်ဖြစ်ဖို့ သွန်သင်ပဲ့ပြင်ပေးတဲ့ သဆောင်ဝုဖ်တွရီကာမှာ မှန်မှန်ကန်ကန် ခွဲခွဲမြဲမြဲ တိတိကျကျ တရားကျင့်တာကို မုရာဗိသွာဟ်လို့ ခေါ်ပါတယ်။ မုရာဗိသွာဟ် ဖြစ်ထွန်းဖို့ ကျင့်စဉ် ၆ ခု လုပ်ကြရပါတယ်။

(၁) ကိုယ်ဆောင်ရွက်ရမည့် ကိစ္စတွေ၊ ရှောင်ကြဉ်ရမည့် ကိစ္စတွေကို ကိုယ့်ကိုကိုယ် သတ်မှတ်ပေးရမည်။ အဲဒီလို ကိုယ့်စိတ်ကိုယ်ထိန်းတဲ့ ကျင့်စဉ်ကို မုရှာရသွာဟ်လို့ ခေါ်ပါတယ်။

(၂) အဲဒီလိုကိုယ့်ကိုကိုယ်ခိုင်းပြီး၊ လုပ်တယ်၊ မလုပ်ဘူး၊ ရှောင်တယ်၊ မရှောင်ဘူးဆိုတာကိုလဲ ကိုယ်ကပဲ ထောက်လှမ်းနေရတယ်။ အဲဒီလို ကိုယ့်ကိုကိုယ်ထောက်လှမ်းတာကို မုရာကဗဟ်လို့ ခေါ်ပါတယ်။

(၈) မုမင်န်အစစ်အမှန်တို့နှင့် ပတ်သက်ပြီး စူရာဟုဂျူရားတ်ရဲ့ အာယတ်တော် ၁၅ မှာ -- အလ္လာဟ်အရှင်မြတ်ကို အဲဒီအရှင်မြတ်ရဲ့ ရစူလ်တမန်တော်ကို သက်ဝင်ယုံကြည်ပြီးတဲ့နောက် သံသယလုံးလုံးမဖြစ်တဲ့သူတွေသာ ပြည့်ဝစုံလင်တဲ့ မုမင်န်သက်ဝင်ယုံကြည်တဲ့သူတွေဖြစ်တဲ့အပြင် အဲဒီသူတွေဟာ ကိုယ့်ပစ္စည်းနှင့် ကိုယ့်အသက်စည်းစိမ်နှင့် အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းတော်မှာ ဂျိဟာဒ် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြတယ်။ အဲဒီသူတွေသာ ဆွာဒိကီးန် သစ္စာရှင်တွေဖြစ်ကြတယ်" လို့ သတိပေးတော်မူထားပါတယ်။

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

ကျွန်တော်တင်ပြပြောကြားနေတဲ့ တရားဒေသနာတော်ဟာ အတော်ပဲ နက်နဲလှလို့ အထူးဂရုပြုနားထောင် မှတ်သားစေလိုပါတယ်။ အခုဆက်လက်ပြီး ဟဒီးစ်တော်တချို့ကိုတင်ပြပါဦးမည်။

(၁) တနေ့ တမန်တော်မြတ် မုဟမ္မဒ် ﷺ က ဆွဟာဗီကြီး ဟဇရတ်မုအားဇ် ؓ ကို "အို .... မုအားဇ် အသင်တရားအားထုတ်ကျင့်ဆောင်တဲ့အခါ စေတနာမှန်ကန်ဖြောင့်မတ်ပါစေ၊ အဲဒီလိုအမလ်မျိုး နည်းနည်းကပဲ သင့်အတွက် ဖူလုံတယ်" လို့ ပညာပေးတော်မူတဲ့အကြောင်း ဆင့်ပြန်ချက်တွေမှာ တွေ့ရပါတယ်။

(၂) "ယာရစူလွလ္လာဟ် ﷺ အီမာန်ဆိုတာဘာလဲ" လို့ တစ်ယောက်ကမေးလျှောက်တော့ မြတ်နဗီ ﷺ က "စေတနာမှန်ကန်ဖြူစင်တာကိုခေါ်တယ်" လို့ ဖြေကြားတော်မူလိုက်ပါတယ်။

(၃) "အမလ်ကျင့်ဆောင်မှုတွေဟာ နိယသ်ရည်စူးချက် (စေတနာ) ပေါ်မှာ မူတည်တယ်။ လူတိုင်းဟာ ကိုယ်ရည်စူးခဲ့တဲ့အတိုင်း အကျိုးရလဒ်ရကြမည်" လို့ မြတ်နဗီ ﷺ က သင်ပြပေးတော်မူထားပါတယ်။

(၄) တနေ့ ဆွဟာဗီကြီး ဟဇရတ်အဗူဗကရ် ؓ က မိမိရဲ့ ကျေးကျွန်တချို့ကို ပြစ်တင်ကြိမ်းမောင်းနေတာကို တွေ့မြင်တော်မူမိတဲ့ မြတ်နဗီ ﷺ က "ကာဗဟ်ကျောင်းတော်ရှင်ရဲ့ ကစမ် .... သင်ဟာ ဆစ်ဒီးက် မှန်ကန်တဲ့ သစ္စာရှင်ဖြစ်လျှက်သားနှင့် ဒီလိုကြိမ်းမောင်းနေသလား" လို့ သတိပေးတော်မူလိုက်တော့ ဟဇရသ် အဗူဗကရ် သခင်ကြီးဟာ ချက်ခြင်း ပဲ သူ့ရဲ့ကျေးကျွန်တချို့ကို သူကောင်းပြုလိုက်တယ်၊ တမန်တော်မြတ်ကိုလည်း "နောက်နောင် ဒီလိုဘယ်တော့မှ မဖြစ်စေရပါဘူး" လို့ ကတိပေးလိုက်တဲ့အကြောင်း ဆင့်ပြန်ချက်တွေမှာ လာရှိပါတယ်။

ခွင်တာပါ (၃၅) စေတနာမှန်မှန်နှင့် ပြည့်ပြည့်စုံစုံ ကျင့်ဆောင်ရန်

သူတော်စင်များခင်ဗျား

အစ္စလာမ့်တရားဒေသနာတော်ကို သိဖို့၊ နားလည်ဖို့နှင့် အဲဒီအတိုင်း တသွေမတိမ်း လိုက်နာကျင့်ဆောင်ဖို့ အတော်ပဲ လိုအပ်အရေးကြီးတယ်ဆိုတာကို အသိဉာဏ်ရှိသူတိုင်း နားလည်ထားကြပါတယ်။ တရားမသိ၊ တရားမရှိတဲ့သူတွေကတော့ ဆုံးရှုံးတဲ့သူတွေ ပါပဲ၊ တရားဓမ္မကိုသိထား၊ နားလည်ထားရုံနှင့်တော့ မပြီးသေးပါဘူး။ တရားဓမ္မကို သိနားလည်ပြီး လက်တွေ့မကျင့်ဆောင် မလိုက်နာတဲ့သူတွေလဲ ဆုံးရှုံးတဲ့လူတွေပါပဲ။ တရားကိုသိလို့ လိုက်နာတိုင်းလည်း အကျိုးစဝါးဗ်မရတတ်သေးဘူး။ တရားဓမ္မကို လက်တွေ့ ကျင့်ဆောင် အကောင်အထည်ဖေါ်တဲ့နေရာမှာ စေတနာမပါလျှင် အလကား၊ အလဟဿဖြစ်တတ်ပြီး ဆုံးရှုံးတဲ့လူတွေထဲမှာ ပါသွားမှာပါ။

စေတနာသဒ္ဒါတရားမှန်ကန်ပေမဲ့ နိယသ်မကောင်းလျှင် နိယသ်မပါလျှင်လည်း တော်တော်ပဲ စိုးရိမ်စရာ ကောင်းပါတယ်။ အစ္စလာမ့်တရားတော်က **"ကျင့်ဆောင်တဲ့ အမလ်တိုင်းအတွက် မှန်ကန်စင်ကြယ်တဲ့ နိယသ်ရှိရမည်"** လို့ ပြဋ္ဌာန်းထားလို့ နိယသ် မပါတဲ့ အမလ်အတွက် အကျိုးပေးရယ်လို့ မရှိတတ်ပါဘူး။ အချိန်ကုန်ပြီးလူပင်ပမ်းရုံ သာ အဖတ်တင်မှာပါ။ နိယတ်တော့ ပြုတယ်၊ ဒါပေမဲ့ စေတနာမမှန် မဖြူစင်ပြန်လျှင် ရိယာ – ပြစားဟန်ဆောင်ရာရောက်မှာမို့ အတော်ပဲ သတိထားပြီး နိယသ်ကို ပြုပြင်နေ ဖို့ လိုပါတယ်။ နိယသ်မှန်ကန်ဖြူစင်ဖို့လိုသလို ပြည့်ပြည့်ဝဝ ကျင့်ဆောင်ရမည်ဆိုတဲ့ အသိတရားလည်း ရှိပြီး မခိုမကပ်ပဲ ကျင့်ဆောင်ဖို့ကလည်း အရေးကြီးပါတယ်။ စေတနာ ဖြူစင်မှန်ကန်မှုနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ဆိုထားတဲ့ အာယတ် တော်တချို့ကို တင်ပြပါမည်။

(က) စူရာဖုရ်ကာန်ရဲ့ အာယတ်တော် ၂၃ မှာ **"ငါအရှင်မြတ်ဟာ ကိယာမသ်နေ့မှာ အဲဒီသူတွေလူ့ပြည်ရပ်ရွာမှာ ပြုလုပ်ခဲ့ကြတဲ့အပြုအမူတွေဘက်ကိုလှည့်တော်မူမည်။ အဲဒီနောက်ငါအရှင်မြတ်က အဲဒီအပြုအမူတွေကိုလွင့်နေတဲ့မြူမှုန်တွေ (လိုပဲ အချည်းနှီး) ဖြစ်စေတော်မူမည်"** လို့ သတိပေးတော်မူထားပါတယ်။ (အလ္လာဟ်အရှင်မြတ်က လွဲပြီး တခြားအရာတွေကို ရည်စူး၊ ရည်မှန်းပြီးလုပ်ဆောင်တဲ့ အမှုကိစ္စတိုင်းဟာ လှည့်ဖြားထား တဲ့ အတုအယောင်တွေသာ ဖြစ်လို့ အဲဒီလုပ်ဆောင်ချက်အားလုံးကို အလ္လာဟ်အရှင်မြတ် က ပယ်ဖျက်တော်မူမှာကို ဆိုလိုတာပါ)

(ခ) **"သီးသီးသန့်သန့်ဖြစ်တဲ့ ဆည်းကပ်ကိုးကွယ်မှုသာ အလ္လာဟ်အရှင်မြတ်နှင့် သက်ဆိုင်တယ်ဆိုတာကို သိထားကြ"** လို့ဆိုပြီး တုဖက်နှိုင်းယှဉ် စင်ပြိုင်လုပ်ထားတဲ့ ကိုးကွယ်မှုနှင့် ပြစားဟန်ဆောင်မှုကို လုံးလုံးလျားလျား မလိုလားတော်မူတဲ့အကြောင်း စူရာဇုမရ်ရဲ့ အာယတ်တော် ၃ မှာ အတိအလင်း သတိပေးတော်မူထားပါတယ်။

(၃) "အုပ်စုဖွဲ့ပြီး၊ အလ္လာဟ်အရှင်မြတ်ကို ဇိကိရ်လုပ်ကြတဲ့လူတွေ၊ တ,သကြတဲ့လူတွေကို မလာအိကဟ် ကောင်းကင်တမန်တွေက ဝိုင်းရံထားကြတယ်၊ အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတော်ကလည်း အဲဒီတွေကို လွှမ်းခြုံထားတော်မူတယ်၊ သူတို့အပေါ် စကီဏာဟ် – စိတ်တည်ငြိမ်အေးဆေးမှုလည်း ကျနေတယ်၊ ဒါတွင်မကသေးဘူး၊ အလ္လာဟ် အရှင်မြတ်က မိမိရဲ့ထံတော်ပါးမှာ ခစားနေတဲ့ ဖရစ်ရှ်တာတွေရဲ့ ရှေ့မှာ အဲဒီလူတွေကို ချီးမွမ်းတော်မူတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

အခုကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေအရဆိုလျှင် မုဟဗ္ဗသ် – အလ္လာဟ်အရှင်မြတ်ကို ချစ်ခင်မြတ်နိုးတာ၊ အလ္လာဟ်အရှင်မြတ်ကို ဖူးမြော်မြင်တွေ့လိုတဲ့ မျှော်ကိုးတောင့်တမှု ယော့က်–ရှိနေတာ၊ အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတော်တွေကို သိမြင်ပြီးကြည်နူးဝမ်းသာ အွန်းစ် – ဖြစ်နေတာ၊ အလ္လာဟ်အရှင်မြတ် စီရင်တော်မူတဲ့အတိုင်း ဖြစ်ပျက်နေတာတွေအပေါ် ဘဝင်ကျကျေနပ် ရိဒ္ဒါ ဖြစ်နေတာတွေဟာ ထူးခြားမွန်မြတ်တဲ့ ဂုဏ်ရည်တွေပါ။ အဲဒီဂုဏ်ရည်ဂုဏ်သွေးတွေဟာ မွတ်စ်လင်မ်သူမွန်သူမြတ်တွေမှာ ကိန်းဝပ်နေသလို မွတ်စ်လင်မ်တိုင်းမှာလည်း ရှိနေရမည်ဆိုတာကို ထင်ထင်ရှားရှား သိမြင်ကြမှာပါ။

သူတော်စင်များခင်ဗျား

"လူသားတွေထဲက တချို့ဟာ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲပြိုင်ဆိုင်ပြီး ကိုယ့်ရဲ့ဦးစီးနာယကတွေကို ကိုးကွယ်နေကြတယ်၊ အလ္လာဟ်အရှင်မြတ်ကို ချစ်ကြည်မြတ်နိုးကြသလို ကိုယ့်ရဲ့ဦးစီးနာယကတွေကိုလည်း မြတ်နိုးချစ်ကြည်နေကြတယ်၊ ဒါပေမဲ့ အီမာန်သက်ဝင် ယုံကြည်ထားပြီဖြစ်ကြတဲ့ စေတနာသဒ္ဓါတရား ကောင်းမြတ် ဖြူစင်တဲ့လူတွေကတော့ အလ္လာဟ်အရှင်မြတ် တစ်ဆူတစ်ပါးတည်းကိုပဲ စိတ်အားထက်ထက်သန်သန်နှင့် ချစ်ကြည်မြတ်နိုးကိုးကွယ် ရိုကျိုးနေကြတယ်၊ တစ်ဆူတစ်ပါးတည်း ဖြစ်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်ကိုပဲ ကိုးကွယ်ဆည်းကပ်အားထားရမည်လို့ မိန့်တော်မူထားတဲ့ တရားဒေသနာတော်ကို ချိုးဖေါက်ကျူးလွန်တဲ့ လူတွေဟာ နောင်တမလွန်ဘဝရောက်လို့ ဂျဟန္နမ်ငရဲကို မျက်ဝါးထင်ထင်တွေ့မြင်တဲ့အခါကျတော့မှ တန်ခိုးအာဏာအားလုံးဟာ အလ္လာဟ်အရှင်မြတ်ထံတော်မှာပဲ တည်တော်မူတဲ့အကြောင်း၊ အလ္လာဟ်အရှင်မြတ်ဟာ ပြင်းပြင်းထန်ထန် စီရင်တော်မူတဲ့အရှင်ဖြစ်တဲ့အကြောင်း ကောင်းကောင်းသိလိမ့်မည်" လို့ ဗူရာဘကရာရဲ့ အာယတ်တော် ၁၆၅ မှာ လာရှိတာကို တင်ပြရင်း ဒီကနေ့ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

အရှင်မြတ်ကို ဝတ်ပြုတဲ့နေရာမှာ ပျင်းရိငြီးငွေ့မောပန်းကြတယ်လို့ လည်းမရှိဘူး။ သူတို့ဟာ အဲဒီအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူတဲ့အကြောင်းကို မပျင်းမရိ နေ့ည မပြတ် ရွတ်ဆိုရင်း ဘာဝနာစီးဖြန်းနေကြတယ်" လို့ အသိပေးတော်မူထားပါတယ်။
(ဂ) စူရာယူနွတ်စ်ရဲ့ အာယတ်တော် ၅၈ မှာ "အို နဗီတမန်တော် ..... အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်အတွက် အဲဒီအရှင်မြတ်ရဲ့ ကရုဏာတော်အတွက် လူတွေဟာ ဝမ်းမြောက် ဝမ်းသာဖြစ်သင့်ကြတဲ့အကြောင်း ပြောလိုက်ပါ" လို့ လာရှိပါတယ်။
(ဃ) စူရာဗိုင်ယ်ယိနဟ်ရဲ့အာယတ်တော် ၈ မှာ သူတို့ဟာ အဲဒီဥယျာဉ်တွေထဲမှာ အမြဲ ထာဝစဉ် နေထိုင်စံမြန်းကြရမည်။ အလ္လာဟ်အရှင်မြတ်ကလည်း သူတို့ကို ကျေနပ်တော် မူမည်။ သူတို့ကလည်း အဲဒီအရှင်မြတ်ကို ကျေနပ်ကြမည်" လို့လည်း မင်္ဂလာသတင်း ကောင်း ပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား

အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူထားတဲ့ နေ့အ်မသ် စည်းစိမ်တွေ အတွက်ဝမ်းသာအားရဖြစ်ကြရမည်လို့ အာယတ်တော်တွေကအသိပေးတာဖြစ်ပါတယ်။ ဝမ်းသာအားရ ဖြစ်တဲ့နေရာမှာ အတိုင်းအတာရှိရပါတယ်။ အဲဒီအတိုင်းအတာလောက် ဝမ်းသာကြည်နူးတာကို အွန်းစ်လို့ခေါ်ပါတယ်။ အဲဒီနေ့မသ်စည်းစိမ်တွေအတွက် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရမဲ့အစား ဂုဏ်မောက်ပြီး မော်မော်ကြွားကြွား ဖြစ်မသွားမိဖို့ သတိထားရမှာပါ။ ကုရ်အာန်ကျမ်းတော်မြတ် စူရာကိဆဆ်ရဲ့ အာယတ် တော် ၇၆ မှာ "သင် ဂုဏ်မမောက်မိနှင့်။ အလ္လာဟ်အရှင်မြတ်က ဂုဏ်မောက်တဲ့သူတွေ ကို နှစ်သက်တော်မမူဘူး။ လို့ သတိပေးထားပါတယ်။ အခုဟဒီးစ်တော်တချို့ကို တင်ပြပါဦးမည်။
(၁) "အို အလ္လာဟ်အရှင်မြတ် .... ကျွန်တော်မျိုးကို အရှင်မြတ် ချစ်ခင်နှစ်သက်တော်မူ ပါရန် အရှင်မြတ်ထံ တောင်းခံအပ်ပါသည်၊ အရှင်မြတ်ကို ချစ်ခင်မြတ်နိုးကြသူတို့ရဲ့ ချစ်ခင် တွယ်တာစိတ် ရရှိရန်ကိုလည်း အရှင်မြတ်ထံတော်မှပင် ပန်ကြားအပ်ပါသည်၊ အရှင် မြတ်ကို ချစ်ခင်တွယ်တာမြတ်နိုးရာ ရောက်စေသည့် အမလ်ကျင့်စဉ်တွေကိုလည်း အရှင် မြတ်ထံမှတောင်းခံအပ်ပါသည်" လို့ တမန်တော်မြတ် ﷺ ဒုအာပြုတော်မူလေ့ရှိတဲ့ အကြောင်း ဟဒီးစ်ကျမ်းဂန်တော်များမှာ တွေ့ရပါတယ်။
(၂) "အို အလ္လာဟ်အရှင်မြတ် .... အရှင်မြတ်စီရင်ဆုံးဖြတ်တော်မူသည်ကို သဘောတူ လက်ခံသည့် ညဉ်ချီးမြှင့်တော်မူပါရန် အရှင်မြတ်ထံ တောင်းခံအပ်ပါသည်၊ သေဆုံး ပြီးနောက် အေးချမ်းသာယာစေသော စည်းစိမ်သုခရရှိရန်ကိုလည်း အရှင်မြတ်ထံ ပန်ကြားအပ်ပါသည်၊ အရှင်မြတ်အား မျက်ဝါးထင်ထင် ဖူးမြော်မြင်တွေ့ရသည့်အရ သာကို အရှင်မြတ်ထံ တောင်းခံအပ်ပါသည်၊ အလ္လာဟ်အရှင်မြတ်အား မက်မောစွာ ဖူးမြော်မြင်တွေ့လိုစိတ်ထက်သန်နေရန် အရှင်မြတ်ထံပန်ကြားအပ်ပါသည်" လို့ မြတ် နဗီ ﷺ က ဆုဒုအာ ပြုတော်မူကြောင်းကိုလည်း ဟဒီးစ်တော်များမှာ တွေ့ရပါတယ်။

သင်တို့ကို စားနပ်ရိက္ခာပေးတော်မူတဲ့ အရှင်ဟာ အလ္လာဟ်အရှင်မြတ်ကလွဲလို့ တခြားဖန်ဆင်းမွေးမြူတဲ့သူလို့ ရှိသေးသလား။ အဲဒီအလ္လာဟ်အရှင်မြတ်ကလွဲလို့ တခြားခဝပ်ကိုးကွယ်ဆည်းကပ်ကိုးကွယ်ထိုက်တဲ့သူရယ်လို့ မရှိပဲ သင်တို့ဘယ်ကို တိမ်းရှောင်နေကြတာလဲ ..... လို့ လာရှိတဲ့ ကုရ်အာန်ကျမ်းတော်မြတ် စူရာဖုရ်ကာန်ရဲ့ အာယတ်တော် ၃ ကို တင်ပြပြီး ဒီနေ့ခွန်တဗါကို နိဂုံးချုပ်လိုက်ပါမယ်။

ခွန်တဗါ (၃၄) မုဟဗ္ဗသ်၊ ယှော့က်၊ အွန်းစ်နှင့်ရိဒွါ

ဒီနေ့ခွန်တဗါမှာ မုဟဗ္ဗသ်၊ ယှော့က်၊ အွန်းစ်နှင့်ရိဒွါအကြောင်း ဟောကြားပါမည်။
(က)မုဟဗ္ဗသ်ဆိုတာ အရဗီဝေါဟာရပါ။ တဖက်ဖက်ကို စိတ်ယိမ်းယိုင်ပြီး ချစ်ခင်နှစ်သက်မြတ်နိုးစိတ်ဖြင့် ပေါ်နေတာကို မုဟဗ္ဗသ်လို့ခေါ်ပါတယ်။
(ခ) တစ်ခုခုကိုယ့်ရှေ့မှာရှိနေပေမည့် တစ်ခါတစ်ခါ ရှိမနေလျှင်တောင် အဲဒါကိုစွဲလန်းနေတာကို ယှော့က်လို့ခေါ်ပါတယ်။ ဒါလည်းအရဗီဝေါဟာရပဲ ဖြစ်ပါတယ်။
(ဂ) အွန်းစ်ကလည်း အရဗီဝေါဟာရပါပဲ၊ တစ်ခုခုကိုယ့်ရှေ့မှာ ရှိနေတဲ့အခါ အဲဒါကိုပဲ တပ်မက်စွဲလန်းပြီး ကြည်နူးပီတိဖြစ်နေတာကို အွန်းစ်လို့ ခေါ်ပါတယ်။
(ဃ)အလ္လာဟ်အရှင်မြတ်က မိမိရဲ့ဆန္ဒတော်အတိုင်း စီရင်သတ်မှတ်တော်မူတဲ့ ကိစ္စရပ်တွေအပေါ် ဝေဖန်တာ၊ ဆန်းစစ်တာ၊ လုံးလုံးမလုပ်ပဲ အဲဒီအတိုင်း သဘောတူကျေနပ်နေတာကို ရိဒွါလို့ခေါ်ပါတယ်။ ဒါလည်း အရဗီဝေါဟာရပါပဲ။

အလ္လာဟ်အရှင်မြတ်ကို ချစ်ကြည်မြတ်နိုးရိုကျိုးတာ၊ အလ္လာဟ်အရှင်မြတ်ကို စွဲလန်းနှစ်သက်၊ တပ်မက်တာ၊ ကြည်နူးဝမ်းသာဖြစ်နေတာ၊ အရှင်မြတ်ရဲ့ စီမံခန့်ခွဲစီရင်ဆုံးဖြတ်တော်မူတဲ့အပေါ် ကျေနပ်နှစ်သက်ကြည်ဖြူနေတာတွေဟာ သူမွန်သူမြတ်တို့မှာ ကိန်းဝပ်နေတဲ့ ဂုဏ်ရည်တွေပါ။ အဲဒီဂုဏ်ရည်တွေ စွဲမြဲရင့်သန်နေတာနှင့်အမျှ အဲဒီသူမွန်သူမြတ်တို့ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ အကြည်တော်တွေ၊ အချစ်တော်တွေ ဖြစ်ကုန်ကြပါတယ်။ အဲဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး လာရှိတဲ့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ အာယတ်တော်တချို့ကို ဦးစွာပထမတင်ပြပါမည်။
(က)စူရာမာအိဒဟ်ရဲ့ အာယတ်တော် ၅၄ မှာ အလ္လာဟ်အရှင်မြတ်က အဲဒီသူတွေကို ချစ်ကြည်တော်မူတယ်။ အဲဒီသူတွေကလည်း အလ္လာဟ်အရှင်မြတ်ကို ချစ်ကြည်မြတ်နိုးကြတယ်" လို့ လာရှိပါတယ်။
(ခ) စူရာအမ်ဗိယာရဲ့ အာယတ်တော် ၁၉ နှင့် ၂၀ မှာ "တကယ်ဆိုတော့ မိုးကောင်းကင်တွေမှာ ပထဝီမြေပြင်မှာ ရှိသမျှအားလုံးကို အလ္လာဟ်အရှင်မြတ်ကပဲ ပိုင်ဆိုင်တော်မူတယ်။ ဒါ့အပြင် အဲဒီအရှင်မြတ်ရဲ့ အနားမှာ ခစားနေကြတဲ့ ကောင်းကင်တမန်ဖရစ်ရှ်တာ တွေဟာ အဲဒီအရှင်မြတ်ကို မခဝပ်နိုင်လောက်အောင် မာနမထောင်လွှားကြဘူး။

သင့်အတွက် အလ္လာဟ်အရှင်မြတ် စီရင်တော်မူထားတာထက် ပိုပြီးနစ်နာအကျိုးယုတ်အောင် လုပ်နိုင်ကြမှာမဟုတ်ဘူး။ ကလောင်တံတွေလည်း သိမ်းလိုက်ပြီ၊ မှတ်တမ်းတင်ရေးသားချက်တွေလည်း ခြောက်သွေ့ကုန်ပြီဆိုတာ စွဲစွဲမြဲမြဲမှတ်ထား" လို့ မြတ်နဗီ ﷺ က ပြတ်ပြတ်သားသား အသိပေးတော်မူပါတယ်။

၂။ "အားကောင်းတဲ့မုမင်န်ဟာ အားနည်းထက်မုမင်န်ထက် မြတ်တယ်။ အလ္လာဟ်အရှင်မြတ်ကလည်း ပိုပြီးနှစ်သက်တော်မူတယ်။ တစ်ဦးချင်းမှာ ကောင်းတဲ့လက္ခဏာဆိုတာ ရှိနေတယ်။ သင့်ကိုနောင်တမလွန်မှာ အကျိုးပေးမဲ့ အမှုကိစ္စကိုသိချင်သလား။ အလ္လာဟ်အရှင်မြတ်ထံတော်မှာ ကူညီမစမှု မှန်သမျှ တောင်းခံနေ၊ စိတ်မလျှော့နှင့်၊ စိတ်ဒုက္ခ ကိုယ်ဒုက္ခရောက်လို့ "ငါဒီလိုလုပ်ခဲ့လျှင်၊ ဟိုလိုလုပ်ခဲ့လျှင်" လို့ မငြီးလိုက်နှင့်။ အလ္လာဟ်အရှင်မြတ် စီရင်တော်မူတာတွေပဲဖြစ်တာ၊ အလ္လာဟ်အရှင်မြတ်ရဲ့ အလိုတော်အတိုင်းပဲ ဖြစ်တာလို့ ကြည်ကြည်ဖြူဖြူပြော၊ ဒီလိုမပြောပဲ စောဒကတက်နေလျှင် ရှိုင်တွာန်ကို အလုပ်ခန့်သလိုဖြစ်သွားမည်" လို့ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

သာသနာ့ညီနောင်များခင်ဗျား

သောင်ဝ်ဟီးဒ်တရားလက်ကိုင်ထားတဲ့ မွတ်စ်လင်မ်တယောက် အနေနှင့် အလ္လာဟ်အရှင်တစ်ဆူတစ်ပါးထဲရှိတယ်။ အဲဒီအရှင်မြတ်ကပဲ စကြဝဠာကြီးနှင့် ကမ္ဘာလောကတွေအားလုံးကို ဖန်ဆင်းတော်မူတယ်။ အလ္လာဟ်အရှင်မြတ်က မိမိရဲ့တန်ခိုးတော်နှင့် ကမ္ဘာ့စက်ယန္တယားကိုစီမံခန့်ခွဲအုပ်ချုပ် ထိန်းကွပ်တော်မူနေတယ်။ အကောင်းအဆိုးတွေ မှန်သမျှ၊ အောင်မြင်ထွန်းပေါက်မှု မှန်သမျှ၊ ဆုံးရှုံးပျက်ပြားမှု မှန်သမျှအားလုံးဟာ အလ္လာဟ်အရှင်မြတ်ရဲ့ အလိုတော်အတိုင်းပဲဖြစ်နေတယ်ဆိုတာကို စွဲစွဲမြဲမြဲ ခံယူယုံကြည်ထားတယ်၊ အဲဒီလို ယုံကြည်တဲ့သူသာ ကိုယ့်ရဲ့အရေးကိစ္စတိုင်းကို အလ္လာဟ်အရှင်မြတ်အပေါ်ယုံပုံအားထားမှာပါ။

အဲဒီလိုယုံပုံအားထားတာကိုပဲ တဝပ်ကက်ကုလ်လုပ်တာလို့ မှတ်ယူရမည်။ ကိစ္စတခုခုနှင့် ပတ်သက်ပြီး ကိုယ်လုပ်ရမည့် အပိုင်းကဏ္ဍကို ပီပီပြင်ပြင်ဖြစ်အောင် လုပ်ရမည်။ ကိစ္စအောင်မြင်ထမြောက်ဖို့အတွက်တော့ အလ္လာဟ်အရှင်မြတ်ရဲ့ အကူအညီအစောင်အမတော်ကိုသာ မက်မက်မောမောနှင့် မျှော်ကိုးတောင့်တနေရမှာကို ဆိုလိုတာပါ။

သူတော်စင်များခင်ဗျား –

အို ... လူသားအပေါင်းတို့ သင်တို့ကို အလ္လာဟ်အရှင်မြတ်က ချီးမြှင့်တော်မူထားတဲ့ စည်းစိမ်ချမ်းသာတွေကို သတိရကြ၊ မိုးကောင်းကင်နှင့် ပထဝီမြေကြီးကတဆင့်

ခွသ်တဗါ (၃၃) သောင်ဝ်ဟီးဒ်နှင့် သဝပ်က်ကုလ်

အစ္စလာမ်သာသနာတော်ဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

အစ္စလာမ်သာသနာဝင် မွတ်စ်လင်မ်တွေအတွက် အလ္လာဟ်အရှင်မြတ် တစ်ဆူ တစ်ပါးထဲဖြစ်တယ်ဆိုတဲ့ သောင်ဟီးဒ်တရားဟာ အရေးကြီးတဲ့ အဓိကမဏ္ဍိုင်ကြီးပါ။ သောင်ဝ်ဟီးဒ်တရား လက်ခံထားပြီးတဲ့နောက် အလ္လာဟ်အရှင်မြတ်ကိုပဲ ယုံကြည်စိတ်ချ အားကိုးအားထားပြုနေဖို့ လိုအပ်ပါတယ်။ လောကကြီးမှာ ဖြစ်ပျက်နေတဲ့ ကိစ္စဝိစ္စတွေဟာ ကောင်းကောင်းဆိုးဆိုး ရှုံးရှုံးမြတ်မြတ် အားလုံး အလ္လာဟ်အရှင်မြတ် စီမံခန့်ခွဲတော်မူတဲ့အတိုင်း ဖြစ်ပျက်နေတာလို့ သံသယမထားပဲ ယုံကြည်နေရမည်။

အဲဒီလိုမမှိတ်မသုံ ယုံကြည်ထားနိုင်တာကပဲ တဝပ်က်ကုလ်ဖြစ်ပါတယ်။ တဝပ်က်ကုလ်ပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်တာနှင့်အမျှ သောင်ဟီးဒ်တရားပြည့်စုံ ရင့်သန်လာမှာပါ။

အဲဒီသောင်ဟီးဒ်၊ သဝပ်က်ကုလ်နှင့် ပတ်သက်ပြီး လာရှိတဲ့အာယတ်တော်နှစ်ပါးကို ပထမဆုံးတင်ပြပါမည်။

(၁) စူရာအန်ကဗူသ်ရဲ့ အာယတ်တော် ၁၇ မှာ "အသင်တို့ အလ္လာဟ်အရှင်မြတ်ကို စွန့်ပြီး ရုပ်တုရုပ်ပွားတွေကိုပဲ ဆည်းကပ်ကိုးကွယ်ကြတယ်။ ဒီ့အပြင်သင်တို့ မုသားဝါဒကို လီဆယ်ဖန်တီးကြတယ်။ တကယ်ဆိုရင် သင်တို့ဆည်းကပ် ကိုးကွယ် အားထားနေကြတဲ့ ရုပ်တုရုပ်ပွားတွေဟာ သင်တို့ရဲ့စားနပ်ရိက္ခာကိုပိုင်ဆိုင်တဲ့သူတွေ လုံးလုံးမဟုတ်ကြဘူး။ ဒါကြောင့် သင်တို့အနေနှင့် ကိုယ့်ရဲ့စားနပ်ရိက္ခာကို အလ္လာဟ်အရှင်မြတ်ထံတော်မှာ ရှာဖွေကြ၊ အဲဒီအရှင်မြတ်တပါးတည်းကိုပဲ ခဝပ်ကိုးကွယ်ဆည်းကပ်ကြ၊ အဲဒီအရှင်မြတ်ရဲ့ ကျေးဇူးတော်ကို သိတတ်ကြ၊ သင်တို့အားလုံး အဲဒီအရှင်မြတ်ထံတော်ကိုပဲ ပြန်သွားကြရမည်" လို့ တောင်ဝ်ဟီးဒ်ကို ဖွင့်ဆိုပြတော်မူပါတယ်။

(၂) စူရာမာအိဒဟ်ရဲ့ အာယတ်တော် ၂၃မှာ "သင်တို့ တကယ်လို့သာ မုမင်န်သက်ဝင်ယုံကြည်သူတွေ ဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်အပေါ်မှာပဲ ယုံကြည်စိတ်ချ အားထားကြကုန်" လို့ မိန့်ဆိုပြီး သဝပ်က်ကုလ်ရဲ့လမ်းကြောင်းကို မီးမောင်းထိုးပြထားပါတယ်။ အခုဆက်လက်ပြီး ဟဒီးစ်တော်နှစ်ပုဒ်ကို တင်ပြပါဦးမည်။

၁။ "သင်တောင်းခံစရာရှိလျှင် အလ္လာဟ်အရှင်မြတ်ထံတော်မှာ တောင်းခံ၊ အကူအညီ အထောက်အပံ့လိုလျှင်လည်း အဲဒီအလ္လာဟ်အရှင်မြတ် ထံတော်မှာပဲ တောင်းခံ၊ လူတွေ အားလုံးဝိုင်းပြီး သင့်ကိုအကျိုးပြုလိုပေမည့် အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ပေးတော်မူထားတာထက် ပိုပြီးအကျိုးလည်း မပြုနိုင်ဘူး၊ အကျိုးလည်း မပေးနိုင်ဘူး၊ အဲဒီလိုပဲ လူတွေအားလုံးဝိုင်းပြီး သင့်ကိုအကျိုးယုတ်အောင် လုပ်ကြပေမည့်

(၃) "လောကကို ငြီးငွေ့ပြီး စကားအပြောအဆိုနည်းတဲ့ လူနှင့် သင်တွေ့ရလျှင် အဲဒီလူကို သင်ချဉ်းကပ်ထား၊ ဘာကြောင့်လည်းဆိုတော့ အဲဒီလိုလူသာ အလ္လာဟ်အရှင်မြတ်ထံတော်က ဉာဏ်အမြော်အမြင် ရရှိထားတတ်တယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူပါတယ်။

(၄) "သင်လူ့ပြည်ကို ငြီးငွေ့နေ၊ သံယောဇဉ်ဖြတ်ထား၊ အလ္လာဟ်အရှင်မြတ်က သင့်ကို ချစ်ကြည်မြတ်နိုးတော်မူလိမ့်မည်။ လူတွေမှာရှိနေတဲ့ ပစ္စည်းဥစ္စာတွေ၊ ဂုဏ်သိက္ခာတွေကို မတပ်မက်နှင့်၊ မတောင့်တနှင့်၊ မတောင်းခံနှင့်၊ အဲဒီတော့မှ လူတွေက သင့်ကို ချစ်ခင်မြတ်နိုးကြလိမ့်မည်" လို့ ဟဒီးစ်တော်တပါးမှာ လာရှိပါတယ်။

(၅) "ဒီအုမ္မသ်ရဲ့ ပထမတန်းကောင်းမြတ်မှုဟာ အီမာန်ကြံ့ခိုင်မှုနှင့် လောကီကို ငြီးငွေ့မှုဖြစ်တယ်။ စေးနဲ တွန့်တိုတာ၊ အသက်ရှည်ရှည်နေခြင်တွေဟာ အုမ္မသ်ရဲ့ပျက်စီးမှုအတွက် ပထမလှေခါးထစ်ဖြစ်တယ်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား

လူ့လောကကို ငြီးငွေ့ရမည်ဆိုတာ လူ့လောကကို စွန့်လွှတ်ဖို့ ဆိုလိုတာ မဟုတ်ပါဘူး။ လောကီရေးရာ ကိစ္စတွေကို မယုတ်မလွန်လုပ်ဆောင်တာမှာ အပြစ်မရှိပါဘူး။ အဝတ်ကြမ်းဝတ်တာ အရသာမရှိတဲ့ အစာကြမ်း စားတာဟာ လူ့လောကီကို ငြီးငွေ့ရာမရောက်ပါဘူး။ "လောကီကို ငြီးငွေ့တယ်ဆိုတာ၊ ကိုယ့်ရဲ့အလိုဆန္ဒရမ္မက်တွေ၊ အာသီသတွေကို နည်းသည်ထက်နည်းအောင် လျှော့ချထိန်းချုပ်ထားနိုင်တာကို ခေါ်တယ်" လို့ ဟဇရတ် အဗူစွဖ်ယာန်စောင်ဝ်ရီသခင်က ရှင်းပြဘူးပါတယ်။

လူ့ပြည်ရပ်ရွာမှာ ဖြစ်ပျက်ကြုံဆုံနေရတဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့ သဘောဆန္ဒတော်၊ စီရင်ချက်တော် အတိုင်းသာဖြစ်နေရတာလို့ မမိုတ်မသုံ့ယုံကြည်တတ်လျှင် စည်းစိမ်ဥစ္စာတွေကို မက်မောတွယ်တာမှာ မဟုတ်တော့ဘဲ ခြိုးခြိုးခြံခြံ နေထိုင်ကျင့်ကြံတတ်သွားမည်ဆိုတာကို ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေမှာ အသိပေးထားပါတယ်။

သူတော်စင်များခင်ဗျား

"သင်တို့သည် မိမိတို့ထံမှ လက်လွတ်သွားတဲ့ အရာနှင့်ပတ်သက်ပြီး မပူဆွေးကြနှင့်၊ မိမိတို့ကို အဲဒီအရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူထားတာနှင့် ပတ်သက်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မမော်ကြွားမိစေနှင့်။ အမှန်ဆိုရရင် အလ္လာဟ်အရှင်မြတ်က မာနထောင်လွှားတဲ့သူ၊ ဂုဏ်မောက်တဲ့သူ ဘယ်သူ့ကိုမှ နှစ်သက်တော်မူတာ မဟုတ်ဘူး" လို့ စူရာဟဒီးဒ်ရဲ့ အာယတ်တော် ၂၃ မှာ လာရှိတာကို တင်ပြရင်း ဒီနေ့ခွင့်တာဗါကို နိဂုံးချုပ်အဆုံးသတ်လိုက်ပါတယ်။

ခွဲသ်တာဗါ (၃၂) ဇုဟ်ဒ် နှင့် ဖုကရ်

အစ္စလာမ်သာသနာတော်ဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

ဒီလူ့ပြည်လောကကြီးဟာ အမြဲနေရမည့်၊ အားထားမက်မောတွယ်တာရမည့် နေရာဌာန မဟုတ်ပါဘူး။ ဒီလောကကြီးကို မခင်တွယ်၊ မမက်မောတတ်မှ လွတ်မြောက်အောင်မြင်ပြီး ဂျန္နသ်သုခဘုံကိုရောက်နိုင်မှာပါ။ ကျွန်တော်တို့အနေနှင့် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူထားသလောက်နှင့်ပဲ တင်းတိမ်ရောင့်ရဲရမှာပါ။ အဲဒီလို စိတ်ခါတ်မျိုး အမြဲအစဉ်မွေးထားပြီး ခြိုးခြိုးခြံခြံနေထိုင်မှ နောင်တမလွန် အာခိရတ်မှာ လွယ်လွယ်ကူကူနှင့် အောင်မြင်ထွန်းပေါက်မှာပါ။ ဒါကြောင့် ဇုဟ်ဒ် – လောကီစည်းစိမ်ကို မျက်နှာလွှဲထားဖို့၊ ဖုကရ်ခြိုးခြိုးခြံခြံ နေထိုင်ဖို့အစ္စလာမ့်တရားတော်က နှိုးဆော်တိုက်တွန်းထားပါတယ်။ အဲဒီကျင့်ကြံမှုနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ် ဆူရာဖဂျ်ရ်ရဲ့ အာယတ်တော် ၁၉ နှင့် ၂၀ မှာ **"အသင်တို့သည် အမွေပစ္စည်းများကိုလည်း သိမ်းကျုံး ပြီး စားသုံးလိုက်တယ်။ ဒီအပြင် အသင်တို့သည် ဥစ္စာပစ္စည်းကိုလည်း အလွန်အမင်း ချစ်ခင်နှစ်သက် စုံမက်ခုံမင်နေကြတယ် ...** လို့ သတိပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား

ကျွန်တော်တင်ပြလိုက်တဲ့ အာယတ်တော်က လူတွေဟာ ပစ္စည်းဥစ္စာတွေကို အတော်ဘဲ မက်မောတတ်ကြတယ်။ တရားတာ မတရားတာ၊ မခွဲခြား မသိမြင်ပဲ သိမ်းကျုံးအပိုင်စီးတတ်ကြတာကို အတိအလင်းထောက်ပြထားပါတယ်။ ဖုကရ်ခြိုးခြိုးခြံခြံ ကျင့်ကြံနေထိုင်တတ်လျှင် မတရားအပိုင်စီးတဲ့ အကျင့်ဆိုးတွေဝင်လာမှာ မဟုတ်ပါဘူး။ အဲဒီလိုပဲ နောင်တမလွန်အာခေရတ်အတွက် လောကီရဲ့ အရသာတွေကို စွန့်ပြီး ရိုးရိုးကျင့်သုံးနေထိုင်မည်ဆိုလျှင် ပစ္စည်းဥစ္စာတွေအပေါ် မက်မောတွယ်တာတဲ့စိတ်ရှိလာတော့မှာ မဟုတ်ပါဘူး။ အဲဒီလို ကျင့်ကြံနေထိုင်တတ်ဖို့နှင့် ပတ်သက်ပြီး လာရှိတဲ့ ဟဒီးစ် တော်တချို့ကို တင်ပြပါဦးမည်။

(၁) "မရှိဆင်းရဲသားတွေက ချမ်းသာကြွယ်ဝတဲ့သူတွေထက် (နေ့ဝက်) နှစ်ပေါင်းငါးရာစောပြီး ဂျန္နတ်ကို ဝင်ရောက်ကြရမည်" လို့ တမန်တော်မြတ် ﷺ က သတင်းပေးတော်မူထားပါတယ်။ (နေ့ဝက်ဆိုတာ နောင်တမလွန်အာခိရတ်ရဲ့ နေ့ဝက်ကို ဆိုလိုတာပါ။ နောင်တမလွန် အာခေရတ်ရဲ့ တစ်နေ့ဟာ လောကီရဲ့ နှစ်ပေါင်း ၁၀၀၀ နှင့် ညီမျှလို့ နေ့တဝက်ဟာ နှစ်ငါးရာနှင့် ညီမျှတာပါ)

(၂) "သင်တို့အထဲက အားနည်းတဲ့ သူတွေထဲမှာ ငါ့ကိုရှာကြ၊ အဲဒီအားနည်းတဲ့သူတွေကို အကြောင်းခံပြီး သင်တို့ ရိဇ္ဇိရိက္ခာရနေကြတာ၊ ကူညီထောက်ပံ့မှုရနေကြတာ" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။ (အားနည်းသူဆိုတာ မရှိဆင်းရဲသားတွေကို ဆိုလိုတာဖြစ်ပါတယ်)

တယ်" လို့ ဖြေကြားရှာပါတယ်။ အဲဒီတော့ မြတ်နဗီ ﷺ က "အခုလိုအချိန် အခါမျိုးမှာ လူသားရဲ့ နှလုံးသားမှာ မျှော်လင့်ချက်မက်နှင့် စိုးရိမ်ကြောက်ရွံ့စိတ်ရောထွေးနေလျှင် အလ္လာဟ်အရှင်မြတ်က အဲဒီ လူ မျှော်ကိုးတောင့်တတာကို ဆက်ဆက်ချီးမြှင့်တော်မူပြီး၊ အဲဒီလူကြောက်ရွံ့နေတာကို ဖယ်ရှားပေးတော်မူမည်" လို့ ကောင်းချီးသတင်းပေးတော် မူပါတယ်။

(၃) တစ်နေ့လူတစ်ယောက်က "အလ္လာဟ်အရှင်မြတ်ရဲ့ ကစမ် ဘယ်သူဘယ်ဝါကိုတော့ အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမှာ မဟုတ်ဘူး" လို့ ပြောတော့ အလ္လာဟ်အရှင်မြတ်က **"ငါ့ကိုတိုင်တယ် ကစမ်စားပြီး ငါကဘယ်သူဘယ်ဝါကို လွတ်ငြိမ်း ချမ်းသာခွင့်ပေးတော်မူမှာ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ ငါအရှင်မြတ်က သင့်ရဲ့ အမလ်အိဗာဒသ်တွေကို ပယ်ဖျက်လိုက်ပြီး၊ အဲဒီသူကို လွတ်ငြိမ်းချမ်းသာခွင့်ပေး တော်မူလိုက်ပြီ"** လို့ စီရင်ချက်ချမှတ်တော်မူလိုက်တဲ့အကြောင်း ဟဒီးစ်တော်တစ်ပါးမှာ ဆင့်ပြန်ထားပါတယ်။

လူကြီးမင်းများခင်ဗျား –

လူ့ပြည်လောကမှာနေရတုန်း အလ္လာဟ်အရှင်မြတ်ကိုပဲ အမြဲကြောက်ရွံ့နေရမည်၊ အဲဒီလိုကြောက်နေမှ မကောင်းမှုဒုစရိုက်လုပ်ငန်းတွေကို ရှောင်ကွင်းနိုင်လိမ့်မည်။ အဲဒီ လိုနေထိုင်လျက်သားနှင့် "မတော်တဆ ချွတ်ယွင်းပြစ်မှားမိမည်၊ စည်းကမ်းဖောက်ဖျက်မိ မည်ဆိုလျှင်တောင် အရှင်မြတ်ရဲ့ ရဟ်မသ်၊ ကရုဏာတော်က ခွင့်လွှတ်ချမ်းသာမှုပေး တော်မူမည်" လို့ပဲ မျှော်ကိုးမက်ထားနေရမှာပါ။ အလ္လာဟ်အရှင်မြတ်ဟာ အလွန်တရာ ကြီးမားတဲ့ ကရုဏာတော်နှင့် အကြိမ်ကြိမ်အခါခါ ခွင့်လွှတ်တော်မူတဲ့ အရှင်ဖြစ်တယ် ဆိုတာကို မမိုတ်မသုံ ယုံကြည်အားထားနေရမှာပါ။

သူတော်စင်များခင်ဗျား –

အို နဗီတမန်တော် သင်သည်ငါအရှင်မြတ်ရဲ့ကျွန်များကို ဧကန်မလွဲ ငါအရှင်မြတ် ကပဲ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူတဲ့အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူတဲ့ အရှင်ဖြစ်တဲ့အကြောင်း ပြောကြားလိုက်ပါ။ ဒီ့အပြင် ငါအရှင်မြတ်ရဲ့ ပြစ်ဒဏ်ကလည်း ဧကန်မလွဲ အလွန်ပဲပြင်းထန်တဲ့ ပြစ်ဒဏ်ဖြစ် တဲ့အကြောင်းကို အသင်ပြောကြားလိုက်ပါလို့ လာရှိတဲ့ ဆူရာဟိဂျ်ရဲ့ အာယတ်တော် ၄၉ နှင့် ၅၀ ကို တင်ပြရင်း ဒီနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

❧❧❧❧

(၁) စူရာဗနီအစ္စရာအီလ်ရဲ့ အာယတ်တော် ၅၇ အဆုံးမှာ "ဒီအပြင်အဲဒီသူတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတော်ကိုလည်း မျှော်လင့်နေကြသလို အဲဒီအရှင်မြတ်ရဲ့ ဒဏ်ခပ်မှုကိုလည်း ကြောက်ရွံ့နေတတ်ကြတယ်" လို့လာရှိပါတယ်။

(၂) စူရာစဂ္ဂဒဟ်ရဲ့ အာယတ်တော် ၁၆ မှာ "အဲဒီသူတွေဟာ မိမိတို့ရဲ့ အရှင်မြတ်ကို ကြောက်ရွံ့ရင်း၊ မျှော်လင့်ရင်း တမ်းတဟစ်ခေါ် တသကြတယ်" လို့ လာရှိပါတယ်။

(၃) စူရာအာ့ရားဖ်ရဲ့ အာယတ်တော် ၅၆ မှာ " သင်တို့ အဲဒီအရှင်မြတ်ကို ကြောက်ရွံ့ပြီး မျှော်လင့်ချက်ထားပြီး သတိရတမ်းတကြ" လို့ မိန့်တော်မူထားပါတယ်။

(၄) စူရာအမ်ဗိယာရဲ့ အာယတ်တော် ၉၀ မှာ " အမှန်တကယ်ပဲ အဲဒီနဗီတမန်တော်တွေဟာ ကောင်းမှုကုသိုလ်တွေကို မြန်မြန်ဆန်ဆန် ပြုလုပ်တတ်တဲ့သူတွေ ဖြစ်ကြတယ်။ ငါအရှင်မြတ်ကို စိတ်ပါဝင်စားရင်း၊ ကြောက်ရွံ့ရင်း တမ်းတကြတယ်။ သူတို့ဟာ ငါအရှင်မြတ်ကို ကျိုးနွံကြတဲ့သူတွေလည်း ဖြစ်ကြတယ်" လို့ အသိပေးတော်မူထားပါတယ်။

(၅) စူရာရအဒ်ရဲ့ အာယတ်တော် ၆ မှာ "သင့်ကို ဖန်ဆင်းမွေးမြူတော်မူတဲ့ အရှင်မြတ်ဟာ လူတွေနှင့် ပတ်သက်လျှင် သူတို့ဟာ မတရားမှု ကျူးလွန်တဲ့သူတွေပဲ ဖြစ်ဖြစ် လွတ်ငြိမ်း ချမ်းသာခွင့်ပေးတော်မူတဲ့ အရှင်မြတ်ဖြစ်တော်မူတယ်။ ဒီအပြင် သင့်ကို ဖန်ဆင်းမွေးမြူတော်မူတဲ့အရှင်မြတ်ဟာ ပြင်းပြင်းထန်ထန် အပြစ်ပေးတော်မူတဲ့အရှင်မြတ်လည်း အမှန်ပဲဖြစ်တော်မူတယ်" လို့လည်း သတိပေးတော်မူထားပါတယ်။

မွတ်စ်လင်မ်ညီနောင်များခင်ဗျား –

ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ အာယတ်တော်တွေကိုတင်ပြပြီးတဲ့နောက် အခု တမန်တော်မြတ် ﷺ ရဲ့ ဟဒီးစ်တော်တချို့ တင်ပြပါဦးမည်။

(၁) "တကယ်လို့သာ မုမင်န်အနေနှင့် အလ္လာဟ်အရှင်မြတ် စီရင်တော်မူမည့် ပြစ်ဒဏ်ကို သိလိုက်ရလျှင် ဘယ်မုမင်န်မှ အရှင်မြတ်ရဲ့ ဂျန္နသ်သုခဘုံကို မျှော်ကိုးနိုင်ကြမှာမဟုတ်ဘူး။ အဲဒီလိုပဲ ကာဖစ်ရ်အနေနှင့် အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မသ်တော်ကို သိလိုက်ရလျှင် ဘယ်ကာဖစ်ရ်ကမှ အရှင်မြတ်ပေးတော်မူမည့် ဂျန္နသ်အတွက် မျှော်လင့်ချက်ကင်းမဲ့တော့မှာ မဟုတ်ဘူး" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၂) စကရားတ်ဖြစ်နေတဲ့ လူငယ်တစ်ယောက်ဆီကို ရောက်တော်မူသွားတဲ့ တမန်တော်မြတ် ﷺ က လူငယ်ကို "မင်းရဲ့စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲ" လို့ မေးတော်မူတော့ လူငယ်က "ယာရစူလလ္လာဟ် .... ကျွန်တော်အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မသ်တော်ကို မျှော်ကိုးမက်ထားပါတယ်။ ကျွန်တော်ပြုလုပ် ကျူးလွန်ထားတဲ့ ပြစ်မှုဂုနာတွေအတွက် အလ္လာဟ်အရှင်မြတ် စီရင်တော်မူမည့် ပြစ်ဒဏ်အတွက်လည်း စိုးရိမ်ကြောက်ရွံ့နေပါ

အဲဒီထူးကဲတဲ့အဆင့်အတန်းကို မရောက်နိုင်လျှင် အလ္လာဟ်အရှင်မြတ်က အဲဒီသူရဲ့ ခန္ဓာ ကိုယ်မှာ ဒါမှမဟုတ်၊ သူ့ရဲ့ပစ္စည်းဥစ္စာမှာ၊ ဒါမှမဟုတ်လျှင်လည်း သူ့ရဲ့သား၊ သူ့ရဲ့သမီးမှာ နစ်နာမှု၊ ဒါမှမဟုတ် ချွတ်ယွင်းမှုဖြစ်စေတော်မူပြီး သူ့ကိုစမ်းသပ်တော်မူတယ်။ အဲဒီလိုစမ်းသပ်တော်မူတဲ့အခါမှာလည်း သူ့ကိုသည်းခံနိုင်တဲ့ဆွဗရ်ကို ချီးမြှင့်တော်မူထားသေးတယ်။ အဲဒီသည်းခံနိုင်လိုက်မှုကို ရိုးမယ်ဖွဲ့ပြီး အလ္လာဟ်အရှင်မြတ်က ဆုံးဖြတ်သတ်မှတ်တော်မူပြီးဖြစ်တဲ့ ထူးကဲတဲ့အဆင့်အတန်းကို အဲဒီသူကိုရောက်စေတော်မူတယ်" လို့ ထူးခြားလှတဲ့ ဟဒီးစ်တော်တပါးကို ဆင့်ပြန်ထားတာတွေ့ရပါတယ်။

သူတော်စင်များခင်ဗျား

ဆွဗရ်နဲ့ ရှုကုရ်ဟာ မွတ်စ်လင်မ်တို့ရဲ့ ထူးမြတ်လှတဲ့ ဂုဏ်ရည်နှစ်ပါးဖြစ်တယ်ဆိုတာ ကျွန်တော်တင်ပြခဲ့တဲ့ ကုရ်အာန်ကျမ်းတော်ရဲ့ အာယတ်တော်တွေနှင့် ဟဒီးစ်တော်တွေက မီးမောင်းထိုးပြထားပါပြီ။

သူတော်စင်များခင်ဗျား

"အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်နှင့် သမုဒ္ဒယာ ပင်လယ်ပြင်ပေါ်မှာ ရွက်သင်္ဘောတွေ သွားလာလှုပ်ရှားနေကြတာဟာ အဲဒီအရှင်မြတ်က သင်တို့ကို မိမိ၏ သက်သေသာဓကတချို့ကို ပြသတော်မူဖို့ ဖြစ်တယ်ဆိုတာ အသင်တို့ မမြင်မသိကြသေးဘူးလား။ တကယ်ပဲ ကျေးဇူးသိတတ်တဲ့ ခန္တီတရားထားရှိတဲ့သူတိုင်း အတွက် သက်သေသာဓကတွေ ရှိကိုရှိနေတယ်" လို့ လာရှိတဲ့ စူရာလုကမာန်ရဲ့ အာယတ်တော် ၃၁ ကို တင်ပြရင်း ဒီကနေ့ ခွန်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွန်တာဗါ (၃၁) ကြောက်ရွံ့မှုနှင့်မျှော်ကိုးတောင့်တမှု

အလ္လာဟ်အရှင်မြတ်ကိုပဲ ကြောက်ရွံ့တာ၊ အလ္လာဟ်အရှင်မြတ်ရဲ့ထံတော်ကပဲ မျှော်ကိုးတောင့်တတာဟာ အစ္စလာမ်သာသနာတော်ရဲ့ ဂုဏ်ရည်နှစ်ဖြာ ဖြစ်ပါတယ်။

အဲဒီဂုဏ်ရည်နှစ်ဖြာနှင့် ကိုက်ကိုက်ညီညီ ကျင့်ဆောင်နေထိုင်နိုင်တဲ့ သူဟာ အတော်ပဲထူးမြတ်လှတဲ့ ဘုံပြဿဒ်မှာ ထာဝစဉ်စံစားရမှာပါ။ ဥပမာနှင့် တင်စားပြရမည်ဆိုရင် ကြောက်ရွံ့မှုနှင့် မျှော်ကိုးတောင့်တမှုဟာ ခရီးယာဉ်နှစ်စင်းနှင့် တူပါတယ်၊ ကွယ်လွန်ခါနီးကနေစပြီး ထာဝရဘုံရောက်တဲ့အထိ ဖြတ်သန်းရမည့် ခရီးကြမ်းကို အဲဒီခရီးယာဉ်တွေက လွယ်လွယ်ကူကူ ချောချောမောမောနှင့် ပို့ပေးမှာပါ။ အဲဒီခရီးယာဉ်နှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ အာယတ်တော်တချို့ကို တင်ပြလိုပါတယ်။

(ခ) စူရာအာလိအင်မ်ရာန်ရဲ့ အာယတ်တော် ၁၄၄ မှာ --- အလ္လာဟ်အရှင်မြတ်က မိမိရဲ့ ကျေးဇူးတော်တွေကို သိတတ်ကြတဲ့ (ရှုကုရ်လုပ်ကြတဲ့) သူတွေကို မကြာခင်မှာပဲ အကျိုးကျေးဇူးတွေ ပေးသနားတော်မူမည်လို့လည်း လာရှိပါတယ်။

(ဂ) စူရာအန်ဖားလ်ရဲ့ အာယတ်တော် ၄၆ မှာ --- "အသင်တို့သည်းခံကြ၊ အလ္လာဟ်အရှင်မြတ်ဟာ သည်းခံတဲ့သူတွေနှင့်အတူတူ အမှန်တကယ်ရှိနေတော်မူတယ်" လို့ လာရှိပါတယ်။

(ဃ)စူရာဘကရာရဲ့ အာယတ်တော် ၁၅၂ မှာ --- "သင်တို့ ငါအရှင်မြတ်ရဲ့ ကျေးဇူးတော်ကိုသိကြ၊ သင်တို့ငါအရှင်မြတ်ကို ကျေးဇူးမကန်းကြနှင့်" လို့လည်း လာရှိထားပါတယ်။

ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ အာယတ်တော်များကို တင်ပြပြီးပါပြီ။ အခုဆက်ပြီး ဟဒီးစ်တော်တချို့ကို တင်ပြပါဦးမည်။

(၁) "ကောင်းရာကောင်းကျိုးခံစားရလျှင် အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြု ကျေးဇူးတင်ရှုကုရ်လုပ်ပြီး၊ ဘေးဒုက္ခတွေ့တဲ့အခါမှာလည်း အလ္လာဟ်အရှင်မြတ်ကိုပဲ ချီးမွမ်းထောမနာမှု ဆက်သပြီး ဆွဗရ်လုပ်တဲ့ မုမင်န်ဟာ အတော်ပဲ အံ့သြစရာကောင်းတယ်၊ မုမင်န်မှန်လျှင် အရေးကိစ္စတိုင်းမှာ ကုသိုလ်အကျိုးစဝါးဗ်ရနေတယ်၊ ကိုယ့်ဇနီးသည်ရဲ့ ပါးစပ်ထဲ ခွံ့ပေးတဲ့ ထမင်းတလုပ်အတွက်လည်း အကျိုးစဝါးဗ်ရတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၂) အလ္လာဟ်အရှင်မြတ်က ဟဇရတ်အီဆာ عليه السلام ကို "အို ... အီစာ ..... ငါအရှင်ဟာ သင့်ရဲ့နောက် အွမ္မသ်တစ်ခုကိုစေလွှတ်တော်မူမည်။ သူတို့တွေဟာ သူတို့ကြိုက်နှစ်သက်တာကို တွေ့ကြုံရတဲ့အခါမှာ ငါအရှင်မြတ်ကိုချီးမွမ်းထောမနာပြုကြမည်၊ သူတို့ မကြိုက်မနှစ်သက်တာကို တွေ့ကြုံရလျှင်လည်း ကုသိုလ်အကျိုးမျှော်ကိုးပြီး သည်းခံကြလိမ့်မည်၊ ဒါပေမဲ့ သူတို့မှာခံနိုင်တဲ့ သတ္တိလည်းမရှိဘူး၊ အသိတရားဆိုတာလည်း မရှိကြဘူး" လို့ မိန့်ကြားတော်မူတော့ ဟဇရတ်အီစာ عليه السلام က "ခံနိုင်ရည်လည်းမရှိ၊ အသိတရားလည်း မရှိတဲ့သူတို့တတွေဟာ ဘယ်လိုနည်းနှင့် ရပ်တည်နိုင်ကြပါမလဲ" လို့ မေးလျှောက်တဲ့အခါ အလ္လာဟ်အရှင်မြတ်က သူတို့ကို ငါအရှင်မြတ်ရဲ့ ထံတော်က ခံနိုင်ရည်နှင့် အသိတရားချီးမြှင့်တော်မူမည်" လို့ ပြန်လည်ဖြေကြားတော်မူတဲ့ အကြောင်း ဟဒီးစ်တော်တပါးမှာ တွေ့ရပါတယ်။

(၃) "စားသောက်ပြီး ရှုကုရ်လုပ်တဲ့သူဟာ သည်းခံပြီး ရိုဇာထားတဲ့သူနှင့် အဆင့်အတန်း အတူတူပဲ" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၄) အလ္လာဟ်အရှင်မြတ်က တစ်ယောက်ယောက်ကို ထူးကဲတဲ့အဆင့်အတန်း တစ်ခုခု ချီးမြှင့်ဖို့ ဆုံးဖြတ်ထားတော်မူလျက်သားနှင့် အဲဒီသူဟာ သူ့ရဲ့အမလ်ကျင့်ဆောင်မှုနှင့်

F.9.B

တွေဟာ သူမှန်သူမြတ်တွေဖြစ်တယ်။ (၃) အသက်မငင်ခင်အလျှင် သောင်ဝ်ဗဟ်လုပ်ခွင့်ရှိတယ်။ (၄) သောင်ဝ်ဗဟ်လုပ်လိုက်တဲ့သူဟာ အပြစ်ငရဲက လုံးဝလွတ်ကင်းသွားတယ်။ (၅) တခြားသူကို ကျူးလွန်စော်ကားထားလျှင် ကိုယ်မသေခင် ကာယကံရှင် ကျေနပ်ခွင့်လွှတ်အောင် တောင်းပန်ပြီးသားဖြစ်ရမည်။ ဒီလိုမဟုတ်ပဲ သေသွားရလျှင် နောင်တမလွန်အာခိရတ်မှာ ကာယကံရှင်ကို ကိုယ့်ရဲ့ကုသိုလ်ကောင်းမှုထဲက သူကျေနပ်သလောက် ပေးဆပ်ဖြေရှင်းရမည်။ ကိုယ့်မှာကုသိုလ်ကောင်းမှုမရှိလျှင် ကာယကံရှင်ရဲ့အကုသိုလ်မကောင်းမှုကို လွှဲယူပြီး ဂျဟန္နမ်မှာ သွားခံရမည်ဆိုတာတွေကို သိရပါပြီ။

သူတော်စင်များခင်ဗျား

"ဘယ်သူပဲမဆို ကိုယ်ကျူးလွန်မိတဲ့ ပြစ်မှုအတွက် သတိသံဝေဂ–နောင်တ တရားရရှိပြီး အလ္လာဟ်အရှင်မြတ်ထံတော်မှာ ဝန်ချတောင်းပန်ရင်း ကိုယ့်ကိုကိုယ် ပြုပြင်ခဲ့လျှင်ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်က အဲဒီလူဘက်ကို ကရုဏာတော်နှင့် ပြန်လှည့်တော်မူမည်၊ အလ္လာဟ်အရှင်မြတ်ဟာ စင်စစ်ဧကန် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူတဲ့အရှင်၊ အလွန်တရာသနားကြင်နာ ညှာတာတော်မူတဲ့အရှင်မြတ်ဖြစ်တော်မူတယ်" လို့ စူရာမာအိဒဟ်မှာ လာရှိတဲ့ အာယတ်တော် ၃၉ ကို တင်ပြရင်းဒီနေ့ ခွဲဆိုပါကို အဆုံးသတ်လိုက်ပါတယ်။

ခွဲဆိုပါ (၃၀) ဆွဗရ်နှင့် ရှုကုရ်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား

မွတ်စ်လင်မ်တွေအတွက် ဆွဗရ်နှင့် ရှုကုရ်ဟာ အလွန်အင်မတန်အရေးကြီးတဲ့လက်ကိုင်ထားရမည့်တရားနှစ်ပါးဖြစ်ပါတယ်။ "အီမာန်မှာ နှစ်ပိုင်းရှိတယ်၊ တစ်ပိုင်းကဆွဗရ်ဖြစ်ပြီး တစ်ပိုင်းက ရှုကုရ်ဖြစ်တယ်" လို့ ဟဒီးစ်တော်တပုဒ်မှာလာရှိပါတယ်။ အဲဒီတရားနှစ်ပါးကို ဂရုစိုက်ထွေးပိုက်ထားနိုင်ဖို့ အဲဒီတရားနှစ်ပါးရဲ့ ထူးမြတ်ပြီးအကျိုးပေးများတာကို ကောင်းကောင်းသဘောပေါက်နားလည်အောင် လေ့လာမှတ်သားထားနိုင်မှ အဲဒီတရားနှစ်ပါးကို မြဲမြဲစွဲစွဲ ကျင့်ဆောင်နိုင်မှာပါ။ အဲဒီတရားနှစ်ပါးနှင့်ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ အာယတ်တော်တချို့ကို ပထမတင်ပြပါမယ်။

(က) စူရာဇုမုရ်ရဲ့ အာယတ်တော် ၁၀ မှာ ဆွဗရ် စွဲမြဲကြံ့ခိုင်တဲ့ သူတို့သာ ဆွဗရ်ရဲ့အကျိုးကို **မရေမတွက်နိုင်လောက်အောင် ပေးအပ်ခြင်းခံကြရမည်** –– လို့ လာရှိပါတယ်။

လူကြီးမင်းများခင်ဗျား –

အခုကျွန်တော်တင်ပြလိုက်တဲ့ အာယတ်တော်တွေနှင့်ပဲ တောင်ဝ်ဗဟ်ရဲ့ ထူးမြတ်မှုတွေကို ပီပီပြင်ပြင် သိနိုင်ပါတယ်။ အခုတောင်ဝ်ဗဟ်နဲ့ ပတ်သက်ပြီး ဆိုမိန့်ထားတဲ့ ဟဒီးစ်တော်တချို့ကို ဆက်လက်တင်ပြပါမည်။

(၁) "ဧကန်မလွဲ လူသားဟာ ကိုယ့်ရဲ့အပြစ်ကို ကိုယ်ဝန်ခံပြီး အလ္လာဟ်အရှင်မြတ်ထံတော်မှာ တောင်းပန်မည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်က သူတောင်းပန်တာကို လက်ခံတော်မူပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူတယ်" လို့ ဟဒီးစ်တော်မှာလာရှိပါတယ်။

(၂) "လူတွေဟာ ပြစ်မှုဂုနာကျူးလွန်တတ်ကြတယ်၊ အဲဒီလိုပြစ်မှုဂုနာဟ် ကျူးလွန်သူတွေထဲမှာ မွန်မြတ်တဲ့သူတွေကတော့ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံတောင်းပန်တဲ့သူတွေပဲ ဖြစ်တယ်" လို့ တမန်တော်မြတ် ﷺ က သတင်းပေးတော်မူထားပါတယ်။

(၃) "အသက်မငင်ခင်အလျှင် ဝန်ချတောင်းပန်သူရဲ့ ဝန်ချတောင်းပန်မှုကို အလ္လာဟ်အရှင်က လက်ခံအတည်ပြုတော်မူတယ်" လို့လည်း တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၄) "နောင်တ,ရတယ်ဆိုတာ ဝန်ချတောင်းပန်တာပဲ ဖြစ်တယ်၊ အပြစ်ကျူးလွန်မိလိုက်တာကို ဝန်ချတောင်းပန်တဲ့သူဟာ အပြစ်မကျူးလွန်သလို (အပြစ်တွေသန့်ရှင်းစင်ကြယ်နေတဲ့သူ) ဖြစ်သွားတယ်" လို့ ဟဇရတ်အဗ်ဒွလ္လာဟ်အစ်ဗ်နုမတ်စ်အူးဒ် ﷺ က ရှင်းပြထားပါတယ်။

(၅) "ဘယ်သူဘဲဖြစ်ဖြစ် သူ့ဆီက တစ်ယောက်ယောက်က ဂုဏ်သိက္ခာနှင့် ပတ်သက်လို့ဖြစ်ဖြစ်၊ အကြောင်းကိစ္စနှင့် ပတ်သက်လို့ဖြစ်ဖြစ်၊ စွဲချက်၊ ဒါမှမဟုတ် တောင်းဆိုမှုတစ်ခုခုရှိနေလျှင် သူ့အနေနှင့် ပိုက်ဆံကြေးငွေ ပစ္စည်းဥစ္စာလုံးလုံးမရှိတော့မည့်နေ့ မတိုင်ခင်ပြေလည်အောင် ဖြေရှင်းပေးဆပ်လိုက်ရမည်၊ ဒါမှမဟုတ် ကာယကံရှင်ကို တောင်းပန်ပြီး ကျေလည်အောင်လုပ်ထားရမည်၊ အဲဒီနေ့မှာ သူတပါးကစွဲချက်တင်လာမည်၊ တောင်းခံလာမည်ဆိုလျှင် ကိုယ့်မှာရှိတဲ့ ကုသိုလ်ကောင်းမှုထဲက ကောင်းမှုတွေနှင့် အဲဒီလူကို ပြေလည်အောင်ပေးဆပ်ရလိမ့်မည်၊ တကယ်လို့ ကိုယ့်မှာ ကုသိုလ်ကောင်းမှုမရှိလို့ မပေးဆပ်၊ မဖြေရှင်းနိုင်လျှင် အရေးဆိုလာတဲ့ ကာယကံရှင်ရဲ့ ပြစ်မှုဂုနာတွေကို လွှဲယူ စေတော်မူမည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား –

ကျွန်တော်တင်ပြခဲ့တဲ့ ပထမဟဒီးစ်တော်အရ (၁) တောင်ဝ်ဗဟ်လုပ် ဝန်ချတောင်းပန်တဲ့ သူတိုင်းဟာ အလ္လာဟ်အရှင်မြတ်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ရပြီး ဂျန္နသ်သုခဘုံထဲကို မြန်မြန်ဆန်ဆန်ဝင်ရမည်။ (၂) ကိုယ့်ရဲ့အပြစ်ကို ဝန်ခံတောင်းပန်တဲ့သူ

ခွဲသ်တဖါ (၂၉) တောင်ဝ်ဗဟ်၏ထူးမြတ်မှုနှင့် အရေးကြီးလိုအပ်မှု

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

အကုသိုလ်ဒုစရိုက်မှု တစ်ခုခု ပြုလုပ်ကျူးလွန်မိတိုင်း နောင်တရပြီး အလ္လာဟ်အရှင်မြတ်ထံတော်မှာ ဝန်ချတောင်းပန် တောင်ဝ်ဗဟ်လုပ်ဖို့ ဝါဂျစ်ဗ် တာဝန်ထိုက်ပါတယ်။ ကိုယ်ကျူးလွန်မိတဲ့ ဂုနာပြစ်မှုအတွက် အလ္လာဟ်အရှင်မြတ်ထံတော်မှာ ဝန်ချတောင်းပန် တောင်ဝ်ဗဟ်လုပ်တာဟာ သူမွန်သူမြတ်တွေရဲ့ အဓိကကျင့်စဉ်တစ်ခုဖြစ်ပါတယ်။ ကောင်းမှုဒုစရိုက်တွေ လုပ်ဆောင် အောင်မြင်လွတ်မြောက်စေဖို့အတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ထားတဲ့ ကျေးဇူးတော်လည်းဖြစ်ပါတယ်။ မြတ်နဗီ ﷺ ရဲ့ ဟဒီးစ်ကော်တွေမှာလည်း *တောင်းခံတဲ့ဒုအာတွေ ကဗူလ်ဖြစ်ဖို့ ပထမဦးဆုံး ကိုယ်ကျူးလွန်မိတဲ့ အပြစ်တွေအတွက် ဝန်ချတောင်းပန် တောင်ဝ်ဗဟ်လုပ်လိုက်ဖို့ လိုအပ်တယ်၊ အရေးကြီးတယ်လို့* အတိအလင်း လမ်းညွှန်တော်မူထားပါတယ်။

တောင်ဝ်ဗဟ် ... အမှား ဝန်ခံတောင်းပန်တာနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းကော်မြတ်ရဲ့ စူရာဘာကရာအာယတ်တော် ၁၃၅ မှာ “အဲဒီသူတော်စင်တွေဟာ ညစ်ညမ်းတဲ့ ကိစ္စတခုခုကို လုပ်မိကြတဲ့အခါမှာ ဒါမှမဟုတ် ကိုယ့်ကိုကိုယ်နှိပ်စက်ညှင်းပမ်းမိတဲ့အခါမှာ ချက်ခြင်းပဲ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရကြကယ်၊ အဲဒီနောက် ကိုယ့်ရဲ့အပြစ်တွေကို ချမ်းသာပေးဖို့ အလ္လာဟ်အရှင်မြတ်ထံတော်မှာ တောင်းပန်အသနားခံကြတယ်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ကလွဲလို့ အပြစ်တွေကို ချမ်းသာခွင့်လွှတ်နိုင်တဲ့သူ ဘယ်သူရှိသေးသလဲ၊ သူတို့ဟာ ပြုလုပ်ကျူးလွန်မိကြတဲ့ ပြစ်မှုဒုစရိုက်တွေကို လက်မလျှော့ပဲ လုပ်နေကြတာလဲ မဟုတ်ဘူး” လို့ လာရှိပါတယ်။

အဲဒီအာယတ်တော် ၁၃၅ နှင့် တဆက်ထဲတွဲနေတဲ့ အာယတ်တော် ၁၃၆ မှာ –

“အဲဒီသူတော်စင်တွေရဲ့ အကျိုးကတော့ —— အဲဒီသူတော်စင်တွေကို ဖန်ဆင်းမွေးမြူပြုစုပျိုးထောင် စောင့်ရှောက်ထိန်းသိမ်းထားတော်မူတဲ့ အလ္လာဟ်အရှင်မြတ်ထံတော်က အပြစ် မှ ချမ်းသာပေးမှုနှင့် ဥယျာဉ်တော်တွေ ရစေမှုတွေပဲဖြစ်တယ်၊ အဲဒီဥယျာဉ်တွေရဲ့အောက်မှာ စမ်းရေချောင်းတွေ စီးဆင်းနေတယ်၊ အဲဒီသူတော်စင်တွေဟာ အဲဒီဥယျာဉ်တွေထဲမှာ အစဉ်ထာဝရ နေထိုင်စံမြန်းကြရမည်၊ တကယ်ဆိုတော့ ကောင်းမှုလုပ်ထားတဲ့ သူတို့ရဲ့အကျိုးဟာ အတော့်ကိုပဲ ကောင်းမြတ်လှတယ်” လို့ တောင်ဝ်ဗဟ်လုပ်တဲ့ လူတွေ နောင်တမလွန်အာခိရတ်မှာ ဘယ်နည်းဘယ်ပုံကောင်းစားကြမည်ဆိုတာကို သတင်းပေးတော်မူထားပါတယ်။

(၂) "သင်တို့အထဲက ဘယ်သူဘယ်ဝါရဲ့ သဘောဆန္ဒပဲဖြစ်ဖြစ်၊ အဲဒီသဘောဆန္ဒဟာ ကိုယ့်ကိုကိုယ်လှည့်စားတာဖြစ်နေသမျှ၊ ငါဆောင်ယူလာတဲ့အစ္စလာမ်သာသနာတော်ရဲ့ စည်းမျဉ်းစည်းကမ်းဘောင်ထဲက မဖြစ်သမျှ ကာလပတ်လုံး အဲဒီသူဟာ မုမင်န်မဖြစ်နိုင်ဘူး" လို့လည်း တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၃) "ခွေးတွေရဲ့အကြောတိုင်းမှာ ရူးသွပ်ပိုးဝင်နေသလို ငါ့ရဲ့အုမ္မသ်ထဲက တချို့သူတွေရဲ့ အကြောတိုင်းမှာ ရမ္မက်အလိုဆိုတဲ့ လှည့်စားတဲ့ပိုးတွေ ကိန်းဝပ်နေလိမ့်မည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူပါတယ်။

(၄) "သင်တို့ထဲက ဘယ်သူဘဲ ဖြစ်ဖြစ် ကုရ်အာန်ကျမ်းတော်မြတ်ကို ကိုယ့်အထင်ကိုယ့်အမြင် ကိုယ့်ယူဆချက်နှင့် အဓိပ္ပါယ်ဖွင့်ဆိုတဲ့သူဟာ (လှည့်စားရာရောက်လို့) ဂျဟန္နမ်ငရဲဘုံကို ကိုယ်သွားရောက်နေရမဲ့ နေရာဌာနလို့ မှတ်ယူတော့" လို့ မြတ်နဗီ ﷺ က ပွင့်ပွင့်လင်းလင်းဘဲ သတိပေးတော်မူထားပါတယ်။

(၅) အဆိုးဝါးဆုံးဟာ ဗစ်ဒ်အသ် (သာသနာရေးမှာ အသစ်အဆန်းတီထွင်တာ) ဖြစ်တယ်။ သာသနာရေးမှာ အသစ်အဆန်းတီထွင်တာမှန်သမျှ အားလုံးလှည့်စားမှုသက်သက်ဖြစ်လို့ မှားတယ်" လို့ မြတ်နဗီ ﷺ က ထောက်ပြတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား -

ကိုယ့်ရဲ့စိတ်သဘော၊ စိတ်အကြိုက်လိုက်ပြီး တရားတော်ရဲ့ စည်းမျဉ်းစည်းကမ်းကနေ သွေဖည်တိမ်းစောင်းသွားတာ၊ ရှိုင်တွာန်မိစ္ဆာကောင်ဆွဲဆောင်လို့ တရားတော်နှင့်ဆန့်ကျင်တဲ့ အလုပ်တွေလုပ်တာဟာ လှည့်စားခံရတာလို့ တိုတိုပဲ မှတ်ထားပါ။

ကျွန်တော်တင်ပြခဲ့တဲ့ အာယတ်တွေနဲ့ ဟဒီးစ်တော်တွေကို ဂဃနဏ လေ့လာရင် လှည့်စားတာ၊ လှည့်စားခံရတာဟာ ဘယ်လောက်အထိ ဆိုးရွားသလဲဆိုတဲ့အကြောင်း ကောင်းကောင်းသိကြမှာပါ။

သူတော်စင်များခင်ဗျား -

"အဲဒီလူတွေဟာ ရော်ရမ်းမှန်းဆတဲ့ ထင်မြင်ချက်နှင့် ကိုယ့်ရဲ့စိတ်အလိုဆန္ဒကိုပဲ လိုက်နာနေကြတယ်၊ အမှန်ဆိုလျှင် သူတို့ဆီကို သူတို့ရဲ့ အရှင်မြတ်ထံတော်က အမှန် တရားဟာရောက်ရှိနေပြီ။ မနုဿအင်စာန်လူသားဟာ သူ့မှာရှိနေတဲ့ ဆန္ဒတိုင်းကို ရရှိကြလို့ လား။ တကယ်ဆိုလျှင် နောင်တမလွန်ဘဝရော လက်ရှိလောကီဘဝပါ အလ္လာဟ်အရှင်မြတ်ရဲ့ လက်တော်အတွင်းမှာပဲ ရှိနေတယ် .... လို့ လာရှိတဲ့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာ နဂ်ျမ်၊ အာယတ်တော် ၂၃၊ ၂၄၊ ၂၅ တို့ကို အကျဉ်းနည်းနှင့် တင်ပြရင်း ဒီကနေ့ ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ပါတယ်။ တစ်ခါတစ်လေ ဗစ်ဒ်အသ် တရားသစ်ထွင်ထားတဲ့ ကြိုးဝိုင်းထဲရောက်သွားပါတယ်။ ဒါကြောင့် အဲဒီလိုအမှားမျိုးတွေ မကျူးလွန်မိဖို့ အတော့်ကိုပဲ သတိထားရှောင်ရှားဖို့ လိုပါတယ်။ အဲဒီကိစ္စနှင့် ပတ်သက်ပြီး စူရာစရ်ဂျဒဟ်ရဲ့ အာယတ်တော် ၃၃ အဆုံးမှာ (က)"လောကီဘဝမှာ အသက်ရှင်ရတာက သင်တို့ကို မလှည့်ဖြားစေနှင့်။ အဲဒီလို လှည့်စားတဲ့ရှိုင်တွာန်ကိုလည်း အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်ပြီး သင်တို့ကို မလှည့်ဖြားစေနှင့်" လို့ ပြတ်ပြတ်သားသား သတိပေးတော်မူထားပါတယ်။

အဲဒီလိုပဲ စူရာဟဒီးဒ်ရဲ့ အာယတ်တော် ၁၄ မှာ ... "အသင်တို့သည် ကိုယ့်ကိုကိုယ် ဖြားယောင်းခဲ့ကြတယ်၊ ဒီ့အပြင် သင်တို့ဟာ အစ္စလာမ်သာသနာတော် ပျက်စီးသွားတာကို စောင့်မျှော်နေခဲ့ကြတယ်၊ ဒီ့အပြင် သင်တို့ဟာ အစ္စလာမ်သာသနာတော်နှင့် ပတ်သက်ပြီး သံသယဖြစ်နေခဲ့ကြတယ်၊ အရှည်းနီးဖြစ်တဲ့ သဘောဆန္ဒတွေကလည်း သင်တို့ကို သွေးဆောင်လှည့်စားထားခဲ့တယ်၊ နောက်ဆုံးကျတော့ မရဏသေခြင်းတရားလို့ခေါ်တဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်ရောက်လာတော့တယ်။ ဒါတွင်မကသေးဘူး၊ တော်တော့်ကိုပဲ လှည့်စားဖြားယောင်းတတ်တဲ့ ရှိုင်တွာန်မိစ္ဆာကောင်ကပါ သင်တို့ကို အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်ပြီး အကြီးအကျယ် သွေးဆောင်ထားခဲ့သေးတယ်" လို့လဲ သတိပေးတော်မူထားပါတယ်။

(ဂ) ဒီလိုပဲ စူရာဘကရာရဲ့ အာယတ်တော် ၇၈ မှာ "အဲဒီယဟူဒီတွေအထဲမှာ စာပေကျမ်းဂန် မတတ်ကျွမ်းတဲ့ လူတွေလည်းရှိကြတယ်၊ အဲဒီလူတွေက ကောလဟာလ အဖျင်းစကားတွေလွှင့်တာက လွဲလို့ ကျမ်းဂန်တွေကို မသိနားမလည်ကြဘူး၊ အမှန်ဆိုလျှင် အဲဒီလူတွေဟာ သူတို့ထင်မိထင်တာကို တွေးတောရမ်းဆ ပြောဆိုတတ်ကြတာပဲ ဖြစ်တယ်၊ တခြားဘာကိုမှတိတိကျကျ သိကြတာမဟုတ်ဘူး" လို့ အခြေအမြစ် မရှိပဲ စဉ်းစားတွေးခေါ်ပြောဆိုကြတဲ့ ရဟူဒီတွေရဲ့ အဖြစ်ကို အသိပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား –

လှည့်စားတာ၊ လှည့်စားခံရတာနှင့် ပတ်သက်ပြီး လာရှိတဲ့ ဟဒီးစ်တော်တချို့ကိုလည်း တင်ပြပါဦးမည်။

(၁) "နောင်တမလွန် အာခိရတ်မှာ ကောင်းစားရေးအတွက် ကိုယ့်စိတ်အလိုကို မလိုက်ပဲ ကြံ့ကြံ့ခံ နေထိုင်တဲ့သူဟာ အသိအလိမ္မာရှိတဲ့သူ ဖြစ်တယ်။ ကိုယ့်စိတ်ရဲ့ အလိုကိုလိုက်ပြီး အကြိုက်ဆောင်ရင်း အလ္လာဟ်အရှင်မြတ်ထံတော်က မျှော်ကိုးတောင့်တတဲ့သူဟာ ကိုယ့်ကိုကိုယ် လှည့်စားနေတဲ့၊ အလှည့်စားခံနေရတဲ့ အသိအလိမ္မာကင်းမဲ့တဲ့သူပဲ ဖြစ်တယ်" လို့ နဗီ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား –

ကျွန်တော်တင်ပြခဲ့တဲ့ အာယတ်တော်တွေနှင့် ဟဒီးစ်တော်တွေထဲက ဒီအချက်အလက်တွေကို အထူးဘဲမှတ်သားထားရမှာပါ။

* မာန်မာနထောင်လွှားတက်ကြွတဲ့လူကို အလ္လာဟ်အရှင်မြတ် လုံးဝနှစ်သက်တော်မမူဘူး။
* အသက်ရင်း အသက်စွန့်ရတဲ့ဘာသာရေးကိစ္စမှာပဲ ဖြစ်ဖြစ်၊ အထင်ကြီးပြီးဂုဏ်မောက်မိရင် နစ်နာဆုံးရှုံးတတ်တယ်။
* မာန်မာနထောင်တဲ့သူကို အလ္လာဟ်အရှင်မြတ်က ချိုးနှိမ်တော်မူတယ်။
* မာနနှမ်းစေ့လောက်ရှိနေရင် ဂျန္နတ်နှင့်ကင်းဝေးရမည်။
* ဘဝင်မြင့်တဲ့ရောဂါဟာ လူတွေကို တော်တော်ပဲ ပျက်စီးစေတယ်။
* ကိုယ့်ကိုကိုယ်နှိမ့်ချ ရိုကျိုးထားတဲ့သူသာ ဂုဏ်မြင့်တင့်တယ်လာမည်။
* ရိုးရိုးသားသားနှင့် ကောင်းကောင်းမွန်မွန် ဝတ်စားနေထိုင်တာဟာ စက်ဆုပ်စရာမဟုတ်ဘူး။ ကောင်းမြတ်တဲ့အလေ့အကျင့် ဖြစ်တယ်။

လူကြီးမင်းခင်ဗျား –

"မိုးကောင်းကင်တွေမှာ၊ ကမ္ဘာမြေပထဝီပေါ်မှာ ထူးကဲမြင့်မြတ်တယ်ဆိုတာ အလ္လာဟ်အရှင်မြတ်မှာပဲ ရှိတယ်၊ ဒါ့အပြင် အဲဒီအရှင်မြတ်ဟာ တကယ်ပဲ နိုင်နင်းလွှမ်းမိုးတော်မူတဲ့အရှင်၊ နက်နဲသိမ်မွေ့တော်မူတဲ့ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူတဲ့ အရှင်ဖြစ်တော်မူတယ်" လို့ ဇူရာဇုခ်ရဖ်ရဲ့ အာယတ်တော် ၃၇ မှာ လာရှိတာကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၂၈) လှည့်စားခံရမှုမှာ ဆိုးယုတ်လှသည်သာ

အစ္စလာမ်သာသနာတော်ဝင်မွတ်စ်လင်မ်များခင်ဗျား –

လူတွေဟာ ကိုယ်ထင်တာကိုသာ ကောင်းတယ်လို့ မှတ်ယူပြီး လုပ်တတ်ကိုင်တတ်ဆောင်ရွက်တတ်ကြပါတယ်၊ ကိုယ့်စိတ်နှင့် တိုက်ဆိုင်ကိုက်ညီတဲ့ ကိစ္စဟာ တရားတော်နှင့်ဆန့်ကျင်ဖီလာဖြစ်နေပေမည့်၊ ရှိုင်တွာန်ရဲ့ ဖြားယောင်းမှုဆိုတာကို သိထားပေမဲ့ အဲဒီကိစ္စကို မှန်ကန်တယ်လို့ မျက်စိစွတ်မှိတ်ပြီး ယူဆလုပ်ဆောင်တာဟာ အကြီးအကျယ်မှားပါတယ်။ တစ်ခါတစ်လေ အဲဒီအမှားတွေဟာ လူကိုအစ္စလာမ်ရဲ့ စည်းမျဉ်းစည်းကမ်းဘောင်အပြင်ကို ရောက်သွားပြီး ကွဖ်ရ်..သွေဖည်ငြင်းဆန်မနာခံရာလည်း ရောက်သွားတတ်

များပြားတာက သင်တို့အဖို့ လုံးဝအသုံးမဝင်ခဲ့ရုံသာ မဟုတ်ဘူး၊ ကျယ်ဝန်းလွန်းလှတဲ့ မြေပြင်ဟာ သင်တို့အတွက် ကျဉ်းမြောင်းသွားခဲ့ရတယ်၊ အဲဒီနောက် သင်တို့ ကျောခိုင်းပြီး ထွက်ပြေးခဲ့ကြရတယ် လို့လဲ သတိပေးတော်မူထားပါတယ်။ အခု ကျွန်တော်တင်ပြလိုက်တဲ့ အာယတ်တော်နှစ်ပါးကို ကြားသိရုံနှင့် မာန်မာန တက်ကြွထောင်လွှားတတ်တဲ့ သူတွေနှင့် ဘဝင်မြင့်နေတဲ့သူတွေအတွက် ချက်ချင်းဆိုသလိုပဲ တရားရစေပါတယ်။ အခုဆက်လက်ပြီး ဟဒီးစ်တော်တချို့ကိုတင်ပြပါဦးမယ်။

(၁) "ဘယ်သူပဲမဆို အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်နှစ်သက်တော်မူစေဖို့ မာနချိုးတရားကို လက်ကိုင်ထားပြီး ကိုယ့်ကိုကိုယ်နှိမ့်ချနေမည်၊ ကိုယ့်ကိုကိုယ်သေးနုပ်တယ်လို့ မှတ်ယူထားမည်ဆိုလျှင် လူတွေရဲ့အမြင်မှာ ထယ်ဝါနေမှာပါ။ ကိုယ့်ကိုကိုယ် အထင်ကြီးမာနထောင်ပြီး ဟုတ်လှပြီလို့ ထင်နေတဲ့သူကို အလ္လာဟ်အရှင်မြတ်က နှိမ့်ချပစ်တော်မူမည်၊ လူတွေကလဲ အထင်အမြင်သေးမည်။ နောက်ဆုံးကုန်ကုန်ပြောရလျှင် အဲဒီလိုလူဟာ ခွေးတွေ ဝက်တွေထက်တောင် သေးနုပ်သွားမည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၂) "စိတ်အလိုလိုက်တာ၊ လောဘကြီးတာ၊ ကိုယ့်ကိုကိုယ်အထင်ကြီးပြီး ဘဝင်မြင့်ဂုဏ်မောက်တာတွေဟာ လူတွေကိုဖျက်စီးပစ်တယ်၊ ကိုယ့်ကိုကိုယ်အထင်ကြီးပြီး ဘဝမြင့်ဂုဏ်မောက်နေတာကတော့ အဆိုးဆုံးပဲ" လို့ မြတ်နဗီ ﷺ က ထောက်ပြတော်မူထားပါတယ်။

(၃) "လူတယောက်ရဲ့ နှလုံးသားမှာ နှမ်းစေ့လောက် မာနရှိနေလျှင် အဲဒီလူဟာ ဂျန္နတ်သုခဘုံထဲကို ဝင်ရမှာမဟုတ်ဘူး" လို့ မြတ်နဗီ ﷺ က သတင်းပေးတော်မူတော့ ဆွဟာဗီတပါးက 'မာနဝင်စေတတ်တဲ့ အဝတ်အစားကောင်းတွေ၊ ဖိနပ်တွေကို လူတို့နှစ်သက် (သုံးစွဲ) တတ်ပါတယ်' လို့ လျှောက်ထားလိုက်တယ်။ အဲဒီတော့ တမန်တော်မြတ် ﷺ က "အလ္လာဟ်အရှင်မြတ်ဟာ တင့်တယ်တော်မူတယ်၊ တင့်တယ်မှုကိုပဲ နှစ်သက်တော်မူတယ်၊ (တင့်တင့်တယ်တယ် ဝတ်စားဆင်ယင်တာဟာ မာနထောင်တာမဟုတ်ဘူး) မာနဆိုတာ အမှန်တရားကို လက်မခံငြင်းဆန်တာ၊ တခြားလူကို အထင်အမြင်သေးတာကို ခေါ်တယ်" လို့ ရှင်းပြတော်မူပါတယ်။

(၄) "အလိုလောဘကြီးတာ၊ စိတ်ရဲ့အလိုကိုလိုက်တာ၊ စိတ်သွားတိုင်းကိုယ်ပါတာ၊ လောကီကိစ္စတွေကို ဦးစားပေးတာ၊ ဉာဏ်အမြော်အမြင်ရှိတဲ့သူတိုင်းက ကိုယ့်အထင်ကိုယ့်အမြင်ပဲ မှန်တယ်လို့ မှတ်ယူနေတာတွေတွေ့လျှင် သင့်အနေနှင့် ကိုယ့်ကိုကိုယ် ပြုပြင်ဖို့တာဝန်ရှိနေပြီလို့ မှတ်ယူလိုက်တော့" လို့လည်း တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

ကုသိုလ်ကောင်းမှုလုပ်တာ၊ လူတွေမြင်အောင်ပြစားပြီး ကုသိုလ်ကောင်းမှု လုပ်တာတွေဟာ စက်ဆုပ်စရာကောင်းလို့ အထူးပဲ ရှောင်ကြဉ်ဖို့လိုပါတယ်။ စေတနာသန့်သန့်ထားပြီး ရိုးရိုးသားသားနဲ့ ကောင်းမှုကုသိုလ်လုပ်လို့ ထင်ပေါ်လာတာ၊ ချီးမွမ်းခံရတာ ဂုဏ်ပြုဂုဏ်ပေးလာတာတွေမှာ အပြစ်တင်စရာရယ်လို့ မရှိပါဘူး။ ဖရပ်ဇ်ထိုက်တဲ့ နမာဇ်ရိဇာအစရှိတဲ့ တာဝန်တွေကို ထင်ထင်ပေါ်ပေါ် လုပ်ရမှာပါ။ စေတနာသဒ္ဓါတရားဖြူစင်ဖို့ကတော့ အဓိကပေါ့။

သူတော်စင်များခင်ဗျား

"ဒါဟာနောင်တမလွန်ရဲ့ ဘုံဗိမာန်ဖြစ်တယ်၊ ငါအရှင်မြတ်က အဲဒီဘုံဗိမာန်ကို တိုင်းပြည်မှာမောက်မာပလွှားမှုနှင့် ဖျက်ဆီးမှုကိုမလိုလားကြတဲ့ သူတွေအတွက် သတ်မှတ်ပေးသနားတော်မူမည်၊ တကယ်ဆိုတော့ကောင်းမြတ်တဲ့ အကျိုးဆက်ဟာ ပြစ်မှုဒုစရိုက်တွေကို ရှောင်ကြဉ်ကြတဲ့ သူတို့အဖို့ပဲဖြစ်တယ်"လို့က စူရာကိဆွာဆ်ရဲ့ အာယတ်တော် ၈၃ မှာ လာရှိတာကို တင်ပြရင်း ဒီကနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၂၇) မာန်မာနနှင့် ဂုဏ်မောက်မှုမှာ စက်ဆုပ်ဖွယ်ရာပါ

အစ္စလာမ်သာသနာဝင် မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

ကိုယ့်ကိုကိုယ် အထင်ကြီးပြီး မာန်မာနထောင်လွှားတာ၊ ဂုဏ်မောက်တာ၊ ဘဝင်မြင့်တာတွေဟာ အလွန်အင်မတန် ပျက်စီးပြုန်းတီးစေတဲ့ ရောဂါဆိုးကြီးတွေပါ။ မာန်မာနကြီးတဲ့လူ၊ ဘဝင်မြင့်တဲ့လူ၊ ဂုဏ်မောက်တဲ့လူတွေဟာ အန္တရာယ်ကြီးပိုက်ထွေးထားတဲ့ ရောဂါသည်တွေပါ။ အလ္လာဟ်အရှင်မြတ်က အဲဒီအကျင့်ဆိုးတွေ ကပ်နေတဲ့လူတွေကို လုံးလုံးမနှစ်သက်တော်မူဘူးဆိုတာကို လူတိုင်းလူတိုင်း မှတ်သားထားရမှာပါ။ အဲဒီ အကျင့်ဆိုးတွေနှင့် ပတ်သက်ပြီးလာရှိတဲ့ အာယတ်တော်တချို့ကို ကျွန်တော်တင်ပြလိုပါတယ်။

စူရာနဟ်လ်ရဲ့ အာယတ်တော် ၂၃ အဆုံးမှာ

(က) "အလ္လာဟ်အရှင်မြတ်က မာန်မာနထောင်လွှားတဲ့သူတွေကို တကယ်ပဲ မနှစ်သက်တော်မူဘူး" လို့ သတိပေးတော်မူထားပြီး

(ခ) စူရာတောင်ဝ်ဗဟ်ရဲ့ အာယတ်တော် ၂၅ မှာ သင်တို့ကို သင်တို့ရဲ့ စစ်သားအရေအတွက်များပြားတာက မော်ကြွားထောင်လွှားစေခဲ့တယ်၊ ဒါပေမဲ့ အဲဒီအရေအတွက်

(၃) "ဆာလောင်မွတ်သိပ်နေတဲ့ ဝံပုလွေနှစ်ကောင်ကို ဆိတ်အုပ်ထဲလွှတ်ပေးလိုက်လို့ အဲဒီဝံပုလွေနှစ်ကောင်က ဆိတ်တွေကို သတ်ဖြတ်စားသောက်ကြတာထက် ပစ္စည်းဥစ္စာကို၊ ဂုဏ်ပကာသနကို မက်မောတာက သာသနာကိုပိုပြီး ဖျက်ဆီးတတ်တယ်" လို့ နဗီ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၄) "အလ္လာဟ်အရှင်မြတ်က မထင်ပေါ် မကျော်ကြားတဲ့ သူတော်စင်တွေကို ချစ်ခင်နှစ်သက်မြတ်နိုးတော်မူတယ်၊ အဲဒီသူတော်စင်တွေကို မတွေ့ရလို့ လိုက်ရှာတဲ့ လူလည်း မရှိဘူး။ အဲဒီသူတော်စင်တွေကို တွေ့လို့မြင်လို့ခေါ်ပြော ဆက်ဆံတဲ့လူလည်း မရှိဘူး၊ သူ့အနားမှာလည်း လာမထိုင်ကြဘူး၊ အမှန်တကယ်ဆိုလျှင် အဲဒီသူတော်စင်တွေရဲ့ နှလုံးသားဟာ အမှန်တရားကို မြင်တွေ့စေတဲ့ ဆီမီးခွက်တွေဖြစ်တယ်။ အဲဒီသူတော်စင်တွေဟာ အမှောင်ထဲကလင်းဖြာလာတဲ့ ဆီမီးရောင်ဝါတွေဖြစ်တယ်" လို့ မြတ်နဗီ ﷺ ကဘဲ ညွှန်ပြတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

လောကီအကျိုးမျှော်ကိုးပြီး၊ ဂုဏ်ပကာသနကို ရည်ရွယ်ပြီး လူတွေမြင်အောင်တွေ့အောင် ကောင်းမှုကုသိုလ်လုပ်တာကို တရားတော်ရဲ့ ရှုထောင့်က သုံးသပ်လျှင် ရွံရှာစက်ဆုပ်စရာဖြစ်ပါတယ်။ လောကီအမြတ်အစွန်းအတွက်လည်းမဟုတ်၊ ဂုဏ်မြင့်ဘို့လည်း မဟုတ်ဘူးဆိုလျှင် လူတွေရှေ့မှာ ပေါ်ပေါ်တင်တင် ကောင်းမှုကုသိုလ်လုပ်တာဟာ စက်ဆုပ်စရာ ရွံမုန်းစရာမဟုတ်ပါဘူး။ အဲဒါနဲ့ ပတ်သက်တဲ့ ဟဒီးစ်တော်တချို့တင်ပြပါမယ်။

(၅) တစ်ခါတုန်းက ဆွဟာဗီတစ်ပါးက မြတ်နဗီ ﷺ ကို "မည်သူမည်ဝါဟာ ကောင်းမှုကုသိုလ်လုပ်လွန်းလို့ လူတို့က သူ့ကိုချီးမွမ်းပြောဆို ချစ်ခင်နေကြပါတယ်။ အဲဒီသူနှင့်ပတ်သက်ပြီး ကောက်ချက်ပေးတော်မူပါ" လို့ လျှောက်ထားတော့ မြတ်နဗီ ﷺ က "အဲဒါမုမင်န်အတွက် ကြိုတင်ရတဲ့ သတင်းကောင်းပေါ့" လို့ ဖြေကြားတော်မူလိုက်ပါတယ်။

(၆) ဟဇရတ်အဗူဟုရိုင်ရဟ် ﷺ က "ယာရစူလလ္လာဟ် ကျွန်တော်မျိုး အိမ်မှာ နမာဇ်ဖတ်နေတုန်း လူတယောက် ရောက်လာပါတယ်၊ ကျွန်တော်မျိုး နမာဇ်ဖတ်နေတာကို အဲဒီလူမြင်တွေ့သွားလို့ ကျွန်တော်ကြည်နူးမိပါတယ်" လို့ လျှောက်တင်လိုက်တော့ မြတ်နဗီ ﷺ က "အို အဗူဟုရိုင်ရဟ် အလ္လာဟ်အရှင်မြတ် သင့်အပေါ် ကရုဏာပြုတော်မူပါစေ၊ သင်သည် အကျိုးကုသိုလ်နှစ်ခုရလိုက်ပေပြီ။ တစ်ခုကတော့ ကောင်းမှုကို တိတ်တိတ်လုပ်တဲ့အကျိုးဖြစ်ပြီး တစ်ခုကတော့ ကောင်းမှုကိုပေါ်လွင်လိုက်စေတဲ့ အကျိုးဖြစ်တယ်" လို့ ဖြေကြားတော်မူလိုက်ပါတယ်။ ဂုဏ်ပကာနသကို မက်မောလို့ချင်လို့

ချွဲတာ၊ စုတာ၊ ဆောင်းတာဟာ မြတ်နိုးနှစ်သက်စရာပါ။ ပစ္စည်းဥစ္စာနှင့် ပတ်သက်လို့ ဟဇရတ် ဇွမ်ယာန်စောင်ဝ်ရီ ﷺ က "ပစ္စည်းဥစ္စာဟာ ရှေးခေတ်အခါက နှစ်သက်စရာ မဟုတ်ခဲ့ပေမဲ့ ဒီကနေ့ မွတ်စ်လင်မ် မုမင်န်တွေအတွက်တော့ ဒိုင်းလွှား (ခုခံကာကွယ်ဖို့ အတွက်) ဖြစ်နေပြီ" လို့ ကောက်ချက်ပေးထားပါတယ်။

သူတော်စင်များခင်ဗျား

"သင်တို့ အလ္လာဟ်အရှင်မြတ်ရဲ့လမ်းတော်မှာ သုံးစွဲလှူဒါန်းပေးကမ်းကြ၊ ဒီအပြင် အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းတော်မှာ မလှူဒါန်းမပေးကမ်း မသုံးစွဲပဲကိုယ့်ကိုကိုယ် မဖျက်စီးကြနှင့်၊ မုချဧကန် အလ္လာဟ်အရှင်မြတ်ဟာ ကောင်းမှုပြုတဲ့သူတို့ကို ချစ်ခင်နှစ်သက်တော်မူတယ်" လို့ ကုရ်အာန်ကျမ်းတော်မှာ လာရှိတဲ့ အာယတ်တော်ကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၂၆) ဂုဏ်ကိုမက်ထား ပြစားခြင်းမှာ စက်ဆုပ်ဖွယ်ရာပါ

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ဂုဏ်ပကာသနကို မက်မောတာ၊ ပြစားဟန်ဆောင်တာတွေဟာ မကောင်းပါဘူး။ နေ့စဉ်နှင့်အမျှ ကိုယ်လုပ်ဆောင်နေရတဲ့ ကိစ္စတွေမှာပဲဖြစ်ဖြစ်၊ လူမှုရေးရာကိစ္စတွေမှာပဲဖြစ်ဖြစ်၊ တရားအားထုတ်ကောင်းမှုလုပ်တဲ့ ကိစ္စမှာပဲဖြစ်ဖြစ်၊ ဂုဏ်ဖော်တာ၊ ကြွားဝါတာ၊ ပြစားဟန်ဆောင်တာဟာ လူတွေကို ဖျက်ဆီးတတ်တဲ့ အကျင့်ဆိုးတွေဖြစ်တယ်ဆိုတာကို ကောင်းကောင်းမှတ်ထားသင့်ပါတယ်။ အဲဒီအကျင့်ဆိုးတွေနှင့် ပတ်သက်ပြီး ဆင်ခြင်ရှောင်ကြဉ်ဖို့ ဟဒီးစ်တော်များမှာ ပြတ်ပြတ်သားသား သတိပေးထားတော်မူပါတယ်။

(၁) ဟဒီးစ်တော်တပါးမှာ "လူပုံအလယ်မှာ ထင်ပေါ်ကျော်ကြားဖို့ အဝတ်အထည်ဝတ်တဲ့သူကို အလ္လာဟ်အရှင်မြတ်က ကိယာမတ်နေ့မှာ ကျက်သရေမရှိတဲ့ ဂုဏ်နိမ့်တဲ့ အဝတ်အထည်ကို ဝတ်ဆင်စေတော်မူမည်" လို့ လာရှိပါတယ်။

(၂) "လူတစ်ယောက်ဟာ လောကီရေးရာကြောင့်ပဲဖြစ်ဖြစ်၊ သာသနာ့ရေးရာကြောင့်ပဲဖြစ်ဖြစ် ထင်ပေါ်ကျော်ကြားလို့ လူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားတာ သူ့အဖို့ ကြီးမားတဲ့ ဘေးဒုက္ခဖြစ်တတ်တယ်။ ဒါပေမဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ ထိန်းသိမ်းစောင့်ရှောက်မှု ခံယူရရှိထားတဲ့ ထင်ပေါ်ကျော်ကြားသူကတော့ အဲဒီဘေးဒုက္ခကြီးကနေ ကင်းလွတ်နေမည်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

"သာသနာတော်ကို အကျိုးပြုဖို့ ရည်ရွယ်ပြီး ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းတာ ကောင်းတယ်၊ အပြစ်တင်စရာ အပြစ်ဆိုစရာ မရှိဘူး။ အဲဒီလိုကောင်းမြတ်တဲ့ ရည်ရွယ်ချက် မပါပဲ လောကီကောင်းစားရေးအတွက် ရှာဖွေစုဆောင်းလျှင်တော့ အပြစ်ရှိမည်။ သာသနာ့စည်းမျဉ်း၊ စည်းကမ်းဘောင်ထဲကရှာမယ်၊ ဖွေမယ်၊ စုဆောင်းမယ်ဆိုလျှင်တော့ အပြစ်မရှိနိုင်ဘူး" လို့ နဗီတမန်တော် ဟဇရတ်မူဆာ عليه السلام နှင့် ဟဇရတ် ခိဇိရ် عليه السلام တို့ရဲ့ အကြောင်း ဖော်ပြတော်မူထားတဲ့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ အာယတ်တော်တွေမှာ ထင်ထင်ရှားရှား လာရှိပါတယ်။

ဟဇရတ်မူဆာ عليه السلام နှင့် ဟဇရတ် ခိဇိရ် عليه السلام တို့ ရွာတရွာရောက်သွားတဲ့အခါ အုတ်တံရိုတခုပြိုကျတော့မှာ မြင်ရလို့ ဟဇရတ်ခိဇိရ်က အဲဒီ အုတ်နံရံပြန်ပြီး တည်ဆောက်ပေးတော်မူလိုက်တယ်။ ရွာသားတွေရဲ့ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်တာကို ခံထားရတဲ့ ဟဇရတ်မူဆာ عليه السلام က "ဒီရိုင်းစိုင်းတဲ့ ရွာသူရွာသားဆီက လုပ်ခမယူပဲ အလကား လုပ်မပေးသင့်ဘူး" လို့ ကန့်ကွက်တော့ ဟဇရတ်ခိဇိရ် عليه السلام က "ဒီအုတ်နံရံကို မိဘမဲ့ ကလေးနှစ်ယောက် ပိုင်ဆိုင်တယ်၊ ဒီနံရံအောက်မှာ အဲဒီကလေး နှစ်ယောက်အတွက် အမွေဆိုင်ဥစ္စာပစ္စည်းတွေရှိနေတယ်၊ ကလေးတွေရဲ့အဖေကလဲ သူတော်စင် တစ်ယောက်ဖြစ်တယ်၊ သင့်ကို ဖန်ဆင်းမွေးမြူတဲ့အရှင်မြတ်က အဲဒီလူငယ်နှစ်ယောက် အရွယ်ရောက်တဲ့အခါ အဲဒီအရှင်မြတ်ရဲ့ကျေးဇူးတော်နှင့် သူတို့ပိုင်ဆိုင်ခွင့် ရှိတဲ့ ပစ္စည်းဥစ္စာရတနာတွေကို ဖော်ယူရရှိစေဖို့ ရည်ရွယ်တော်မူထားတယ်" လို့ ဖြေကြားတော်မူလိုက်တဲ့အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် ပစ္စည်းဥစ္စာ စုဆောင်းတိုင်း အပြစ်ရှိတယ်လို့ မဆိုနိုင်ပါဘူး။ တရားတော်နှင့် ဆန့်ကျင်ပြီး စုဆောင်းလျှင်သာ အပြစ်ရှိတတ်တယ်ဆိုတာကိုတော့ သတိထားရမှာပါ။

(၅) "လူတွေဟာ ခေတ်တခေတ်နှင့် ကြုံလိမ့်မယ်၊ အဲဒီခေတ်မှာ ငွေကြေးဥစ္စာကလွဲလို့ ဘာမှအသုံးဝင် အရာရောက်မှာမဟုတ်ဘူး" လို့ မြတ်တမန် ﷺ က အသိပေးတော်မူထားပါတယ်။

(၆) "ပစ္စည်းဥစ္စာကို တရားတော်ရဲ့ စည်းကမ်းနှင့် အညီရှာဖွေတယ်၊ စည်းမျဉ်းစည်းကမ်းအတိုင်း သုံးစွဲပေးကမ်းလှူဒါန်းတယ်၊ ကျန်တဲ့ပစ္စည်းဥစ္စာတွေကို အလ္လာဟ်အရှင်မြတ်ကို ကြောက်ကြောက်နှင့်စုဆောင်းလို့ ချမ်းသာကြွယ်ဝတာ အပြစ်မရှိဘူး" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား –

ဥစ္စာပစ္စည်းကို မတရားတဲ့နည်းနဲ့ ရှာဖွေစုဆောင်းတာ၊ တရားတော်ရဲ့ စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ပြီး သုံးဖြုန်းတာ၊ သိမ်းထားတာ၊ ဝှက်ထားကာတွေဟာ စက်ဆုပ်ရွံရှာဖို့ ကောင်းပါတယ်။ တရားတော်နဲ့ ကိုက်ကိုက်ညီညီ ရှာတာ၊ ဖွေတာ၊ သုံးတာ၊

(၂) အဲဒီလိုပဲ ၐူရာနိစာ့ရဲ့ အာယတ်တော် ၃၆ နှင့် ၃၇ တို့မှာ ....

"အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်က မာန်မာနထောင်လွှားတဲ့လူ၊ ကြွားဝါတဲ့လူတွေကို လုံးဝနှစ်သက်တော်မမူဘူး၊ ကိုယ်တိုင်လည်း ကပ်စေးနဲပြီး တခြားသူတွေကိုလည်း နှမြောတွန့်တိုဖို့ သွေးဆောင်တဲ့လူ၊ အလ္လာဟ်အရှင်မြတ်က မိမိရဲ့အသနားတော်သက်သက်နှင့် ကျေးဇူးပြုတော်၊ ပေးသနားတော်မူထားတဲ့အထဲက မလှူဒါန်း မပေးကမ်းပဲ ဝှက်ထားတတ်တဲ့လူ၊ အဲဒီလို ကျေးဇူးကန်းတဲ့လူတွေအတွက် ဂုဏ်သရေပျက်စီးစေတဲ့ ပြစ်ဒဏ်တွေကို အဆင်သင့်လုပ်ထားတယ်" လို့ ပြင်းပြင်းထန်ထန် သတိပေးတော်မူထားပါတယ်။

သူတော်စင်အပေါင်းတို့ခင်ဗျား

ကိုယ့်ရဲ့ဇနီးမယားနှင့် ဥစ္စာပစ္စည်းတွေအပေါ် အချစ်ပိုပြီး အလ္လာဟ်အရှင်မြတ်ချမှတ်တော်မူထားတဲ့ တရားစည်းကမ်းကို ချိုးဖေါက်တဲ့အဖြစ်ကို မရောက်ဖို့၊ ကပ်စေးမနဲဖို့ ဖေါ်ပြခဲ့တဲ့ အာယတ်တော်နှစ်ပါးမှာ သတိပေးထားပြီးပါပြီ။ အခုဟဒီးစ်တော်တချို့ကို ဆက်လက်တင်ပြပါမည်။

(၁) "လူက ငါ့ပစ္စည်း၊ ငါ့ပစ္စည်းလို့ ဟစ်နေတယ်၊ ဒါပေမဲ့ အလ္လာဟ်အရှင်မြတ်က " အို ...အာဒမ်ရဲ့ သားသမီးတို့ သင်တို့စားသောက်သုံးစွဲကုန်ခမ်းစေတဲ့ ပစ္စည်း၊ ဒါမှမဟုတ် သင်တို့ဝတ်ဆင်လိုက်လို့ ဟောင်းနွမ်းစုတ်ပြတ်သွားတဲ့ အဝတ်အထည်၊ ဒါမှမဟုတ် သင်တို့ပေးကမ်းစွန့်ကြဲပြီးမှန်ကန်တဲ့နေရာကို ပို့ထားတဲ့ပစ္စည်းဥစ္စာကလွဲလို့ သင်တို့ပိုင် ဘာပစ္စည်းတွေများရှိသေးသလဲ" လို့မေးနေတော်မူတယ်" လို့ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၂) "အသင်တို့ အလိုလောဘမကြီးကြနှင့်၊ အဲဒီလို အလိုလောဘကြီးမှုကပဲ သင်တို့အလျှင် ရှေးဟောင်းခေတ်ကာလက လူတွေကို ဖျက်စီးခဲ့တယ်" လို့ ဟဒီးစ်တော်တစ်ပါးမှာ ဖေါ်ပြထားပါတယ်။

(၃) "လှည့်စားဖြားယောင်းတဲ့လူ၊ ကပ်စေးနဲတဲ့လူ၊ ကျေးဇူးပြုပြီး ဂုဏ်ဖေါ်တဲ့လူတွေ ဂျန္နတ်သုခဘုံကို ရောက်မှာမဟုတ်ဘူး" လို့ မြတ်နဗီ ﷺ က ညွှန်ပြတော်မူထားပါတယ်။

(၄) " အို – အာဒမ်ရဲ့သားသမီးတို့ အသင်တို့ထံမှာ ပိုလျှံနေတဲ့ ဥစ္စာပစ္စည်းတွေကို သုံးစွဲပေးကမ်း လှူဒါန်းလိုက်တာဟာ ကောင်းမြတ်တယ်၊ ပိုလျှံနေတဲ့ ဥစ္စာပစ္စည်းတွေကို စုဆောင်းထားတာဟာ သင်တို့ကို ကောင်းကျိုးပေးမှာမဟုတ်ဘူး၊ အကျိုးယုတ်စေမှာပဲ၊ ဒါပေမဲ့ လိုသလောက် စုထားလို့တော့ ပြစ်ဒဏ်ခံရမှာမဟုတ်ဘူး၊ ကိုယ့်ရဲ့လက်အောက် ငယ်သားတွေ၊ ကိုယ်အုပ်ထိန်းစောင့်ရှောက်ရတဲ့သူတွေကိုကစပြီး ပေးကမ်းလှူဒါန်းရမည်" လို့ မြတ်နဗီ ﷺ က ဆင့်ပြန်တော်မူထားပါတယ်။

အောင် ကွာခြားနေပါတယ်၊ ဒါကြောင့် နောင်တမလွန်အာခေရတ်နှင့် ချိန်ထိုးကြည့်မည်ဆိုလျှင် ဒီလောကလူ့ရွာ၊ လူ့ကမ္ဘာဟာ ဘယ်လိုမှတန်ဘိုးတန်ကြေးမရှိတာကို ကောင်းကောင်း သိရပါလိမ့်မည်။ ဒါကြောင့် အစ္စလာမ်သာသနာတော်က "လောကီကို မက်မောတွယ်တာ တာဟာ အတော်ဘဲစက်ဆုပ်ရွံရှာဖို့ ကောင်းတယ်" လို့ သတိပေးထားပါတယ်။

သူတော်စင်များခင်ဗျား

သင်တို့ဟာ လောကီဘဝကိုပဲ ဦးစားပေးနေကြတယ်၊ အမှန်တကယ်ဆိုရင် နောင်တမလွန်ဘဝက သာပြီးကောင်းမြတ်တဲ့အပြင် ပိုပြီးတော့လည်း တည်မြဲတယ်" လို့ စူရာအာ့လာရဲ့ အာယတ်တော် ၁၆ နှင့် ၁၇ တို့မှာ အသိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၂၅) စေးနဲ့တွန့်တိုခြင်းနှင့် ပစ္စည်းဥစ္စာကို မက်မောတွယ်တာခြင်းမှာ စက်ဆုပ်ဖွယ်ရာပါ

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်သူတော်စင်အပေါင်းတို့ခင်ဗျား

ဥစ္စာပစ္စည်းနှင့် လောကီစည်းစိမ်တွေကို ခုံမင်နှစ်သက်တပ်မက်တာ မပေး၊ မကမ်း၊ မလှူဒါန်းပဲ စေးနဲ့တွန့်တိုတာတွေဟာ အလ္လာဟ်အရှင်မြတ်ကို မေ့လျော့စေတဲ့အတွက်ကြောင့် အစ္စလာမ်သာသနာတော်က မွတ်စ်လင်မ်တွေကို ဥစ္စာပစ္စည်း မမက်မောဖို့၊ ကပ်စေးမနဲ့ဖို့ လေးလေးနက်နက် သတိပေးထားပါတယ်။ လောကီဘဝနှင့် လောကီရဲ့ ပစ္စည်းဥစ္စာတွေဟာ မတည်မြဲတဲ့ ခဏတာအတွက်လောက်သာ ဖြစ်တယ်ဆိုတာကို မေ့မနေကြဖို့ ရှေ့ခရီးဆက်ရမည့် နောင်တမလွန်ဘဝနှင့် အဲဒီဘဝရဲ့ စည်းစိမ်ချမ်းသာတွေကိုပဲ တပ်မက်စွဲလန်းကြဖို့၊ စေးနဲ့တွန့်တိုလျှင် အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတော်နှင့် ကင်းဝေးတတ်လို့ ကပ်စေးမနဲ့ဖို့ ကုရ်အာန်ကျမ်းတော်မြတ်မှာရော၊ ဟဒီးစ်တော်တွေမှာပါ အကြိမ်ကြိမ်အခါခါ မိန့်ကြားသတိပေးတော်မူထားပါတယ်။ အခုကုရ်အာန်ကျမ်းမြတ် ရဲ့ အာယတ်တော်တချို့ကို ကောက်နှုတ်တင်ပြပါမည်။

(၁) "အို မုမင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့ သင်တို့အလ္လာဟ်အရှင်မြတ်ကို သတိရတသဖို့ သင်တို့ရဲ့ ပစ္စည်းဥစ္စာတွေကလည်း သင်တို့ကို မတားစေနှင့်၊ သင်တို့ရဲ့ သားသမီးတွေကလည်း မတားစေနှင့်၊ အဲဒီပစ္စည်းဥစ္စာ၊ အဲဒီသားသမီးတွေထဲမှာ နစ်မွန်းပြီး အလ္လာဟ်အရှင်မြတ်ကို သတိမရပဲ လျစ်လျူရှုထားတဲ့သူတွေဟာ အမှန်တကယ်ပဲ ဆုံးရှုံးကြမည်" လို့ စူရာမုနာဖိကူးန်ရဲ့ အာယတ်တော် ၉ မှာ သတိပေးတော်မူထားပါတယ်။

(၂) "ဒီလောကကြီးဟာ မွတ်စ်လင်မ်တွေအတွက် အကျဉ်းထောင်ဖြစ်တယ်၊ ကာဖိရ်တွေအတွက် သုခဘုံဖြစ်တယ်" လို့လည်း မြတ်နဗီ ﷺ ကအသိပေးတော်မူထားပါတယ်။

(၃) "တကယ်လို့သာ ဒီလောကကြီးဟာ အလ္လာဟ်အရှင်မြတ်ထံတော်မှာ ခြင်တစ်ကောင်ရဲ့ အတောင်တစ်ဘက်လောက် တန်ဘိုးရှိမည်ဆိုလျှင် ကာဖိရ်တွေကို ရေတစ်ငုံ တောင်တိုက်တော်မူမှာ မဟုတ်ဘူး" လို့ တမန်တော်မြတ် ﷺ က ဆင့်ပြန်တော်မူထား ပါတယ်။

(၄) "လူ့ပြည်လောကကို ခင်တွယ်မက်မောတဲ့သူဟာ မိမိရဲ့နောင်တမလွန် အာခေရတ်ကို နစ်နာစေတဲ့လူဖြစ်တယ်၊ နောင်တမလွန်အာခေရတ်ကို စွဲမက်တောင့်တတဲ့သူဟာ မိမိရဲ့လောကီကို ပျက်စီးစေတဲ့သူဖြစ်တယ်၊ ဒါကြောင့် သင်တို့အနေနဲ့ မတည်မြဲတဲ့ လောကီထက် အစဉ်ထာဝရတည်မြဲမည့် နောင်တမလွန်အာခေရတ်ကို ဦးစားပေး ရွေးချယ်ပြီး ကြိုးပမ်းအားထုတ်ကြ" လို့ မြတ်နဗီ ﷺ က ပညာပေးတော်မူထားပါတယ်။

လောကီစည်းစိမ်ကို မက်မောတွယ်တာ လိုလားတဲ့သူက ကြီးပွားတိုးတက်ချမ်းသာဖို့ အတွက်ပဲ ကြိုးစားမှာဖြစ်လို့ သူဟာ နောင်တမလွန်ရဲ့ စည်းစိမ်ကို လက်လွှတ်ရမည်။ အဲဒီလိုပဲ နောင်တမလွန်အာခိရတ်ကို မျှော်ကိုးလိုလားတဲ့သူက နောင်တမလွန် အာခိရတ်မှာ ကောင်းစားရေးအတွက်သာ ဇောက်ချကြိုးပမ်းမှာမို့လို့ သူဟာ မျက်မှောက် လောကီရဲ့ စည်းစိမ်တွေနှင့် ခွဲရမည်လို့ညွှန်ပြတော်မူလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မွတ်စ်လင်မ်တွေဟာ နောင်တမလွန် အာခိရတ်မှာ ကောင်းစားရေးအတွက်ဘဲ ဇောက်ချ ကြိုးပမ်းနေကြရမှာပါ။

(၅) "အစီးအနင်းနဲ့ ခရီးသွားနေတဲ့ ခရီးသည်တစ်ယောက်ဟာ သစ်ပင်တစ်ပင်အောက်မှာ ခရီးတစ်ထောက်နားပြီး သစ်ပင်ရိပ်ကို စွန့်ထားခဲ့သလို ငါကိုယ်တော်မြတ်ကလည်း ဒီလူ့ပြည်လောကမှာ ခရီးတထောက်နားနေတာ၊ မကြာခင်မှာငါဒီလောကီကို စွန့်ခွါ သွားရမည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၆) "လူ့ပြည်ရပ်ရွာကို ခင်တွယ်တပ်မက်တာဟာ အကုသိုလ်မကောင်းမှုရဲ့ ရေသောက်မြစ်ဖြစ်တယ်" လို့ မြတ်နဗီ ﷺ က ထောက်ပြတော်မူထားပါတယ်။

(၇) "အသင်တို့ဟာ နောင်တမလွန်အာခေရတ်ကို မျှော်ကိုးတောင့်တ မက်မောသူတွေ ဖြစ်ကြ၊ လူ့ပြည်ရပ်ရွာကို ခင်မင်တွယ်တာသူတွေ မဖြစ်ကြနှင့်" လို့လည်း မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

ဒီလောကကြီးမှာ နေရတဲ့အချိန်ကာလဟာ ခဏလေးပါ၊ နောင်တမလွန် အာခိရတ်မှာနေရမည့်အချိန်ကာလဟာ မကုန်ဆုံးတော့မည့် ကာလပါ၊ လောကီစည်းစိမ်တွေဟာ နောင်တမလွန်အာခိရတ်ရဲ့ စည်းစိမ်နှင့် ဘယ်လိုမှ နှိုင်းဆ တိုင်းတာလို့ မရလောက်

လူကြီးမင်းများခင်ဗျား

"အဲဒီသူတော်စင်တွေဟာ **စီးပွားတိုးတက်ချောင်လည်တဲ့အခါမှာရော ဆင်းရဲဒုက္ခ ရောက်တဲ့အခါမှာပါ အခါမရွေးပေးကမ်းစွန့်ကြဲလှူဒါန်းကြတယ်၊ အဲဒီသူတော်စင်တွေ ဟာ အမျက်ဒေါသကို ချုပ်တည်းမျိုသိပ်တဲ့သူတွေလည်း ဖြစ်ကြတယ်၊ လူတွေကိုလည်း ခွင့်လွှတ်ကြတယ်၊ **အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ဟာ အဲဒီလိုကောင်းမှုပြုလုပ် ကြတဲ့သူကို နှစ်သက်တော်မူတယ်**" လို့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ ဆူရာအာလိအင်မ် ရာန် အာယတ်တော် ၁၃၄ မှာ မင်္ဂလာသတင်းကောင်း ကြေငြာတော်မူထားတာကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

❀❀❀❀

ခွသ်တဗါ (၂၄) လောကီကို တွယ်တာတာ စက်ဆုပ်ဖွယ်ရာပါ

အစ္စလာမ်သာသနာဝင် မွတ်စ်လင်မ်ညီနောင်များခင်ဗျား

"**လူ့ပြည်ရပ်ရွာဟာ ငြီးငွေ့စရာကောင်းလှလို့ မက်မောတွယ်တာ အားကိုးအားထား မှု မလုပ်အပ်တဲ့နေရာဌာနဖြစ်တယ်**" လို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ အခါခါ မိန့်ဆို ထားပါတယ်။ အမှန်တကယ်ဆိုလျှင် ဒီလောကကြီးကလည်း မတည်မြဲဘူး၊ သတ္တဝါမှန်သ မျှလည်း မတည်မြဲဘူး၊ ဒါကြောင့်လောကကြီးကို မခင်တွယ်သင့်ပါဘူး၊ မစွဲမက်သင့်ပါ ဘူး၊ မနှစ်မြို့သင့်ပါဘူး။ အစဉ်ထာဝရတည်မြဲနေမည့် နောင်တမလွန် အာခိရတ်ကိုပဲ မျှော်ကိုးမက်ထားပြီး လိုလိုလားလား တောင့်တနေကြရမှာပါ။ ပွင့်ခဲ့တဲ့နဗီရဆူလ် တမန်တော်တိုင်းကလဲ မိမိတို့တာဝန်အရ အဲဒီအချက်ကိုပဲ တင်ပြတော်မူကြပြီး လောကီ စည်းစိမ်ထဲမှာ ယစ်မူးကူးခပ်နေတဲ့သူတွေကို ဆယ်ယူကယ်တင်ဖို့ပဲ ကြိုးပမ်းတော်မူခဲ့ကြ တယ်။ မခင်တွယ်ရတဲ့ လောကီနှင့် ပတ်သက်ပြီး နောက်ဆုံးနိဂုံးချုပ်နဗီတမန်တော်မြတ် ﷺ ရဲ့ ဟဒီးစ်တော်များကို ကောက်နှုတ်တင်ပြလိုပါတယ်။

(၁) "ဒီလောကီလူ့ပြည်ရပ်ရွာရဲ့ စည်းစိမ်ဟာ နောင်တမလွန်အာခိရတ်ရဲ့ စည်းစိမ်နှင့် နှိုင်းယှဉ်လျှင် အရာတောင်ထင်မှာမဟုတ်ဘူး၊ လူတစ်ယောက်က သူ့ရဲ့လက်ချောင်း ကလေးတစ်ချောင်းကို သမုဒ္ဒရာထဲနှစ်လိုက်ပြီး ပြန်ထုတ်လိုက်တဲ့အခါ သမုဒ္ဒရာ ဘယ်လောက်ပါလာသလဲ၊ လူ့ပြည်ရဲ့ စည်းစိမ်နှင့် နောင်တမလွန် အာခရေတ်စည်းစိမ်ရဲ့ ကွာခြားမှုဟာလဲ အဲဒီလိုပဲ ဖြစ်တယ်" လို့ မြတ်နဗီ ﷺ က ညွှန်ပြထားတော်မူပါတယ်။ လက်ချောင်းကလေးကို သမုဒ္ဒရာထဲထည့်ပြီး ပြန်ထုတ်လိုက်တဲ့အခါ လက်ချောင်းကလေး မှာ ပါလာတဲ့ရေက လောကစည်းစိမ်ဖြစ်ပြီး သမုဒ္ဒရာထဲမှာ ကျန်ခဲ့တဲ့ရေတွေက နောင်တမလွန်အာခိရတ်ရဲ့ စည်းစိမ်ဖြစ်တယ်လို့ ရှင်းပြတော်မူတာပါ။

(၂) "အသင်တို့ထဲက တစ်ယောက်ယောက်ဟာ မတ်တတ်ရပ်နေတုန်း ဒေါသထွက်လာလျှင် ထိုင်လိုက်၊ အဲဒီလိုထိုင်လိုက်လို့ ဒေါသပြေရင် ကောင်းတယ်၊ ဒေါသမပြေသေးလျှင် လှဲအိပ်လိုက်" လို့ မြတ်နဗီ ﷺ က ဒေါသဖြေဆေးပေးတော်မူထားတယ်။

(၃) "အချင်းချင်း မနာလိုစိတ်၊ သဝန်တိုစိတ်မထားကြနှင့်၊ အချင်းချင်းရန်ငြိုးရန်စလည်း မထားကြနှင့်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၄) "သင်တို့အလျင် ရှေးယခင်က ရှိခဲ့ကြသူတွေရဲ့ ရောဂါဆိုးတွေ သင်တို့အထဲကို တဖြည်းဖြည်း စိမ့်ဝင်ကိန်းအောင်းနေပြီ၊ အဲဒီရောဂါဆိုးတွေကတော့ မနာလိုသဝန်တိုတဲ့ ရောဂါနှင့် ရန်ငြိုးရန်စ ထားတဲ့ရောဂါတွေပဲ၊ အဲဒီရောဂါဆိုးတွေက တုံးစေတယ်၊ ဆံပင်တွေကိုတုံးပစ်တာကို ပြောတာမဟုတ်ဘူး။ သာသနာတော်ကို ကိစ္စတုံးစေတာ အမှန်ပဲ" လို့ နဗီတမန်တော်မြတ် ﷺ ကသတိပေးတော်မူထားပါတယ်။ (သာသနာကို ကိစ္စတုံးစေတာ အမှန်ပဲလို့ မိန့်တော်မူတာ မနာလိုဝန်တိုမှုတွေ ရန်ငြိုးရန်စတွေ ကြီးထွားလာတဲ့အခါ သာသနာ့အဆုံးအမတွေကို ကျောခိုင်းပြီး ပေါက်ကွဲပျက်စီးကုန်ကြမှာကို ဆိုလိုတာပါ)

(၅) "သင်တို့မနာလို သဝန်တိုစိတ်မထားကြနှင့်၊ ဘာကြောင့်လည်းဆိုရင် မီးဟာ ထင်းတွေကို လောင်ကျွမ်းလိုက်သလို မနာလိုသဝန်တိုစိတ်ကလည်း ကောင်းမှုကုသိုလ်တွေကို ဝါးမျိုပစ်တတ်တယ်" လို့ နဗီတမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၆) အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်အတိုင်း တနင်္လာနှင့် ကြာသပတေးနေ့တွေမှာ ဂျန္နတ်နိဗ္ဗာန်ရဲ့ တံခါးတွေကို ဖွင့်ထားရတယ်၊ အဲဒီနေ့တွေမှာ အချင်းချင်းရန်ငြိုးထားကြတဲ့ သူတွေကလွဲလျှင်၊ ရှစ်ရ်ကမလုပ်တဲ့လူတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ရကြတယ်၊ အချင်းချင်းရန်ငြိုးထားနေကြတဲ့သူတွေအတွက် သူတို့အချင်းချင်း ပြန်ပြီးသင့်မြတ်တဲ့ အချိန်အထိ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူတာကို ဆိုင်းငံ့ထားတော်မူလိုက်တယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

မှတ်စ်လင်မ်ညီနောင်အပေါင်းတို့

လူတွေဟာ ဒေါသအမျက်ထွက်လာလို့ စိတ်ရှိလက်ရှိ မလုပ်လိုက်ရတဲ့အခါ အကွက်ဝင်လာရင် နိုပ်ပစ်ဖို့ ရန်ငြိုးထားလိုက်ကြတာ ဓမ္မတာပါပဲ။ ကိုယ်ငြိုးထားလိုက် တဲ့သူအောင်မြင်ကောင်းစားနေလျှင် အဲဒီငြိုးနေတဲ့သူမှာ မနာလိုသဝန်တိုစိတ်တွေ တစ်ရိပ်ရိပ်တက်နေတတ်ပါတယ်။ ဒါကြောင့် ဒေါသထွက်တာ၊ ရန်ငြိုးထားတာ၊ မနာလိုစိတ်မွေးတာတွေဟာ တော်တော်ပဲ ရှုံစရာ၊ မုန်းစရာ၊ စက်ဆုပ်စရာကောင်းတယ်ဆိုတာကို တင်ပြရခြင်းဖြစ်ပါတယ်။

F 7 B

ခွဲသ်တဗါ (၂၃) စက်ဆုပ်ဖွယ်ရာဒေါသရန်ငြိုးနှင့် မနာလိုသဝန်တိုစိတ်

အစ္စလာမ်သာသနာတော်ဝင် မွတ်စ်လင်မ်ညီနောင်များခင်ဗျား -

စိတ်မဆိုးရပဲ စိတ်ဆိုးတာ၊ ဒေါသမထွက်ရပဲ ဒေါသထွက်တာဟာ မကောင်းတဲ့ အကျင့်ဆိုးတွေဖြစ်ပါတယ်။ ဒေါသအမျက်ကြောင့် ပေါက်ကွဲတာ၊ ရန်ငြိုးရန်စထားတာ၊ မနာလိုသဝန်တိုစိတ်ထားတာတွေဟာ လူတွေကို ဖျက်ဆီးတဲ့ အကျင့်ဆိုးကြီးတွေဖြစ်ပါတယ်။ ရှေးခေတ်က လူတော်တော်များများဟာလည်း အဲဒီအကျင့်ဆိုးတွေရဲ့ ဖိစီးနှိပ်စက်မှုခံရပြီး ပျက်စီးခဲ့ကြတာကိုလည်း သမိုင်းစာပေတွေက မီးမောင်းထိုးပြထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မွတ်စ်လင်မ်တွေဟာ အဲဒီအကျင့်ဆိုးတွေကို ခြေကုတ်မပေးမိဖို့ အထူးသတိထားပြီး အစအနတောင် မကျန်စေရအောင် တွန်းလှန်ဖျောက်ဖျက်နေရမှာပါ။ အဲဒီအကျင့်ဆိုးတွေနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ ပညတ်တော်တစ်ချို့ကို တင်ပြပါရစေ။

(က) **"သွေဖည်ငြင်းဆန်တဲ့ ကာဖိရ်တွေက မွတ်စ်လင်မ်တို့အပေါ် မတရားသက်သက် မနာလိုသဝန်တိုတုန်း မွတ်စ်လင်မ်တို့ဟာ အဲဒီနေရာကရှောင်တိမ်းနေခဲ့လျှင် ငါအရှင်မြတ် အဲဒီကာဖိရ်တွေကို ဧကန်အမှန်ပြစ်ဒဏ်ပေးတော်မူမည်"** လို့ ကာဖိရ်တွေရဲ့ မနာလိုသဝန်တိုမှုအပေါ် အရေးယူလိုတော်မူခဲ့တာကို အသိပေးတော်မူထားပါတယ်။

(ခ) **"လူမျိုးတမျိုးမျိုးကို မုန်းတီးတာဟာ သင်တို့ကို တရားမျှတမှု မရှိအောင် သွေးဆောင်ဖြားယောင်းတာမျိုး မဖြစ်စေနှင့်"** လို့ စူရာမာ့အေဒဟ်ရဲ့ အာယတ်တော် ၈ မှာ မိန့်တော်မူထားပါတယ်။

(ဂ) **"မနာလိုငြူစူတဲ့သူက မနာလိုငြူစူတဲ့အခါ ဖြစ်စေတတ်တဲ့ အန္တရာယ်တွေက ကင်းရှင်းဖို့ ကျွန်တော်မျိုး အလ္လာဟ်အရှင်မြတ်ထံတော်မှာ အကာအကွယ်ယူပါတယ်"** လို့ မနာလိုတတ်တဲ့သူတွေရဲ့ အန္တရာယ်က လွတ်ကင်းဖို့ အလ္လာဟ်အရှင်မြတ်က မိမိရဲ့ အကာအကွယ်တော်ကို တောင်းခံကြလို့ စူရာဖလပ်က်မှာ မိန့်တော်မူထားပါတယ်။

သူတော်စင်များခင်ဗျား -

အခုဆက်လက်ပြီး ဟဒီးစ်တော်တချို့တင်ပြပါဦးမည်။

(၁) နဗီတမန်တော်မြတ် ﷺ ထံတော်ကို လူတယောက်ရောက်လာပြီး "ကျွန်တော်မျိုးကို ဆုံးမတော်မူပါ" လို့ ပန်ကြားပါတယ်။ မြတ်နဗီ ﷺ က အဲဒီလူကို "သင်ဘယ်တော့မှ အမျက်ဒေါသမထွက်နှင့်" လို့ မိန့်ကြားတော်မူပါတယ်။ အဲဒီလူက အဲဒီအတိုင်းပဲ အကြိမ်ကြိမ်အခါခါ ပန်ကြားတယ်။ ပန်ကြားတိုင်း မြတ်နဗီ ﷺ ကလည်း အဲဒီအဖြေ "သင်ဘယ်တော့မှ အမျက်ဒေါသမထွက်နှင့်" လို့ ဖြေကြားလမ်းညွှန်တော်မူပါတယ်။

(၉) "တယောက်ရဲ့အပြစ်အနာအဆာကို ထုတ်ဖေါ်ပြောဆိုအရှက်ခွဲတဲ့သူဟာ အဲဒီ အပြစ်အနာအဆာမျိုး မလုပ်၊ မကျူးလွန်ရခင်အလျှင် သေဆုံးမှာမဟုတ်ဘူး" လို့ နဗီ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။ အဲဒီဟဒီးစ်တော်ဆင့်ပြန်တဲ့သူ က "အပြစ်ကျူးလွန်ခဲ့တဲ့သူဟာ သူ့အပြစ်ကို အလ္လာဟ်အရှင်မြတ်ထံတော်မှာ ဝန်ချ တောင်းပန်ပြီးဖြစ်ရဲ့သားနှင့် အဲဒီအပြစ်ကို ဖေါ်ထုတ်အရှက်ခွဲတာမျိုးကို ဆိုလိုတာ" လို့ ရှင်းပြထားပါတယ်။

ကိုယ်ကျူးလွန်ထားတဲ့ ပြစ်မှုအတွက် အလ္လာဟ်အရှင်မြတ်ထံတော်မှာ ဝန်ချတောင်း ပန်မှု မလုပ်တဲ့ သူရဲ့အပြစ်အနာအဆာကို ထုတ်ဖေါ်ပြောဆိုပြီး အရှက်ခွဲတာမျိုးကတော့ အဲဒီဟဒီးစ်တော်နဲ့ အကျုံးမဝင်တတ်ပေမဲ့၊ "အပြစ်ကျူးလွန်ပြီး ဝန်ချတောင်းပန် တောင်ဝ်ဗဟ် မပြုလုပ်သေးတဲ့ သူရဲ့ အပြစ်အနာအဆာကိုလဲ မဖေါ်ထုတ်ရဘူး" လို့ တရားတော်က တားမြစ်ထားပါတယ်။ တရားတော်က အဲဒီလို အပြစ်ကျူးလွန်ဖေါက်ပြန် တဲ့လူကို လူသိရှင်ကြားအရှက်ခွဲမည့်အစား၊ စာနာစိတ် ကရုဏာစိတ်ထားပြီး၊ အဲဒီလို အပြစ်မျိုး နောက်နောင် မကျူးလွန်စေအောင် ဖျောင်းဖျပြောဆိုဆုံးမရမည်၊ မတတ်သာ တဲ့အဆုံးကျမှ ပညာပေးတဲ့သဘောမျိုးနှင့် ထုတ်ဖေါ်ပြောဆိုရမည်၊ အဲဒီလိုအဆင့်မျိုး ရောက်ပြီးမှ ထုတ်ဖေါ်ပြောဆိုရတာ အပြစ်နှင့်လွတ်ပါတယ်။

(၁၀)"ကိုယ့်ရဲ့ညီနောင် မွတ်စ်လင်မ်တစ်ယောက် စိတ်ဒုက္ခခံနေရတာကို ကြည့်ပြီး ဝမ်းမသာမိနှင့်၊ အလ္လာဟ်အရှင်မြတ်က သူ့ကို ကရုဏာထားတော်မူပြီး သင့်ကို အဲဒီ ဒုက္ခမျိုးနှင့် တွေ့စေတော်မူတတ်တယ်"လို့လည်း မြတ်နဗီ ﷺ က သတိပေးတော်မူထား ပါတယ်။

(၁၁)"ပြစ်မှုဂုနာဟ်ကျူးလွန်ထားတဲ့ သူတစ်ယောက် လူများရဲ့ ချီးမွမ်းပြောဆိုမှု ခံယူရတဲ့ အခါ အလ္လာဟ်အရှင်မြတ် အမျက်ထွက်တော်မူတယ်၊ အဲဒီသူကြောင့် အရ်ရှ်ပလ္လင်တော် လည်း တုံခါနေရတော့တယ်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

"အဲဒီမနုဿလူသားရဲ့ နှုတ်က ဖေါ်ထုတ်ပြောဆိုတဲ့ အခါတိုင်း၊ သူ့ရဲ့နှုတ်ထွက် စကားကို စောင့်ကြပ်နားထောင်မှတ်သားရတဲ့ ကောင်းကင်တမန် ဖရစ်ရှ်တာတစ်ပါး အဆင်သင့်ရှိနေတယ်" လို့ ကုရ်အာန်ကျမ်းတော်မှာ လာရှိတဲ့ ဆူရာကာဖ် အာယတ်တော် ၁၈ ကို တင်ပြပြီး ဒီနေ့ခွုသ်တဗါကို အဆုံးသတ်လိုက်ပါတယ်။

❧❧❧❧

(၁) "မေးရိုးနှစ်ခုကြားမှာရှိတာနှင့် ပေါင်နှစ်လုံးကြားမှာရှိတာကို စောင့်စည်းဖို့ တာဝန်ယူတဲ့သူ ဂျန္နတ်ရဖို့ ငါတာဝန်ယူတယ်"(လျှာနှင့် အရှက်အင်္ဂါကို အလွဲသုံးစားမလုပ်လျှင် ဂျန္နတ်ရမည်) လို့ မြတ်နဗီ ﷺ က ကတိပေးတော်မူထားပါတယ်။

(၂) "မွတ်စ်လင်မ်တစ်ယောက်ယောက်ကို ဆဲဆိုတိုင်းထွာတာ အင်မတန်ကြီးလေးတဲ့ အပြစ်ကို ကျူးလွန်ရာရောက်တယ်၊ မွတ်စ်လင်မ်တစ်ယောက်ယောက်ကို သတ်ဖြတ်တာ လူကိုကာဖစ်ရ်ဖြစ်စေတယ်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၃) "ကုန်းချော ကုန်းတိုက်တဲ့သူ ဂျန္နတ်ကို မရောက်ဘူး" လို့လည်း မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၄) "မှန်တာကို ပြောဆိုလုပ်ကိုင်တာဟာ ကောင်းမှုကုသိုလ်လုပ်ရာရောက်တယ်၊ ကောင်းမှုကုသိုလ်ဟာ ဂျန္နတ်ကို ပို့ပေးမှာဖြစ်တယ်။ လိမ်ညာတာ၊ မုသားပြောတာဟာ မကောင်းမှုဂုနာလုပ်ရာရောက်တယ်၊ ဂုနာကဂျဟန္နမ်ကိုပဲပို့ပေးတယ်" လို့လည်း မြတ်နဗီ ﷺ ကညွှန်ပြတော်မူထားပါတယ်။

(၅) မြတ်နဗီ ﷺ က ဆွဟာဗဟ်တွေ (ရဒွေယလ္လာဟုသအာလာ၊ အန္ဟွမ်အဂျ်မအီန်) ကို "အတင်းဆိုတာဘာလဲ" လို့ မေးတော်မူတော့ ဆွဟာဗဟ်တွေက "အလ္လာဟ်နှင့် အလ္လာဟ်ရဲ့ ရစူလ်သာ သိတော်မူပါတယ်" လို့ ဖြေကြားကြပါတယ်။ အဲဒီတော့ မြတ်နဗီ ﷺ က "တယောက်ယောက်ရဲ့အကြောင်းကို သူ့နောက်မှာ သူမကြိုက်တဲ့ပုံစံနှင့် ပြောတာ အတင်းဖြစ်တယ်" လို့ အသိပေးတော်မူပါတယ်။ ဆွဟာဗဟ်တွေက "တကယ်လို့ အဲဒီလို ပြောတဲ့ စကားဟာ မှန်တဲ့စကားဖြစ်လျှင် အတင်းဖြစ်ပါ့မလား" လို့ မေးလျှောက်ကြတယ်။ မြတ်နဗီ ﷺ က "ပြောတဲ့စကားမှန်လျှင် အတင်း၊ မမှန်တဲ့စကားကိုပြောလျှင် အဖျင်း၊ အဲဒီအဖျင်းက အတင်းပြောတာထက် အပြစ်ကြီးစေမည့် မတရားစွပ်စွဲမှုပေါ့" လို့ ဖြေကြားတော်မူလိုက်ပါတယ်။

(၆) "တိတ်တိတ်နေတဲ့သူဟာ လွတ်မြောက်အောင်မြင်တဲ့သူဖြစ်တယ်" လို့လည်း မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၇) "အကျိုးမရှိတဲ့အလဟဿစကားကို စွန့်ထားတဲ့သူက အစ္စလာမ့်ဂုဏ်ရည်ကို ဖေါ်ထုတ်နေသူဖြစ်တယ်" လို့လည်း မြတ်နဗီ ﷺ က မင်္ဂလာစကား ပါးတော်မူထားပါတယ်။

(၈) "လူ့ပြည်လူ့လောကမှာရှိနေတုန်း မျက်နှာနှစ်ခုထားတတ်တဲ့ (ရှေ့မှာတစ်မျိုး မျက်နှာချိုသွေးတတ်ပြီး ကွယ်ရာမှာ အပုပ်ချတဲ့၊ တစ်ယောက်နှင့်တစ်ယောက် ခလောက်ဆန်ပေးတဲ့) လူကို ကိယာမတ်နေ့မှာ မီးလျှာတပ်ပေးလိမ့်မည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၄) "သင့်ရဲ့ဇနီးသည်နှင့် ပတ်သက်ပြီး သင့်မှာတာဝန်ရှိတယ်၊ သင့်ဆီကို လာရောက်တွေ့ဆုံတဲ့ သူနဲ့ ပတ်သက်ပြီးလည်း သင့်မှာ တာဝန်ရှိတယ်၊ ဒါတွင်မကသေးဘူး သင့်ရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတိုင်းအတွက်လည်း သင့်မှာတာဝန်ရှိတယ်" လို့ မြတ်နဗီ ﷺ က ပညာပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

အလွန်အမင်း စားသောက်တာ၊ မိန်းမလိုက်စားတာတွေဟာ တော်တော်ပဲ စက်ဆုတ်ရွံမုန်းဘို့ ကောင်းသလို၊ မိမိကိုယ်ခန္ဓာရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဖြည့်မပေးနိုင်လောက်အောင် ကိုယ့်ဇနီးရဲ့ ရထိုက်တဲ့ အခွင့်အရေးကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်လောက်အောင်၊ အစားအသောက် ပြည့်ပြည့်ဝဝ မစားဘဲနေတာ၊ မိမိဇနီးရဲ့ ဆန္ဒကို ဖြည့်ဆည်းမပေးပဲ နေတာလဲပဲ ရွံမုန်းဘို့ကောင်းပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အာယတ်တော်တွေနှင့် ဟဒီးစ်တော်တွေအရ အလွန်အကျွံ စားသောက်တဲ့ကိစ္စ၊ မိန်းမလိုက်စား ပျော်ပါးတဲ့ ကိစ္စတွေဟာ အစ္စလာမ့်စည်းမျဉ်းစည်းကမ်းနှင့် လုံးဝဆန့်ကျင်နေတယ်ဆိုတာကိုတော့ ကောင်းကောင်းသိကြမှာပါ။

သူတော်စင်များခင်ဗျား –

"အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ဟာ သင်တို့အပေါ် မိမိရဲ့ မဟာကရုဏာတော်နှင့် လှည့်တော်မူဖို့ ရည်ရွယ်တော်မူတယ်၊ ဒါပေမဲ့ သင်တို့အထဲက ကိုယ့်ရဲ့စိတ်ဆန္ဒအလိုကို လိုက်ဖို့ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ကျူးလွန်ဖို့ကိုသာ လိုလားနေကြတယ်" လို့ လာရှိတဲ့ကုရ်အာန်ကျမ်းမြတ် စူရာနိစာရဲ့ အာယတ်တော် ၂၇ ကိုတင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

* * *

ခွသ်တဗါ (၂၂) နှုတ်လျှာကို စောင့်စည်းခြင်း

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား –

လူတွေရဲ့ နှုတ်လျှာဟာ အတော်ပဲ သေးငယ်လှပေမဲ့ ပြစ်မှုကိုတော့ ဒုနဲ့ဒေးကျူးလွန်လေ့ရှိပါတယ်။ ဒါကြောင့် အစ္စလာမ့်တရားတော်က တိတ်တိတ်နေတာကို ချီးကျူးထားပြီး၊ ပြောလျှင်လည်း မှန်တဲ့စကားကိုပဲပြောဖို့ ပညာပေးထားပါတယ်။ အမှန်ကိုအမှန်အတိုင်း ဖွင့်ပြောရမှာ တာဝန်ရှိလျက်သားနှင့် ရှောင်နေမည်ဆိုလျှင် တိတ်တိတ်ပဲနေလိုက်မည် ဆိုလျှင် ကြီးလေးတဲ့ဂုနာထိုက်မှာပါ။ နှုတ်ပါးစပ်ကို မစောင့်စည်းလျှင် အများအားဖြင့်ဂျဟန္နမ်ကို လားရတတ်ပါတယ်။ ဒါကြောင့် မြတ်နဗီ ﷺ နှုတ်ကို စောင့်ထိန်းဖို့ တာဝန်ရှိတဲ့အကြောင်း သတိပေးတော်မူခဲ့တာတွေထဲက တစ်ချို့ကို တင်ပြပါမည်။

(ခ) စူရာနိစာအ်ရဲ့ အာယတ်တော် ၁၀ မှာ "ဖမဲ့ကလေးတွေရဲ့ ဥစ္စာပစ္စည်းကို မတရားသဖြင့် စားသုံးကြတဲ့သူတွေဟာ မုချဧကန် ကိုယ့်ဝမ်းဗိုက်ထဲကိုယ် မီးကျီးခဲကိုသာ ထည့်သွင်းနေကြတာ၊ အဲဒီသူတွေဟာ မကြာမီမှာ အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ ငရဲထဲကို သက်ဆင်းဝင်ရောက်ကြရမည်" လို့ အတိအလင်း သတိပေးတော်မူထားပါတယ်။

(ဂ) စူရာဖဂျ်ရ်ရဲ့ အာယတ်တော် ၁၉ မှာ "သင်တို့သည် သူတပါး၏ အမွေပစ္စည်းများကိုလည်း မတရားသဖြင့် သိမ်းကျုံးစားသောက်ကြတယ်" လို့လည်း ထောက်ပြတော်မူထားပါတယ်။

(ဃ) စူရာဗနီအစ္စရာအီလ်ရဲ့ အာယတ်တော် ၃၂ မှာ "သင်တို့သည် ကာမေသု မိစ္ဆာစာရရဲ့ အနီးနားကိုတောင် မချဉ်းကပ်ကြနှင့်၊ ဧကန်မလွဲ အဲဒီကိစ္စဟာ အတော်ပဲ စက်ဆုပ်ရွံရှာစရာကောင်းတဲ့အပြင် အတော်ပဲဆိုးရွားတဲ့လုပ်ရပ်လည်း ဖြစ်တယ်" လို့ ဇိနာရဲ့ ဆိုးယုတ်မှုကို အသိပေးတော်မူထားပါတယ်။

(င) စူရာရှုအ်ရာရဲ့ အာယတ်တော် ၁၆၅၊ ၁၆၆ မှာ "သင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မိမိတို့အတွက် ဖန်ဆင်းပေးထားတော်မူတဲ့ ဇနီးမယားတို့ကို စွန့်ပြီး ယောကျ်ားအချင်းချင်း ဇိနာမှု ကျူးလွန်ကြသလား၊ အမှန်ဆိုရင် သင်တို့ဟာ စည်းကမ်းကျူးလွန်ဖောက်ဖျက်တဲ့ အမျိုးသားတွေပဲ ဖြစ်ကြတယ်" လို့ လိင်တူချင်းဖောက်ပြန်မှုရဲ့ ရလဒ်အဖြေကို ပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား –

အခုဆက်လက်ပြီး ဟဒီးစ်တော်တချို့ကို တင်ပြပါမည်။

(၁) "ငါကိုယ်တော်မြတ် မရှိတော့တဲ့အခါ အမျိုးသားတွေဟာ အမျိုးသမီးတွေရဲ့ စနက်ကြောင့် အများဆုံးပျက်စီးဆုံးရှုံးကြရမည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၂) "အို အလီ .... အမျိုးသမီးတဦးတယောက်ကို ပထမအကြိမ် အမှုမဲ့ အမှတ်မဲ့ ကြည့်မိလိုက်လျှင် ချက်ချင်းမျက်နှာလွှဲလိုက်၊ နောက်ထပ်မကြည့်မိစေနှင့်၊ ဘာကြောင့်လည်းဆိုလျှင် ပထမအကြိမ်ကြည့်မိလိုက်လို့ သင့်အပေါ်အပြစ်ဂုနာမထိုက်ပေမဲ့၊ အမှတ်တမဲ့ မြင်လိုက်ရတာကို မျက်နှာမလွှဲပဲ ဆက်ပြီး ကြည့်နေမည်၊ နောက်ထပ်လဲကြည့်နေအုံးမည်ဆိုလျှင် သင့်အပေါ် အပြစ်ထိုက်တော့တယ်" လို့ မြတ်နဗီ ﷺ က ဟဇရတ်အလီ ؓ ကို ပညာပေးတော်မူခဲ့ပါတယ်။

(၃) လေချဉ်တက်နေတဲ့ လူတစ်ယောက်ကို မြင်တွေ့တော်မူတဲ့ မြတ်နဗီ ﷺ က "အသင်လေချဉ်အတက်နည်းအောင်လုပ်ပါ၊ ဘာကြောင့်လဲဆိုလျှင် ဗိုက်တင်းအောင်စားသောက် တတ်တဲ့သူတွေဟာ ကိယာမတ်နေ့မှာ အတော်ပဲဆာလောင်မွတ်သိပ်ကြရလိမ့်မည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူလိုက်ပါတယ်။

သူတော်စင်များခင်ဗျား –

အကျင့်စာရိတ္တကောင်းမွန်နေဖို့အတွက် အထူးပဲ ဂရုစိုက်ပြုပြင်နေရမှာပါ၊ အကျင့်စာရိတ္တကောင်းလျှင် ဒီလောကမှာပဲ မဟုတ်ဘူး၊ အဆုံး ဆိုတာ မရှိတဲ့နောင်တမလွန် အာခိရတ်မှာလည်း တော်တော်ပဲ အကျိုးပေးမည်ဆိုတာကို ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေက ထင်ထင်ရှားရှား ညွှန်ပြတော်မူထားပါပြီ။ အကျင့်စာရိတ္တသာ ကောင်းလျှင် မကောင်းမှုတွေ ကင်းစင်နေမှာမို့ အဲဒီလိုလူရဲ့ အဆင့်အတန်းဟာလည်း တိုးတက်မြင့်မားနေမှာပါ၊ ကျွန်တော်တို့ရဲ့ ကျေးဇူးတော်ရှင် မြတ်နဗီ ﷺ ရဲ့ စာရိတ္တတော်ဟာ လူ့ကမ္ဘာအတွက် စံနမူနာဖြစ်လို့ ကျွန်တော်တို့မွတ်စ်လင်မ်တွေသာ မြတ်နဗီ ﷺ ရဲ့ ဟဒီးစ်တော်တွေကို နာယူကျင့်မူကြမည်ဆိုလျှင် ကျွန်တော်တို့လည်း ကောင်းမြတ်တဲ့ စာရိတ္တရှင်တွေဖြစ်လာကြပြီး ကမ္ဘာသူကမ္ဘာသားတွေရဲ့ ရှေ့ဆောင်ရှေ့ရပ်တွေ ဖြစ်လာမှာပါ .... အင်ရှာအလ္လာဟ်။

သူတော်စင်များခင်ဗျား –

"သင်တို့ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား လုပ်နေကြတဲ့ အပြစ်ဂုနာတွေကို၊ တိတ်တိတ်ပုန်းကျူးလွန်နေကြတဲ့ အပြစ်ဂုနာတွေကို စွန့်လွှတ်လိုက်ကြ၊ ပြစ်မှုဂုနာတွေကို ကျူးလွန်စည်းဖေါက်တဲ့သူတွေဟာ မကြာခင်မှာပဲ ကိုယ်ကျူးလွန်ပြုလုပ်စုဆောင်းခဲ့တာတွေရဲ့ ဆိုးကျိုးကို ခံယူကြရမည်" လို့ ကုရ်အာန်ကျမ်းတော်မြတ် ဆူရာအန်အာမ်ရဲ့ အာယတ်တော် ၁၂၀မှာ သတိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၂၁) ချိုးနှိမ်ရမည့် စားသောက်မှုနှင့် မေထုံမှီဝဲမှု

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

သဘာဝဓမ္မတာအတိုင်း လူတွေမှာ အလိုရမ္မက်တွေရှိကြပါတယ်။ အဲဒီလိုရှိတဲ့ ရမ္မက်တွေထဲမှာ ကြောက်စရာအကောင်းဆုံးကတော့ အစားအသောက် လွန်လွန်ကျူးကျူး စားသောက်တာ၊ ကာမဂုဏ်မှုကျူးလွန်တာတွေပဲ ဖြစ်ပါတယ်။ အဲဒီဆန္ဒဆိုးကြီးနှစ်ခုကို တော်တော်ပဲချိုးနှိမ်ထားဖို့လိုပါတယ်။ ဒါကြောင့် အစ္စလာမ်သာသနာတော်က အစားအသောက် အလွန်အကျွံမစားမသောက်ဖို့၊ ကာမဆန္ဒဗွက်ထဲမှာ နစ်မနေဖို့ ကြပ်ကြပ် တည်းတည်း သတိပေးထားပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့

(က) ဆူရာအဉ့်ရားဖ် အာယတ်တော် ၃၁ မှာ "သင်တို့ အစားအသောက်တွေကို စားကြသောက်ကြ၊ ဒါပေမဲ့မဖြုန်းတီးကြနှင့်၊ ဘာကြောင့်လည်းဆိုလျှင် အဲဒီအရှင်မြတ်က ဖြုန်းတီးတဲ့သူတွေကို နှစ်သက်တော်မူမှာမဟုတ်ဘူး" လို့ မိန့်တော်မူထားပါတယ်။

ခွန်တာဗ်ါ (၂၀) အကျင့်စာရိတ္တပြုပြင်ကြ

မွတ်စ်လင်မ်သူတော်စင်ညီနောင်အပေါင်းတို့ခင်ဗျား

လူတိုင်းဟာ ကိုယ့်ရဲ့ အကျင့်စာရိတ္တကို ကောင်းမြတ်နေအောင် ကိုယ်တိုင်ပဲပြုပြင်ထိန်းသိမ်းနေဖို့ အတော်ပဲလိုအပ်ပါတယ်။ ကောင်းမြတ်တဲ့ စာရိတ္တတွေကတော့ နဗီတမန်တော်မြတ် ﷺ ရဲ့ ထူးခြားမွန်မြတ်တဲ့ ဂုဏ်ရည်တော်တွေပဲလို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ အတိအလင်း ကြေညာတော်မူထားပြီး ဖြစ်ပါတယ်။ စာရိတ္တကောင်းတာ၊ အကျင့်အမူကောင်းတာဟာ ... သစ္စာသမာဓိရှိတဲ့၊ မွန်မြတ်တဲ့သူတွေရဲ့ လက္ခဏာတွေဖြစ်တယ်လို့ ကောက်ယူလျှင် လွဲမှားဖို့မရှိပါဘူး။ မကောင်းတဲ့အကျင့်အကြံ လက်ကိုင်ထားလျှင် အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတော်နှင့် ဝေးနေပြီဆိုတဲ့အပေါ် သံသယဝင်စရာ မရှိပါဘူး။

သူတော်စင်များခင်ဗျား

ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာရှမ်းစ်အာယတ် ၉ မှာ **"စိတ်နှလုံးကို စင်ကြယ်သန့်ရှင်းစေအောင် ပြုလုပ်တဲ့သူပဲ အမှန်တကယ် အောင်မြင်မည်"** လို့ ကြေငြာတော်မူထားတာကို ထောက်ရှုကြည့်မည်ဆိုလျှင် မကောင်းတဲ့အကျင့်စာရိတ္တတွေနှင့် ကင်းရှင်းပြီး ကောင်းမြတ်မွန်ရည်တဲ့ အကျင့်စာရိတ္တကို စွဲကိုင်ထားတဲ့သူသာ စစ်မှန်တဲ့ အောင်မြင်သူ ဖြစ်မည်ဆိုတာ သိရပါတယ်။

(၁) "ကိယာမတ်နေ့မှာ မုမင်န်သက်ဝင်ယုံကြည်သူရဲ့ ကောင်းမှုတွေ၊ မကောင်းမှုတွေကို ချိန်တွယ်တဲ့အခါ သူ့ရဲ့အချိန်အစီးဆုံး ကောင်းမှုဟာ သူရဲ့မွန်မြတ်တဲ့ စာရိတ္တပဲဖြစ်မည်၊ အလ္လာဟ်အရှင်မြတ်က ပါးစပ်ဆိုးတဲ့သူ၊ မဖွယ်မရာပြောဆိုတဲ့သူကို အမှန်တကယ် ရွံရှာစက်ဆုတ်တော်မူတယ်လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၂) "မွန်ရည်တဲ့ စာရိတ္တလက်ကိုင်ထားတဲ့ မုမင်န်သက်ဝင်ယုံကြည်သူဟာ တညလုံးမအိပ်ပဲ အိဗာဒတ်လုပ်ပြီး၊ တစ်နေ့လုံးရိုဇာထားတဲ့ သူမွန်သူမြတ်တွေရဲ့ အဆင့်ဒရ်ဂျာရရှိမယ်" လို့ ဟဒီးစ်တော်တစ်ခုမှာလာရှိပါတယ်။

(၃) "လူတွေနဲ့ ထိတွေ့ပေါင်းသင်းဆက်ဆံရင်း၊ ကြုံရဆုံရတဲ့ ဒုက္ခတွေကို သီးခံမျိုသိပ်တတ်တဲ့ မွတ်စ်လင်မ်ဟာ လူတွေနဲ့ ကင်းကင်းဝေးဝေး နေတတ်ပြီး ကြုံရဆုံရတဲ့ ဒုက္ခတွေကို သီးမခံတတ်တဲ့ မွတ်စ်လင်မ်ထက်မြတ်တယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၄) "သင်တို့အထဲမှာ အကျင့်စာရိတ္တအကောင်းဆုံးသူဟာ အီမာန်အပြည့်ဝဆုံးသူဖြစ်တယ်" လို့ မြတ်နဗီ ﷺ က ညွှန်ပြထားတော်မူပါတယ်။

(၄) နမားဇ်ဆောက်တည်တာတွေ၊ ရိုဇာထားတာတွေ၊ ဇကားသ်ထုတ်တာတွေ၊ ဟဂျ်၊ အွမ့်ရာလုပ်တာတွေ၊ ကောင်းမှုကျင့်စဉ်တွေနဲ့ ပတ်သက်တာတွေကို သွန်သင်ညွှန်ကြား ပြသတော်မူရင်း "လူတွေဟာ အဲဒီလိုကောင်းမှု ကျင့်စဉ်တွေလုပ်ဆောင်ပေမဲ့ အသိစိတ် ရှိတဲ့သူပဲ ကိယာမတ်နေ့မှာ ကုသိုလ်စဝါးဗ်ရလိမ့်မည်" လို့ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။ (လူဟာ အသိစိတ်နှင့်ပဲ အလ္လာဟ်အရှင်မြတ်ကို သိကြရ တာပါ။ အလ္လာဟ်အရှင်မြတ်ကိုသိမှ စေတနာအမှန်ကို ရယူနိုင်ကြတာကို သတိပေးတော် မူတာ ဖြစ်ပါတယ်။)

(၅) စိတ်ရင်းစေတနာရဲ့ ရလဒ်နှင့် ပတ်သက်ပြီး "မှမင်န်တစ်ယောက် သေဆုံးလို့ သူ့ရဲ့ ဝိဉာဉ် မိုးကောင်းကင်တက်သွားတဲ့အခါ ကောင်းကင်မှာရှိနေတဲ့ ဖရစ်ရှ်တာတွေက 'အဲဒါ စင်ကြယ်သန့်ပြန့်တဲ့ဝိဉာဉ်ပေါ့' လို့ ချီးမွမ်းကြတယ်။ ကာဖစ်ရ်ရဲ့ ဝိဉာဉ်တက် သွားတဲ့အခါ ဖရစ်ရှ်တာတွေက နှာခေါင်းရှုံ့ပြီး 'မသန့်တဲ့ဝိဉာဉ်ပါလား' လို့ ညည်းတွား ကြတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၆) သူတော်ကောင်းတယောက် သေဆုံးရခါနီးမှာ သေမင်းက "အို ချမ်းမြေ့သာယာမှုကို စံစားရမည့် အသက်ဇီဝိန်" လို့ နှုတ်ခွန်းဆက်ပေမဲ့ သူယုတ်မာကို "အို ညစ်ညမ်းတဲ့ အသက်ဇီဝိန်" လို့ ဆက်ဆံလိမ့်မည်လို့ ဟဒီးစ်တော်များမှာ ဆင့်ပြန်ထားပါတယ်။

သူတော်စင်အပေါင်းတို့

စိတ်သဘောထားနှင့် စေတနာဖြူစင်မှုဟာ ဘယ်လောက်အထိ အရေးကြီးအရာ ရောက်တယ်ဆိုတာ သိကြပြီပေါ့နော် .... တချို့က စေတနာမှန်ရင် ပြီးပါတယ်၊ အမလ် ကျင့်ဆောင်မှုဟာ အဓိကမဟုတ်ဘူး ဆိုပြီး တလွဲ ဆံပင်ကောင်းနေကြတယ်။ စိတ်ရင်း မှန်ရမည်၊ စေတနာလဲ ဖြူစင်ရမည်ဆိုတာ အမလ်ကျင့်စဉ်ကျင့်ရပ်အတွက် လိုအပ်ချက် ဖြစ်ပါတယ်။ တကယ်ဆိုတော့ စိတ်ရင်းစေတနာ ဖြူစင်မှန်ကန်မှုဟာ အမလ်ကျင့်စဉ် ကျင့်ရပ်ရဲ့ အသက်သွေးကြောလို့ ပြောလျှင်မမှားပါဘူး။

သူတော်စင်များခင်ဗျား

အမှန်စင်စစ် ဒီတရားဒေသနာတော်ဟာ စိတ်စေတနာ ဖြူဖြူစင်စင်နှင့် ကြားနာသူ တို့အဖို့ တရားရမည့်သင်ခန်းစာဘဲဖြစ်တယ်" လို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ စူရာကားဖ်၊ အာယတ်တော် ၃၇ ကို အကျဉ်းချုံးတင်ပြရင်း ဒီကနေ့ခွသ်တဗါကို နိဂုံးချုပ် လိုက်ပါတယ်။

(၈) အဲဒီလိုဘဲ အတွင်းမနေ့ာစိတ်သဘောရဲ့ လုပ်ဆောင်ချက်ကို သရုပ်ဖော်ပြတော်မူတဲ့ အနေနှင့် ကုရ်အာန်ကျမ်းတော်မြတ်မှာ "**စိတ်နှလုံးရဲ့ ကစမ် .... အဲဒီစိတ်နှလုံးကို ကောင်းမွန်စေဖို့ ပြုပြင်တာရဲ့ကစမ် ..... အဲဒီစိတ်နှလုံးကို မကောင်းမှုနှင့် ကောင်းမှုတွေ ခွဲခြားစိတ်ဖြာသိစေတော်မူတယ်၊ အဲဒီစိတ်နှလုံးကို သန့်ပြန့်စင်ကြယ်စေဖို့ ပြုပြင်နေတဲ့ သူဟာ အမှန်တစ်ကယ်ပဲ အောင်မြင်မည်၊ စိတ်နှလုံးကို ညစ်ညမ်းမှောင်ပိန်းနေအောင် လုပ်နေကြတဲ့သူတွေကတော့ ပျက်စီးဆုံးရှုံးမှာအမှန်ပဲ**" လို့ အတိအလင်း ကြေငြာထား တော်မူပါတယ်။

သူတော်စင်များခင်ဗျား –

အခု ကျွန်တော်တင်ပြလိုက်တဲ့ အာယတ်တော်တွေကို ဆန်းစစ်ကြည့်လျှင် အီမာန် သက်ဝင်ယုံကြည်မှုဟာ စိတ်နှလုံးနဲ့သာ သက်ဆိုင်တယ်ဆိုတာကို သိရပါမည်၊ ခန္ဓာ ကိုယ်က လုပ်ဆောင်တဲ့ အလုပ်တွေကလည်း စိတ်နှလုံးရဲ့ အနွံအတာကို ခံရတယ်ဆိုတာ ကိုလည်း ထင်ထင်ရှားရှား သိနိုင်ပါတယ်။ ဒါကြောင့် စိတ်နှလုံးကို ပြုပြင်နေဖို့လိုတယ်လို့ သိနားလည်ထားရမှာပါ၊ အခုဆက်ပြီးတော့ နှလုံးသားနဲ့ပတ်သက်လို့ လမ်းညွှန်တော်မူ ထားတဲ့ ဟဒီးစ်တော်တချို့ကို တင်ပြပါဦးမည်။

(၁) "သင်တို့ ကောင်းကောင်းမှတ်ထားကြ၊ လူတွေရဲ့ ကိုယ်ခန္ဓာထဲမှာ အသားတုံးလေး တစ်တုံးရှိနေတယ်၊ အဲဒီအသားတုံးလေးကောင်းနေရင် ခန္ဓာကိုယ်တခုလုံးကောင်းနေ မည်၊ အဲဒီအသားတုံးကလေး ပျက်စီးနေလျှင် တစ်ကိုယ်လုံးလည်း ပျက်စီးနေလိမ့်မည်၊ အဲဒီအသားတုံးကလေးကတော့ တခြားမဟုတ်ဘူး၊ သင်တို့ရဲ့ နှလုံးသားဘဲဖြစ်တယ်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၂) ဆွဟာဗီကြီးတစ်ဦးဖြစ်တဲ့ ဟဇရတ် ဝါဗိဆဟ် ؓ ကို တမန်တော်မြတ် ﷺ က "ကောင်းမှု၊ မကောင်းမှုတွေနှင့် ပတ်သက်ပြီးမေးဘို့လာတာလား" လို့ မေးတော်မူလိုက် တော့ ဆွဟာဗီကြီးက "ဟုတ်ပါတယ် ယာရစူလလ္လာဟ်" လို့ ဖြေပါတယ်။ မြတ်နဗီ ﷺ က မိမိရဲ့လက်ဝါးတော်နှင့် ဆွဟာဗီကြီးရဲ့ ရင်ပတ်ကို ပုတ်တော်မူရင်း "သင် ကိုယ့်စိတ်ကို ကိုယ်မေးပြီး ဆုံးဖြတ်ယူပေါ့" လို့ သုံးကြိမ်တိတိဖြေကြားတော်မူပြီး တဆက်ထဲပဲ "သင့်ရဲ့စိတ်နှလုံးကို ဂဏှာမငြိမ်အောင် တထင့်ထင့်ဖြစ်နေစေတဲ့ အလုပ် ကို ဘယ်သူက ဘယ်လိုဘဲ ကောင်းတယ်လို့ ပြောပြော၊ အဲဒီအလုပ်ဟာ မကောင်းမှုပဲ ဖြစ်တယ်" လို့ သင်ပြပေးတော်မူလိုက်ပါတယ်။

(၃) "လူတွေရဲ့ အပြုအမူ၊ အလုပ်တွေဟာ စိတ်ရင်းစေတနာပေါ်မှာ အခြေခံတယ်" လို့ မြတ်နဗီ ﷺ က ညွှန်ပြတော်မူထားပါတယ်။ ကောင်းတဲ့ကိစ္စကို ဘယ်လောက်ပဲ ကောင်းအောင်လုပ်လုပ်၊ စိတ်ရင်းစေတနာမမှန်လျှင်၊ မကောင်းတဲ့စိတ် မကောင်းတဲ့ စေတနာနှင့်လုပ်လျှင် အဲဒီလူကို ကောင်းမြတ်တဲ့ကိစ္စ လုပ်တဲ့လူလို့ မှတ်ယူလို့မရဘူးလို့ ဆိုလိုတော်မူခြင်းဖြစ်ပါတယ်။

ကြင်နာသနားမှုကို၊ ကရုဏာထားမှုကို သရုပ်ဖော်ပြတဲ့ မွန်မြတ်လှတဲ့ စာရိတ္တတော်တွေပါ။ မြတ်နဗီဟာ ညစ်ညမ်းတဲ့ စကားဝေးလို့ ဆဲရေးတိုင်းထွာမှုတောင် မပြုတော်မူဘူး။ အလဟဿစကား၊ အကျိုးမရှိတဲ့ စကားဆိုလို့ တစ်ခွန်းတစ်လေမှ မပြောပဲ တိတ်တိတ်နေတော်မူတာလည်း ထူးကဲမွန်ရည်လွန်းတဲ့ ဂုဏ်ရည်တော်ပါ၊ ကျွန်တော်တို့ဟာ မြတ်နဗီ ရဲ့ အုမ္မသ်တပည့်နောက်လိုက်တွေ ဖြစ်လို့ မြတ်နဗီရဲ့ ဂုဏ်ရည်တော်တွေကို ခြေဖဝါး ထပ်ခြပ် လိုက်နာဖို့လိုပါတယ်။

သူတော်စင်များခင်ဗျား

ဝအင်းနှကလာ့အလာခုလုကင်န်အဓွီးမ် .... မလွဲကေန် သင်သည် ထူးကဲမြင့်မြတ်လှသည့် သဘောရုပ်ပေါ်စေတဲ့ အကျင့်စာရိတ္တပေါ်မှာ ရပ်တယ်နေတယ် --- လို့ လာရှိတဲ့ ကုရ်အာန်ကျမ်းတော်မြတ် စူရဟ်ကလမ်ရဲ့ အာယတ်တော် ၄ ကို တင်ပြပြီး ဒီကနေ့ ခွင်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

❀❀❀❀

ခွင်တာဗါ (၁၉) အတွင်းမနော စစ်ကြောပြုပြင်ရေး

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

"အတွင်းစိတ်မနောကို ထိန်းသိမ်းဆင်ခြင် ပြုပြင်တာဟာ မွန်ရည်လှတဲ့ လူမှုဆက်ဆံရေးအတွက် အဓိကလိုအပ်ချက်ဖြစ်တယ်" လို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ မိန့်ခွဲထားတော်မူသလို ဟဒီးစ်တော်များမှာလဲ ရှင်းလင်းပြဆိုလမ်းညွှန်တော်မူထားပါတယ်။ အခု ကျွန်တော်ကျမ်းတော်မြတ်မှာလာရှိတဲ့ အာယတ်တော်တချို့ကို တင်ပြပါမယ်။

(က)အီမာန်နှင့် ပတ်သက်ပြီး ကျေးတောသားအရဗ်တို့က **"ကျွန်တော်တို့ အီမာန်သက်ဝင် ယုံကြည်ခဲ့ကြပါပြီ"** .... လို့ ပြောဆိုကြတယ်၊ အို နဗီတမန်တော်.... အချင်းတို့ သင်တို့အီမာန်သက်ဝင်ယုံကြည်ခဲ့ကြတာ မဟုတ်သေးဘူး၊ ဒါပေမဲ့ 'ကျွန်တော်တို့ အမိန့်တော်ကို နာခံကြပါပြီ' လို့ ပြောကြ၊ အမှန်ဆိုရင် အီမာန်ယုံကြည်မှုဟာ သင်တို့ရဲ့ စိတ်နှလုံးတွေထဲကို မဝင်သေးဘူး" လို့ ပြောကြားလိုက် .... ဆိုပြီး စူရာဟုဂျုရားတ်ရဲ့ အာယတ်တော် ၁၄ မှာ အီမာန်ရဲ့ အတိမ်အနက်ကို ထောက်ပြတော်မူထားပါတယ်။

(ခ) **"တကယ်ဆိုတော့ မျက်စိကန်းသွားကြတာ မဟုတ်ဘူး ... သူတို့ရဲ့ ရင်ပတ်ထဲမှာရှိနေတဲ့ စိတ်နှလုံးသား ကန်းသွားတာသာဖြစ်တယ်"** လို့လဲ ကုရ်အာန်ကျမ်းတော်မြတ်က အတွင်းစိတ်ရဲ့သဘောကို ဖော်ပြတော်မူထားပါတယ်။

တွေကိုလည်း ကိုယ်တော်တိုင်ဘဲ လုပ်ဆောင်လေ့ရှိတော်မူတဲ့အကြောင်း ကျမ်းဂန်တွေမှာ နေရာအနှံ့တွေ့ထားပါတယ်။

(၆) အထူးခြားဆုံးအချက်အနေနှင့် မြတ်နဗီ ﷺ ဟာ အကျိုးမရှိတဲ့ စကားလုံး၀မပြော မဆိုတော်မူပဲ တိတ်တိတ်နေလေ့ရှိတော်မူတတ်တဲ့အကြောင်း ဟဒီးစ်တော်များမှာ အကွဲ အလွဲမရှိ တွေ့ရပါတယ်။

(၇) "ကျွန်တော် တမန်တော်မြတ် ﷺ ကို ဆယ်နှစ်တိတိ ပြုစုခွင့်ရပါတယ်၊ အဲဒီ ၁၀ နှစ်တာကာလထဲမှာ မြတ်နဗီဟာ ကျွန်တော်မှားတဲ့အခါ ဆူတာငေါက်တာ ကြိမ်းမောင်း တာ မပြောနှင့်၊ မင်းဘာကြောင့် ဒီလိုလုပ်လိုက်တာလဲ'၊ 'ဘာကြောင့် ဒါမလုပ်သေးတာ လဲ' လို့ မေးတောင်မေးတော်မမူပါဘူး။ စိတ်ကုန်တဲ့သဘောနဲ့ တောက်ခေါက်တာ ငြီးငြူ တာလည်း အလျဉ်းမရှိခဲ့ပါဘူး" လို့ ဟဇရတ်အနတ်စ် ﷺ က ပြောပြလေ့ရှိပါတယ်။

(၈) တစ်ခါ ဆွဟာဗဟ်တွေက မြတ်နဗီ ﷺ ကို "အို အလ္လာဟ်အရှင်မြတ်ရဲ့ နဗီတမန် တော် ... ကိုယ်တော့်ကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ ကာဖစ်ရ်၊ မွတ်ရှ်ရစ်က်တွေ ပျက်စီးသွား အောင် ကျိန်ဆဲတော်မူပါ" လို့ ဝိုင်းပြီး လျှောက်ထားတော့ မြတ်နဗီက "ငါဟာ ကျိန်ဆဲ သူ အဖြစ်စေလွှတ်တော်မူခြင်း ခံရတာမဟုတ်ဘူး၊ မေတ္တာရှင် ကရုဏာရှင်အဖြစ် စေလွှတ်တော်မူခြင်းခံရသူဖြစ်တယ်" လို့ ဖြေကြားတော်မူလိုက်တာကိုလည်း ဟဒီးစ် တော်တွေမှာ တွေ့ရပါတယ်။

(၉) "မြတ်နဗီ ﷺ ဟာ အိမ်တွင်းပုန်း အပျိုစင်တွေထက် ပိုပြီးရှက်တတ်တော်မူတယ်၊ မကြိုက်မနှစ်သက်တော်မူတဲ့ ကိစ္စကို နှုတ်တော်က ဘယ်တော့မှ ဖွင့်ဟမိန့်ဆိုတော်မူ ခြင်း မပြုဘူး၊ ကိုယ်တော်ရဲ့ မျက်နှာတော်ကို ဖူးလိုက်ရင် ကိုယ်တော်မြတ်ရဲ့ အတွင်း စိတ်သဘောကို အထင်းသား အကဲခပ်လို့ ရပါတယ်"လို့ အနီးကပ် ခစားဘူးတဲ့ ဆွဟာ ဗဟ်တွေက ပြောပြတဲ့အကြောင်း ကျမ်းဂန်တွေထဲမှာ ဆင့်ပြန်ထားပါတယ်။

လူကြီးမင်းများခင်ဗျား -

ကျွန်တော်တင်ပြလိုက်တဲ့အကြောင်း အချက်တွေက မြတ်နဗီရဲ့ ဂုဏ်ရည်တော် ဘယ်လောက်ထူးခြားကောင်းမွန် ပြောင်မြောက်တော်မူတယ်ဆိုတာကို မီးမောင်းထိုးပြ ထားပါတယ်။ နဗီရစူလ်အပေါင်းတို့ရဲ့ ထိပ်ခေါင်ဖြစ်တော်မူရဲ့သားနှင့် အလုပ်အသေး အဖွဲ့ကအစ၊ အိမ်မှုကိစ္စပါမကျန် ကိုယ်တော်တိုင် လုပ်ဆောင်တာ၊ လိုအပ်သလို ကူညီ တာဟာ ထူးခြားတဲ့ လက္ခဏာတော်တွေပါ။ ကိုယ်တော်ရဲ့ အံ့သြစရာကောင်းလောက် အောင် အရှက်ကြီးတော်မူတာ၊ ကိုယ်တော်မြတ်ရဲ့ နှုတ်တော်ချိုသာ သိမ်မွေ့တာ၊ မိမိရဲ့ လက်အောက်ငယ်သားတွေကို ဆူပူကြိမ်းမောင်း ရိုက်ပုတ်ဖို့ ဝေးလို့ လက်ဖျားနှင့်လည်း မတို့၊ လျှာဖျားနှင့်လည်း မငေါက်ဘူးဆိုတာတွေဟာ မြတ်နဗီရဲ့ စာနာထောက်ထားမှုကို၊

မှာ အတိအလင်းကြေငြာတော်မူထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မြတ်တမန်ရဲ့ ဘဝအတ္ထုပ္ပတ္တိကို ကြေကြေငြက်ငြက် ဖြစ်နေအောင် လေ့လာမှတ်သားပြီး မြတ်နဗီ သရုပ်ဖော်ပြတော်မူခဲ့တဲ့ စာရိတ္တတော်တွေ၊ မြတ်နဗီရဲ့ ထူးမွန်ပြောင်မြောက်တဲ့ စာရိတ္တတော်တွေကို အနီးစပ်ဆုံး ပုံတူကူးယူကျင့်မူဖို့ အတော်ပဲလိုအပ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ခွဲသ်တဗါမှာ မြတ်နဗီရဲ့ ဂုဏ်ရည်တော်တွေ၊ စာရိတ္တတော်တွေထဲက တစ်ချို့ကို ကျွန်တော်ပြောပြပါမည်။

(၁) နဗီတမန်တော်မြတ် ﷺ ရဲ့ ရုပ်ရည်ရူပကာတော်ဟာ အထူးလှပတင့်တယ်တော်မူသလို မြတ်နဗီရဲ့ မူနည်းအကျင့်၊ စာရိတ္တတော်တွေကလည်း အလွန်ပဲ မွန်ရည်တော်မူပြီး၊ အားလုံးထက် ရင့်ကျက်တော်မူတယ်။ အားလုံးထက် ရက်ရောတော်မူတယ်လို့ ဟဒီးစ်ကျမ်းဂန်တော်များမှာ တစ်သံထဲ ဆင့်ပြန်ထားတာကို တွေ့ရပါတယ်။

(၂) မြတ်နဗီ ﷺ ဟာ သာသနာ့ရန်သူတွေနှင့် ရင်ဆိုင်ရလို့ တွန်းလှန်တိုက်ခိုက်တော်မူလိုက်တာကလွဲပြီး ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မိမိရဲ့လက်ဖျားတော်နှင့် တို့တောင် မတို့တော်မူဘူး။ မိမိရဲ့အိမ်ဖော်မှာ အပြစ်ရှိလျှင် နှုတ်တော်နှင့်ပဲ ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့ ဆုံးမပြုပြင် ပေးတော်မူတယ်၊ အိမ်ဖော်ကို ရိုက်နှက်ဖို့ မဆိုနှင့်၊ ငေါက်တောင် မငေါက်တော်မူဘူးလို့လည်း ဆင့်ပြန်ချက်တွေမှာ လာရှိပါတယ်။

(၃) မြတ်နဗီ ﷺ ဟာ ညစ်ညမ်းတဲ့ စကားဆို ဘယ်စကားကိုမှ မပြောတော်မူဘူး၊ ဒေါသ ထွက်လွန်းလို့ ငေါက်လိုတော်မူတာတောင် နှုတ်တော်ကထွက်မလာပါဘူး၊ စကားစမြည် ပြောဆိုတော်မူရာမှာလည်း ဈေးထဲ၊ လူတောထဲမှာတောင် အသံကျယ်ကျယ် ပြောတော်မူလေ့အလျဉ်းမရှိဘူး။ တဘက်သားက မကောင်းကြံ၊ မကောင်းပြောလာလျှင် ဘယ်တော့မှမတုံ့ပြန်ဘူး၊ အမြဲပဲခွင့်လွှတ်တော်မူကဲ့အကြောင်း ဆင့်ပြန်ချက်များမှာ တွေ့ရပါတယ်။

(၄) မြတ်နဗီ ﷺ ဟာ နေထိုင်မကောင်းဖြစ်နေတဲ့သူတွေကို သွားရောက်မေးမြန်းအားပေးစကားပြောကြားတော်မူလေ့ရှိတယ်။ သေဆုံးသူရဲ့ ဂျနာဇာကိုလည်း ပို့ဆောင်တော်မူလေ့ရှိတယ်။ မွတ်စ်လင်မ်ကျေးကျွန်အစေခံတို့ ဖိတ်ကြားတာကို ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူတယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ဟဒီးစ်ကျမ်းဂန်တော်များမှာ တွေ့ရပါတယ်။

(၅) ကိုယ်တော်မြတ် ﷺ ဟာ မိမိစီးမည့် ဖိနပ်ကို မိမိရဲ့လက်တော်နှင့်ပဲ ကိုယ်တော်တိုင် ချုပ်တော်မူလေ့ရှိသလို၊ အိမ်ရဲ့ ကိစ္စဝိစ္စတွေကိုလည်း ကိုယ်တော်တိုင်ပဲ လုပ်ဆောင်လေ့ရှိတော်မူတဲ့အကြောင်း၊ မိမိရဲ့ အဝတ်အထည်မှာ တခြားကသန်းတွေ ကူးလာလျှင်လည်း ကိုယ်တော်တိုင် သန်းရှာတော်မူတဲ့အကြောင်း၊ အိမ်တော်မှာ မွေးမြူထားတဲ့ နို့စားတိရစ္ဆာန်တွေရဲ့ နို့ကိုလည်း ကိုယ်တော်တိုင်ညှစ်ယူတော်မူပြီး၊ ကိုယ့်ရဲ့တကိုယ်ရေကိစ္စ

* မကောင်းမှု ဒုစရိုက်အလုပ် ကျူးလွန်နေတာတွေ့လျှင် ကိုယ်ထိလက်ရောက် တားမြစ်ရမည်။ ဒါမှမဟုတ်လျှင် နှုတ်က ပြောဆိုဟန့်တားရမည်၊ ဒီလိုမှ မတားနိုင်၊ မပြောနိုင်လျှင် အဲဒီဂုနာကို ကိုယ့်စိတ်ထဲက ရွံမုန်းစက်ဆုတ်နေရမည်။

* မကောင်းမှုတွေ ဖြစ်နေတာကို တားမြစ်ပိတ်ပင်နိုင်လျှက်သားနဲ့ ကိုယ်နှင့် မဆိုင်သလို မျက်နှာလွှဲထားလျှင် အလ္လာဟ်အရှင်မြတ်က သူနှင့်အတူတူ အားလုံးကို တပြိုင်ထဲ အရေးယူတော်မူမည်။

* ဂျဟန္နမ်ငရဲကို ရောက်မည့် မကောင်းမှုတွေကို မနှစ်သက်မလိုလားတဲ့ သူဟာ တာဝန်ကင်းမည်၊ အဲဒီလို မဟုတ်ပဲ မကောင်းမှုတွေကို လိုလား အားကျတတ်တဲ့ သူကတော့ တာဝန်ရှိနေမည်။

* တစ်ရပ်ကွက်လုံးမှာ ဂုနာကျူးလွန်တဲ့သူတွေရှိလျှက်သားနှင့် အဲဒီမှာရှိနေတဲ့ သူတော်စင်က ဖြုံတောင်မဖြုံပဲ မသိသလို လုပ်နေလျှင်၊ သိရဲ့သားနှင့် မဟန့်တား မပိတ်ပင်လျှင် အလ္လာဟ်အရှင်မြတ်က အရေးယူဒဏ်ခပ်တော်မူတဲ့အခါ အဲဒီလိုသူတော်စင် လည်း ရောပါသွားရမည်။

ဒါကြောင့် ကျွန်တော်တို့မှာရှိနေတဲ့ **သုစရိုက်ကောင်းမှု** **မှန်သမျှကို** လုပ်စေပြီး၊ **ဒုစရိုက်မကောင်းမှုမှန်သမျှကို** ရှောင်ကြဉ်စေတဲ့တာဝန် ကျေပွန်ဖို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်လုပ်ကြပါစို့။

သူတော်စင်များခင်ဗျား

"အို နဗီတမန်တော် သင်သည် သင်ပုန်းချေခွင့်လွှတ်တဲ့တရားကို အမြဲပဲလက်ကိုင်ထားပြီး သူတို့ကို ကောင်းမြတ်တဲ့ လုပ်ငန်းကိစ္စတွေကို ပြုလုပ်ကြဖို့ အမိန့်ပေးညွှန်ကြားနေ၊ ဒီ့အပြင်သင့်အနေနှင့် အသိတရားကင်းမဲ့တဲ့သူတွေကို လျစ်လျူရှုထားလိုက်၊ လို့ လာရှိတဲ့ကုရ်အာန်ကျမ်းတော်မြတ် စူရာအားရာဖ်ရဲ့ အာယတ်တော် ၁၉၉ ကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၁၈) မြတ်နဗီ၏ဂုဏ်ရည်တော်များ

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

ကျွန်တော်တို့မွတ်စ်လင်မ်တွေမှာ နဗီတမန်တော်မြတ် ﷺ ရဲ့ ဂုဏ်ရည်တော် တွေကို လေ့လာမှတ်သားပြီး အဲဒီအတိုင်း ပုံတူကူးယူ လိုက်နာကျင့်ဆောင်ဘို့ တာဝန်ကိုယ်စီရှိနေပါတယ်။ မြတ်နဗီဟာ ကမ္ဘာသူကမ္ဘာသားတွေ အထူးသဖြင့် ကျွန်တော်တို့ မွတ်စ်လင်မ်တွေအတွက် စံနမူနာဖြစ်တော်မူတဲ့ အကြောင်း ကျမ်းတော်မြတ် ကုရ်အာန်

ထင်ရလျှင် ဆင်ခြင်ရှောင်ကြဥ်ဖို့ ပါးစပ်နှင့် ပြောဆိုတိုက်တွန်းရမည်၊ အဲဒီလို ပြောဆိုတားမြစ်လို့ ပြဿနာဖြစ်လာနိုင်တယ်ဆိုလျှင် အဲဒီလို အပြုအမူကိုစိတ်ထဲက ဂုနာလို့ယုံကြည်မှတ်ယူထားရမည်၊ အဲဒီလို ဂုနာကိုဂုနာမှန်း မှတ်ယူယုံကြည်နိုင်လိုက်တာကိုတော့ အားအင်နည်းလှတဲ့ အီမာန်ကို ပိုက်ထွေးထားတာဘဲလို့ မှတ်ယူရမည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၂) "ဘယ်လူမျိုးမဆို သူတို့အထဲက တစ်ယောက်ယောက် ဂုနာမှုကျူးလွန်နေတာကို တားမြစ်ပိတ်ပင်နိုင်ကြရဲ့သားနှင့် အဲဒီသူကို မထားမြစ်လျှင် အလ္လာဟ်အရှင်မြတ်က အဲဒီသူတွေ မသေခင်မှာပဲ သူတို့အားလုံးအပေါ် အဇားဗ်ပြစ်ဒဏ်ချတော်မူမည်" လို့ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၃) "လောကမြေကမ္ဘာရဲ့ ဘယ်နေရာမှာပဲမဆို အကုသိုလ် ဂုနာမှုတွေဖြစ်နေတဲ့အခါ အဲဒီမှာရှိနေတဲ့ လူတစ်ယောက်က အဲဒီဂုနာမှုတွေကို မနှစ်မြို့ပဲ စက်ဆုတ်ရွံရှာနေလျှင် အဲဒီလူဟာ အဲဒီဂုနာတွေနှင့် ကင်းရှင်းတဲ့သူဖြစ်တယ်။ ဂုနာဖြစ်နေတဲ့ အဲဒီလိုနေရာမျိုးမှာ ရှိမနေခဲ့ပေမဲ့ အဲဒီဖြစ်နေတဲ့ ဂုနာမျိုးကို အားကျလိုလားမည်ဆိုလျှင် အဲဒီလူဟာ အဲဒီဂုနာ ဖြစ်နေတဲ့နေရာမှာ ရှိနေတဲ့လူနှင့်တူသွားမည်" လို့လည်း တမန်တော်မြတ် ﷺ က ထောက်ပြ သတိပေးတော်မူထားပါတယ်။

(၄) "တစ်ခါတုန်းက အလ္လာဟ်အရှင်မြတ်က ကောင်းကင်တမန်တော် ဟဇရတ်ဂျစ်ဗ်ရီးလ် عليه السلام ကို 'ဘယ်မြို့ဘယ်ရွာကို အဲဒီမှာရှိနေတဲ့ လူတွေနှင့်အတူတူ မြေလှန်ပစ်လိုက်' လို့ အမိန့်ပေးတော်မူတော့ ဟဇရတ်ဂျစ်ဗ်ရီးလ် عليه السلام က 'အို အလ္လာဟ်အရှင်မြတ် အဲဒီလူတွေထဲမှာ အရှင်မြတ်ကို မျက်စိတမှိတ်လောက်တောင် မနာခံပဲမနေတဲ့ ဗန္ဒဟ် တစ်ယောက်ရှိနေပါတယ်' လို့ လျှောက်ထားလိုက်တယ်၊ အလ္လာဟ်အရှင်မြတ်က 'အေး ဟုတ်တယ်၊.... ဒါပေမဲ့ သူဟာ ငါ့ရဲ့ အမိန့်တော်တွေကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်နေတဲ့ ရွာသားတွေကို တခွန်းတလေတောင် မတားမြစ် မဆုံးမခဲ့ဘူး၊ ဒါကြောင့် သူ့ကိုပါ ရွာသူရွာသားတွေနဲ့အတူတူ မြေလှန်ပစ်လိုက်' လို့ အမိန့်တော်ချမှတ်ခဲ့တာကို မြတ်နဗီ ﷺ က ဆင့်ပြန်ပြောပြ သတိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေအရဆိုလျှင် အမလ်ဗစ်လ်မာ့ရူးဖ် နဟီးအနစ်လ်မွန်ကရ် တနည်းအားဖြင့်ဆိုရလျှင် ကောင်းမှုကောင်းရာတွေ လုပ်ဆောင်ကျင့်ကြံဖို့ နှိုးဆော်တိုက်တွန်းရမည့် ကိစ္စနှင့် မကောင်းမှုဒုစရိုက်လုပ်ငန်းတွေ မကျူးလွန်စေဖို့ တားမြစ်ရမဲ့ကိစ္စဟာ မွတ်စ်လင်မ်များရဲ့ ပင်မတာဝန် တနည်းဆိုရလျှင် သာသနာတော်ပေး တာဝန်တွေ ဖြစ်တယ်ဆိုတာကို သိကြပါလိမ့်မည်။

မာန်မာနထောင်လွှားနေကြတုန်းဘဲလား" လို့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာနဂျ်မ်မှာ သတိပေးတော်မူထားတဲ့ အာယတ်တော် ၅၉ ကနေ အာယတ်တော် ၆၁ ထိကို တင်ပြရင်း ဒီနေ့ခွန်တဗါကို အဆုံးသတ်လိုက်ပါတယ်။

ꕥꕥꕥꕥ

ခွန်တဗါ (၁၇) ကောင်းမှုညွှန်ကြား၊ မကောင်းမှုမြစ်တား

အစ္စလာမ်သာသနာတော်ဝင် မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား

ကောင်းမှုကောင်းရာ ပြုလုပ်ဖို့ တိုက်တွန်းရတာ၊ မကောင်းရာ မကောင်းကြောင်းတွေ မလုပ်ပဲ ရှောင်ကြဉ်ဖို့ ပိတ်ပင်တားမြစ်ရတာဟာ ကျွန်တော်တို့ မွတ်စ်လင်မ်တွေရဲ့ ပင်မအလုပ်တာဝန်ပါ၊ အဲဒီတာဝန်တွေ အလုပ်တွေနှင့် ပတ်သက်ပြီး စူရာအာလိအင်မ်ရာန်ရဲ့ အာယတ်တော် ၁၀၄ မှာ **"သင်တို့ထဲမှာ ဂျမာအတ်တစ်ခုရှိနေရမည်၊ အဲဒီဂျမာအတ်က လူတွေကို ကောင်းမှုကောင်းရာလုပ်ဖို့ ဖိတ်ခေါ်တိုက်တွန်းနေရမည်၊ ဒါ့အပြင် ကောင်းမြတ်တဲ့ အလုပ်တွေကို လုပ်ဆောင်ဖို့လည်း ညွှန်ကြားနေရမည်၊ အဲဒီဂျမာအသ်က မကောင်းမှုတွေမလုပ်ဖို့၊ မကျူးလွန်ဖို့လည်း တားမြစ်နေရမည်၊ အဲဒီလိုလူတွေပဲ အပြည့်အဝအောင်မြင်ကြမည်"** လို့ တိတိကျကျ ပညတ်တော်မူထားပါတယ်။ အဲဒီအတိုင်းလိုပဲ စူရာမာအိဒဟ်ရဲ့ အာယတ်တော် ၆၃ မှာ **"အဲဒီလူတွေ ပြစ်ဒဏ်သင့်မည့် မှသားစကားတွေ ပြောဆိုနားထောင်နေကြတာ၊ မတရားရယူထားတဲ့ပစ္စည်းဥစ္စာတွေ စားသောက်သုံးစွဲနေကြတာတွေကို ဘာကြောင့်မတားကြသလဲ၊ အဲဒီလူတွေ အဲဒီလို ကျူးလွန်နေတတ်တဲ့ အပြစ်ဂုနာတွေဟာ တကယ်ပဲဆိုးဝါးလှတယ် ---** လို့မိန့်ကြားပြီး မကောင်းမှုတွေမလုပ်မိကြဖို့ ကြပ်ကြပ်တည်းတည်းပဲ တားမြစ်ခိုင်းထားပါတယ်။

လူကြီးမင်းများခင်ဗျား

ကောင်းမှုကောင်းရာ ပြုကြရေးကို ညွှန်ကြားတာ၊ မကောင်းမှု မကောင်းတဲ့ကိစ္စတွေကို ရှောင်ကြဉ်ဘို့ တားမြစ်တာဟာ ဘယ်လောက်အရေးကြီးတယ်၊ ဘယ်လောက်လိုအပ်တယ်ဆိုတာကို ကျွန်တော်တင်ပြခဲ့တဲ့ အာယတ်တော်နှစ်ပါးနှင့်ပဲ ကောင်းကောင်းသိမြင်ကြမှာပါ၊ အဲဒီကောင်းမှုပွားစေတဲ့ကိစ္စ မကောင်းမှုကို တားရမည့် ကိစ္စနှင့်ပတ်သက်ပြီး ဟဒီးစ်ကျမ်းဂန်အသီးသီးမှာလဲ လာရှိပြီးသားပါ။

(၁) **"အကုသိုလ်ဒုစရိုက်တခုခု မကောင်းမှုတစ်ခုခုဖြစ်မြောက် ကျူးလွန်နေတာကို တွေ့တဲ့သူက ကိုယ်ထိလက်ရောက်တားမြစ်ရမည်၊ အခြေအနေတင်းမာလာနိုင်တယ်လို့**

(၂) "တေးသီချင်းသီဆိုတဲ့ အမျိုးသမီးတွေကို သင်တို့မရောင်း မဝယ်ကြနှင့်၊ အဲဒီလို ရောင်းလို့ ဝယ်လို့ရတဲ့ ငွေကြေးဥစ္စာတွေဟာ ဟရာမ်ဖြစ်တယ်၊ အဲဒါနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်မှာ "တချို့သူတွေဟာ အလ္လာဟ်အရှင်မြတ်ကို မေ့လျော့တတ်စေတဲ့ အရာများကို ဝယ်ယူရောင်းချကြတယ်" လို့ လာရှိတဲ့အကြောင်း တမန်တော်မြတ် ﷺ က ဆင့်ပြန်တော်မူထားပါတယ်။

(၃) "အလ္လာဟ်အရှင်မြတ်က ငါ့ကို စကြဝဠာအားလုံးအတွက် ကရုဏာတော်ရှင်အဖြစ်၊ တရားဒေသနာ့လမ်းညွှန်အဖြစ်စေလွှတ်တော်မူတာဖြစ်တယ်၊ ငါ့ကိုဖန်ဆင်းမွေးမြူ ပြုစုပျိုးထောင် ထိန်းသိမ်းစောင့်ရှောက်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်က အတီးအမှုတ် ကရိယာ တန်ဆာပလာတွေကို၊ ကျောက်ရုပ်မြေရုပ်တွေကို၊ ဖက်စပ်ကိုးကွယ်ရာရောက်တဲ့ အထိမ်းအမှတ် လက္ခဏာတွေကို၊ ယဉ်ကျေးမှုခေါင်းပါးတဲ့ အမှောင်ခေတ်ရဲ့ ခလေ့ဆိုး အကျင့်ဆိုး အကျင့်ယုတ်တွေကို ဖျက်သိမ်းပစ်ဖို့ အမိန့်ပေးတော်မူထားတယ်" လို့ တမန်တော် မြတ် ﷺ က အသိပေး ကြေငြာတော်မူထားပါတယ်။

(၄) နဗီတမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ကိယာမတ်ရဲ့ နိမိတ်လက္ခဏာဖြစ်တဲ့ ရှေ့ပြေး အဖြစ်အပျက်တွေနှင့် ပတ်သက်ပြီး ထောက်ပြ၊ ညွှန်ပြတော်မူတဲ့ ဟဒီးစ်တော်တွေထဲမှာ "ကိယာမတ်နီးကပ်လာတဲ့အချိန်မှာ သီချင်းဆိုတဲ့ အမျိုးသမီးတွေ၊ တီးမှုတ်တဲ့ ကိရိယာ တန်ဆာပလာတွေ ပေါများဝေဆာလာလိမ့်မည်" လို့လည်း လာရှိပါတယ်။ ဒါတင်မကသေးပါဘူး "အဲဒီအချိန်အခါကျရောက်လာလျှင် လေနီမုန်တိုင်းတိုက်တာတွေ၊ မြေငလျင်လှုပ်တာတွေ၊ မြေမြိုတာတွေ၊ ရုပ်သွင်ပြောင်းလဲသွားတာတွေ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်ရတာတွေ၊ ခဲမိုးရွာတာတွေအပြင် ပုတီးကုန်းပြတ်ပြီး ပုတီးစေ့တွေ တလစပ်ပြုတ်ကျလာသလို ဒုက္ခအန္တရာယ်ဘေးဘယာတွေ တန်းစီပြီး တခုပြီးတခု ကျလာမှာကို သင်တို့စောင့်မျှော်နေကြ" လို့လည်း သတိပေးတော်မူပါသေးတယ်။

သာသနာတော်ကို လေးစားနာယူ ကျင့်ကြံဆောက်တည်စေတာကို ဖိအား၊ တွန်းအားပေးရာ ရောက်တဲ့ ကဗျာလင်္ကာတွေကိုတော့ ရေးသားသီဆိုနားထောင်ခွင့်ရှိပါတယ်၊ ဒါပေမဲ့ အတီးအမှုတ်လုံးဝမသုံးရပါဘူး၊ ဘာသာသာသနာတော်ကို ဆန့်ကျင်စေတဲ့၊ မေ့လျော့ပေါ့ဆစေတဲ့ သီချင်း ကဗျာလင်္ကာတွေကို ရေးသားသီဆိုခွင့်လည်းမရှိဘူး၊ နားထောင်ခွင့်လည်း လုံးလုံးမရှိပါဘူး။ ဒီခေတ်အခါကြီးမှာ အဆိုအကအတီး အမှုတ်တွေ အဘက်ဘက်က တိုးတက်များပြားနေတာကို ဟဒီးစ်တော်ရဲ့ ရှုဒေါင့်က သုံးသပ်ကြည့်လျှင် ကိယာမတ်နီးကပ်လာတဲ့ လက္ခဏာတွေထဲက တစ်ခုဖြစ်တယ်ဆိုတာ ထင်ရှားလွန်းပါတယ်။

"သင်တို့ဟာ ဒီမုက္ခပါဋ္ဌ်တော်ကြောင့် အံ့သြကုန်ပြီလား။ ဒီအပြင် သင်တို့ဟာ မငိုကြွေးပဲ ရယ်မောပြီးနေကြတုန်းလား။ သင်တို့ဟာ ပမာမခန့်နှင့် ကစားခုန်စား၊

လွယ်ကူစေတော်မူတယ်။ ဒုတိယဟဒီးစ်တော်အရဆိုလျှင် ကိုယ်ကျိုးမပါပဲ စေတနာသန့်သန့်ထားပြီး ကိုယ့်ရဲ့ ဆွေမျိုးသားချင်းနှင့် တွေ့ဆုံဘို့ သွားတဲ့သူကို အလ္လာဟ်အရှင်မြတ် အလွန်ဘဲ ကျေနပ်နှစ်သက်တော်မူတယ်။ တတိယဟဒီးစ်တော်အရဆိုလျှင် ခရီးဆိုတာ ဂျဟန္နမ်မီးလို ဒုက္ခတမျိုးဖြစ်လို့ ကိုယ့်ကိစ္စပြီးတာနှင့် ကိုယ့်အိမ်ကိုယ် မြန်မြန်ပြန်ရမည်ဆိုတဲ့ အသိတရားတွေ ရရှိပါမည်။ စိတ်ကောင်းစေတနာ မထားပဲ ခရီးတိုခရီးရှည်ထွက်တာကို အစ္စလာမ်သာသနာတော်က လုံးလုံးခွင့်မပြုဘူး။ အဲဒီလို ခွင့်ပြုချက်မရှိတဲ့ ခရီးမျိုးနဲ့ ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာအန်ဖားလ်ရဲ့ အာယတ်တော် ၄၇ မှာ –

“သင်တို့ဟိုလူတွေလို မဖြစ်ကြနှင့်၊ အဲဒီလူတွေဟာ ကိုယ့်အိမ်က ကြွားကြွားဝင့်ဝင့်နှင့် လူတွေကိုပြစားဖို့ ထွက်ခဲ့ကြတယ်၊ ဒီအပြင်သူတို့ဟာ တခြားသူတွေကို ငါအလ္လာဟ်အရှင်မြတ်ရဲ့ လမ်းတော်ကို မထွက်ကြဖို့ တားမြစ်ပိတ်ပင်ကြတယ်၊ အမှန်ဆိုရလျှင် အလ္လာဟ်အရှင်မြတ်က သူတို့ကျင့်မူကြတာတွေအားလုံးကို အကြွင်းမဲ့သိနေတော်မူတယ်” လို့ သတိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ခွဲသက်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွဲသက်တဗါ (၁၆) အတီးအမှုတ် အဆိုအက

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

သီချင်း ဘာညာ ရေးသားသီဆိုတာတွေ၊ နားထောင်တာတွေဟာ လူတွေကိုစိတ်ကြည်နူးပျော်ရွှင်မှုပေးတတ်ပေမဲ့၊ ပျော်ရွှင်မှုလွန်ကဲသွားလျှင် အပျော်အပါးလိုက်စားရာရောက်ပြီး ပျက်စီးကြရတတ်ပါတယ်။ တေးသီချင်းတွေ ရေးသားသီဆိုတာနှင့်ပတ်သက်ပြီး ရှရီအတ်တရားတော်မှာ ပညတ်ချက်တွေလာရှိပါတယ်။ တရားဒေသနာတော်ကို သီချင်းဟန် သီချင်းသားနှင့် သီဆိုတာဟာ လူတွေကို တရားတော်ဘက်ကိုအာရုံရောက်စေတယ် ဆိုလျှင် သီဆိုနားထောင်ခွင့်ရှိပါတယ်။ စိတ်ဖြေဖို့ ပျော်ရွှင်စေဖို့ကြည်နူးပီတိဖြစ်စေဖို့အတွက် သီချင်းတွေရေးတယ်၊ ဆိုတယ်၊ နားထောင်တယ်ဆိုတာကိုတော့ အစ္စလာမ် သာသနာတော်က လုံးလုံးခွင့်မပြုပဲ ပြတ်ပြတ်သားသား တားမြစ်ထားပါတယ်။ သီချင်း သီဆိုနားထောင်တာနှင့် ပတ်သက်ပြီးတော့ လာရှိတဲ့ ဟဒီးစ်တော်တွေကို ကျွန်တော် တင်ပြပါမယ်။

(၁) “ရေဟာကောက်ပဲသီးနှံတွေ ပေါက်ပွား၊ ရှင်သန်၊ ကြီးထွား၊ ပွင့်သီးစေသလို သီချင်းဆိုတာကို နားထောင်တာဟာ လူ့ရဲ့နှလုံးသားမှာ တရားမဲ့ တရားပျက်စေတဲ့စိတ်တွေပေါက်ပွားရှင်သန်ကြီးထွားစေပြီး သွေဖည်ငြင်းဆန်မနာခံမှုတွေ ဖြစ်လာတတ်တယ်” လို့ တမန်တော်မြတ် ﷺ က တိတိကျကျ သတိပေးတော်မူထားပါတယ်။

ကျင့်ဆောင်နေထိုင်နိုင်တဲ့ နေရာကို ခရီးထွက်ခဲ့တာကို ပြောတာပါ။ အဲဒီလို ခရီးထွက်ခဲ့ တုန်းလမ်းမှာသေဆုံးရလျှင် ကုသိုလ်အကျိုးစဝါးဗ် အလျှံပယ်ရမည့် အကြောင်း အလ္လာဟ် အရှင်မြတ်က ကတိပေးတော်မူထားပါတယ်။ ဒုတိယနှင့် တတိယအာယတ်တော်တွေဟာ ခရီးထွက်နေတဲ့ သူအတွက် ရေအခက်အခဲရှိလာလျှင် လွယ်လွယ်နှင့် ကျော်လွှား နိုင်ဖို့ အတွက် အခွင့်ထူးတွေပေးတော်မူထားတာကို အသိပေးတဲ့ အာယတ်တော်တွေပါ။ ခရီးထွက်တာနှင့် ပတ်သက်ပြီး ဟဒီးစ်တော်တွေမှာလာရှိတဲ့ မိန့်မှတ်ချက်တချို့ကို တင်ပြပါဦးမည်။

(၁) "အလ္လာဟ်အရှင်မြတ်က သာသနာ့ပညာသင်ယူဘို့ ခရီးထွက်တဲ့သူအတွက် ဂျန္နတ်သုခဘုံကို ရောက်စေတဲ့လမ်းကို လွယ်ကူစေတော်မူမည်" လို့ ငါ့ကို အသိပေးတော်မူတယ်" လို့ တမန်တော်မြတ် ﷺ က သတင်းပေးတော်မူထားပါတယ်။

(၂) တနေ့ လူတစ်ယောက်ဟာ တခြားတရွာမှာနေတဲ့ သူ့ရဲ့ညီအစ်ကိုတယောက်နှင့် တွေ့ဖို့သွားတော့ အလ္လာဟ်အရှင်မြတ်က သူသွားနေတဲ့ ရွာထိပ်မှာ ဖရစ်ရှ်တဟ်တပါးကို စုံစမ်းဖို့ စောင့်ခိုင်းထားတော်မူလိုက်တယ်။ ခရီးသည်ရွာထဲဝင်လာတော့ အဲဒီဖရစ်ရှ်တဟ်က 'သင်ဘယ်သွားမလို့လဲ' လို့ မေးလိုက်တော့ ခရီးသည်က 'ဒီရွာမှာနေတဲ့ ကျွန်တော့်ရဲ့ ညီအစ်ကိုတော်နှင့် တွေ့မလို့ပါ' လို့ ဖြေကြားလိုက်တယ်။ ဖရစ်ရှ်တဟ်က "သင်ကသူ့ အပေါ် ကောင်းကျိုးပြုထားခဲ့လို့ အဲဒီကောင်းကျိုးရဲ့ ကျေးဇူးခံယူဖို့လား' လို့မေးလိုက်တော့ ခရီးသည်က 'အဲဒီလိုမဟုတ်ပါဘူး၊ အလ္လာဟ်အရှင်မြတ်ရဲ့ ကြည်ဖြူနှစ်သက်တော်မူတာကို ကျွန်တော်လိုချင်လို့ ကျွန်တော့်ရဲ့ ညီအစ်ကိုတော်ကို ချစ်မြတ်နိုးတဲ့ စေတနာ သန့်သန့်နှင့် သွားတွေ့မလို့ပါ'၊ တခြားဘာရည်ရွယ်ချက် ဘာမျှော်ကိုးမှုမှ မရှိပါဘူး" လို့ ဖြေလိုက်တော့ အဲဒီဖရစ်ရှ်တဟ်က 'ကျွန်ုပ်ဟာ အလ္လာဟ်အရှင်မြတ်က သင့်ရဲ့ ဆန္ဒသဘောကို တီးခေါက်ဖို့ စေလွှတ်တော်မူခြင်းခံရတဲ့ ဖရစ်ရှ်တဟ်ပါ၊ သင်ဟာ အလ္လာဟ်အရှင်မြတ် ရဲ့ ကျေနပ်နှစ်သက်တော်မူမှု ရရှိလိုတဲ့ စေတနာသန့်သန့်နှင့် သင့်ရဲ့ ညီအစ်ကိုတော်ကို သွားတွေ့မှာဆိုတော့ အလ္လာဟ်အရှင်မြတ်ကလည်း သင့်ကိုကြည်ဖြူ နှစ်သက်တော်မူ နေပြီဆိုတဲ့ သတင်းပေးဘို့ ရောက်လာတာပါ' လို့ ဖြေကြားလိုက်တဲ့အကြောင်း ဟဒီးစ် တော်တစ်ပါးမှ လာရှိပါတယ်။

(၃) "ခရီးဆိုတာ ငရဲယယ်တမျိုးဖြစ်တယ်၊ သင်တို့ ခရီးထွက်လျှင် အအိပ်ပျက်အစားပျက်ဖြစ်ရတယ်၊ ဒါကြောင့်ခရီးသည်ဟာ ကိုယ့်ကိစ္စပြီးလျှင် ချက်ချင်းပဲ ကိုယ့်အိမ်ကိုယ်ပြန်သင့်တယ်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား—

ကျွန်တော်တင်ပြလိုက်တဲ့ ပထမဟဒီးစ်တော်အရဆိုလျှင် သာသနာ့ပညာသင်ပေး သင်ယူဖို့ ခရီးထွက်တဲ့သူအတွက် ဂျန္နတ်ကို ရောက်မည့်လမ်းကို အလ္လာဟ်အရှင်မြတ်က

ခွင်တာဝါ (၁၅) ခရီးထွက်ခြင်း၏ စည်းမျဉ်းစည်းကမ်းများ

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

အစ္စလာမ်သာသနာတော်မှာ ခရီးထွက်တဲ့ ကိစ္စနှင့် ပတ်သက်ပြီး အခန်းကဏ္ဍတွေ အမျိုးမျိုး လာရှိပါတယ်။ ခရီးရဲ့ အမျိုးအစားကို လိုက်ပြီး စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်ထားတာကိုလည်း တွေ့ရပါတယ်။ ခရီးထွက်တာနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မှာလည်း ပညတ်တော်တွေ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ ဆူရာနိစာ့ အာယသ် ၁၀၀ မှာ ....

(က).....မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ရည်စူးပြီး အဲဒီအရှင်မြတ်နှင့် ရစူလ်တမန်တော်မြတ်ကို ကူညီဖို့ ရည်စူးပြီး ကိုယ့်အိမ်က မုဟာဂျစ်ရ်အဖြစ်နှင့် ထွက်ခဲ့ပြီးတဲ့နောက် အဲဒီခရီးမှာပဲ သူသေဆုံးခဲ့ရလျှင် အဲဒီသူအတွက် အကျိုးကျေးဇူးဟာ အလ္လာဟ်အရှင်မြတ်ထံတော်မှာအတည် ဖြစ်နေပြီ၊ အမှန်တကယ်ဆိုလျှင် အလ္လာဟ်အရှင်မြတ်ဟာ အင်မတန်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူတဲ့အရှင်၊ အင်မတန်သနားကြင်နာညှာတာတော်မူတဲ့အရှင် ဖြစ်တော်မူတယ်" လို့ ကြေငြာတော်မူထားပါတယ်။

ဆူရာဘကရာရဲ့အာယတ်တော် ၁၈၄ မှာ

(ခ) ..... အသင်တို့ထဲက တစ်ယောက်ယောက် နေမကောင်းလို့ ဒါမှမဟုတ် ခရီးထွက်ခွါနေရလို့ ရမဇာန်လမှာ ဥပုသ်သီလမဆောက်တည်နိုင်ဘဲ ပျက်ကွက်ခဲ့လျှင် သူ့အနေနှင့် တခြားရက်တွေမှာကဇ္ဇာလုပ်ပြီး ရိုဇာစောင့်ထိန်းရမည်လို့ လမ်းညွှန်တော်မူထားပါတယ်။

အဲဒီလိုဘဲ ဆူရာမာအိဒဟ်ရဲ့ အာယတ်တော် ၆ မှာ

(ဂ) ..... အသင်တို့ ခရီးသည်တွေဖြစ်နေလို့၊

..... ကိုယ်လက်သုတ်သင် ကျင်ကြီးကျင်ငယ်စွန့်လိုက်လို့၊

..... ဇနီးကြင်ယာများနှင့် ပေါင်းသင်းဆက်ဆံခဲ့လို့ ရေမရလျှင်၊ စင်ကြယ်သန့်ပြန့်တဲ့မြေကြီးနှင့် သယမ်မွမ်လုပ်ကြ ... လို့ခရီးသည်အတွက် ရေအခက်အခဲ ဖြစ်လာလျှင် သယမ်မွမ်လုပ်ခွင့်ပေးထားပါတယ်။

လူကြီးမင်းများခင်ဗျား

ပထမဆုံး တင်ပြခဲ့တဲ့ အာယတ်တော်မှာ အလ္လာဟ်အရှင်မြတ်ကို ရည်စူးပြီးတော့ အဲဒီအရှင်မြတ်နှင့် ရစူလ်တမန်တော်ကို ကူညီဖို့ ကိုယ့်ရဲ့အိမ်က မုဟာဂျစ်ရ်အဖြစ်ထွက်ခဲ့တယ်ဆိုတာ အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းပညတ်သတ်မှတ်ပေး တော်မူထားတဲ့ အစ္စလာမ်သာသနာတော်ရဲ့ အဆိုအမိန့်အတိုင်း ပေါ်ပေါ်ထင်ထင် လွတ်လွတ်လပ်လပ်

လူကြီးမင်းများခင်ဗျား

(၃) "တရားလက်လွတ်ဖြစ်နေတဲ့ခေတ်မှာ သင်ဟာ မွတ်စ်လင်မ်တွေရဲ့ ဂျမာအသ်နှင့် အတူတူနေပါ၊ ဒါမှမဟုတ်လျှင် မွတ်စ်လင်မ်တွေရဲ့ ရှေ့ဆောင်နှင့် အတူတူနေပါ" လို့ မြတ်နဗီ ﷺ က လမ်းညွှန်မှုပြုတော်မူတော့ တစ်ယောက်သောသူက "အဲဒီဂျမာအသ် လည်းမရှိ၊ အဲဒီလိုရှေ့ဆောင်လည်းမရှိလျှင် ဘယ်လိုလုပ်ရပါ့မလဲ" လို့ မေးလျှောက်လိုက်တယ်။ မြတ်နဗီ ﷺ က "အဲဒီအခါမှာ အကွဲကွဲအပြားပြား ဖြစ်နေတဲ့ အုပ်စုလေးတွေနှင့် ဝေးရာကို သွားရှောင်နေကြ" လို့ ဖြေကြားတော်မူထားပါတယ်။

(၄) "မကောင်းတဲ့အပေါင်းအသင်းတွေနှင့် ဆက်ဆံပေါင်းသင်းတာထက် တစ်ယောက်ထဲ နေတာကပိုပြီးမြတ်တယ်၊ ကောင်းတဲ့အပေါင်းအသင်းတွေနှင့် ဆက်ဆံပေါင်းသင်း နေထိုင်တာက တစ်ကိုယ်ထဲ နေတာထက်သာပြီး မြတ်တယ်" လို့ တမန်တော်မြတ် ﷺ က လမ်းညွှန်တော်မူထားပါတယ်။

လူကြီးမင်းခင်ဗျား

လူမှုဆက်ဆံရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့သတိထားဖို့ ဆင်ခြင်ဖို့ လိုတယ်ဆိုတာကို ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေက မီးမောင်းထိုးပြနေပါတယ်။ သာသနာကို လေးစားလိုက်နာတဲ့သူတွေနှင့် ဆက်ဆံပေါင်းသင်းရတာ အကျိုးရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေနှင့် ပေါင်းသင်းဆက်ဆံဖို့ အတော်ဘဲလိုအပ်ပါတယ်။ တရားလက်လွတ်ဖြစ်နေတဲ့ ခမ္မအန္တရာယ်ကောင်တွေကို အတော်ပဲ သတိထားရှောင်ရှားဘို့ လိုပါတယ်။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဆိုတဲ့ စကားလို မကောင်းတဲ့သူ၊ တရားပျက်နေတဲ့ လူတွေနှင့် ဆက်သွယ်တာ၊ ဆက်ဆံတာများလျှင် ကိုယ်လဲတရားပျက်၊ တရားလက်လွတ်ဖြစ်ဖို့ အလားအလာ ရှိလာတတ်ပါတယ်။ အဲဒီလို တရားမဲ့တွေပေါများလာတဲ့ အခါမှာ တကိုယ်ထဲ နေလိုက်တာကောင်းမြတ်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ကုရ်အာန်ကျမ်းမြတ်ရဲ့ စူရာဟ်မာအိဒဟ်၊ အာယတ်တော် ၂၅ မှာ –

(နဗီတမန်တော် ဟဇရတ်မူဆာ عليه السلام က အလ္လာဟ်အရှင်မြတ်ရဲ့ ထံတော်မှာ) "အို ကျွန်တော်မျိုး၏အရှင်မြတ် ....ကျွန်တော်မျိုးသည် ကျွန်တော်မျိုးကိုယ်တိုင်နှင့် ကျွန်တော်မျိုးရဲ့ နောင်တော် (ဟာရူန် عليه السلام) ကလွဲလို့ တခြားဘယ်သူ့အပေါ်မှ အခွင့်အာဏာမပိုင်ဆိုင်ပါ၊ ဒါကြောင့် အရှင်မြတ်က ကျွန်တော်မျိုးနှင့် တရားစည်းကမ်းဖောက် ဖျက်သွေဖည်ငြင်းဆန်ကြတဲ့ ဒီလူတွေရဲ့ စပ်ကြားမှာ အဆုံးအဖြတ်ပေးတော်မူပါ" လို့ လျှောက်ထား ပန်ကြားတော်မူခဲ့တဲ့အကြောင်း တင်ပြရင်း ဒီနေ့ ခွဲသ်တဖါကို အဆုံးသတ်လိုက်ပါတယ်။

မြတ်နဗီ ﷺ ရဲ့ မှန်ရည်တဲ့ စာရိတ္တတော်နဲ့ ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာကလမ် အာယသ်တော် ၄ မှာ မလွဲကေန် အသင်သည် ထူးကဲမြင့်စွင့်လှစွာသော သဘောထား အကျင့်စာရိတ္တပေါ်၌ ရှိနေ၏--- လို့ ကြွေးကြော်ထားကို တင်ပြရင်း ဒီကနေ့ ခွသ်တဖါကို အဆုံးသပ်လိုက်ပါတယ်။

ခွသ်တဖါ (၁၄) ရှောင်ကြဉ်ရမည့် မကောင်းသောအဖေါ်အပေါင်း

အစ္စလာမ်သာသနာ၀င် မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား

မွတ်စ်လင်မ်တစ်ယောက်ဟာ ဘယ်သူနှင့်မှ အပေါင်းအသင်း မလုပ်ပဲ ဖာသိဖာသာနေထိုင်တာနှင့် ပတ်သက်ပြီး ပညာရှင်တွေကြားမှာ အယူအဆသဘောထား ကွဲလွဲမှုတွေ ရှိနေပါတယ်။ တချို့ပညာရှင်တွေက အဲဒီလို ကင်းကင်းရှင်းရှင်းနေထိုင်တာ ကောင်းတယ်လို့ ယူဆကြပေမဲ့ တချို့ပညာရှင်တွေက လူတွေနှင့် ဆက်ဆံပေါင်းသင်းနေထိုင်တာက ကောင်းတယ်လို့ ကောက်ချက်ပေးကြပါတယ်။ တချို့ပညာရှင်တွေက ထိတွေ့ဆက်ဆံမှုရှိနေတာက ပိုပြီး မြတ်တယ်လို့ ယူဆကြပါတယ်။ အဲဒီလို အယူအဆ၊ သဘောထား၊ ကောက်ချက်တွေ ကွဲလွဲနေပေမဲ့ အဲဒီအချက်ဟာ ပတ်ဝန်းကျင်ရဲ့ အခြေအနေ အပေါင်းအဖေါ်တွေရဲ့စရိုက်နှင့် ကာယကံရှင်ရဲ့ အီမာန်ပေါ်မှာ မူတည်နေပါတယ်။ အဲဒီကိစ္စနှင့် ပငာ်သက်ပြီး ဟဒီးစ်တော်ရဲ့ လမ်းညွှန်မှုတချို့ကို ကျွန်တော်တင်ပြလိုပါတယ်။

(၁) တနေ့ တမန်တော်မြတ် ﷺ က "ကိယာမတ်ကျရောက်ခါနီးမှာ လူတွေဟာ အကျင့်စာရိတ္တတွေပျက်ပြီး တရားလက်လွတ်ဖြစ်ကုန်ကြမည်" လို့ ဟောကြားတော်မူတော့ ဆွဟာဗဟ်များက "အဲဒီလိုအခါမျိုးဆိုက်ရောက်လျှင် ကျွန်တော်တို့ ဘယ်လိုလုပ်ရမှာလဲ" လို့ မေးလျှောက်ကြပါတယ်။ ကိုယ်တော်မြတ် ﷺ "အဲဒီလိုအချိန်အခါမျိုး ရောက်လာလျှင် သင်တို့အိမ်ဖျာ ဖြစ်နေကြ" လို့ လမ်းညွှန်တော်မူလိုက်ပါတယ်။ သဘောကတော့ ဖျာကို အိမ်ထဲမှာ ခင်းကြသလို သင်တို့လည်း အိမ်ထဲမှာပဲနေကြ၊ အိမ်ပြင်ထွက်လျှင် သင်တို့လည်း တရားစည်းကမ်းချိုးဖေါက်တဲ့ တရားလက်လွတ်ဖြစ်နေတဲ့ လူတွေနှင့် ရောထွေးသွားမည် လို့ ဆိုလိုတော်မူတာပါ။

(၂) မကြာတဲ့ကာလမှာ မွတ်စ်လင်မ်တွေရဲ့ အကောင်းဆုံးပစ္စည်းဟာ ဆိတ်တွေဘဲ ဖြစ်မည်၊ တရားမဲ့စရိုက်လွှမ်းမိုးမည့်အချိန်မှာ အဲဒီမွတ်စ်လင်မ်ဟာ ကိုယ့်ရဲ့ ဆိတ်တွေကို တောင်ထိပ်ပေါ်ကို ဒါမှမဟုတ်လျှင် မိုးရွာတဲ့ နေရာကိုမောင်းသွားပြီး အဲဒီမှာပဲ ကျောင်း၊ အဲဒီမှာပဲ နေထိုင်ပြီး ကိုယ့်အီမာန်ကို ကိုယ်ထိန်းထားလိမ့်မည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

ခွဲသ်ဘာဗ်ါ (၁၃) အခွင့်အရေးနှင့် တာဝန်ဝတ္တရား

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

လူတိုင်းမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရှိတာကို ယခုကြွရောက်လာတဲ့ ပရိသတ်ကြီးသိပြီး ဖြစ်ပါတယ်၊ အဲဒီရထိုက်တဲ့ အခွင့်အရေးတွေ ဘယ်ပုံဘယ်နည်း ဘယ်အတိုင်းအတာထိရှိတယ်ဆိုတာကိုတော့ လူသားတွေအနေနှင့် တိတိကျကျ မသတ်မှတ် မပေးဆပ်နိုင်ပါဘူး။ အဲဒီသတ်မှတ်မှုကို အလ္လာဟ်အရှင်မြတ်ကဘဲ လုပ်ဆောင်နိုင်တော်မူပါတယ်။ လူလူခြင်း ပေးဆပ်ရမည့် တာဝန်ဝတ္တရားတွေ ရယူခံစားနိုင်တဲ့ အခွင့်အရေးတွေကို အစ္စလာမ်သာသနာတော်မှာ တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ပေးထားတာကို တွေ့ရပါတယ်။

အလ္လာဟ်အရှင်မြတ်က သားသမီးတွေရဲ့ အခွင့်အရေးနှင့်ပတ်သက်ပြီး **“သင်တို့ဆင်းရဲနွမ်းပါးကြပ်တည်းမှာကို စိုးရိမ်ပြီး ကိုယ့်ရဲ့သားသမီးတွေကို မသတ်ဖြတ်ကြနှင့်”**လို့ စူရာဗနီအစ္စရာအီလ်ရဲ့ အာယတ် ၃၁ မှာ အမိန့်ပေးတော်မူထားပါတယ်။ အမျိုးသမီးတွေရဲ့ အခွင့်အရေးနှင့်ပတ်သက်ပြီး **“အမျိုးသားတွေ အခွင့်အရေးရရှိခံစားကြရသလိုဘဲ အမျိုးသမီးတွေလည်း တရားသဖြင့် အခွင့်အရေးခံစားခွင့်ရှိကြတယ်”** လို့ စူရာဘကရာရဲ့ အာယတ်တော် ၂၂၈ မှာ အတိအလင်း ပြဋ္ဌာန်းပေးတော်မူထားပါတယ်။ လူလူချင်းတစ်ဦးနှင့်တစ်ဦး အပေါ်မှာ ဘယ်လိုတာဝန်ဝတ္တရားတွေရှိပြီး၊ ဘယ်ပုံဘယ်နည်းနှင့်အခွင့်အရေးတွေ ရနိုင်ယူနိုင်တယ်ဆိုတဲ့ အကြောင်းကိုလဲ စူရာနိစာ့ရဲ့ အာယတ်တော် ၃၆ မှာ **“သင်တို့ဟာ မိဘနှစ်ပါးနှင့်၊ ဆွေမျိုးနီးစပ်သူတို့နှင့် မိဘမဲ့ကလေးသူငယ်တို့နှင့် မရှိဆင်းရဲသူမွဲတို့နှင့် ဆွေမျိုးရင်းချာတွေနှင့် အိမ်နီးနားချင်းတွေနှင့် ဆွေမျိုးမတော်စပ်သူတွေနှင့် မိမိတို့နှင့်အတူ နေထိုင်သွားလာဆက်ဆံတဲ့ အဖော်အပေါင်းတွေနှင့် ခရီးသွားခရီးလာတွေနှင့် ကိုယ့်ရဲ့လက်အောက်ငယ်သား၊ ကျေးကျွန်တွေနှင့် ကောင်းကောင်းမွန်မွန်ဆက်ဆံပြုစုကြ”** လို့အတိအလင်းပြဋ္ဌာန်းတော်မူထားပါတယ်။

အခုဆက်လက်ပြီး လူ့အခွင့်အရေးနှင့် ပတ်သက်တဲ့ ဟဒီးစ်တော်တွေကို တင်ပြပါဦးမည်။

လူတိုင်းဟာ တာဝန်ကိုယ်စီရှိနေတာကို သိမြင်ပြီး သူတစ်ပါးရဲ့ အခွင့်အရေးတွေကို တိတိကျကျပေးဆပ်ဖို့ အတော်ဘဲ အရေးကြီးပါတယ်။ လူလူချင်းမှာ တင်ရှိနေတဲ့ တာဝန်ဝတ္တရားတွေ၊ ပေးဆပ်ရမဲ့ အခွင့်အရေးတွေနှင့် ပတ်သက်ပြီး တမန်တော်မြတ်ကြီး ﷺ ရဲ့ ဟဒီးစ်တော်တွေ၊ တမန်တော်မြတ်ကြီး ﷺ ရဲ့ ဘဝအတ္ထုပ္ပတ္တိနှင့် တမန်တော်မြတ်ကြီး ﷺ ရဲ့ လက်တွေ့ကျင့်ဆောင်မှုတွေကို မျက်ခြေမပြတ်စေပဲ အမြဲလေ့လာမှတ်သားနာယူကျင့်ဆောင်နေကြရမှာပါ။

ဖိတ်ကြားလျှင် လက်ခံရမည်ဆိုတာ စားဘို့၊ သောက်ဘို့ဖြစ်ဖြစ်၊ တစ်ခြားအရေး ကိစ္စအတွက်ဘဲ ဖြစ်ဖြစ်ဖိတ်ကြားလာတိုင်း မလွဲမရှောင်သာတဲ့ ကိစ္စတာဝန်ရှိမနေလျှင် ဖိတ်ကြားတာကို လက်ခံရပါတယ်၊ အဲဖိတ်တဲ့ကိစ္စဟာ ဥပဒေဘောင်၊ သာသနာ့ဘောင် အပြင်က ကိစ္စဖြစ်နေလျှင်တော့ လုံးလုံးလက်မခံရဘူး၊ ဖြောင်ဘဲငြင်းဆန်လိုက်ရမှာပါ။

(၂) လူလူချင်း စာနာထောက်ထား၊ ကရုဏာပွားရတာလဲ တာဝန်ဝတ္တရားတစ်ခုပါ၊ ဒါနှင့်ပတ်သက်ပြီး တမန်တော်မြတ် ﷺ က "လူတွေအပေါ်မှာ ကရုဏာမထားတဲ့သူကို အလ္လာဟ်အရှင်မြတ်ကလည်း ကရုဏာထားတော်မူမှာ မဟုတ်ဘူး" လို့ သတိပေးတော်မူ ထားပါတယ်။

(၃) အဲဒီလိုဘဲ မွတ်စ်လင်မ်တစ်ယောက် ဒုက္ခရောက်နေလျှင် တခြားမွတ်စ်လင်မ်တစ် ယောက်က စာနာထောက်ထားပြီး ပူပင်သောကပွားဖို့ တမန်တော်မြတ် ﷺ က "မုမင်န် တို့ဟာ လူတယောက်ထဲရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေလို ဖြစ်တယ်၊ လူတစ်ယောက် မျက်စိနာလျှင် သူ့ရဲ့တစ်ကိုယ်လုံး နာနေလိမ့်မည်၊ သူခေါင်းကိုက်လျှင် တစ်ကိုယ်လုံး ကိုက်ခဲနေလိမ့်မည်"လို့ ဥပမာပေးပြီး အချင်းချင်းမှာ စာနာထောက်ထားမှု ရှိနေရမည်" လို့ လမ်းညွှန်တော်မူထားပါတယ်။

(၄) တမန်တော်မြတ် ﷺ က "သင်တို့ တစ်ယောက်ကိုတစ်ယောက် အထင်အမြင်လွဲမှား တာကို ရှောင်ကြဉ်ကြ၊ အထင်အမြင်လွဲမှားမှုဟာ မဟုတ်မမှန်တဲ့ ကိစ္စတွေအပေါ်မှာ အခြေခံတယ်၊ သူတပါးရဲ့ အပြစ်ကို ကိုယ်တိုင်လည်း မရှာနှင့်၊ တခြားသူကိုလည်း မစုံစမ်းခိုင်းနှင့်၊ တစ်ခြားတစ်ယောက် နစ်နာဆုံးရှုံးစေရအောင် ဈေးပြိုင်မပေးနှင့်၊ အချင်း ချင်း မနာလိုဝန်တိုစိတ်မထားကြနှင့်၊ အချင်းချင်း အဆက်မဖြတ်ကြနှင့်၊ အို အလ္လာဟ် အရှင်မြတ်ရဲ့ ဗန္ဒာဟ်တို့ သင်တို့ဟာ ညီရင်းအစ်ကိုမောင်ရင်းနှမတွေ ဖြစ်ကြတယ်"လို့ ပွင့်ပွင့်လင်းလင်း ထောက်ပြတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား – ရောင်းဝယ်ဖောက်ကားမှုနှင့်ပတ်သက်ပြီး

("အို မုမင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့ သင်တို့ဟာ ကိုယ့်အချင်းချင်း တစ်ဘက်နှင့် တစ်ဘက် သဘောတူကျေနပ်ပြီး ဖောက်ကားရောင်းဝယ်ကြတာကလွဲပြီး ကိုယ့်ရဲ့ ဥစ္စာပစ္စည်းတွေကို အချင်းချင်း မတရားတဲ့နည်းနှင့် စားသုံးတာမလုပ်ကြနှင့်၊ ဒီအပြင် သင်တို့ဟာ ကိုယ့်အချင်းချင်း သတ်ဖြတ်တာကိုလဲ မလုပ်ကြနှင့်၊ အလ္လာဟ်အရှင် မြတ်က အသင်တို့ကို တော်တော်ပဲ သနားကြင်နာညှာတာထောက်ထားတော်မူတဲ့ အရှင်ဖြစ်တော်မူတယ်)---လို့ ကျမ်းတော်မြတ်ကုရ်အာန်ရဲ့ စူရာနိစာ အာယသ် ၂၉ မှာ လာရှိတာကို တင်ပြရင်း ဒီကနေ့ခွသ်တဗါကို အဆုံးသပ်လိုက်ပါတယ်ခင်ဗျား။

(၆) "လာဘ်ယူတဲ့လူ၊ လာဘ်စားတဲ့လူ၊ လာဘ်ပေးတဲ့လူ၊ လာဘ်ပေးလာဘ်ယူတဲ့ လူနှစ်ယောက်ကြားမှာ အလုပ်ဖြစ်အောင် ပွဲစားလုပ်တဲ့လူတွေ အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မတ်တော်နဲ့ ကင်းဝေးပါစေ" လို့ နဗီတမန်တော်မြတ် ﷺ က ကျိန်စာတိုက်တော်မူပြီး၊ သတိပေးတော်မူထားပါတယ်။

(၇) "သင်တို့အပြိုင်အဆိုင် လုပ်ပြီး ဈေးတိုးမပေးကြနှင့်၊ ကုလားအုတ်၊ ဆိတ်၊ ကျွဲ၊ နွားတို့ရဲ့ နို့ကိုမညှစ်ပဲ မထားနှင့်" လို့ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

လေလံပွဲတွေမှာ သူထက်ငါ သာရမည်ဆိုတဲ့ သဘောနဲ့ ဈေးတွေအပြိုင်အဆိုင် တိုးပြီးရင်းတိုးပေးနေတာကို တွေ့ရပါတယ်၊ အဲဒီအပြုအမူလုပ်ရပ်ဟာ အခုတင်ပြတဲ့ ဟဒီးစ်တော်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလို့ သတိထား ရှောင်ရှားဘို့လိုအပ်ပါတယ်။

နို့စားတိရိစ္ဆာန်တွေကို နို့မညှစ်ပဲ မထားကြဘို့ သတိပေးတော်မူဒါကတော့ နို့စားတိရိစ္ဆာန်တွေ အရောင်းအဝယ်လုပ်တဲ့ နေရာမှာ ဝယ်သူ့အနေနှင့် တိရိစ္ဆာန်ရဲ့ နို့အုံကို မြင်တဲ့အခါ၊ နို့ထွက်ကောင်းတဲ့ တိရိစ္ဆာန်၊ နို့ထွက်များမည့် တိရိစ္ဆာန်လို့ ထင်မှတ်ပြီး ဈေးကောင်းပေးဝယ်အောင် အကွက်ဆင်တဲ့ သဘောနှင့် နို့မညှစ်ဘဲထားတာ၊ နို့မစို့စေဘဲ ထားတာမျိုး မလုပ်နှင့်လို့ သတိပေးတော်မူတဲ့သဘောပါ။ အဲဒီလိုလုပ်တာဟာ တစ်ဖက်သားကို လှည့်စားရာရောက်လို့ မြတ်နဗီက အဲဒီလိုမလုပ်ဘို့ တားမြစ်တော်မူတာပါ။

(၈) "ရောင်းဝယ်ဖောက်ကားတဲ့နေရာမှာ လိမ်လည်လှည့်ဖြားလိုက်တဲ့ လူဟာ ငါနှင့်မပတ်သက်ဘူး၊ ငါ့နောက်လိုက် အွမ္မသ်မဟုတ်ဘူး" လို့လည်း မြတ်နဗီ ﷺ က ပြင်းပြင်းထန်ထန် သတိပေးတော်မူထားပါသေးတယ်။

လူကြီးမင်းများခင်ဗျား

(၁) မုမင်န်တွေဟာ မုမင်န်တွေနှင့် ပတ်သက်ပြီး တာဝန်ဝတ္တရား (၆) ပါးရှိနေပါတယ်။ အဲဒီ (၆) ပါးကတော့

၁။ မကျန်းမာဖြစ်တဲ့အခါသွားပြီး သတင်းမေး အားပေးစကားပြောရမည်၊

၂။ ဂျနာဇဟ်လိုက်ပို့ရမည်၊

၃။ ဖိတ်ကြားလျှင်လက်ခံရမည်၊

၄။ တွေ့ကြဆုံကြတိုင်း စလာမ်ပေးရမည်၊

၅။ နှာချေလို့ အလ်ဟမ်ဒုလစ်လ္လာဟ်ဆိုသံကြားလျှင် ယရ်ဟမုကလ္လာဟ်ဆိုပြီး တုံ့ပြန်ရမည်၊

၆။ ကောင်းကျိုးကောင်းရာကို အမြဲဆောင်ရွက်ပေးနေရမည်လို့ မြတ်နဗီ ﷺ က သင်ပြတော်မူထားပါတယ်။

ရောင်းဝယ်ဖောက်ကား၊ သုံးစွဲ၊ စားသောက်ခွင့်လုံးလုံးမရှိတဲ့ ပစ္စည်းတွေအကြောင်း ဟဒီးစ်တော်များမှာ ထင်ထင်ရှားရှားလာရှိပါတယ်။

(၁) "အလ္လာဟ်အရှင်မြတ်က အရက်သေစာ၊ အသေကောင်၊ ဝက်နှင့် ကျောက်ရုပ်၊ မြေရုပ်တွေကို ရောင်းဝယ်ဖောက်ကားမှု အလျဉ်းမလုပ်ရဘူး၊ စားသောက်သုံးစွဲမှုလည်း မလုပ်ရဘူး၊ ဟရာမ်ဖြစ်တယ်လို့ ပြတ်ပြတ်သားသား တားမြစ်ပိတ်ပင်တော်မူထားတယ်လို့ နဗီတမန်တော်မြတ် ﷺ က အတိအလင်းအသိပေးတော်မူထားပါတယ်။

လူကြီးမင်းများခင်ဗျား

ဒီကနေ့ မွတ်စ်လင်မ်တချို့ဟာ အရုပ်ကားချပ်တွေ၊ ခါတ်ပုံတွေ၊ ရောင်းချ စားသောက် သုံးစွဲနေကြပါတယ်။ သိုး၊ ဆိတ်၊ ကျွဲ၊ နွား ကြက်ဘဲတွေသေသွားလျှင် အဲဒီအသေကောင်ကို မွတ်စ်လင်မ်မဟုတ်တဲ့သူတွေကို ရောင်းချစားသောက်လေ့ရှိကြပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်အရဆိုလျှင် အဲဒီလို အသေကောင်တွေ ရောင်းချစားသောက်တာဟာ ဟရာမ်ဖြစ်နေလို့ တော်တော်ဘဲ သတိထားဆင်ခြင် ရှောင်ကြဉ်ဖို့ အရေးကြီးပါတယ်။ တရားတော်နှင့် ဆန့်ကျင်တဲ့ ရောင်းချစားသောက်သုံးစွဲမှုကို လုံးလုံးမလုပ်မိဖို့ သတိကောင်းကောင်းထားရမှာပါ။

(၂) "ရောင်းဝယ်ဖောက်ကားတဲ့နေရာမှာ မတရားမလုပ်တဲ့ကုန်သည်၊ အမှန်အတိုင်း ပြောဆိုတဲ့ကုန်သည်၊ အမှန်ကိုကျိန်ဆိုတဲ့ ကုန်သည်တွေကလွဲလျှင် ကျန်တဲ့ကုန်သည် အားလုံးဟာ ကိယာမသ်နေ့မှာ အမိန့်တော်ကို ဖီဆန်တဲ့၊ မနာခံတဲ့၊ စည်းမျဉ်းဥပဒေတွေချိုးဖောက်တဲ့၊ အပြစ်ကျူးလွန်တဲ့သူတွေအဖြစ်ပြန်ထကြရလိမ့်မည်" လို့ နဗီတမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၃) "အတိုးစားတဲ့လူ၊ အတိုးပေးတဲ့လူ၊ အတိုးစာရင်းရေးမှတ်ပေးတဲ့လူ၊ အတိုးပေးယူကိစ္စမှာ ပါဝင်ပတ်သက်ဆက်နွယ်တဲ့လူတိုင်း အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မတ်တော်နှင့် ကင်းဝေးကြပါစေ" လို့ နဗီတမန်တော်မြတ် ﷺ က ကျိန်စာတိုက်တော်မူထားပါတယ်။

(၄) "ရောင်းချတဲ့ ပစ္စည်းမှာ အနာအဆာ ချို့ယွင်းချက်ရှိလျှက်သားနှင့် အဲဒီချို့ယွင်းချက်ကို ပြောမပြဘဲ ရောင်းလိုက်တဲ့လူကို အလ္လာဟ်အရှင်မြတ်က အမြဲစိတ်ဆိုးတော်မူနေမည်၊ ကောင်းကင်တမန် ဖရစ်ရှ်တာတွေကလည်း အဲဒီလူကို ကျိန်ဆဲနေမည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၅) တစ်ယောက်ယောက်ရဲ့ မြေနေရာကို မတရားသက်သက်ယူထားတဲ့ သူနဲ့ပတ်သက်ပြီး "သူတစ်ပါးရဲ့ မြေနေရာတစ်ထွာလောက်ကို မတရားအနိုင်ကျင့်ပြီး ယူထားရင် ကိယာမတ်နေ့မှာ အဲဒီမြေနေရာရဲ့ ခုနစ်ထပ်စလုံးကို ကော်ထုတ်ပြီး မတရားယူထားတဲ့လူရဲ့လည်ပင်းမှာ စွပ်ပေးထားလိမ့်မည်၊ အဲဒီမြေကွက်တွေကို မတရားယူထားတဲ့လူကိုယ်တိုင်ပဲ တူးဖော်ရလိမ့်မည်" လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

တယ်၊ တနေ့တော့အစ်ကိုဖြစ်သူက အလုပ်အကိုင်မလုပ်တဲ့ သူ့ရဲ့ညီနှင့် ပတ်သက်ပြီး တမန်တော်မြတ်ကို တိုင်ကြားပါတယ်။ တမန်တော်မြတ်က "သင်ရှာဖွေစားသောက်နိုင်နေတာဟာ သင့်ညီရဲ့ ဗရ်ကသ်ကြောင့်ဖြစ်ကောင်းဖြစ်လိမ့်မည်" လို့ ဖြေကြားတော်မူလိုက်ပါတယ်။

သူတော်စင်များခင်ဗျား

အခုတင်ပြလိုက်တဲ့ ဟဒီးစ်တော်အရဆိုလျှင် မိမိရဲ့တာဝန်ဝတ္တရားမပျက်စေပဲ သာသနာ့ရေးရာပညာကို လိုက်စားကျင့်ဆောင်လျှင် အလုပ်မလုပ်ပဲလည်း နေခွင့်ရှိတယ်ဆိုတာကို သိရပါလိမ့်မည်၊ တာဝန်ဝတ္တရားဆိုတာ အမျိုးမျိုးရှိတတ်ပါတယ်။ ဝမ်းစာရှာရတဲ့တာဝန်ကိုတော့ မျက်ခြေပြတ်လို့ မရတတ်ပါဘူး၊ ကိုယ့်ရဲ့အရင်းအချာ တစ်ယောက်ယောက် ဘာသာသာသနာရေးကို လိုက်စားလုပ်ဆောင်နေတာကလည်း ကိုယ့်ရဲ့ စီးပွားရှာဖွေရရှိမှုမှာ အကြောင်းခံတစ်ခုအနေနှင့် အထောက်အကူဖြစ်စေတယ် ဆိုတာကိုလည်း သတိပြုထားရမှာပါ။

သူတော်စင်များခင်ဗျား

(ဆွလာတ်ဝတ်ပြုလို့ပြီးတဲ့အခါ သင်တို့ပထဝီမြေပေါ်မှာ အနှံ့အပြားသွားလာကြရင်း အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်ဖြစ်တဲ့ ရိဇ္ဇကို ရှာဖွေကြ၊ ဒီအပြင် သင်တို့ အလ္လာဟ်အရှင်မြတ်ကို များများတသ,သတိရနေကြ၊ ဒါမှသာသင်တို့အောင်မြင်ကြမည်) လို့ ကုရ်အာန်ကျမ်းတော်မြတ် စူရာဂျုမုအဟ်မှာလာရှိတဲ့ အာယတ်တော် ၁၀ ကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ(၁၂) ဟရာမ်နည်းဖြင့်ဝမ်းစာမရှာရ

အစ္စလာမ်သာသနာ့ဝင်မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

ဝမ်းစာရှာဖွေတဲ့ နေရာမှာ တရားတော်ရဲ့ ဘောင်အတွင်းကနေပြီး သမာသမတ်ကျကျ ရှာဖွေဘို့အတော်ဘဲ အရေးကြီးပါတယ်။ စီးပွားဖြစ်ဖို့၊ ကြီးပွားဖို့အဓိက ထားပြီး ထင်သလို စိတ်ကြိုက်လိုက်ပြီး ရောင်းတာဝယ်တာ လုပ်ကိုင်တာမျိုးကို တရားတော်က လုံးလုံးခွင့်မပြုပါဘူး။ စီးပွားရှာဖွေတာနှင့် ပတ်သက်ပြီး တရားတော်မှာစည်းကမ်းကလနားတွေ သတ်မှတ်ပြဋ္ဌာန်းပေးထားပါတယ်။ အဲဒီသတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ စည်းမျဉ်း စည်းကမ်းချက်တချို့ကို ဒီကနေ့ကျွန်တော်တင်ပြမှာပါ။

ခွင်တာပါ (၁၁) ဝမ်းစာရှာဖွေရာတွင်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

ဝမ်းစာရှာဖွေရတဲ့ အလုပ်ဟာ လူတွေအတွက် တော်တော်ပဲ အရေးပါအရာရောက် လှပါတယ်။ လောကီရေးရာကိစ္စတွေကို စွန့်တယ်၊ လွှတ်တယ်ဆိုတာ အစ္စလာမ့်ရဲ့ လမ်းစဉ်မဟုတ်ပါဘူး။ မိမိရဲ့စားသောက်ဝတ်ဆင်နေထိုင်ရေးအတွက် ကိုယ်တိုင် ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်ရမည်လို့ အစ္စလာမ်သာသနာတော်က လမ်းညွှန်ထားပါ တယ်။

(၁) "နေ့တိုင်းနမားဇ် ငါးကြိမ်ဖတ်ရမည့် တာဝန်၊ ရမဇာန်လမှာ ရိုဇာတလထားရမည့် တာဝန်ပြီးလျှင် တရားဝင်နည်းလမ်းနှင့် ဝမ်းစာရှာဖို့ကလည်း ဖရ်ဇ်တာဝန်ဖြစ်တယ်" လို့ နဗီတမန်တော်မြတ် ﷺ က သတိပေးတော်မူထားပါတယ်။

(၂) "မိမိရဲ့ အစွမ်းအစနဲ့ ရှာဖွေလုပ်ကိုင်လို့ရတဲ့ အစားအသောက်ထက် သာပိုမွန်မြတ် တဲ့ အစားအသောက်မျိုးကို ဘယ်သူမှ ရှာဖွေလုပ်ကိုင်စားသောက်လို့ရမှာ မဟုတ်ဘူး။ ဟဇရတ်ဒါဝူးဒ် عليه السلام ဟာ မိမိရဲ့ လက်ရုံးရည်ကိုသုံးပြီး ရှာဖွေလုပ်ကိုင် စားသောက် တော်မူခဲ့ တယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၃) "မှန်မှန်ကန်ကန်ပြောတဲ့ကုန်သည်၊ ကတိသစ္စာရှိတဲ့ ကုန်သည်ဟာ ကိယာမသ် နေ့မှာ နဗီ တမန်တော်တွေ၊ ဆစ်ဒီကီးန် အမှန်တရားဘက်တော်သားတွေ၊ သာသနာ့ ရန်သူတွေကို တွန်းလှန်ရင်း အသက်စတေးခဲ့ကြတဲ့ ရှဟီဒီတွေနှင့် အတူတူရှိနေမည်" လို့လည်း တမန်တော်မြတ် ﷺ က အသိပေးတော်မူပါသေးတယ်။

(၄) "ဟဇရတ်မူဆာ عليه السلام ဟာ မိမိရဲ့ ကိလေသာစိတ်ကို ထိန်းချုပ်ဖို့နှင့် မိမိရဲ့ ဝမ်းစာရရှိ ဖို့အတွက် ၈ နှစ် ၁၀ နှစ်လောက်နေ့စားအလုပ်လုပ်တော်မူခဲ့ရတယ်" လို့လည်း နဗီတမန် တော်မြတ် ﷺ က ဆင့်ပြန်ပြောပြတော်မူထားပါတယ်။

(၅) တောင်းရမ်းစားသောက်သူတစ်ယောက်ကို မြင်တွေ့တော်မူလို့ မြတ်နဗီ ﷺ က "ထင်းခွေပြီး ရောင်းစားပါလား" လို့ လမ်းညွှန်တော်မူလိုက်ပါတယ်။ (တောင်းသူက လည်း "မြတ်နဗီရဲ့ လမ်းညွှန်မှုကို နာယူပြီး ထင်းခွေရောင်းလိုက်တာ ငွေနှစ်ကျပ်ခွဲရလို့ စားသောက်ပြီးတဲ့အပြင် အဝတ်အစားတွေတောင် ဝယ်လိုက်နိုင်ပါတယ်)" လို့ လာရောက် လျှောက်ထားတော့ မြတ်နဗီ ﷺ က "တောင်းရမ်းစားသောက်လို့ မျက်နှာမှာ ဒဏ်ရာ ဒဏ်ချက်တွေနှင့် ကိယာမသ်နေ့မှာပြန်ထရမည့်အစား၊ အခုလိုလုပ်ကိုင်စားသောက်တာက ပိုပြီး ကောင်းမြတ်တယ်လို့" ပညာပေးတော်မူလိုက်ပါတယ်။

(၆) နဗီတမန်တော်မြတ် ﷺ ရဲ့ လက်ထက်တော်မှာ ညီအစ်ကိုနှစ်ယောက်ရှိခဲ့တယ်။ ညီဖြစ်သူက မြတ်နဗီရဲ့ထံတော်မှာ အမြဲချဉ်းကပ်နေပြီး၊ အစ်ကိုက အလုပ်ကိုပဲလုပ်နေ

နိကာဟ်ပြုထိမ်းမြားလက်ထပ်တာနှင့် ပတ်သက်ပြီး နဗီတမန်တော် ﷺ က
(၂) "စရိတ်ကြေးငွေကုန်ကျမှု အသက်သာဆုံးဖြစ်တဲ့ ထိမ်းမြားလက်ထပ်မှုဟာ ဗရ်ကသ် မင်္ဂလာအများဆုံးရှိတဲ့ ထိမ်းမြားလက်ထပ်မှုဖြစ်တယ်။"
(၃) "ကိုယ့်သားသမီးတွေအတွက် မင်္ဂလာစကားကမ်းလှမ်းလာတဲ့အခါ ကမ်းလှမ်းသူမှာ ဘာသာရေးလေးစားမှုရှိမယ်၊ အကျင့်စာရိတ္တကောင်းမည်ဆိုရင် မင်္ဂလာဆောင်နှင်းပေးလိုက်၊ မဟုတ်လျှင် အရှက်တကွဲအကျိုးနည်းရတဲ့ကိစ္စတွေ၊ အကြီးအကျယ် ပျက်ဆီးဆုံးရှုံးမှုတွေ ဖြစ်လာနိုင်တယ်" လို့ လမ်းညွှန်သတိပေးတော်မူထားပါတယ်။

(ကိုယ့်သားသမီးအတွက် အကျင့်စာရိတ္တကောင်းတဲ့၊ ဘာသာရေးလေးစားတဲ့ဘက်က စကားကမ်းလှမ်းလာတာကို မတူမတန်သလို မှတ်ယူပြီး ထိမ်းမြားလက်ထပ်မပေးလို့ မလိုလားအပ်တဲ့ အရုပ်ဆိုးမှုတွေ ဖြစ်ရကြုံရတာတွေ ဒုနှင့်ဒေးဖြစ်နေလို့ အထူးရှင်းပြဖို့ မလိုတော့ပါဘူး။)
(၄) "တစ်ဦးတစ်ယောက်မှာ သားသမီးရှိလျှင် အဲဒီသားသမီးကို ကောင်းမြတ်တဲ့နံမည် ထားပေးရမည်၊ လိမ္မာရေးခြားရှိအောင် သွန်သင်ပေးရမည်၊ အချိန်တန်အရွယ်ရောက်လျှင် နိကာဟ်ပြုလုပ်ပေးရမည်၊ အချိန်တန်အရွယ်ရောက်နေလျက်သားနှင့် သားသမီးကို နိကာဟ်လုပ်မပေးလို့ သားသမီးက ဇေနာမှုကျူးလွန်လျှင် အဲဒီပြစ်ဒဏ်ကို ဖခင်ကခံရမည်" လို့တမန်တော်မြတ် ﷺ က ဖခင်တစ်ယောက်မှာရှိတဲ့ တာဝန်တွေကို ညွှန်ပြထားတော်မူပါတယ်။

သူတော်စင်များခင်ဗျား

နိကာဟ်ထိမ်းမြားမှုနှင့် ပတ်သက်ပြီး သင်တို့ထဲက အိမ်ထောင်ဘက်မရှိတဲ့ ယောကျ်ား၊ မိန်းမတွေကို၊ ကိုယ့်ရဲ့ ကျွန်၊ ကျွန်မတွေကို၊ ထိမ်းမြားလက်ထပ်ပေးဖို့ အရည်အချင်းပြည့်စုံကြတဲ့ ကျွန်၊ ကျွန်မ တွေကို ထိမ်းမြားလက်ထပ်ပေးကြ၊ တကယ်လို့ သူတို့ဟာဆင်းရဲတဲ့သူတွေဆိုလျှင် အလ္လာဟ်အရှင်မြတ်က သူတို့ကို မိမိရဲ့ကျေးဇူးတော်နှင့်ကြွယ်ဝချမ်းသာစေတော်မူမည်၊ အလ္လာဟ်အရှင်မြတ်ဟာ ကျယ်ကျယ်ဝန်းဝန်းချီးမြှင့်တော်မူတဲ့အရှင်၊ အားလုံးကို အကြွင်းမဲ့သိတော်မူတဲ့အရှင် ဖြစ်တော်မူတယ်) လို့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာနူးရ်မှာလာရှိတဲ့ အာယတ်တော် ၃၂ ကို တင်ပြရင်း ဒီကနေ့ခွဲသတဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွင်တပါ (၁၀) နိကာဟ် ထိမ်းမြားမင်္ဂလာ

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

ထိမ်းမြားမင်္ဂလာလက်ထပ်တာဟာ အတော်ဘဲအရေးပါ အရာရောက်တဲ့ သဘာဝက တောင်းဆိုထားတဲ့ဘာသာရေးကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အစ္စလာမ်သာသနာက အချိန်တန်အရွယ်ရောက်လျှင် အိမ်ထောင်ထူကြဖို့ လမ်းညွှန်တိုက်တွန်းထားပါတယ်။ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ကပဲ "ငါအလ္လာဟ်အရှင်မြတ်က သင်မုဟမ္မဒ် အရင် **နဗီရစူလ်တမန်တော်တွေကို စေလွှတ်တော်မူခဲ့တယ်၊ အဲဒီနဗီရစူလ်တမန်တော်တွေအတွက် ဇနီးကြင်ယာတွေ၊ သားသမီးတွေလည်း ဖန်ဆင်းမွေးမြူပေးတော်မူခဲ့တယ်"** လို့ မိန့်တော်မူထားပါတယ်။ အဲဒီအာယတ်တော်အရ ရှေးတုန်းက ပွင့်ပေါ်ခဲ့တဲ့ နဗီတမန်တော်တွေဟာ အိမ်ထောင်ပြုတော်မူခဲ့ကြတယ်၊ သားသမီးတွေလည်း မွေးခဲ့ကြတယ်ဆိုတာ ထင်ထင်ရှားရှား သိရပါတယ်။ နိကာဟ်လုပ်ဘို့အိမ်ထောင်ပြုဘို့အတွက်

(၁) နဗီတမန်တော်မြတ် ﷺ က "အို အချိန်တန်အရွယ်ရောက်သူအပေါင်းတို့ သင်တို့အထဲမှာ လက်ထပ်ထိမ်းမြားနိုင်တဲ့သူတိုင်း လက်ထပ်ထိမ်းမြားကြ၊ လက်ထပ်ထိမ်းမြားလျှင် မျက်စိကို မကောင်းမှုက ထိန်းချုပ်ထားနိုင်မည်၊ ကိုယ်ကာယ၊ အရှက်အင်္ဂါကိုလည်း မကောင်းမှု မကျူးလွန်မိအောင် ထိန်းထားနိုင်မည်၊ အိမ်ထောင်စရိတ် မတတ်နိုင်လျှင် ရိုဇာထားရမယ်၊ ရိုဇာဟာ တဏှာစိတ်ကို ထိမ်းကွပ်ပေးတယ်" လို့ လမ်းညွှန်တော်မူထားပါတယ်။

ရိုဇာဥပုသ်များများထားလျှင် အားနည်းသွားပြီး ကိလေသာစိတ် ငြိမ်သက်သွားတတ်ပါတယ်၊ ဝေးသင်းရင် ကိလေသာစိတ်ပျောက်သွားတတ်ပါတယ်၊ ဒါပေမဲ့ အစ္စလာမ်သာသနာတော်က ကိလေသာစိတ်ပျက်ပြားစေတဲ့ ဝေးသင်းတဲ့အလုပ်ကို လုံးဝတားမြစ်ထားပါတယ်၊ ရိုဇာထားရလို့အားအင်နည်းသွားတာကို အဟာရ၊ ဆေးဝါးတို့နှင့် ပြန်ဖြည့်လို့ရပါတယ်၊ ဒါကြောင့် အိမ်ထောင်စရိတ် မတတ်နိုင်လျှင် ရိုဇာထားပြီး ကိလေသာစိတ်ကို ချိုးနှိမ်ထားခိုင်းတာပါ၊ ကိလေသာစိတ်ကို ချိုးနှိမ်နိုင်မှ ဖေနာကျူးလွန်မှုကို ထိန်းသိမ်းနိုင်မှာမို့လို့ အစ္စလာမ်သာသနာတော်က ရိုဇာစောင့်ဘို့ တာဝန်ပေးတာပါ။

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

ဒီကနေ့ နိကာဟ်ထိမ်းမြားမင်္ဂလာကိစ္စတွေမှာ ဂုဏ်တုဂုဏ်ပြိုင်လုပ်ဖို့ ငွေကြေးတော်တော်များများ သုံးဖြုန်းနေကြပါတယ်၊ အဲဒီလိုဂုဏ်တုဂုဏ်ပြိုင်လုပ်ကြလို့ မလိုလားအပ်တဲ့ စည်းစိမ်ဒုက္ခ၊ စိတ်ဆင်းရဲရမှုဒုက္ခတွေနှင့် တွေ့ကြုံနေကြရပါတယ်၊ ရှရီအသ်တရားတော်ရဲ့ စည်းမျဉ်းစည်းကမ်းဘောင်ရဲ့ အပြင်ကိုရောက်နေကြလို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေကြရတာပါ၊ စရိတ်နည်းနည်းနှင့် ရိုးရိုးယဉ်ယဉ်နိကာဟ်လုပ်ရတာကို အရာမဝင်ဘူးလို့ လွဲလွဲမှားမှား မှတ်ယူနေကြပါတယ်။

ဒါကြောင့် အသားကို ကျွန်တော့်အတွက် ဟာရာမ်လို့ သတ်မှတ်ထားလိုက်ပါတယ်” လို့ လျှောက်ထားနေတုန်းမှာဘဲ “အို မုမင်န်တို့ သင်တို့အဖို့ဟလာလ်လို့ ပြဋ္ဌာန်းစားသုံးခွင့်ပြုတော်မူထားတဲ့ စင်ကြယ်သန့်ရှင်းတဲ့ စားသောက်ဖွယ်ရာတွေကို ဟာရာမ် မစားထိုက်၊ မသုံးထိုက်တဲ့ အစားအသောက်လို့ မှတ်ယူတာ၊ အလ္လာဟ်အရှင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းချိုးဖေါက်တာမျိုးကို မလုပ်ကြနှင့်” လို့ အမိန့်တော်ကျရောက်လာတယ်” လို့ တမန်တော်မြတ် ﷺ က ပြေကြားတော်မူလိုက်တဲ့အကြောင်းကို ဟဇရတ်အဗ်ဒွလ္လာဟ် ؓ အိဗ်နိအဗ္ဗားစ် ؓ က ဆင့်ပြန်ထားတာကို ကျမ်းဂန်များမှာ တွေ့ရပါတယ်။

အဲဒီကျရောက်လာတဲ့ အာယတ်အမိန့်တော်ကို ဆန်းစစ်ကြည့်မည်ဆိုရင် အလ္လာဟ်အရှင်မြတ်က ဟလာလ်အဖြစ် စားသုံးခွင့်ပြုထားတာကို ဟာရာမ်လို့ ယူဆမှတ်ထင်တာ၊ ဟာရာမ်ကို ရှောင်ကြဉ်သလို ရှောင်ကြဉ်တာမျိုး မလုပ်ကောင်းဘူးဆိုတာ သိရပါလိမ့်မည်။ ဟာရာမ်ကို စွန့်လို့ ကုသိုလ်ရမှာမဟုတ်ဘူး၊ ဟလာလ်ကိုရှောင်လျှင်လဲ ကုသိုလ်ရမှာ မဟုတ်ဘူးလို့ မှတ်ထင်ယူဆတာတွေဟာ အစ္စလာမ့်တရားတော်ကို ဗီလာကန့်လန့်လုပ်ရာကျလို့ အဲဒီလိုအပြုအမူ အပြောအဆိုမျိုးကို အထူးသတိထားပြီး ဆင်ခြင်ဖို့လိုပါတယ်။ အကြောင်းရှိလို့ ... ဥပမာ .... ရောဂါတိုးမှာစိုးလို့ ဟလာလ်ပစ္စည်းကို မစားမသောက်ဘဲ ရှောင်ကြဉ်နေတာ ကိစ္စမရှိဘူး။ အဲဒီလိုရှောင်ကြဉ်ရတဲ့အခါမှာ ကုသိုလ်ရတယ်၊ ငရဲကြီးမည်ဆိုတာတွေကို ပုံကြီးချဲ့ပြီးမစဉ်းစားပါနှင့်၊ ရောဂါဝေဒနာကင်းစင်ပြီး ကျန်းမာဘို့ ဟလာလ်အစားအသောက်တွေ ရှောင်ရတဲ့အတွက် အရေးယူအပြစ်ပေးခံရဘို့ မရှိပါဘူး။

မွတ်စ်လင်မ်ညီနောင်များခင်ဗျား

(၄) “အစားအသောက် စားသောက်ပြီးလျှင် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်တဲ့သူဟာ ဆဗရ်လုပ်ပြီး ရိုဇာထားတဲ့သူလိုဘဲ အကျိုးကုသိုလ်ရတယ်” လို့ တမန်တော်မြတ် ﷺ က ထူးထူးခြားခြား အသိပေးတော်မူထားတာကို ကျမ်းဂန်တွေမှာ တွေ့ရပါသေးတယ်။

သူတော်စင်များခင်ဗျား

သင်တို့ဟာ မိမိတို့ရဲ့နှုတ်လျှာနှင့် မုသားပြောဆိုရာရောက်တဲ့ ‘ဒါက ဟလာလ်ခွင့်ပြုထားတာဖြစ်တယ်၊ ဒါကဟာရာမ်တားမြစ်ထားတဲ့ဥစ္စာဖြစ်တယ်’ လို့ မပြောမဆိုကြနှင့်၊ အဲဒီလိုပြောဆိုကြလျှင် သင်တို့ဟာအလ္လာဟ်အရှင်မြတ်ကို လီဆယ်စွပ်စွဲရာ ရောက်တယ်၊ ဧကန်မုချ အလ္လာဟ်အရှင်မြတ်ကို လီဆယ်စွပ်စွဲကြတဲ့သူတွေဟာ အောင်မြင်ကြမှာမဟုတ်ဘူး” လို့ လာရှိတဲ့ကုရ်အာန်ကျမ်းတော်မြတ် ဆူရဟ်နဟလ်ရဲ့ အာယသ်တော် ၁၁၆ ကို တင်ပြရင်း ဒီကနေ့ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

(၁) "အလ္လာဟ်အရှင်မြတ်က ဟလာလ်လို့ ခွင့်ပြုတော်မူထားတဲ့ အမှုကိစ္စတွေကို ဟရာမ်လို့ မှတ်ထင်ယူဆရှောင်ကြဉ်တာ၊ မိမိပိုင်ဥစ္စာပစ္စည်းတွေကို တလဟောသုံးပစ်လိုက်တာကို လောကီကို စိတ်မဝင်စားတာ၊ စက်ဆုပ်တာလို့ မမှတ်ယူမဆိုနိုင်ပါဘူး။ အမှန်စင်စစ်ကိုယ့်မှာရှိတဲ့ ဥစ္စာပစ္စည်းတွေကို အလ္လာဟ်အရှင်မြတ်ထံတော်ရှိနေတဲ့ နေ့အ်မသ်စည်းစိမ်လောက် တန်ဘိုးမထား မမက်မောမှသာ လောကီကို စိတ်မဝင်စားတာ၊ လောကီကို စက်ဆုပ်တာလို့" တမန်တော်မြတ် ﷺ ကညွှန်ပြတော်မူပါတယ်။

အလ္လာဟ်အရှင်မြတ်က ဟလာလ်လို့ ပညတ်တော်မူထားတဲ့ ဥစ္စာပစ္စည်းတွေကို မသုံးစွဲတာ၊ ဒါမှမဟုတ် ကိုယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ပစ်တာဟာ လောကီကို စိတ်မဝင်စားတာ၊ လောကီကို စက်ဆုပ်တာလို့ ပြောလို့မရပါဘူး။ အလ္လာဟ်အရှင်မြတ်ကသာ အမှုကိစ္စအားလုံးအပေါ်မှာ လုံးဝဥဿုံ လွှမ်းမိုးကြီးစိုး စီမံခန့်ခွဲတော်မူနိုင်စွမ်းရှိတော်မူသောအရှင်လို့ ယုံကြည်လက်ခံထားမှသာ လောကီကို စိတ်မဝင်စားရာ လောကီကို စက်ဆုပ်ရာရောက်တယ်လို့ မမိုတ်မသုံ မှတ်ယူယုံကြည်တဲ့သူကသာ လောကီကို မက်မောတွယ်တာမှာမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်ရဲ့ စွမ်းဆောင်တော်မူနိုင်မှု၊ အလ္လာဟ်အရှင်မြတ်ရဲ့ တန်ခိုးဂုဏ်တော် ကြီးကျယ်မြင့်စွင့်မှုနှင့် အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်တွေကို ယုံကြည်အားထား မှာပါ။

(၂) **"အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပေးတော်မူထားတဲ့ ရိဇိရိက္ခာ မကုန်သေးသမျှ သေရမှာ မဟုတ်ဘူး"** လို့ ဂျစ်ဗ်ရာအီလ် عليه السلام က ငါ့ကိုအသိပေးထားပြီးဖြစ်တယ်၊ သင်တို့ သတိတရား လက်ကိုင်ထားကြ၊ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြ၊ ဝမ်းစာရှာတဲ့နေရာမှာ တရားမျှတကြ၊ စီးပွားရှာတဲ့အခါမှာ ရတာကြာလို့ အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်ကို ချိုးဖေါက်ဘို့ စိတ်မကူးလိုက်နှင့်၊ အလ္လာဟ်အရှင်မြတ်ထံတော်မှာရှိနေတော်မူတဲ့ နေ့အ်မသ်တွေကို အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်ကို တသွေမတိမ်းလိုက်နာနေမှ၊ အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်ကျမှသာ သင်တို့ရရှိနိုင်မည်" လို့ မြတ်နဗီ ﷺ က ပွင့်ပွင့်လင်းလင်း အသိပေးတော်မူထားပါတယ် —— သဘောကတော့

အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းမိန့်မှတ်တော်မူထားတဲ့ စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ပြီး ရှာဖွေရရှိထားတဲ့ ဥစ္စာပစ္စည်းတွေဟာ ချမ်းသာသုခ ရယူမပေးနိုင်ရုံမက၊ လောကီ – လောကုတ္တရာနှစ်ဌာနစလုံးမှာ စိတ်တည်ငြိမ်အေးဆေးချမ်းသာမှုလည်း မပေးတတ်ပါဘူး၊ မတရားတဲ့နည်းနှင့် ရှာလို့ဖွေလို့ရတဲ့ ပစ္စည်းဥစ္စာတွေကြောင့် လောကမှာ တထိပ်ထိပ်ဖြစ်နေရသလို နောင်တမလွန် အာခိရတ်မှာအဓားဇ်ပြစ်ဒဏ်ခံရမည်လို့ ဆိုလိုတာပါ။

(၃) တနေ့လူတယောက် တမန်တော်မြတ် ﷺ ထံရောက်လာပြီး " အို အလ္လာဟ်အရှင်မြတ် ရဲ့ ရစူလ်တမန်တော် ကျွန်တော်အသားစားမိတိုင်း ရာဂစိတ်ထတတ်ပါတယ်၊

(၅) "ညစဉ်ညတိုင်း ကိုယ်ဖတ်ရွတ်နေတဲ့ ဝဇီဖှာကိုမဖတ်မိလိုက်လို့၊ ဖတ်လျက်သား နှင့် ကျန်ခဲ့လို့ ဖဂျရ်နှင့်ဇိုဟော်ရဲ့ကြားမှာ ဖြည့်ဖတ်လိုက်လျှင် ပုံမှန်ဖတ်သလိုဘဲ မှတ်တမ်း တင်ပေးတော်မူစေတယ်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထား ပါတယ်။ ညကဖတ်လိုက်သလိုဘဲ အကျိုးစဝါးဗ်ရမည်လို့ ဆိုလိုတော်မူခြင်းဖြစ်ပါ တယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေအရ နဖိလ်ကျင့်စဉ်တွေဟာ ဘယ်လောက် အထိအရာရောက်သလဲဆိုတာ သိကြတော့မှာပါ။

သူတော်စင်များခင်ဗျား

"အို နဗီတမန်တော် အသင်သည် နံနက်ခင်းနှင့် ညနေချမ်းမှာ မိမိတို့ကိုဖန်ဆင်း မွေးမြူတော်မူတဲ့ အရှင်မြတ်ကို မိမိရဲ့စိတ်နှလုံးက ရိုကျိုးကြောက်ရွံ့ရင်း မကျယ်လောင် တဲ့ အသံနှင့် အောက်မေ့တသ သတိရ၊ အသင်သည် အရှင်မြတ်ကို အလေးမမူ ကရုမစိုက်တဲ့သူတွေထဲမှာ မပါမိစေနှင့်" လို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ ပါရှိတဲ့ စူရာအဲဖ်ရာဖ်ရဲ့ အာယသ်တော် ၂၀၅ ကို တင်ပြရင်း ဒီကနေ့ခွင့်တစ်ပါကို နိဂုံးချုပ်လိုက် ပါတယ်။

ခွင့်တစ်ပါ (၉) စားသောက်မှု

လေးစားအပ်ပါတဲ့အစ္စလာမ်ဘာသာဝင်မွတ်စ်လင်မ်များခင်ဗျား

"အသင်တို့စားကြ၊ သောက်ကြ၊ ဒါပေမဲ့ မဖြုန်းကြနှင့်" လို့ ကုရ်အာန်ကျမ်းတော် မြတ်မှာ ပြတ်ပြတ်သားသား ပညတ်တော်မူထားပါတယ်။ တရားသဖြင့် စားတာ၊ သောက်တာ၊ သုံးစွဲတာကို အစ္စလာမ်သာသနာတော်က လျော့လျော့ရှုရှု ခွင့်ပြုထားပြီး တရားမဝင်တဲ့ စားသောက်သုံးစွဲမှုကိုတော့ ပြတ်ပြတ်သားသား ပိတ်ပင်တားမြစ်ထား ပါတယ်။ မကောင်းတဲ့ လုပ်ငန်းကိစ္စတွေမှာ ငွေကြေးဥစ္စာသုံးစွဲတာဟာ ဖြုန်းတီးတာဘဲ ဖြစ်ပါတယ်။ ရှောင်လွှဲလို့ရပေမည့်၊ တရားတော်က လျော့ပေါ့ခွင့်ပြုနိုင်တဲ့ကိစ္စတွေမှာ အာပြီးသုံးစွဲတာ ပေးကမ်းတာ၊ အရေးမပါအရာမထင်မည့် လုပ်ငန်းတွေမှာ သုံးစွဲတာ လည်း ဖြုန်းတီးမှုထဲမှာဘဲ အကျုံးဝင်နေပါတယ်။ ဒီလိုဘဲ အရေးမကြီးတဲ့ ပေးကမ်းရ မည့် ကိစ္စအတွက် ပေးကမ်းသုံးစွဲတာလည်း ဖြုန်းတီးရာရောက်တတ်ပါတယ်။ ဘာကြောင့် လည်းဆိုတော့ အဲဒီကိစ္စရပ်တွေအတွက် ပေးကမ်းရယူမှုတွေမှာ အလိုလောဘတွေ တက်လာ တတ်ပါတယ်။ သီးခံခြိုးခြံရမည်ဆိုတဲ့ သတိတရားကင်းမဲ့သွားတတ်ပါတယ်။ အဆိုးဆုံး ကတော့ စေတနာသဒ္ဓါတရား မဖြူမစင်ဖြစ်သွားရတတ်ပါတယ်။

ခွသ်တဗါ (၈) နဖိလ်ကျင့်စဥ်များ

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်များခင်ဗျား

အိဗာဒသ်လုပ်တာ တရားအားထုတ်တာဟာ အင်မတန်ကောင်းမြတ်လှတဲ့ ကျင့်စဥ်တွေပါ၊ ဖရ်ဇ်တာဝန်လို့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ကျင့်စဥ်တွေအပြင် ကိုယ့်ရဲ့ စေတနာသဒ္ဒါတရားထက်သန်သလောက် အပိုဆောင်းပြီး လုပ်တဲ့နဖိလ်ကျင့်စဥ်တွေဟာ တော်တော်ဘဲ အကျိုးထူးတွေပေးပါတယ်။

(၁) **"ငါအရှင်မြတ်ရဲ့ ဗန္ဒဟ်ကျေးကျွန်တွေအနေနှင့် နဖိလ်ကျင့်စဥ်တွေလုပ်ဆောင်ပြီး ငါအရှင်မြတ်နှင့်နီးစပ်မှုရရှိဘို့ အမြဲကိုဘဲ အားထုတ်နေကြလို့ ငါအရှင်မြတ်က သူတို့ကို ငါအရှင်မြတ်ရဲ့ အချစ်တော်အဖြစ် ရွေးချယ်တော်မူလိုက်ပြီ"** လို့ အလ္လာဟ်အရှင်မြတ်က ထုတ်ဖော်ကြေငြာတော်မူတဲ့အကြောင်း မြတ်နဗီ ﷺ က ဆင့်ပြန်တော်မူထားပါတယ်။

(၂) "အသင်တို့ညမှာ ထပြီး သဟတ်ဂျဒ်ဖတ်တဲ့ အလေ့အထလုပ်ကြ၊ သဟတ်ဂျဒ်နမားဇ်ဟာ သင်တို့အလျှင်က ရှိခဲ့ကြတဲ့ ရှေးသူတော်စင်တွေရဲ့ အိဗာဒသ်ကျင့်စဥ်ဖြစ်တယ်၊ သဟတ်ဂျဒ်နမားဇ်ဟာ သင်တို့ကို အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်မှု ရယူပေးတယ်၊ သင်တို့ ရဲ့ အပြစ်ဂုနာဒုစရိုက်တွေကို သန့်စင်ပေးတယ်၊ မကောင်းမှုတွေမလုပ်ဖြစ်အောင် ဟန့်တားပေးတယ်" လို့ တမန်တော်မြတ် ﷺ က ညွှန်ပြတော်မူထားပါတယ်။

(၃) ဒုတိယခလီဖဟ် ဟဇရတ်အုမရ် ﷵ သခင်ကြီးရဲ့ သားတော် ဟဇရတ်အဗ်ဒွလ္လာဟ် ﷵ ကို "အို အဗ်ဒွလ္လာဟ် မင်းညမှာထပြီး အမြဲသဟတ်ဂျဒ်ဖတ်လျှက်သားနှင့် အခုမဖတ်တော့ သလိုမဖြစ်စေနှင့်နော်" လို့ နဗီတမန်တော်မြတ် ﷺ က သတိပေးတော်မူခဲ့ပါတယ်။ သဘောကတော့ သဟတ်ဂျဒ်နမားဇ်ကို မပျက်စေဘဲ စွဲစွဲမြဲမြဲဖတ်နေဘို့ တိုက်တွန်းတော်မူတာပါ။

(၄) "အမှန်တကယ်ဆိုလျှင် ဒီးန်သာသနာဟာ တော်တော်ဘဲ လွယ်ကူတယ်။ သာသနာတော်နှင့် ဆိုင်တဲ့ ကျင့်စဥ်ကျင့်ရပ်တွေကို အလွန်အကျူးလုပ်လျှင် နောက်ဆုံးခွဲမာန်ကျပြီး ကျင့်စဥ်တွေကို လက်လွှတ်အရှုံးပေးရတတ်တယ်။ ပျက်ကွက်လာနိုင်တယ်။ ဒါကြောင့် သင်တို့အနေနှင့် အလယ်အလတ် ကျင့်စဥ်ကျင့်ရပ်ကိုဘဲ စွဲစွဲမြဲမြဲ လုပ်ပြီး တင်းတိမ်ရောင့်ရဲကြ၊ မနက်ပိုင်းမှာ ညနေချမ်းမှာ ညရဲ့ နောက်ဆုံးပိုင်းတွေမှာ အိဗာဒသ်လုပ်ပြီးအလ္လာဟ်အရှင်မြတ်ထံတော်က အကူအညီရယူကြ" လို့ တမန်တော်မြတ် ﷺ က သတိပေးလမ်းညွှန်တော်မူထားပါတယ်။ အဲဒီအချိန်သုံးချိန်မှာ အိဗာဒသ်လုပ်လျှင် အကျိုးစဝါးဗ်များများရမည်၊ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်သဘောတူတော်မူမည်ဆိုတဲ့ သဘောကို ဆိုလိုတော်မူခြင်းဖြစ်ပါတယ်။

စိတ်ဝမ်းကို တည်ငြိမ်အေးချမ်းနေစေတယ်၊ ဒါတွင်မကသေးဘူး၊ သူတို့ရဲ့ အကြောင်းကို အလ္လာဟ်အရှင်မြတ်က မိမိထံတော်ပါးမှာ ခစားနေတဲ့ ဖရစ်ရှ်တာတွေရဲ့ ရှေ့မှောက်မှာ ချီးကျူးမိန့်ကြားတော်မူနေတယ်” လို့ နဗီတမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၂) “အလ္လာဟ်အရှင်မြတ်ကို သတိရ တသတဲ့သူဟာ ရှင်သူနှင့်တူပြီး အလ္လာဟ်အရှင်မြတ်ကို သတိမရမတတဲ့သူဟာ သေသူနှင့်တူတယ်” လို့လဲ မြတ်နဗီ ﷺ က ညွှန်ပြတော်မူပါသေးတယ်။

(၃) “ဒုအာဆုမွန်တောင်းခံတာဟာ အိဗာဒသ် တရားအားထုတ်မှုရဲ့ ဦးနှောက် (တနည်းဆိုရလျှင် အနှစ်သာရ) ဖြစ်တယ်” လို့လည်း မြတ်နဗီ ﷺ က မိန့်ဆိုထားတော်မူပါတယ်။

(၄) “အလ္လာဟ်အရှင်မြတ်ရဲ့ ထံတော်မှာ ဆုမွန်ဒုအာတောင်းခံတာထက် သာပိုလိုလားမြတ်နိုးတော်မူတဲ့အမလ်မရှိဘူး” လို့လည်း မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၅) “ဆုမွန်ဒုအာပြုလျှင် ကျရောက်နေတဲ့ ဘေးဒုက္ခတွေကလည်း ကင်းလွတ်မှုရမည်၊ ဒါတွင်မကသေးဘူး၊ နောက်ကျရောက်မည့် ဒုက္ခအန္တရာယ်တွေအတွက်လည်း ကာကွယ်မှုရမည်၊ ဒါကြောင့် “အို အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးကျွန်ဗန္ဒဟ်တို့ သင်တို့အပေါ်မှာ အလ္လာဟ်အရှင်မြတ်ရဲ့ ထံတော်က ဆုမွန်ဒုအာတောင်းဘို့ တာဝန်ဖြစ်နေပြီ” လို့လည်း မြတ်နဗီ ﷺ က လမ်းညွှန်တော်မူထားပါတယ်။

(၆) “အလ္လာဟ်အရှင်မြတ်ထံတော်မှာ မတောင်းခံ မပန်ကြားတဲ့သူကို အလ္လာဟ်အရှင်မြတ် စိတ်ဆိုးတော်မူတယ်” လို့လည်း မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

သူတော်စင်များခင်ဗျား

အို .... မုမင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့ သင်တို့အလ္လာဟ်အရှင်မြတ်ကို မနက်ပိုင်းမှာရော၊ ညနေပိုင်းမှာပါအချိန်အခါမရွေးအမြဲဘဲ အဲဒီအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူတဲ့အကြောင်း များများစားစား အောက်မေ့တသသတိရကြ” လို့ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရာအဟ်ဇာဗ်မှာ လာရှိတဲ့ အာယတ်တော် (၄၁) နှင့် (၄၂) တို့ကို တင်ပြရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ပြစ်ဒဏ်ချမှတ် ထားတဲ့သူတွေထဲက ဆယ်ယောက်အတွက် ရှဖာအသ် ကြားဝင် အသနား ခံခွင့်လဲ ပေးဦးမည်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ ပညတ်တော်တွေအတိုင်း လိုက်နာကျင့်ဆောင်ရင် အကျိုးထူး အကျိုးမြတ်ရမည့်အကြောင်း ဒီဟဒီးစ်တော်အရ ကောင်းကောင်းသိနိုင်ပါတယ်။

သူတော်စင်များခင်ဗျား -

"ဒါကတော့ လုံခြုံတဲ့မှတ်တမ်းတော် (လောင်ဝ်ဟိမဟ်ဖူးဇ်) မှာထိန်းသိမ်း စောင့်ရှောက်ထားတဲ့၊ဂုဏ်ကျက်သရေတွေနှင့် ပြည့်စုံတဲ့ ကုရ်အာန်ကျမ်းတော်မြတ်ဖြစ် တယ်ဆိုတာကို ငါအရှင်မြတ်က ကြယ်တွေနက္ခတ်တာယာတွေ ဝင်တဲ့အရပ်၊ စခန်းချ တဲ့ အရပ်တွေကို သက်သေထူကျိန်ဆိုတော်မူတယ်။ အဲဒီလိုသက်သေထူကျိန်ဆိုတော် မူကာကို ကြီးကျယ်တဲ့ သက်သေထူကျိန်ဆိုတဲ့ ကိစ္စဖြစ်တယ်ဆိုတာကို သင်တို့သိကြလျှင် အဲဒီကုရ်အာန်ကျမ်းတော်မြတ်ကို စင်ကြယ်သန့်ရှင်းတဲ့ သူတွေကလွဲလို့ ဘယ်သူမှ ကိုင်ကြ၊ ထိကြမှာ မဟုတ်ဘူး" လို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ စူရာဝါကိ အဟ်ရဲ့ အာယတ်တော် ၇၅ ကနေ ၇၉ အထိကို တင်ပြရင်း ဒီကနေ့ ခွဲသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

* * * *

ခွဲသ်တဗါ (၇) အာလ္လာဟ်အရှင်မြတ်ကို သတိရတာ, သခြင်းနှင့် ဒုအာဆုမွန်တောင်းခြင်း

အစ္စလာမ်သာသနာဝင်ညီနောင်အပေါင်းတို့ခင်ဗျား

အလ္လာဟ်အရှင်မြတ်ကို သတိရ တသတာ၊ ကိုယ့်ရဲ့ ဆန္ဒပြည့်မြောက်ဘို့ အလ္လာဟ် အရှင်မြတ်ထံတော်မှာ ဒုအာတောင်းခံတာဟာ အလွန်ဘဲ မွန်မြတ်လှတဲ့ ကျင့်စဉ်ကောင်း တွေပါ။

နှုတ်ပါးစပ်နှင့် လုပ်ရတဲ့ အိဗာဒသ်ထဲမှာ ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်တဲ့ အမလ်ပြီး လျှင် အလ္လာဟ်အရှင်မြတ်ကို သတိရ တသဇိကရ်လုပ်တဲ့ အမလ်နဲ့ ဆုမွန်ဒုအာတောင်းတဲ့ အမလ်ဟာ အလွန်ဘဲ မွန်မြတ်လှတဲ့ အမလ်တွေဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ်ကို သတိရ တသဇိကရ်လုပ်တဲ့သူတွေနဲ့ ပတ်သက်ပြီး နဗီတမန်တော်မြတ် ﷺ ရဲ့ ဟဒီးစ် တော်တွေ အမြောက်အများ လာရှိပါတယ်။

(၁) "လူစုလူဝေးဖွဲ့ပြီး အလ္လာဟ်အရှင်မြတ်ကို သတိရတသဇိကရ်လုပ်ကြတဲ့ လူတွေကို မလာအိကဟ်ကောင်းကင်စံ တမန်တော်တွေက ဝိုင်းရံထားကြတယ်၊ အဲဒီသူတွေအပေါ် အလ္လာဟ်အရှင်မြတ်ရဲ့ ကရုဏာတွေ လွှမ်းခြုံနေတော်မူတယ်၊ သူတို့တွေရဲ့ နှစ်လုံး

ခွဲသ်တာဗါ (၆) ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ယူဆည်းပူးခြင်းနှင့် လိုက်နာကျင့်ဆောင်ခြင်း

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား –

ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ယူဆည်းပူးဘို့ မွတ်စ်လင်မ်တိုင်းအပေါ်မှာ တာဝန်ရှိပါတယ်။ ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ယူဆည်းပူးရမည့် တာဝန်နှင့် ပတ်သက်ပြီး နဗီတမန်တော်မြတ် ﷺ ရဲ့ အဆိုအမိန့်တွေအများကြီး လာရှိပါတယ်။

(၁) "အသင်တို့အထဲမှာ ကုရ်အာန်ကျမ်းမြတ်ကို ကိုယ်တိုင်သင်ယူဆည်းပူးပြီး တခြားသူတွေကို သင်ပြပေးတဲ့သူဟာ အမြတ်ဆုံးဖြစ်တယ်"

(၂) "ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်၊ ကျင့်ဆောင်ခဲ့တဲ့သူကို ကိယာမတ်နေ့မှာ အလ္လာဟ်အရှင်မြတ်က 'သင်လောကမှာ ရှိခဲ့တုန်းက ကုရ်အာန်ကျမ်းတော်မြတ်ကို ပီပီသသ မှန်မှန်ကန်ကန် ဖတ်ခဲ့သလို အခုလဲ ကုရ်အာန်ကျမ်းမြတ်ကို ပီပီသသ မှန်မှန် ကန်ကန် ဖတ်ရင်း ဂျန္နတ်ရဲ့ ဘုံအဆင့်တွေပေါ်တက်၊ သင်ရမည့်အဆင့်ကတော့ သင်နောက်ဆုံးအာယတ်ဖတ်ရင်း ရောက်မည့်အဆင့်ဘဲ' လို့ မိန့်မှတ်တော်မူလိမ့်မည်" လို့လည်း တမန်တော်မြတ် ﷺ ကညွှန်ပြထားတော်မူပါတယ်။ အာယသ်တော်တွေ ဖတ်နိုင်သလောက် ဂျန္နတ်မှာ အဆင့်အတန်းတွေ တိုးတိုးပြီး ရမည်လို့ ဆိုလိုတာပါ။

* လောကီမှာ တိုးတက်ကြီးပွားဘို့အတွက် လောကီပညာတွေကို မနားမနေ လေ့လာဆည်းပူးပြီး၊ နောင်တမလွန်အာခိရတ်မှာ အကျိုးထူးကြီးရစေတဲ့ ကုရ်အာန်ကျမ်းမြတ်ကို သင်ယူဆည်း ပူးဖတ်ရွတ်ဖို့ လျစ်လျူရှုထားတဲ့သူတွေအနေနှင့် ဒီဟဒီးစ်တော်ကို အထူးမှတ်သားလိုက်နာသင့်ပါတယ်။

(၃) "ကျမ်းတော်မြတ်ကုရ်အာန်ရဲ့ အာယတ်တော်တစ်ပါးတောင်မှ အလွတ်ကျက်မှတ်မထားတဲ့သူဟာ ပျက်စီးယိုယွင်းနေတဲ့ အိမ်နဲ့တူတယ်" လို့လဲ တမန်တော်မြတ် ﷺ က အသိပေးထောက်ပြတော်မူထားပါတယ်။

(၄) "ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ အက္ခရာတစ်လုံးဖတ်လိုက်တဲ့သူအဘို့ အဲဒီအက္ခရာအတွက် ကောင်းမှုတစ်ခုရစေပြီး အဲဒီကောင်းမှုတစ်ခုဟာ ကုသိုလ်အကျိုးစဝါဗ် ၁၀ ခုနဲ့ တူညီတယ်" လို့လဲနဗီတမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါသေးတယ်။

(၅) "ကုရ်အာန်ကျမ်းတော်မြတ် သင်ယူဆည်းပူးပြီး ကျမ်းတော်မြတ်မှာ ပြဋ္ဌာန်းထားတဲ့ စည်းကမ်း၊ စည်းမျဉ်းတွေအတိုင်း ဟလာလ်ကို ဟလာလ်လို့ ခံယူမည်၊ ဟရာမ်ကို ဟရာမ်လို့ နာယူမည်၊ အဲဒီလိုမှတ်သားနာယူထားတဲ့အတိုင်း လက်တွေ့ကျင့်ဆောင်မည်ဆိုလျှင် အဲဒီလူကို အလ္လာဟ်အရှင်မြတ်က ဂျန္နတ်ကိုတောက်လျှောက် ဝင်ရောက်ခွင့်ပေးတော်မူမည်၊ ဒါတင်မကသေးဘူး ... သူ့ရဲ့အိမ်သူအိမ်သားတွေထဲက ဂျဟန္နမ်မှာကျခံဖို့

(၁) "အစ္စလာမ်သာသနာတော်ကို အချက်ငါးချက်ပေါ်မှာ အခြေခံပြီး ပြဋ္ဌာန်းတော်မူထား တယ်။ ပထမအချက်အနေနဲ့ အလ္လာဟ်အရှင်မြတ် တစ်ဆူတစ်ပါးထဲသာ ရှိတော်မူတယ်၊ စိုင်ယိဒ်နာမုဟမ္မဒ်မွတ်စ်တဖှာဟာ အလ္လာဟ်အရှင်မြတ်ရဲ့ ဗန္ဒာဟ်ကျေးကျွန်၊ အရှင်မြတ်ရဲ့ နဗီရစူလ်တမန်တော်ဖြစ်တယ်ဆိုတဲ့အကြောင်း သံသယမထားဘဲ ထွက်ဆိုသက်သေခံရမည်။ ဒုတိယအချက်အနေနှင့် နမားဇ်ငါးကြိမ်ကို မြဲမြဲစွဲစွဲ ဖတ်နေရမည်။ တတိယအချက်အနေနှင့် ဇကားသ်ပေးဆောင်ရမည်။ စတုတ္ထအချက်ကတော့ ဟဂျ်ပြုလုပ်ရမည်။ ပဉ္စမအချက်အနေနှင့် ရမဇာန်လမှာ ရိုဇာထားရမည်" လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၂) "အလ္လာဟ်အရှင်မြတ်က ပစ္စည်းဥစ္စာတွေပေးတော်မူထားရဲ့သားနှင့် အဲဒီပစ္စည်းတွေထဲက ဇကားသ်မပေးဆောင်လျှင် ကိယာမတ်နေ့မှာ အဲဒီဥစ္စာပစ္စည်းတွေဟာ မျက်လုံးနှစ်ဘက်ပေါ်မှာ အမဲစက်တွေပါတဲ့ ထိပ်ပြောင်မြွေကြီးလို ရောက်လာပြီး ပစ္စည်းရှင်ရဲ့လည်ပင်းကို ရစ်ပတ်လိုက်ရင်း ပါးစောင်နှစ်ဘက်ကို ကိုက်ခဲပြီး 'ငါက မင်းစုထားခဲ့တဲ့ပစ္စည်းဥစ္စာတွေပေါ့' လို့ ကြိမ်းဝါးလိမ့်မည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။ အဲဒီနောက် ဆက်လက်ပြီး ကိုယ်တော်မြတ် ﷺ က "ဝလာယဟ်စဗန်းနလ္လဇီန ယဗ်ခလူးန" လို့ အစချီထားတဲ့ အာယသ်တော်ကို ဖတ်ရွတ်ပြတော်မူပါတယ်။ အဲဒီအာယသ်တော်မှာ အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းတော်အတွက် မပေးကမ်း မလှူဒါန်းဘဲ ကပ်စီးနဲ့တဲ့သူရဲ့ ပစ္စည်းဥစ္စာတွေဟာ ကိယာမတ်နေ့မှာ သူ့ရဲ့လည်ပင်းမှာ ရစ်ပတ်နေမည့်အကြောင်းပါရှိပါတယ်။

(၃) ရှရီအတ်တရားတော်မှာလာရှိတဲ့ ပညတ်ချက်တွေနှင့် ပတ်သက်ပြီး တစ်ဦးတစ်ယောက်က မေးမြန်းလျှောက်ထားတော့ တမန်တော်မြတ် မုဟမ္မဒ် ﷺ က "သင်ပိုင်ဆိုင်ထားရှိတဲ့ ပစ္စည်းဥစ္စာတွေထဲက ဇကားသ်ပေးဆောင်ပါ၊ အဲဒီလိုဇကားသ်ပေးဆောင်တာဟာ ပစ္စည်းဥစ္စာတွေကို သန့်စင်ပေးရာရောက်တယ်၊ သင့်ကိုလည်း သန့်ရှင်းစင်ကြယ်စေတယ်၊ သင့်ရဲ့ ဆွေမျိုးသားချင်းတွေကိုလဲ ထောက်ပံ့ရာ ရောက်တယ်၊ မရှိဆင်းရဲသားတွေ၊ အိမ်နီးနားချင်းတွေနှင့် တောင်းရမ်းစားသောက်ကြရရှာသူတွေရဲ့ ရသင့်ရထိုက်တာကို ပေးကမ်းစွန့်ကြဲရာလည်းရောက်တယ်" လို့ ဖြေကြားသင်ပြပေးတော်မူပါတယ်။

သူတော်စင်များခင်ဗျား

ကုရ်အာန်ကျမ်းတော်မြတ် စူရာဘကရာရဲ့ အာယတ်တော် ၄၃ မှာ ...... "သင်တို့ဆွလာတ်ဆောက်တည်ကြ၊ ဇကားသ် .... တရားဝင်ဒါနကြေးပေးဆောင်ကြ၊ ဒီအပြင် ရိုသေကိုင်းညွတ်ကြတဲ့သူတွေနှင့်ရောပြီး ငါအရှင်မြတ်ကို ညီညာဖြဖြ ရိုကျိုးကိုင်းညွတ်ကြ" လို့အမိန့်ပေးတော်မူထားတာကိုတင်ပြရင်း ဒီနေ့ခွင့်တဗါကိုနိဂုံးချုပ်လိုက်ပါတယ်။

၂။ "တစ်နေ့မှာ နမားဇ်ငါးကြိမ်ဆောက်တည်ဘို့ အလ္လာဟ်အရှင်မြတ်က ဖရ်ဇ်တာဝန် အဖြစ် ပြဋ္ဌာန်းတော်မူထားတယ်။ အဲဒီဖရ်ဇ်တာဝန်အဖြစ် ပြဋ္ဌာန်းတော်မူထားတဲ့ နမားဇ်ကို ဝုဇူကောင်းကောင်းလုပ်ပြီး၊ အချိန်မှန်မှန်ဖတ်မည်၊ နမားဇ်ဖတ်တဲ့အခါမှာ ရုကူအ်စဂျ်ဒဟ်တိတိကျကျလုပ်မည်၊ စိတ်ပါလက်ပါဖတ်မည်ဆိုလျှင် အဲဒီလူကို အလ္လာဟ် အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးဘို့ တာဝန်ယူတော်မူတယ်။ နမားဇ်ငါးကြိမ်ကို မှန်မှန်ကန်ကန် တိတိကျကျ မဖတ်တဲ့သူအတွက်တော့ အလ္လာဟ်အရှင်မြတ်မှာ ဘာမှ တာဝန်မရှိတော့ဘူး။ အရှင်မြတ်က ချမ်းသာပေးတော်မူလိုလျှင်လဲ ချမ်းသာပေးတော် မူမည်။ အပြစ်ပေးတော်မူလိုရင်လဲ အပြစ်ဒဏ်ပေးတော်မူမည်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

၃။ တစ်နေ့ တမန်တော်မြတ် ﷺ က "ငါ့အသက်ကိုစိုးပိုင်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ ကစမ် --- အဇာန်ဆိုပြီး တစ်ယောက်ယောက်ကို အိမာမ်ရှေ့ဆောင်တင်ပြီး နမားဇ် ဖတ်နေတဲ့နေရာကို နောက်ကျမှ ရောက်လာတဲ့သူတွေရဲ့ အိမ်တွေကို မီးရှို့ပစ်ဘို့ ထင်းတွေစုခိုင်းခြင်တဲ့ဆန္ဒ ငါ့မှာရှိနေတယ်" လို့ မိန့်ကြားတော်မူပါတယ်။ အဇာန်ဆိုတဲ့ နေရာ ဒါမှမဟုတ် ဗလီကို နမားဇ်ဖတ်ဖို့မလာတဲ့သူတွေရဲ့ အိမ်တွေကို မီးရှို့ပစ်ဘို့ သနားကြင်နာတော်မူတတ်တဲ့ နဗီတမန်တော်မြတ် ﷺ မှာ ဆန္ဒရှိတော်မူတယ်ဆိုတဲ့ ခြိမ်းခြောက်တဲ့ စကားကို ကျွန်တော်တို့ အထူးသတိထားဘို့ လိုပါတယ်။

ကုရ်အာန်ကျမ်းတော်မြတ်မှာ နေ့ရဲ့ အစွန်းနှစ်ဖက်နဲ့ ညရဲ့ အချိန်တွေမှာ သင်တို့ နမားဇ်ဖတ်ကြ၊ ကောင်းမှုဒုစရိုက်တွေက မကောင်းမှုဒုစရိုက်တွေကို တကယ်ဘဲ ပပျောက်စေတယ် ... ဒီဆုံးမသြဝါဒဟာ နားထောင်တဲ့သူတွေအတွက် တရားစကားဖြစ် တယ်" လို့မိန့်တော်မူထားတာကိုတင်ပြရင်း ဒီကနေ့ခွဲသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွဲသ်တဗါ (၅) ဇကားသ်

မွတ်စ်လင်မ်ညီနောင်များခင်ဗျား

အလ္လာဟ်အရှင်မြတ်က ဇကားသ်ပေးဆောင်ရမဲ့ တာဝန်ကို အစ္စလာမ်သာသနာ တော်ရဲ့ မဏ္ဍိုင်တစ်ခုလို့ ပြဋ္ဌာန်းပေးတော်မူထားပါတယ်။ အစ္စလာမ်သာသနာတော်ရဲ့ အရေးကြီးတဲ့ မဏ္ဍိုင်တစ်ခုဖြစ်တဲ့ ဆွလားသ်ဝတ်ပြုရမည့် တာဝန်နှင့် တွဲပြီး ဇကားသ် ပေးဆောင်ရမည့် တာဝန်ကိုပါ ပြဋ္ဌာန်းတော်မူထားပါတယ်။ "သင်တို့ ဆွလာတ်ဝတ်ပြု ကြ၊ ဒီအပြင်ဇကားသ်ပေးဆောင်ကြ" လို့ အလ္လာဟ်အရှင်မြတ်က အကြိမ်ကြိမ် အဖန်ဖန် မိန့်ကြားတာဝန်ပေးတော်မူထားတာကို ကုရ်အာန်ကျမ်းတော်မြတ်မှာ အထပ်ထပ် အခါခါ တွေ့ကြရမှာပါ။

နှင့် သန့်ရှင်းစင်ကြယ်မှုကို တော်တော်ဘဲ ဂရုစိုက်လုပ်ဆောင်ကြသလား၊ မောင်မင်းတို့ကို အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် အမှမ်းတင်နေတော်မူတယ်" လို့ မေးမြန်းတော်မူပါတယ်။ ကုဗာသားတွေကလဲ" မှန်ပါတယ်။ ကျွန်တော်တို့ပါတဲ့ ပေါက်တဲ့အခါတိုင်း မြေစိုင်ခဲနှင့် သုတ်ပြီးမှ ရေနှင့်သေသေချာချာ ဆေးပစ်ကြပါတယ်" လို့ ပြေကြားလျှောက်ထားကြပါတယ်။

ညစ်ပတ်ပေကျံတဲ့အခါ ရေနှင့်စင်စင်ဆေးကြောပြီး သန့်သန့်ရှင်းရှင်း ရှိနေဘို့ အတော်ဘဲလိုအပ်ပါတယ်။ အဲဒီကိစ္စဟာတော်တော်လဲ အရေးကြီးပါတယ်။ ပါတဲ့ ပေါက်တဲ့အင်္ဂါမှာ ငွေဒင်္ဂါးဝိုင်းလောက် ပေကျံနေလျှင် အဲဒီနေရာကို သန့်စင်သွားအောင် ဆေးကြောပစ်ဖို့ ဖရ်ဇ်တာဝန်ထိုက်ပါတယ်။ အဲဒီထက်နည်းလျှင်လည်း ဆေးကြောပစ်ဖို့ စွန္နသ်တာဝန် ကျေပါတယ်။ ပေပေကျံကျံမဖြစ်လျှင်တောင် အဲဒီနေရာတစ်ဝိုက်ကို ရေနှင့်စင်စင်ဆေးပစ်ဖို့ကတော့ မုတ်စ်သဟဗ်ဖြစ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ရေနှင့် စင်စင်ကြယ်ကြယ် ဆေးကြောပြီး သန့်သန့်ရှင်းရှင်းနေထိုင်တာဟာ အကောင်းဆုံးပါဘဲ။ ဒီကနေ့ ခွသ်တဗါကို ဒီလောက်နှင့်ဘဲ နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၄) ဆွလားသ် (ခေါ်) နမားဇ်

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

ဆွလားသ်လို့ခေါ်တဲ့ နမားဇ်ဆောက်တည်ရတာဟာ အစ္စလာမ်သာသနာတော်ရဲ့ မဏ္ဍိုင်ကြီးတစ်ခု စိုက်ထူထိန်းသိမ်းဘို့ ဖြစ်ပါတယ်။ နမားဇ်ဆောက်တည်လျှင် အီမာန်ရှင်သန်ခိုင်မြဲပါတယ်။ အလ္လာဟ်အရှင်မြတ်ကို ချဉ်းကပ်နိုင်တဲ့ အဓိကကျင့်စဉ် ကျင့်ရပ်တစ်ခုလည်းဖြစ်ပါတယ်။ အထူးမြတ်ဆုံးကောင်းမှု တစ်ရပ်လည်း ဖြစ်ပါတယ်။

၁။ နဗီတမန်တော်မြတ် ﷺ က "အလ္လာဟ်အရှင်မြတ်ကလွဲလို့ တခြားခဝပ်ကိုးကွယ်မှုခံယူထိုက်တဲ့သူမရှိဘူး။ တမန်တော်မြတ် မုဟမ္မဒ် ﷺ ဟာ အဲဒီအရှင်မြတ်ရဲ့ ဗန္ဒာဟ်ကျေးကျွန် ရစူလ်တမန်တော်ဖြစ်တယ်" လို့ စိတ်ရောကိုယ်ပါ ဝန်ခံထွက်ဆိုသက်သေပေးရမည်။

၂။ နမားဇ်ငါးကြိမ်ဆောက်တည်ရမည်။

၃။ ဇကားသ်ပေးဆောင်ရမည်။

၄။ ဟဂျ်လုပ်ရမည်။

၅။ ရမဇာန်လမှာရိုဇာထားရမယ်ဆိုတဲ့အခြေခံအချက်ကြီး ငါးခုနှင့် အစ္စလာမ်သာသနာတော်ကို ပြဋ္ဌာန်းတော်မူထားတာလို့" သင်ပြတော်မူထားပါတယ်။

(၄) "နမားဇ်ဆောက်တည်တာဟာ ဂျန္နသ်ရဲ့သော့ကို ရယူလိုက်တာ ဖြစ်တယ်၊ နမားဇ်ရဲ့ သော့ကတော့ စင်ကြယ်သန့်ရှင်းမှု ပြုလုပ်တာဖြစ်တယ်"လို့လည်း ထောက်ပြတော်မူ ထားပါတယ်။

(၅) "ရေချိုးဖို့တာဝန်ရှိလို့ ရေချိုးတဲ့အခါ ခန္ဓာကိုယ်ရဲ့ တစ်နေရာရာမှာ ဆံပင်တစ်ပင် လောက် ရေမစိုဘဲ ကျန်နေခဲ့ရင် အဲဒီနေရာလေးကို ဂျဟန္နမ်မီးနဲ့ ဒီလိုဒီလို ရှို့လိမ့်မည်" လို့လည်း (အမှုအယာလုပ်ပြ) သတိပေးတော်မူထားပါတယ်။

(၆) တစ်နေ့ တမန်တော်မြတ် ﷺ က ကဗရ်စတာန်တစ်ခုကို ကြွမြန်းတော်မူသွားတုန်း ကဗရ်နှစ်ခုအနားရောက်သွားတော့ တမန်တော်မြတ် ﷺ က "ဒီကဗရ် နှစ်ခုမှာ မြှုပ်နှံ ထားတဲ့ လူသေနှစ်ယောက်ဟာ အပြစ်ငရဲခံနေကြရတယ်၊ သူတို့နှစ်ယောက်ဟာ ကြီးလေးတဲ့ အပြစ်ကြောင့် ငရဲခံနေကြရတာမဟုတ်ဘူး၊ တစ်ယောက်က ဆီးသွားတဲ့ အခါ ပေကျံတာကို ဂရုမစိုက်ခဲ့ဘူး၊ တစ်ယောက်ကတော့ အတင်အဖျင်း လှည့်ပြောခဲ့လို့ ငရဲခံနေကြရတာ ဖြစ်တယ်" လို့ အသိပေးတော်မူပါတယ်။ (အဲဒီနှစ်ယောက်ထဲက တစ်ယောက်က ဆီးသွားတဲ့အခါမဆင်ခြင်လို့ ငရဲခံနေရတာ" လို့လဲ မိန့်တော်မူဘူးပါ တယ်။)

(၇) "အသင်တို့ ဆီးသွားတဲ့အခါ ကိဗလာဟ်ဘက်ကို မျက်နှာလဲ မမူနှင့်၊ ကျောလဲမပေး နှင့်" လို့ တမန်တော်မြတ် ﷺ က သတိပေးတော်မူထားတာကို ကျွန်တော်တို့ သတိထား လိုက်နာကြဖို့လိုပါတယ်။

သူတော်စင်များခင်ဗျား

ကုရ်အာန်ကျမ်းတော်ရဲ့ စူရဟ်သောင်ဝ်ဗဟ်အာယသ်တော် ၁၀၈ မှာ

"အို နဗီတမန်တော် အသင် အဲဒီဗလီဝတ်ကျောင်းတော်မှာ ဘယ်တော့မှ နမားဇ် မဖတ်ပါနှင့်၊ ပထမနေ့ကစပြီး အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေရင်း စိတ်စေတနာ သန့်သန့်နှင့် အုတ်မြစ်ချခဲ့တဲ့ ဗလီဝတ်ကျောင်းတော်မှာဘဲ နမားဇ် ဖတ်ထိုက်တယ်။ အဲဒီဗလီဝတ်ကျောင်းတော်မှာ တကယ်ဘဲသန့်ရှင်းစင်ကြယ်တာကို နှစ်သက်တဲ့ သူတွေဘဲရှိကြတယ်။ တကယ်ဆိုတော့အလ္လာဟ်အရှင်မြတ်က တော်တော်ဘဲ သန့်ရှင်းစင်ကြယ်တဲ့ သူတို့ကိုသာနှစ်မြို့တော်မူတယ်" လို့ မိန့်တော်မူထားပါတယ်။

** စိတ်ရင်းစေတနာ ဖြူဖြူစင်စင်နှင့် ဆောက်လုပ်ခဲ့တဲ့ ဗလီဆိုတာ ကုဗာဗလီကို ရည်ညွှန်းတော်မူတာပါ။ အခုကျွန်တော်ဖတ်ပြတဲ့ အာယသ်တော်ကျလာတုန်းက တမန် တော်မြတ် ﷺ က ကုဗာမှာနေထိုင်တဲ့ သူတွေကို ဆင့်ခေါ်တော်မူပြီး "မောင်မင်းတို့အနေ

သူတော်စင်များခင်ဗျား

အို အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ ... သင်တို့အလ္လာဟ်အရှင်မြတ်ကို၊ **နဗီတမန်တော်မြတ်ကို**၊ အလ္လာဟ်အရှင်မြတ်ချပေးတော်မူတဲ့ ကုရ်အာန်ကျမ်းတော်မြတ်ကို၊ အရင့်အရင်က ချပေးတော်မူခဲ့တဲ့ကျမ်းတွေကို သက်ဝင်ယုံကြည်ကြ။ အလ္လာဟ်အရှင်မြတ်ကို အဲဒီအရှင်မြတ်ရဲ့ စေတမန်တော်တွေကို အဲဒီအရှင်မြတ်ရဲ့ ကောင်းကင်တမန်တော်တွေကို အဲဒီအရှင်မြတ်ထုတ်ပြန်ထားတဲ့ကျမ်းတော်တွေကို၊ ကိယာမသ်နေ့ကို မယုံကြည်ဘဲ ငြင်းဆန်လက်မခံတဲ့သူဟာ တရားလမ်းတော်နဲ့အတော့်ကိုဘဲ ဝေးသွားပြီလို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ သတိပေးတော်မူထားပါတယ်။

အလ္လာဟ်အရှင်မြတ်က ကျွန်တော်တို့ကို အစ္စလာမ်သာသနာတော်ပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင်ထားတော်မူဘို့၊ အီမာန်နဲ့တကွသေဆုံးခွင့်ရဘို့၊ ကဗရ်ရဲ့ အဇားဗ် ပြစ်ဒဏ်တိုင်းက ထိန်းသိမ်းပေးတော်မူဘို့နဲ့ ဂျန္နသ်ရွှေပြည်မြတ်ပေးအပ်တော်မူဘို့ ဒုအာပြုရင်း ဒီကနေ့ ခွသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွသ်တဗါ (၃) တဟူရသ် သန့်ရှင်းစင်ကြယ်မှု

အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်ညီနောင်အပေါင်းတို့ခင်ဗျား

တွဟာရသ်လို့ခေါ်တဲ့ သန့်ရှင်းစင်ကြယ်မှုဟာ အစ္စလာမ်သာသနာဝင် မွတ်စ်လင်မ်တိုင်းအဖို့ အတော့်ကိုဘဲ အရေးကြီးတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။

အဲဒီသန့်ရှင်းစင်ကြယ်မှုနဲ့ ပတ်သက်ပြီး တမန်တော်မြတ်ကြီး မုဟမ္မဒ် ﷺ က

(၁) သန့်ရှင်းစင်ကြယ်မှုဟာ အီမာန်တစ်ဝက်ဖြစ်တယ်" လို့တောင် ညွှန်ပြအသိပေးတော်မူထားပါတယ်။

(၂) "ကိယာမတ်နေ့မှာ အလ္လာဟ်အရှင်မြတ်က ငါ့ရဲ့အုမ္မသ်ကို ရှေ့တော်မှောက်ရောက်စေတော်မူတဲ့အခါ ငါ့ရဲ့အုမ္မသ်ဟာ လောကမှာရှိခဲ့ရတုန်းက ဝုဇူပြုကြလို့ သူတို့ရဲ့ မျက်နှာ၊ လက်၊ ခြေ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ ထွန်းလင်းတောက်ပနေလိမ့်မည်၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်အစိပ်အပိုင်းတွေကို ထွန်းလင်းတောက်ပအောင် လုပ်နိုင်တဲ့သူတိုင်း ပိုမိုပြီး ထွန်းလင်းတောက်ပအောင်လုပ်ထားကြ၊ (ဝုဇူလုပ်တဲ့အခါ ဖရ်ဇ်တာဝန်ဖြစ်တဲ့၊ လက်နှစ်ဘက်၊ မျက်နှာ၊ ခြေနှစ်ဘက်ကို ကောင်း ကောင်း ဆေးကြောကြ" လို့လဲ သတိပေးတော်မူထားပါတယ်။

(၃) "မုမင်န်တွေ ဝုဇူလုပ်တဲ့အခါ ဆေးကြောသန့်စင်ရတဲ့ ခန္ဓာကိုယ် အစိပ်အပိုင်းတိုင်းကို အလ္လာဟ်အရှင်မြတ်က အလှဆင်ပေးတော်မူလိမ့်မည်"လို့လည်း အသိပေးတော်မူထားပါတယ်။

အဲဒီကျမ်းဂန်တွေမှာပါတဲ့ အမိန့်ပညတ်ချက်တော်တွေအပေါ် လိုက်နာဖို့မလိုတော့ဘူးလို့ တားမြစ်ထားပါတယ်။ နှစ်ပေါင်း ၁၄၀၀ ကျော်ကြာခဲ့ပေမဲ့ တစ်လုံးတစ်ပိုဒ်မှ မပြောင်းလဲဘဲ ကနေ့အထိ ပကတိအတိုင်းရှိနေပြီး နောင်ကိယာမသ်နေ့အထိ အပြောင်းအလဲမရှိဘဲ တည်နေမဲ့ ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိတဲ့ အဆိုအမိန့်အတိုင်း ယနေ့လဲ လိုက်နာကျင့်မူရမည့်တာဝန် ရှိနေပါတယ်။ နောင်ကိယာမသ်နေ့အထိ အဲဒီအဆိုအမိန့်အတိုင်းဘဲနေထိုင်ကြရမည့် တာဝန်ရှိနေပါမည်။

နဗီတမန်တော်မြတ် စိုင်ယိဒိနာ မုဟမ္မဒ်မွတ်စ်တဖာ ﷺ ရဲ့ မေ့ရားဂျ်ခရီးစဉ်ဟာ မှန်ကန်တယ်။ ဝလီသူတော်စင်တွေရဲ့ ကရာမသ် ထူးခြားမှုဆောင်ထားတဲ့ လုပ်ရပ်ဖြစ်စဉ်တွေလဲ မှန်တယ်။ ဆွဟာဗဟ်များဟာ သစ္စာ၊ သမာဓိရှင်များဖြစ်တယ်။ ခလီဖှာကြီးလေးပါးဖြစ်တဲ့ ဟဇရတ်အဗူဗကရ် ؓ၊ ဟဇရတ် အူမရ် ؓ၊ ဟဇရတ် အူတ်စ်မာန် ؓ နှင့် ဟဇရတ်အလီ ؓ တို့ဟာ လူသားတွေထဲမှာ ဂုဏ်အင်ဒြပ်အထပ်ထပ်နဲ့ ပြည့်ဖြိုးတဲ့ အဓိပတိ ဆွဟာဗဟ်ကြီးများဖြစ်တယ်ဆိုတာကိုတော့ ရှူင်းချက်မဲ့ခံယူထားရမည်။

မွတ်စ်လင်မ်အပေါင်းတို့ခင်ဗျား

ကျွန်တော်အစီရင်ခံခဲ့တဲ့ ယုံကြည်လက်ခံရမည့် မှန်ကန်တဲ့ တရားစကားတွေအပြင်၊ နောက်လဲ ယုံကြည်လက်ခံရမဲ့ တရားစကားအမှန်အကန် တွေရှိနေပါသေးတယ်။ သေဆုံးလို့ သင်္ချိုင်းထဲရောက်သွားတာနဲ့ တပြိုင်နက် စစ်ဆေးမေးမြန်းတာကို ခံရမည်ဆိုတာမှန်တယ်။ သင်္ချိုင်းထဲက တစ်နေ့ဇကန်အမှန် ပြန်ပြီးရှင်ထရမည်ဆိုတာမှန်တယ်။ လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ၊ အကုသိုလ်မကောင်းမှုတွေနှင့် ပတ်သက်ပြီး ကိယာမတ်နေ့မှာ စစ်မေးမည်ဆိုတာမှန်တယ်။ ကောင်ဝ်စရ်ရေကန်တော်ကရေကို သူတော်ကောင်းတွေသာ သောက်သုံးရမည်ဆိုတာ မှန်တယ်။ ဂျဟန္နမ်အပေါ်က ဆံပင်ထက်ပါးပြီး သင်ခုန်းဒါးသွားတဲ့ ထက်တဲ့ စိရာတ်တံတားကို ဖြတ်လျှောက်ရမည်ဆိုတာမှန်တယ်။ ပါပညစ်ကျူ မကောင်းမှု ကျူးလွန်ခဲ့တဲ့သူတွေ အဲဒီစိရာတ်တံတားပေါ်က ဖြတ်ကျော်ရတဲ့အခါ ပြုတ်ပြီးငရဲဘုံထဲကို ကျကြမည်၊ သူတော်ကောင်းတွေသာ အဲဒီစိရာတ်တံတားပေါ်က ဖြတ်သန်းပြီး ဂျန္နတ်သုခဘုံကို ရောက်သွားကြမည်ဆိုတာမှန်တယ်လို့ ယုံကြည်ရပါမည်။

ဒါတွင်မကသေးပါဘူး။ တမန်တော်မြတ် စိုင်ယ်ယိဒိနာ မုဟမ္မဒ်မွတ်စ်တဖာ ﷺ ကိုယ်တော်တိုင် ရှဖာအသ်ကြားဝင် အသနားခံပန်ကြားပေးတော်မူမည်။ ဂျန္နသ်သုခဘုံမှာ စံစားရသူတိုင်း အလ္လာဟ်အရှင်မြတ်ကို မြင်တွေ့ဖူးမျှော် ကြည်ညိုကြရမည်။ ဂျန္နသ်သုခဘုံ၊ ဂျဟန္နမ်အပါယ်ငရဲဘုံဆိုတာ အစဉ်အမြဲ ရှိနေပြီး၊ အဲဒီဘုံတွေကို ရောက်သွားကြတဲ့ သူတွေဟာ ကွယ်လွန်ရတယ်၊ သေဆုံးရတယ်လို့ မရှိတော့ဘဲ အစဉ်အမြဲ စခန်းချနေထိုင်ကြရမည်ဆိုတာကိုလဲ ယုံကြည်လက်ခံရပါတယ်။

ဆိုတာကို မမိုတ်မသုံ ယုံကြည်လက်ခံရတာပါ။ အလ္လာဟ်အရှင်မြတ်ရဲ့ ဂုဏ်တော်ကို ဖွင့်ဆိုထားတဲ့ အမည် နာမတော်များကိုလဲ စောဒကမထားဘဲ လက်ခံယုံကြည်ရမည်။ အဲဒီအရှင်ဟာ စကြဝဠာထဲမှာရှိနေတဲ့ ကမ္ဘာလောကအားလုံးကိုလဲ ဖန်ဆင်းတော်မူတဲ့ အရှင်၊ ရှေးကထဲက တစ်ပါးထဲရှိတော်မူခဲ့တဲ့အရှင်၊ အမြဲအစဉ်ရှင်သန်နေတော်မူတဲ့ အရှင်၊ အလျားအနံမရှိတဲ့ တန်ခိုးတော်ရှင်၊ အရာရာကို အကြွင်းမဲ့သိတော်မူတဲ့ အရှင်၊ မြင်တော်မူတဲ့အရှင်ဖြစ်တယ်လို့ ဒွိဟသံသယမရှိ ယုံကြည်ရပါမည်။

လူသားတွေ လုပ်ဆောင်ကြတဲ့ ကောင်းမှုအပေါင်းကို သိတော်မူပြီး အဲဒီကောင်းမှု များအတွက် အကျိုးစဝါးဗ်များ ချီးမြှင့်တော်မူတဲ့အရှင်၊ မိမိအလိုတော်အတိုင်း လုပ်ဆောင် တော်မူတဲ့အရှင်၊ ကမ္ဘာလောကကြီးမှာ ဖြစ်မည့်ပျက်မည့်ကိစ္စဝိစ္စ မှန်သမျှကို ကြိုတင် စီစဉ်ရေးမှတ်ထားတော်မူတဲ့အရှင် ဖြစ်တယ်လို့လဲ တထစ်ချမှတ်ယူထားရပါမယ်။

အဲဒီအရှင်မြတ်နှင့် ဂုဏ်တူရည်တူရယ်လို့ လုံးလုံးမရှိဘူး။ အဲဒီအရှင် မသိတော်မူ တာလည်း အလျဉ်းမရှိဘူး။ အဲဒီအရှင်မလုပ်ဆောင်နိုင်တော်မူတာ အလျဉ်းမရှိဘူးလို့လည်း စွဲစွဲမြဲမြဲမှတ်ယူထားရမည်။

အဲဒီအရှင်မြတ်နှင့် ဂုဏ်ရည်တူရယ်လို့ လုံးလုံးမရှိဘူး။ အဲဒီအရှင် မသိတော်မူတာ လည်း အလျဉ်းမရှိဘူး။ အဲဒီအရှင်မလုပ်ဆောင်နိုင်တော်မူတာလည်း အလျဉ်းမရှိဘူးလို့ လည်း မှတ်ယူထားရမယ်။

အဲဒီအရှင်မြတ်ဟာ သက်ရှိသက်မဲ့တွေအားလုံးကို ဖန်ဆင်းတော်မူတဲ့အရှင်၊ စားနပ် ရိက္ခာ ပေးသနားတော်မူတဲ့အရှင်၊ သက်ရှိသတ္တဝါတွေကို ရှင်စေ၊ သေဆုံးစေတော်မူတဲ့ အရှင်၊ ဂုဏ်တော်ပေါင်းစုံ လွှမ်းခြုံထားတော်မူတဲ့အရှင်၊ တန်ခိုးအမျိုးမျိုးကို လိုအပ်သလို အသုံးချနိုင်တော်မူတဲ့အရှင်၊ တစ်မူထူးတဲ့အမြင်အသိ အပြည့်အဝရှိတဲ့ အရှင်လို့လည်း ယုံကြည်ကြရပါမည်။ စာပေကျမ်းဂန်တွေထဲမှာ ရေးသားပြဆိုထားတဲ့အတိုင်း အလ္လာဟ် အရှင်မြတ်အပေါ် ယုံပုံအားထားရဖို့ကတော့ ကျွန်တော်တို့ရဲ့ လက်ငင်းတာဝန်ပါ။

ဒုတိယအချက်ကတော့ မုဟမ္မဒ် ﷺ ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ ဗန္ဒဟ်သာမက နဗီရစူလ်တမန်တော်လည်း ဖြစ်တဲ့အကြောင်းလက်ခံရမှာပါ။ ကိုယ်တော်မြတ်ဟာ အစဉ် အမြဲ မှန်ကန်စွာပြောဆိုတော်မူတဲ့ သစ္စာတော်ရှင်ဖြစ်တော်မူတယ်။ ကိုယ်တော် ဟောပြောသင်ပြပေးတဲ့ တရားစကားတွေဟာ မှန်ကန်တဲ့ အမိန့်တော်တွေ ပညတ်တော်တွေ ဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ်ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ နှုတ်တော်ချွေစကား တွေ ဖြစ်တယ်။ ဒီအရင်ကလည်း အလ္လာဟ်အရှင်မြတ်ရဲ့နှုတ်တော်ချွေစကားတွေ (ကျမ်းကြီး၊ ကျမ်းငယ်တွေ) ရှိခဲ့ဘူးတယ်။ နဗီတမန်တော်တွေကိုလဲ စေလွှတ်တော်မူခဲ့တယ်။ ကောင်းကင်စံတမန်တော်တွေကိုလဲ ဖန်ဆင်းတော်မူထားတယ်လို့လည်း လုံးဝဥသုံ ယုံကြည်မှတ်သားထားရမည်။ ကုရ်အာန်ကျမ်းတော်မြတ်အလျှင် ကျရောက်ခဲ့တဲ့ ကျမ်းဂန် တွေကို ယဟူဒီ၊ နဆွာရာနီတို့က အပြောင်းအလွဲ၊ ဗလောင်းဗလဲ လုပ်လိုက်ကြလို့

(၆) "တရားတော်နှင့် ပတ်သက်တဲ့အချက် ဒါမှမဟုတ် အကြောင်းအရာ တစ်ခုကို မေးမြန်းစုံစမ်းလာတဲ့အခါမှာ သိရဲ့သားနှင့် ဖြေကြားပြောဆိုသင်ပြမပေးတဲ့ သူဟာ ကိယာမသ်နေ့မှ မီးဇက်ကြိုးတပ်ခံရလိမ့်မည်"လို့ တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၇) "အလ္လာဟ်အရှင်မြတ်ရဲ့ ကျေနပ်နှစ်သက်သဘောတူ နှစ်မြို့မှုရစေတဲ့ သာသနာ့ပညာတွေထဲက ပညာတစ်ခုခုကို လောကီအကျိုးမျှော်ကိုးပြီး သင်ပေးသင်ယူတဲ့သူဟာ ကိယာမသ်နေ့မှာ ဂျန္နသ်ရွှေပြည်မြတ်ရဲ့ မွှေးယနံ့ကိုတောင်ရမှာ မဟုတ်ဘူး"လို့ မြတ်နဗီ ﷺ က သတိပေးတော်မူထားပါတယ်။

(၈) "ငါကိုယ်တော်မြတ်ဟာ တစ်နေ့နေ့မှာ မုချဧကန် သေဆုံးရမှာဖြစ်လို့ သင်တို့အနေနဲ့ ငါသင်ကြားပို့ချပေးတော်မူထားတဲ့ တရားစကားတွေ၊ တရားစည်းကမ်း၊ တရားနည်းလမ်းတွေနှင့် ကုရ်အာန်ကျမ်းမြတ်ကို ကိုယ်တိုင်လဲ လေ့လာဆည်းပူး သင်ယူကျင့်ဆောင်ကြ၊ တခြားသူတွေကိုလဲ သင်ပြပေးကြ" လို့ မြတ်နဗီ ﷺ က တာဝန်ပေးတော်မူထားပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ဟဒီးစ်တော်တွေကို အပေါ်ယံလောက်ဘဲ လေ့လာလျှင်တောင် အစ္စလာမ် သာသနာ့ပညာသင်ယူသင်ပေးရတဲ့ ကိစ္စဟာ အတော်ပဲ လိုအပ်အရေးကြီးပြီး အတော်ပဲ အကျိုးထူးတာကို ကောင်းကောင်းသဘောပေါက်ကြမှာပါ။

ညဦးပိုင်းမှာ စဂျ်ဒဟ်ချလိုက်၊ ကိယာမ်ရပ်လိုက်နှင့် ဝတ်ပြုနေရင်း၊ နောင်တမလွန်အာခိရသ်ကို ကြောက်ရွံ့နေရင်း၊ အလ္လာဟ်အရှင်မြတ်ရဲ့ကရုဏာတော်ကိုလည်း မျှော်လင့်နေတဲ့သူဟာ မွတ်ရှရစ်ကန်နှင့်တူပါ့မလား၊ အို နဗီတမန်တော်... "အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့လူနဲ့ အသိအလိမ္မာ ဉာဏ်ပညာမရှိတဲ့လူဟာတူပါ့မလား၊ တကယ်တော့ ဉာဏ်ရှိ၊ အသိတရားရှိတဲ့သူတွေကသာ တရားယူကြမည်လို့ ပြောကြားလိုက်ပါ" လို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ သတိပေးတော်မူထားတာကို တင်ပြရင်း ဒီကနေ့ခွဲသ်တဗါကို နိဂုံးချုပ်လိုက်ပါတယ်။

ခွဲသ်တဗါ (၂) အာကီဒဟ် ခံယူချက်

မွတ်စ်လင်မ်သူတော်စင်များခင်ဗျား

စွန္နသ်လမ်းစဉ်ပေါ်မှာ ရှိနေတဲ့ ဂျမာအသ်ဝင်တိုင်းဟာ အစ္စလာမ်သာသနာတော်ရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ကလေမဟ်ယုဟာဒသ်ကို ယုံကြည်လက်ခံကြပါတယ်။ ကလိမဟ်ယုဟာဒသ်ဟာ အဓိကအချက်နှစ်ချက်ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။

ပထမအချက်ကတော့ အလ္လာဟ်အရှင်မြတ်တစ်ဆူထဲ တစ်ပါးထဲရှိတော်မူတယ်

ခုသ်တဗါ (၁) ဒီန်သာသနာ့ပညာ သင်ယူဆည်းပူးပါ

အစ္စလာမ်သာသနာဝင်သူတော်စင်အပေါင်းတို့များခင်ဗျား –

အစ္စလာမ်သာသနာတော်က ပြဋ္ဌာန်းပညတ်ထားတဲ့ အစ္စလာမ့်တရားဥပဒေ စည်းကမ်း၊ နည်းလမ်းတွေကို သင်ယူဆည်းပူးရမှာကတော့ မွတ်စ်လင်မ်တွေအတွက် မလွှဲမသွေ ထမ်းဆောင်ရမဲ့ ဖရ်ဇ်တာဝန်ပါ၊ ဒီန်သာသနာတော်ကို သင်ယူဖို့၊ ကျင့်ဆောင်ဖို့၊ သင်ကြားပြသဖို့ကို ကုရ်အာန်ကျမ်းတော်မြတ်မှာ အတိအလင်း ပြဋ္ဌာန်းထားသလို ဟဒီးစ်တော်များမှာလဲ အခိုင်အမာ မိန့်မှတ် လမ်းညွှန်ထားပါတယ်။

(၁) နဗီတမန်တော်မြတ် ﷺ က "ငါဟောကြားသွန်သင်ပြသတော်မူတဲ့တရား တစ်ခွန်း တစ်ပုဒ်ပဲဖြစ်ဖြစ်၊ တဆင့် သင်ကြားပြသပို့ချကြ" လို့ လမ်းညွှန်တော်မူထားပါတယ်။

(၂) "ဒီန်သာသနာ့ရေးရာ ပညာသင်ယူဆည်းပူးဖို့ ခရီးထွက်တဲ့သူအတွက် အလ္လာဟ် အရှင်မြတ်က ဂျန္နတ်ဘုံပြည်မြတ်ကို ရောက်စေတဲ့လမ်းကို လွယ်ကူချောမွေ့စေတော် မူမည်" လို့လည်း မြတ်နဗီ ﷺ က အသိပေးတော်မူထားပါတယ်။

(၃) "အလ္လာဟ်အရှင်မြတ်က ကောင်းစားစေလိုတော်မူတဲ့ သူကို ဒီန်သာသနာရဲ့ အသိပညာ သင်ယူဆည်းပူးရရှိစေတော်မူတယ်" လို့ မြတ်နဗီ ﷺ က အသိပေးတော်မူပါသေးတယ်။

(၄) "သာသနာ့ပညာရှင် အာလင်မ်များဟာ နဗီတမန်တော်အလိုင်ဟိ မွတ်စ္စလာမ်တို့ရဲ့ အမွေစားအမွေခံများဖြစ်ကြတယ်။ နဗီတမန်တော်တွေက ငွေကြေးဥစ္စာရတနာတွေကို အမွေအဖြစ် မထားခဲ့ဘူး။ ဒီန်သာသနာ့ပညာတွေကိုဘဲ အမွေအဖြစ်ထားတော်မူခဲ့ကြတယ်။ အဲဒီပညာတွေကို သင်ယူဆည်းပူးရရှိလိုက်တဲ့သူဟာ တန်ကြေးကြီးတဲ့ အမွေတွေ အစုလိုက်အပုံလိုက် ထူးထူးခြားခြား ရရှိပိုင်ဆိုင်လိုက်တဲ့သူဖြစ်တယ်လို့" တမန်တော်မြတ် ﷺ က အသိပေးတော်မူထားပါတယ်။

(၅) အဲဒါကြောင့် မြတ်နဗီ ﷺ က "ဒီန်သာသနာတော်ကို လိုက်စားဆည်းပူးသင်ယူဘို့ အစ္စလာမ်သာသနာဝင်မွတ်စ်လင်မ်တိုင်းရဲ့ အပေါ်မှာ ဖရ်ဇ်တာဝန်ဖြစ်တယ်" လို့ ပြတ်ပြတ်သားသား မိန့်မှတ်တော်မူခြင်းဖြစ်ပါတယ်။ (တချို့က ဒီဟဒီးစ်တော်ကို ကိုးကားပြီး လောကီရေးရာ ပညာကို သင်ယူဆည်းပူးရမည်လို့ အမှားမှားအယွင်းယွင်း ဖွင့်ဆိုကြပါတယ်။ အဲဒီဖွင့်ဆိုချက်တွေဟာ သာသနာ့ပညာဆည်းပူးသင်ယူရမည်ဆိုတဲ့ အမိန့်ကိုဖျက်လိုဖျက်ဆီးလုပ်တဲ့၊ အလွဲသုံးစားလုပ်တဲ့ ဖွင့်ဆိုချက်တွေပါ။ အမှန်စင်စစ် ဒီန်သာသနာတော်ဖြစ်တဲ့ အစ္စလာမ့်ပညာရေးကို လိုက်စားနာယူကျင့်မူဆောက်တည်ဘို့ မြတ်နဗီ ﷺ က နှိုးဆော်အသိပေးတော်မူခြင်းဖြစ်ပါတယ်။ အစ္စလာမ်သာသနာ တော်ကို လက်ခံသက်ဝင်ယုံကြည်ထားကြတဲ့ မွတ်စ်လင်မ်အမျိုးသား အမျိုးသမီးတိုင်းမှာ အစ္စလာမ့်အခြေခံတရားတွေကို မလွှဲမသွေ လေ့လာသင်ယူမှတ်သားထားဘို့ တာဝန် ကိုယ်စီရှိနေပါတယ်။)

ကွန်ပျူတာစာစီ — ဇော်ဝင်နှင်းဆီ (မြန်မာ၊ အရဗီ၊ အုရ်ဒူ၊ အင်္ဂလိပ်)

အမှတ် (၇၇၈)၊ ပထပ် (၆)၊ ၂၉ လမ်း (အထက်) ရန်ကုန်မြို့။

မာတိကာ

یٰاَیُّهَا الَّذِیْنَ اٰمَنُوْٓا اِذَا نُوْدِیَ لِلصَّلٰوةِ مِنْ یَّوْمِ الْجُمُعَةِ فَاسْعَوْا اِلٰی ذِکْرِ اللّٰهِ

(قرآن حکیم)

مؤلف

عمدة العلماء وقدوة الفضلاء حکیم الامة حضرت مولانا محمد اشرف علی التھانوی قدس سرہ

ခုသ်တဗါသွလ်
အဟ်ကာမ်ကျမ်း